၂၅၀။ ပုန စ။ပ။ဂဟပတိရတနံ၊ သူကြွယ်ရတနာသည်။ပ။တဿ၊ ထို သူကြွယ်ရတနာ၏။ ကမ္မဝိပါကဇံ၊ ကံ၏အကျိုးကြောင့်ဖြစ်သော။ ဒိဗ္ဗစက္ခု၊ နတ်၌ဖြစ်သော ပဿာဒစက္ခုနှင့်တူသော စက္ခုသည်။ (နတ်မျက်စိကဲ့သို့ မြင်နိုင်သော မျက်စိသည်။) ပါတုရဟောသိ။ ယေန၊ ယင်း ဒိဗ္ဗစက္ခုဖြင့်။ သဿာမိကမ္မံ၊ ဥစ္စာရှင် ရှိသည်လည်းဖြစ်သော။ အသာမိကမ္မံ၊ ဥစ္စာရှင်မရှိသည်လည်းဖြစ်သော။ နိဓိ၊ ရွှေအိုးကို။ ပဿတိ၊ မြင်နိုင်၏။ (မြေကြီး၏ တယူဇနာအတွင်းဝယ် ခဲ့ခဲ့ခြားခြား မြင်နိုင်၏။) ။ပ။ အာဟ၊ သံတော် ဦးတင်ပြီ။ (ကိ။) "ဒေဝ၊ မင်းမြတ်။ တုံ၊ အရှင်မင်းမြတ်သည်။ အပ္ပော-ဿုက္ကော၊ အားထုတ်သူ၏အဖြစ် မရှိသဲ့သည်။ (ကြောင့်ကြမစိုက်သည်။) ဟောဟိ၊ ဖြစ်တော်မူပါ။ အဟံ၊ ကျွန်ုပ်သည်။ တေ၊ အရှင်မင်းမြတ်၏ အတွက်။ ဓနေန၊ ဥစ္စာဖြင့်။ ဓနကရဏီယံ၊ ဥစ္စာဖြင့်ပြုထိုက်သော အမှုကို။ ကရိဿာမိ၊ ပြုပါမည်။" ဣတိ၊ ဤသို့ သံတော်ဦးတင်ပြီ။ [ရှေး နိဿယ-၌ "ဓနေန၊ ဖြင့်။ ပဝါရေမိ၊ ဖွဲတ်ပါ၏"ဟု ထည့်ပေး၏။]

ဘူတပုဗ္ဗံ ။ပ။ နာဝံ၊ လှေသို့။ အဘိရုဟိတ္ဝာ၊ တက်စီး၍။ ဂင်္ဂါယ၊ ဂင်္ဂါမည်သော။ နဒိယာ၊ ၏။ မဇ္ဈေ၊ အလယ်၌။ သောတံ၊ ရေအလျဉ်သို့။ [အစဉ်မပြတ် စီးသွားနေသောရေကို "သောတ"ဟု ခေါ်သည်။] သြဂါ-ဟိတ္ဝာ၊ သက်ဝင်၍ ။ပ။ "ဂဟပတိ၊ သူကြွယ်။ မေ၊ အား။ ဟိရညသု-ဝဏ္ဏေန၊ ရွှေငွေဖြင့်။ အတ္ထော၊ အလိုရှိ၏။ ဣတိ၊ ပြီ။ မဟာရာဇ။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။ (ဒီလို ဆိုယင်။) ဧကံ တိရံ၊ တဘက်ကမ်းသို့။ နာဝံ၊

လေ့သည်။ ဥပေတု၊ ကပ်ပါစေ။ ဣတိ၊ ဤသို့ သံတော်ဦးတင်ပြီ။ ဂဟ-ပတိ။ ဣဓေဝ၊ ဤ မြစ်လယ်၌ပင်။ မေ၊ အား ။ပ။ အတ္ထော၊ ၏ ။ပ။ ဥဘောဟိ၊ နှစ်ဘက်ကုန်သော။ ဟတ္ထေဟိ၊ လက်တို့ဖြင့်။ ဥဒကံ၊ ရေကို။ ဩမသိတွာ၊ သုံးသပ်၍။ ဟိရညသုဝဏ္ဏဿ၊ ဖြင့်။ [ဆဋ္ဌိ-ကရိဏ်း။]ပူရံ၊ ပြည့်သော။ ကုမ္ဘိံ၊ အိုးကို။ ဥဒ္ဓရိတွာ၊ ရေမှထုတ်၍ ။ပ။ အဝေါစ။ (ကိံ ။) "မဟာရာဇ၊ မဟာရာဇာ။ တ္တောဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော ရွှေငွေဖြင့်။ အလံ၊ တော်လောက်ပါပြီလော။ပ။ ကတံ၊ အကျွန်ုပ်ပြုသင့်သောကိစ္စကို ပြုအပ်ပါပြီလော။ ပူဇိတံ၊ အရှင်မင်းမြတ်ကို ပူဇော်အပ်ပါပြီလော။" ဣတိ၊ ပြီ ။ပ။ (၆)

ပရိဏာယကရတန

၂၅၁။ ပုန စ ။ပ။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ကမ္မဿကတာ-ပညာရှိသော။ ဗျတ္တော၊ ဗဟုဿစ-ဂုဏ်ဖြင့် ထက်မြက်သော။ မေဓာဝီ၊ နက်နဲသော ပင်ကို ပညာရှိသော။ [ဋီကာ အတိုင်းပေးပါသည်။ အခြားနေရာမျှားဌ် တမျိုးဖွင့်၏။] ။ပ။ ရာဇာနံ၊ သို့။ ဥပယာပေတွံ၊ ချဉ်းကပ်စေထိုက်သူကို။ ဥပယာပေတုံ၊ ချဉ်းကပ်စေခြင်းငှာ (ချဉ်းကပ်ခွင့်ပေးခြင်းငှာ)လည်းကောင်း။ အပယာပေတွံ၊ဖယ်ရှားစေထိုက်သူကို။ အပယာပေတုံ၊ ဖယ်ရှားစေခြင်းငှာလည်းကောင်း။ ဌပေတွံ၊ ရာထူးဌ် ထားထိုက်သူကို။ ဌပေတုံ၊ ရာထူးဌ် ထားခြင်းငှာလည်းကောင်း။ ပဋိဗလော၊ စွမ်းနိုင်သော။ ပရိဏာယကရတနံ၊ သားတော်ကြီးရတနာသည်။ ပါတုရဟောသိ။

သော၊ ထို သားတော်ကြီးသည် ။ပ။ "ဒေဝ၊ ခမည်းတော် မင်းမြတ် ။ပ။ အဟံ၊ သားတော်သည်။ အနုသာသိဿာမိ၊ အလုံးစုံသော မင်းကိစ္စ၌ (တိုင်းရေးပြည်ရေးကိစ္စ၌) သွန်သင်ဆုံးမ လမ်းပြပါမည်။" ဣတိ၊ ပြီ။ပ။ အဟောသိ။ (၇) ။ပ။

စတုဿဒ္ဒီ သမန္နာဂတ

၂၅၂။ ရာဇာ။ပ။ ဣဓ၊ ဤလူ့လောက၌။ ရာဇာ ။ပ။ အညေဟိ၊ အခြားကုန်သော။ မနုဿေဟိ၊ လူတို့ထက်။ အတိဝိယ၊ အလွန်အကဲသာလျှင်။ ဝဏ္ဏပေါက္ခရတာယ၊ နှင့်။ သမန္နာဂတော အဟောသိ ။ပ။ ပဌမာ-ယ၊ ရှေးဦးစွာသော။ ဣမာယ ဣဒ္ဓိယာ၊ ဤတန်ခိုးနှင့်။ သမန္နာဂတော အဟောသိ ။ပ။ ဒီဃာယုဒကော၊ ရှည်သော အသက်ရှိသည်။ အညေဟိ မနု-

သေဟိ။ အတ္ထိဝိယ၊ လျှင်။ စိရဋ္ဌိတိကော၊ ကြာမြင့်စွာ တည်ခြင်းရှိသည်။ ဝါ၊ ကြာမြင့်စွာကာလပတ်လုံး တည်ခြင်းရှိသည်။ အဟောသိ ။ပ။

ပုန စ ။ပ။ အညေဟိ မနုဿေဟိ အတ္ထိဝိယ။ အပ္ပါဗာဓော၊ နှိပ်စက်ပြင်းစွာ မခံသာသော ရောဂါကြီး၏ မရှိခြင်းသည်။ အပ္ပါတင်္ကော၊ ဆင်းရဲငြိုငြင် အသက်ရှင်ဖွယ် ရောဂါငယ်၏ မရှိခြင်းသည်။ နာတိ သီတာယ၊ အလွန်လည်းမအေးသော။ (အလွန်လည်း မည့်သော။) နာစ္စုဏှာယ၊ အလွန်လည်း မပူသော။ (အလွန်လည်း မထက်သော။) သမဝေပါကိနိယာ၊ အညီအမျှကြေကျက်စေနိုင်ခြင်း သဘောရှိသော။ ဝါ၊ အညီအမျှ ကြေကျက်စေနိုင်သော။ ဂဟဏိယာ၊ ကမ္မဇ-တေဇောဓာတ်နှင့်။ သမန္နာဂတော အဟောသိ။ [သမဝေပါကိနိယာ-၏ အဖွင့်ကို ဋီကာ၌ ကြည့်ပါ] ။ပ။

ပုန စ ။ပ။ ရာဇာ၊ သည်။ ဝါ၊ ကို။ ဗြာဟ္မဏဂဟပတိကာနံ၊ တို့သည်။ ပိယော၊ ချစ်အပ်သည်။ မနာပေါ၊ မေတ္တာစိတ်ဖြင့် ရောက်အပ်သည်။ ဝါ၊ မြတ်နိုးအပ်သည်။ အဟောသိ ။ပ။ ပိတာ၊ အဖသည်။ ဝါ၊ အဖကို။ ပုတ္တာနံ၊ သားသမီးတို့သည် ။ပ။ [လွယ်ပြီ။] ။ပ။စတုရံိနိယာ၊ သော။ သေနာယ၊ စစ်တပ်ဖြင့်။ ဥယျာနဘူမိံ၊ ဥယျာဉ်မြေသို့။ နိယျာသိ၊ ထွက်လာပြီ ။ပ။ "ဒေဝ၊ မင်းမြတ်။ ယထာ၊ အကြင် အခြင်းအရာအားဖြင့် (သွားလတ်သော်)။ တံ အရှင်မင်းမြတ်ကို။ မယံ၊ ကျွန်ုပ်တို့သည်။ စိရတရံ၊ ကြာမြင့်စွာ။ ပဿေယျာမ၊ ဖူးမြင်နိုင်ကုန်ရာ၏။ (တထာ၊ ကြာမြင့်စွာ ဖူးမြင်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။) အတရမာနော၊ မလျင်မမြန်ပဲ။ (ဖြေးဖြေး။)ယာဟိ၊ ကြွတော်မူပါ။" ဣတိ(အာဟံသု)။ပ။သာရထိံ၊ရထားထိန်းကို။ (ရထားကို အုပ်ထိန်း စောင့်ရှောက် မောင်းနှင်သူကို။)။ပ။ "သာရထိ၊ ထိန်း။ပ။ တထာ။ အတရမာနော၊ မလျင်မမြန်ပဲ။ ရထံ၊ ကို။ ပဿေဟိ၊ မောင်းနှင်ပါ။" ဣတိ၊ ဤသို့ အမိန့်ပေးပြီ။ပ။

ဓမ္မပါသာဒပေါက္ခရဏီ

၂၅၃။ အထ ခေါ။ပ။တေံ၊ဤအကြံသည်။အဟောသိ။(ကိံ ။)"အဟံ။ ဣမာသု တာလန္တရိကာသု၊ ဤ ထန်းပင်အစဉ် အကြားတို့၌။ ဓနုံသတေ ဓနုသတော၊ လေးအပြန်တရာ လေးအပြန်တရာ-ရှိသော အရပ်၌။(ပေးကွာသော အရပ်၌။)ပေါက္ခရဏိယော၊ရေကန်တို့ကို။ယန္နူန မာပေယျံ၊ အကယ်၍ တည်ထောင်ဖန်ဆင်းရပါမူကား ကောင်းလေစ။" ဣတိ၊ ပြီ ။ပ။ မာပေသိ၊ ပြီ။ [စိတ်ကြံလိုက်သည် နှင့်တပြိုင်နက် ရေကန်ပေါင်း ရှစ်သောင်းလေးထောင်

ပေါ်ပေါက်လာသည်။လေးထောင့်ရောကန်ကို“ပေါက္ခရဏီ”ဟု ခေါ်သည်။]
တာ ပေါက္ခရဏီယော၊ တို့သည်။စတုန္နံ ဝဏ္ဏာနံ၊ လေးမျိုးသော အဆင်း
တို့၏။ ဣဒ္ဓကာဟိ၊ အုတ်တို့ဖြင့်။ စိတာ၊ စီထားအပ်ကုန်သည်။ အဟေသုံ။
ကော၊ တချို့ကုန်သော။ ဣဒ္ဓကာ၊ အုတ်တို့သည်။ သောဝဏ္ဏမယာ၊ ရှေ-
ပကတိရှိကုန်၏။ ဝါ၊ ရှေ-အတိုပြီးကုန်၏။ပ။ [ရူပိယ=ငွေ။ ဝေဠုရိယ=
ကြောင်မျက်ရွဲ။ ဖလိက=ဖန်။]။ပ။

အာနန္ဒ။ တာသု ပေါက္ခရဏီသု၊ တို့၌။ စတုန္နံ ဝဏ္ဏာနံ၊ တို့၏။
စတ္တာရိ စတ္တာရိ၊ လေးစင်း လေးစင်းကုန်သော။ သောပါနာနိ၊ လှေကား
တို့သည်။ အဟေသုံ။ [ရှေးနိဿယ-၌ “စောင်းတန်းလှေကားထစ်” ဟု
လည်းကောင်း၊“အကျည်”ဟု လည်းကောင်း- ပေး၏။] ။ပ။ သောဝဏ္ဏ-
မယာသ၊ သော။ သောပါနသ၊ ၏။ ထမ္ဘာ၊ တိုင်တို့သည်။ သော-
ဝဏ္ဏမယာ၊ ရွှေဖြင့်ပြုလုပ်အပ်ကုန်သည်။ ဝါ၊ ရွှေ ပကတိ-ရှိကုန်သည်။
(ရွှေအတိပြီးကုန်သည်။)သူစိယော စ၊ လက်ရုံးတန်းတို့သည်လည်းကောင်း။
ဥက္ခိသံ စ၊ နဖူးစီးသည်လည်းကောင်း။ ရူပိယမယာ၊ ငွေဖြင့် ပြုအပ်ကုန်
သည်။ ဝါ၊ ငွေပကတိရှိကုန်သည်။ (ငွေအတိ ပြီးကုန်သည်။) အဟေသုံ။
[နောက်ဝါကျမျှားခ၌ ဤနည်းအတိုင်း ပေးပါ။]

အာနန္ဒ။ တာ ပေါက္ခရဏီယော၊ တို့သည်။ ဝါ၊ တို့ကို။ ဒ္ဒိဟိ၊ နှစ်
ထပ်ကုန်သော။ ဝေဒိကာဟိ၊ ဝရုံတာတို့ဖြင့်။ ပရိက္ခိတ္တာ၊ ကာရုံအပ် ကုန်
သည်။ အဟေသုံ။ [ဝရုံတာ တထပ်သည် စီထားအပ်သော အုတ်တို့၏
အစွန်းခြင်း ဖြစ်၏။ ဝရုံတာ တထပ်ကား ရောကန်အပိုင်းအခြား၏ အဆုံးခြင်း
ဖြစ်၏။] ကော၊ တထပ်သော။ ဝေဒိကာ၊ သည်။ သောဝဏ္ဏမယာ၊ ၏။
ကော၊ သည်။ ရူပိယမယာ၊ ၏။ပ။

“အဟံ၊ သည်။ ဣမာသု ပေါက္ခရဏီသု၊ တို့၌။ သဗ္ဗောတုကံ၊ အလုံး
စုံသော ဥတုခြင်းဖြစ်သော။ ဝါ၊ ဥတုသုံးပါးလုံးခြင်း ပဋိဉသော။ သဗ္ဗဇနဿ၊
အလုံးစုံသော လူအပေါင်း၏အတွက်။ အနာဝဋံ၊ မတားဆီး အပ်သော။
(ဆွတ်ခူးလိုသူတို့အတွက် မည်သူ့ကိုမှ အတားအဆီး မပြုအပ်သော။)
ဥပဂံ၊ ကြာဖြူ, ကြာနီ, ကြာညိုကိုလည်းကောင်း။ ပဒုမံ၊ ပဒုမ္မာကြာကို
လည်းကောင်း။ ကုမုဒံ၊ ကုမုဒကြာကိုလည်းကောင်း။ ပုဏ္ဍရီကံ၊ ကြာ
ပုဏ္ဍရိက်ကိုလည်းကောင်း။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ မာလံ၊ ပန်းကို။
(ပန်းပင်ကို။) ယန္နူနာ ရောပါပေယျံ၊ အကယ်၍ စိုက်ပျိုးစေရပါမူကား
ကောင်းလေစ့”။ပ။ရောပါပေသိ၊ စိုက်ပျိုးစေပြီ။

၂၅၄။ အာနန္ဒ။ပ။"အဟံ။ ဣမာသံ ပေါက္ခရဏီနံ၊ တို့၏။ တီရေ၊ ကမ်းနား၌။ ယေ၊ အကြင်သူတို့သည်။ အာဂတာဂတံ၊ ရောက်လာ ရောက်လာသော။ ဇနံ၊ လူအပေါင်းကို။ နှာပေဿန္တိ၊ ရေချိုးစေကြလိမ့်မည်။ (ရေချိုးပေးကြလိမ့်မည်။) နှာပကေ၊ ရေချိုးပေးတတ်ကုန်သော။ (တေ) ပုရိသေ၊ တို့ကို။ ယံ နူန ဌပေယျံ၊ အကယ်၍ ထားရပါမူကား ကောင်းလေစ္ဆ" ။ပ။ ဌပေသိ၊ ထားပြီ။ [ထို သူတို့က ရောက်လာသမျှ လူအပေါင်းကို ရေခပ်ပေးခြင်း, ချေးတွန်းပေးခြင်း, ဆပ်ပြာမှုန့်စပ်ပေးခြင်း, အဝတ်တို့ကို လှမ်းယူပေးခြင်းဖြင့် ရေချိုးပေးကြရသည်။]

အထ ခေါ။ပ။"တီရေ၊ ၌။ ဧဝရူပံ။ ဒါနံ၊ ကို။ [သာမည-ကံ။] အန္နဋ္ဌိကဿ၊ အစာဖြင့် အလိုရှိသူဖို့။ အန္နံ၊ အစာကိုလည်းကောင်း။ [ပါနံ၊ သောက်ဖွယ် ဖျော်ရေ။ ဝတ္ထံ၊ အဝတ်။ ယာနံ၊ ယာဉ်။ သယနံ၊ အိပ်ရာနေရာ။ ဣတ္ထီ၊ အမျိုးသမီး။ ဟိရညံ၊ ငွေ။] သုဝဏ္ဏဋ္ဌိကဿ၊ ရွှေဖြင့် အလိုရှိသူဖို့။ သုဝဏ္ဏံ၊ ကိုလည်းကောင်း။[ဝိသေသ-ကံ။] ယံ နူန ပဋ္ဌပေယျံ၊ အကယ်၍ဖြစ်စေရပါမူကား ကောင်းလေစ္ဆ" ။ပ။ပဋ္ဌပေသိ၊ ဖြစ်စေပြီ။

၂၅၅။ အာနန္ဒ။ပ။ပဟူတံ၊ များစွာသော။ သာပတေယျံ၊ ဥစ္စာနှစ်ကို။ အာဒါယ၊ ယူ၍။ပ။အာဟံသု။ (ကိံ။) "ဒေဝ၊ ပဟူတံ။ ဣဒံ သာပတေယျံ၊ ကို။ ဒေဝဿေဝ၊ အရှင်မင်းမြတ်ကိုသာ။ ဥဒ္ဒိဿ၊ ရည်ရွယ်၍။ အာဘတံ၊ ဆောင်ယူအပ်ပါပြီ။ တံ၊ ထို ဥစ္စာနှစ်ကို။ ဒေဝေါ၊ သည်။ ပဋ္ဌိဂ္ဂဏှတု၊ လက်ခံတော်မူပါ။" ဣတိ၊ ကုန်ပြီ။ ဘော၊ အမောင်တို့။ အလံ၊ တော်ပြီ။ ပမပိ၊ ငါ့မှာလည်း။ ပဟူတံ။ ဣဒံ သာပ-တေယျံ၊ ကို။ ဓမ္မိကေန၊ ကရားရှိသော။ ဗလိနာ၊ အခွန်အတုပ်ဖြင့်။ အဘိသင်္ခတံ၊ စီမံအပ်ပါပြီ။ (စုဆောင်းအပ်ပါပြီ။) တဉ္ဇ၊ ထို အသင်တို့ ဆောင်ယူ လာအပ်သော ဥစ္စာသည်လည်း။ ဝေါ၊ သင်တို့၏ အတွက်။ ဟောတု၊ ဖြစ်ပါစေ။ ဣတော စ၊ ဤ ငါ၏ ဘဏ္ဍာမှလည်း။ ဘိယျော၊ အလွန်။ (အသင်တို့ ယူလာအပ်သော ဥစ္စာထက်အလွန်။) ဟရထ၊ ဆောင်ယူသွားကြပါဦး။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

တေ၊ ထို ဗြာဟ္မဏ ဂဟပတိ တို့သည်။ ရညာ၊ မင်းက။ ပဋိက္ခိတ္တာ၊ ပယ်အပ် ကုန် သည်။ (သမာနာ၊ ဖြစ်ကုန်လတ်သော်။) ဧကမန္တံ၊ ၌။ အပက္ကမ္မ၊ ဖယ်၍။ (သွား၍။) ဧဝံ၊ သို့။ သမစိန္တေသုံ၊ အညီအညွတ်ကြံစီကြကုန်ပြီ။ (တိုင်ပင်ကြကုန်ပြီ။) (ကိံ။) "မယံ။ ဣမာနိ သာပ-တေယျာနိ၊ တို့ကို။ ပုနဒေဝ၊ တဖန်သာလျှင်။ သကာနိ၊ မိမိဥစ္စာ ဖြစ်

ကုန်သော။ ဃရာနိ၊ အိမ်တို့သို့။ ယံ ပဋိဟရေယျာမ၊ အကြင် ပြန်ဆောင်ယူကုန်ရာ၏။ ဧတံ၊ ဤသို့ ပြန်ဆောင်ယူခြင်းသည်။ အမ္မာကံ၊ တို့အား။ နခေါ ပဋိရူပံ၊ မသင့်လျော်ချေ။ [အမ္မာကံ၊ တို့၏။ ဧတံ၊ သည်။ နခေါ ပဋိရူပံ၊ ချေ။ ဤသို့လည်းပေးပါ။]။ပ။ရညော၊ ၏အတ္ထက်။ နိဝေသနံ၊ နန်းတော်ကို။ ယံ နူန မာပေယျာမ၊ အကယ်၍ တည်ထောင်ဖန်ဆင်းရပါမူကား ကောင်းလေစ့။'' ဣတိ၊ ကုန်ပြီ။ပ။မာပေသာမ၊ တည်ထောင် ဖန်ဆင်းကြပါမည်။ ဣတိ၊ ဤသို့ သံတော်ဦးတင်ကုန်ပြီ။ပ။ အဓိဝါသေသိ၊ လက်ခံပြီ။

၂၅၆။ အာနန္ဒ ။ပ။ ဒေဝါနံ၊ တို့၏။ ဣဒန္တေ၊ အရှင်ဖြစ်သော။ သက္ကော၊ သိကြားသည်။ပ။ရညော၊ ၏။ စေတောပရိဝိတက္ကံ၊ စိတ်အကြံကို။ စေတသာ၊ မိမိစိတ်ဖြင့်။ အညာယ၊ သိ၍။ ဝိဿကမ္မံ၊ ဝိဿကမ္မ-မည်သော။ (ဝိသကြုံမည်သော။) ဒေဝပုတ္တံ၊ နတ်သားကို။ အာမန္တေသိ၊ ခေါ်၍ပြောပြီ။ (ကိံ ။) ''သမ္မဝိဿကမ္မ၊ မိတ်ဆွဝိသကြုံ။ တုံ။ ဟေ၊ သွားချေ။ပ။ ရညော၊ ၏အတ္ထက်။ ဓမ္မံ နာမ၊ ဓမ္မမည်သော။ ပါသာဒံ၊ ပြာသာဒ် ဖြစ်သော။ နိဝေသနံ၊ နန်းတော်ကို။ မာပေဟိ၊ ဖန်ဆင်းချေ။'' ဣတိ၊ ပြီ။[ရညော၊ မင်း၏အတ္ထက်။ မင်း၏ အကျိုးငှာ။ မင်းဖို့။ ဤသို့အလိုရှိသလိုပေးနိုင်၏။ တဒတ္ထသမ္ပဒါန် ပုဒ်တည်း။]

''ဘဒ္ဒန္တဝါ၊ အရှင်သိကြားမင်း၊ ဧဝံ၊ ကောင်းပါပြီ။ [ဤသို့ အလွယ်ပေးပါ။] တနည်း ''ဧဝံ၊ မှန်ပါ။ တဝ၊ အရှင်သိကြားမင်း၏။ ဝစနံ၊ သည်။ ဘဒ္ဒံ၊ ကောင်းလှပါ၏။ [ဤသို့လည်း အဋ္ဌကထာအတိုင်းပေးပါ။] ဣတိ ဧခါ၊ ဤသို့လျှင် ။ပ။ ပဋိဿုတ္ဝာ၊ ဝန်ခံ၍။ သေယျထာပိ နာမ ။ပ။ ပါတုရဟောသိ။ [ပထမအုပ် ပုဒ်စဉ် ၆၆-၌ အနက်ရေးခဲ့ပြီ။] ။ပ။ အဓိဝါသေသိ။

အာနန္ဒ ။ပ။ နိဝေသနံ၊ နန်းတော်ဖြစ်သော။ ဓမ္မံ နာမ၊ သော။ ပါသာဒံ၊ ကို။ မာပေသိ၊ ဖန်ဆင်းပြီ။ ပါသာဒေါ၊ သည်။ အာယာမေန၊ အလျားအားဖြင့်။ ပုရတ္ထိမေန၊ အရှေ့အရပ်အားဖြင့် လည်းကောင်း။ ပစ္ဆိ-မေန စ၊ တောင်အရပ်အားဖြင့်လည်းကောင်း။ ယောဇနံ၊ တယူဇနာသည်။ အဟောသိ။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ (အနုံအားဖြင့်။) ဥတ္တရေန၊ မြောက်အရပ်အားဖြင့်လည်းကောင်း။ ဒက္ခိဏေန စ၊ တောင်အရပ်အားဖြင့် လည်းကောင်း။ အဋ္ဌယောဇနံ၊ ယူဇနာဝက်သည်။(အဟောသိ။) [အလျား အားဖြင့် အရှေ့အနောက်-တယူဇနာ။ အနုံအားဖြင့် တောင်မြောက်-ယူဇ

နာဝက်ရှိသည်။-ဟူလို။] ။ပ။ ပါသာဒဿ၊ ၏။ ဥစ္စတရေန၊ အမြင့်အား ဖြင့်။ တိပေါရိသံ၊ သုံးရပ် သုံးသူရှိသော။ ဝတ္ထု၊ တည်ရာသည်။ (အောက်ခံ အုတ်ခုံသည်။) ဝါ၊ ကို။ စတုန္နံ ဝဏ္ဏာနံ၊ တို့၏။ ဣဋ္ဌကာဟိ၊ အုတ်တို့ဖြင့်။ စိတံ၊ စီအပ်သည်။ အဟောသိ။ပ။ ဖလိကမယာ။

အနန္ဒ။ ဓမ္မဿ ပါသာဒဿ၊ ၏။ စတုန္နံ ဝဏ္ဏာနံ၊ တို့၏။ (ပတိဋ္ဌာနိ၊ တည်ရာဖြစ်ကုန်သော။) စတုရာသီတိ ထမ္ဘသဟဿာနိ၊ ရှစ်သောင်းလေး ထောင်သော တိုင်တို့သည်။ အဟောသုံ။ ဧကော၊ တလုံးသော။ တမ္ဘော၊ တိုင် သည်။ သောဝဏ္ဏမယော ။ပ။ ပါသာဒေါ၊ သည်။ ဝါ၊ ကို။ စတုန္နံ ဝဏ္ဏာနံ၊ တို့၏။ ဖလကေဟိ၊ ပျဉ်ချပ်တို့ဖြင့်။ သန္ထတော၊ ခင်းထားအပ် သည်။ အဟောသိ ။ပ။ ဥဏ္ဏီသဥ္ဇ၊ [ပုဒ်စဉ် ၂၅၃-၌ အနက်ရေးခဲ့ပြီ။ "စတု ဝီသတိ၊ နှစ်ဆယ့်လေးစင်းသော။ သောပါနာနိ၊ လှေကားတို့သည်" ဟု ဆိုပါ။]

အာနန္ဒ။ ဓမ္မေ၊ သော။ ပါသာဒေ၊ ၌။ စတုန္နံ ဝဏ္ဏာနံ၊ စတုရာ-သီတိ ကူဋ္ဌာဂါရသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော အထွတ်ရှိသော အိမ်တော်တို့သည်။ (အထွတ်တပ်ထားအပ်သော နေစရာ အဆောင်တို့သည်။) အဟောသုံ။ ဧကံ၊ တဆောင်သော။ ကူဋ္ဌာဂါရံ၊ သည်။ သောဝဏ္ဏမယံ ။ပ။ သောဝဏ္ဏမယေ၊ သော။ ကူဋ္ဌာဂါရေ၊ ၌။ ရူပိယမယော၊ သော။ ပလ္လင်္ကော၊ ပလ္လင်သည်။ ဝါ၊ ကို။ ပညတ္တော၊ ခင်းထား အပ်သည်။ (ချထားအပ်သည်။) အဟောသိ ။ပ။ ဒန္တမယော၊ ဆင်စွယ်ဖြင့် ပြုအပ် သော။ ဝါ၊ ဆင်စွယ် ပကတိရှိသော။ (ဆင်စွယ်အတိ ပြီးသော။) ။ပ။ သာရမယော၊ စန္ဒကူးအနှစ် တို့ဖြင့် ပြုအပ်သော။ပ။ ဒွါရေ၊ တံခါး၌။ ရူပိယမယော။ တာလော၊ ထန်းပင်သည်။ ဌိတော၊ တည်နေသည်။ အဟောသိ။ [တည်ရှိ၏- ဟူလို။] ။ပ။ တဿ၊ ထို ငွေထန်းပင်၏။ ခန္ဓော၊ ပင်စည်သည်။ ရူပိယ မယော၊ ငွေပကတိ ရှိ၏။ (ငွေအတိ ပြီး၏။) ပတ္တာနိ စ၊ အရွက်တို့သည်လည်းကောင်း။ ဖလာနိ စ၊ အသီးတို့သည် လည်းကောင်း။ သောဝဏ္ဏ မယာနိ၊ ရွှေပကတိ ရှိကုန်၏။ (ရွှေအတိ ပြီးကုန်၏)။ပ။

၂၅၇။ အထ ခေါ။ပ။"အဟံ။ ယတ္ထ၊ အကြင်အရပ်၌။ ဒိဝါဝိဟာရံ၊ နေ့အခါ၌ နေခြင်းကို။ နိသီဒိဿာမိ၊ နေအံ့။ (တတ္ထ။) မဟာဝိယူဟဿ၊ ငွေ-အတိပြီးသော ကြီးစွာသော အထွတ်ရှိသော။ (အကျယ် ဆုံးသော အထွတ်တပ်အပ်သော။) ကူဋ္ဌာဂါရဿ၊ အထွတ်ရှိသော အိမ်တော်၏။ (အဆောင်တော်၏။) ဒွါရေ၊ ၌။ သဗ္ဗသောဝဏ္ဏမယံ၊ သော။ တာလ-

ဝနံ၊ ထန်းတောဥယျာဉ်ကို။ ယံနူန မာပေယျံ၊ စွ''။ပ။မာပေသိ၊ ပြီ။ ယတ္ထ၊ ယင်း ရွှေထန်းတော ဥယျာဉ်၌။ ဒိဝါဝိဟာရံ၊ ကို။ နိသီဒိ၊ နေထိုင်ပြီ။ပ။ဒ္ဒီဟိ၊ နှစ်ထပ်ကုန်သော။ ဝေဒိကာဟိ၊ ဝရံတာ တို့ဖြင့်။ ပရိက္ခိတ္တော၊ ကာရံအပ်သည်။ အဟောသိ။ [ဝရံတာ တထပ်သည် အထွတ် အဖျား၏ အထက်၌ရှိ၍ တထပ်သည် ပြာသာဒ်အပြင် အပိုင်းအခြား၏ အထက်၌ရှိသည်။]။ပ။ဥဏ္ဍိသဥ္ဇ။ [၂၅၃–အတိုင်းဆိုပါ။]

၂၅၈။ အာနန္ဒ။ ဓမ္မော ပါသာဒေါ၊ သည်။ ဝါ၊ ကို။ ဒ္ဒီဟိ၊ နှစ်ထပ်ကုန်သော။ ကိဏ်ဏိက ဇာလေဟိ၊ ရွှေချူဇာတို့ဖြင့်။ [ပရိက္ခိတ္တော၊ ကာရံအပ်သည်။ အဟောသိ။ [ဆည်းလည်းချူလုံးကလေးများ တပ်ထားအပ်သော သံဇကာများသည် ''ကိဏ်ဏိကဇာလ''မည်၏။ ရှေးက ရွှေချူ ကွန်ရက်-ဟု ဘာသာပြန်ကြ၏။] ဧကံ၊ သော။ ဇာလံ၊ ဇာသည်။ပ။ ကိဏ်ဏိကာ၊ ဆည်းလည်းတို့သည်။ အဟေသုံ။ပ။အာနန္ဒ။ ဝါတေရိတာနံ။ ကုန်သော။ ကိဏ်ဏိက ဇာလာနံ၊ တို့၏။ပ။ပရိစာရေသုံ။ [ပုဒ်စဉ် ၂၄၂–အဆုံးနား၌ အနက်ရေးခဲ့ပြီ။]

အာနန္ဒ။ နိဋ္ဌိတော၊ အလုံးစုံ ပြီးပြီးသော။ ဓမ္မော ပါသာဒေါ၊ သည်။ ဒုဒ္ဒိကွော၊ ခဲယင်းသဖြင့် ကြည့်အပ်သည်။ (အရောင်တောက် နေသည့်အတွက် မကြည့်နိုင်သည်။ ဟုတွာ။) စက္ခူနိ၊ မျက်လုံး တို့ကို။ မုသတိ၊ ပယ်ရှားတတ်၏။ [မကြည့်နိုင်သည့်အတွက် ရှောင်လွှဲသွားကြရသော ကြောင့် မျက်လုံးတို့ကို ပြာသာဒ်က ပယ်ရှားရာ ရောက်သည်။–ဟူလို။]အာ-နန္ဒ။ သေယျထာပိ၊ ကား။ ဝဿာနံ၊ မိုးလတို့၏။ ပစ္ဆိမေ၊ နောက်ဆုံး ဖြစ်သော။ မာသေ၊ လ၌။ သရဒသမယေ၊ သရဒ-အခါ၌။ [တန်ဆောင် မုန်းလ အခါ၌။] ဒေဝေ၊ ကောင်းကင်သည်။ ဝိဒ္ဓေ၊ အထက်၌ ဖောက်ထွင်းအပ်သော်။ (ထုတ်ချင်းပေါက် နေလတ်သော်။) ဝိဂတဝလာဟကေ၊ ကင်းသောမိုးတိမ် ရှိလတ်သော်။ အာဒိစ္စော၊ နေမင်းသည်။ နဘံ၊ ကောင်းကင်သို့။ အဗ္ဘုဿက္ကမာနော၊ [အဗ္ဘုဂ္ဂမမာနော (ဆဋ္ဌ)။] ရှေ့ရှုတက် လာလတ်သော်၊ (ထွက်လာလတ်သော်။) ဒုဒ္ဒိကွော။ပ။မုသတိ။

၂၅၉။ အထ ခေါ။ပ။''အဟံ။ ဓမ္မဿ ပါသာဒဿ၊ ၏။ ပုရတော၊ ရှေ့၌။ ဓမ္မံ နာမ၊ မည်သော။ ပေါက္ခရဏိံ၊ ရေကန်ကို။ ယံနူန မာပေယျံ၊ အကယ်၍ ဖန်ဆင်းရပါမူကား ကောင်းလေစွ။'' ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ပ။

အမှာ။ ။ဤမှနောက်၌ အနက်ထူးမရှိပါ။ ပါဋ္ဌိတော်အစဉ်ကြည့်၍ ရှေ့အတိုင်းနှုတ်တက်အောင် မခုန်ကျော်ပဲ အနက်ဆိုပါ။]

အာနန္ဒ။ ဓမ္မေ ပါသာဒေ၊ သည်။ နိဋ္ဌိတေ၊ အလုံးစုံ ပြီးစီးသော်လည်း ကောင်း။ ဓမ္မာယ ပေါက္ခရဏိယာ၊ သည်။ နိဋ္ဌိတာယ စ၊ သော်လည်း ကောင်း။ မဟာသုဒဿနော ရာဇာ၊ သည်။ (အဘိရူဟိ-၌ စပ်။) 'တေန သမယေန၊ ထိုအခါ၌။ (ထိုခေတ်၌။) ယေ၊ အကြင် ပုဂ္ဂိုလ်တို့ သည်။ သမဏေသု ဝါ၊ သမဏ-တို့၌သော်လည်း။ သမဏသမ္မတာ၊ သမဏ-ဟု သမုတ်အပ်ကုန်၏။ (အသိအမှတ်ပြုအပ်ကုန်၏။) ဗြာဟ္မဏေသု ဝါ၊ ဗြာဟ္မဏ-တို့၌သော်လည်း။ ဗြာဟ္မဏသမ္မတာ။' တေ၊ ထို သမဏ ဗြာဟ္မဏ-တို့ကို။ သဗ္ဗကာမေဟိ၊ အလုံးစုံ အလိုရှိအပ်သော ဝတ္ထုတို့ဖြင့်။ (ပရိက္ခရာ တို့ဖြင့်။) သန္တပ္ပေတွာ၊ ကောင်းစွာ ရောင့်ရဲစေပြီး၍။ (လှူပြီး၍။) ဓမ္မံ ပါသာဒံ၊ သို့။ အဘိရူဟိ၊ တက်ပြီ။ [ဓမ္မ-နန်းပြာသာဒ်နှင့် ဓမ္မ-ရေကန် ပြီးစီးသောအခါ မိမိဦးစွာ တက်မနေသေးပဲ သမဏ ဗြာဟ္မဏ-တို့ကို လှူဖွယ် ပစ္စည်းများ လှူပြီးမှ နန်းပြာသာဒ်သို့ တက်နေသည်-ဟူလို။]

ပဌမဘာဏဝါရော၊ တည်း။

ဈာနသမ္ပတ္တိ

၂၆၀။ အထ ခေါ။ပ။ "ယေန၊ အကြင် ကံကြောင့်။ အဟံ။ ဧတရဟိ၊ ၌။ ဧဝံ၊ ဤသို့။ (သို့ကလောက်။) မဟိဒ္ဓိကော၊ ကြီးသောတန်ခိုး ရှိ၏။ (ကြီးကျယ်သော အလိုရှိအပ်သော အကျိုး၏ ပြီးစီးခြင်းရှိ၏။) ဧဝံ၊ သို့။ မဟာနုဘာဝေါ၊ ကြီးသောအာနုဘော်ရှိ၏။ (ကြီးကျယ်သော ခံစားထိုက်သောအကျိုးရှိ၏။) မေ၊ ၏။ ဣဒံ၊ ဤအကျိုးသည်။ ကိဿ ကမ္မဿ၊ အဘယ်ကံ၏။ ဖလံ နုံ ခေါ၊ အကျိုးရင်း အကျိုးဆက်နည်း။ ကိဿ ကမ္မဿ၊ ၏။ ဝိပါကော၊ တူသောအကျိုးနည်း။" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ပ။ "ယေန၊ ကြောင့်။ပ။ မဟာနုဘာဝေါ၊ ၏။ မေ၊ ၏။ ဣဒံ၊ သည်။ တိဏ္ဏံ၊ သုံးမျိုးကုန်သော။ ကမ္မာနံ၊ တို့၏။ ဖလံ၊ တည်း။ ။ပ။ ဝိပါကော၊ တည်း။ သေယျထိဒံ၊ အဘယ်သုံးပါးတို့၏နည်း။ [ထိုသုံး ပါးတို့ဟူသည် အဘယ်နည်း-ဟုလည်း အလွယ်ပေးပါ။] ဒါနဿ၊ စည်းစိမ် ဥစ္စာကို စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၏လည်းကောင်း။ ဓမ္မဿ၊ မိမိကိုယ် ကို ဆုံးမ-ကြောင်း ဥပုသ်သီလ၏လည်းကောင်း။ [ရှစ်ပါးသီလ-စသည်၏ လည်းကောင်း။] သံယမဿ၊ မိမိကိုယ်ကို စောင့်စည်းကြောင်း ဖြစ်သော ငါးပါးသီလ၏လည်းကောင်းတည်း။" ဣတိ၊ ပြီ။

အထ ခေါ။ပ။ မဟာဝိယူဟံ၊ ငွေဖြင့်ပြီးသော ကြီးစွာသောအထွတ်ရှိသော။ ဝါ၊ မဟာဝိယူဟ-မည်သော။ ကူဋာဂါရံ၊ အထွတ်ရှိသော နန်းပြာသာဒ်သည်။ (အတ္ထိ။) ။ပ။ ဒွါရေ၊ ၌။ ဌိတော၊ ရပ်လျပ်။ ဥဒါနံ ဥဒါနေသိ။(ကိံ။) ''ကာမဝိတက္ကာ၊ ဟဲ့-ကာမဝိတက်။(ကာမဂုဏ်ကို ကြံစီတတ်သော ဟဲ့-ဝိတက်။) တိဋ္ဌ၊ နေရစ်တော့။ ဗျာပါဒဝိတက္ကာ၊ တက်။ (သူတပါး၏ ပျက်စီးခြင်းကို ကြံစီတတ်သော ဟဲ့-ဝိတက်။) တိဋ္ဌ။ ဝိဟိံသ-ဝိတက္ကာ၊ တက်။ (သူတပါးကို ညှဉ်းဆဲဖို့ရန် ကြံစည်တတ်သော ဝိတက်။) တိဋ္ဌ။ ကာမဝိတက္ကာ၊ တက်။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော တံခါးအရပ်ဖြင့်။ (နိဝတ္တိတဗ္ဗံ၊ ပြန်နစ်ထိုက်၏။ ဝါ၊ ပြန်နစ်တော့။) [ဟဲ့-ကာမဝိတက် အသင်သည် ဤ တံခါးပေါက်၌သာ ရပ်တန့်ရစ်တော့။ ဤမှ နောက်၌ အဆောင်တွင်းသို့ မလိုက်ခဲ့နဲ့-ဟူလို။]။ပ။'' ဣတိ (ဥဒါနေသိ။)

၂၆၁။ အထ ခေါ ။ပ။ ကူဋာဂါရံ၊ သို့။ ပဝိသိတွာ၊ ၍။ သောဝဏ္ဏ-မယေ၊ သော။ ပလ္လင်္ကေ၊ ၌။ နိသိန္နော၊ ထိုင်နေလျက်။ (ဝိဟာသိ-၌ စပ်။)ကာမေဟိ၊ ဝတ္ထု,ကိလေသာ-နှစ်ဖြာသော ကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ နီဝရဏ-တရားတို့မှ။ ဝိဝိစ္စ(ဧဝ)၊ ၍(လျှင်)။သဝိတက္ကံ၊ ဝိတက်နှင့်လည်း တကွဖြစ်သော။ သဝိစာရံ၊ ဝိစာရ-နှင့်လည်း တကွဖြစ်သော။ ဝိဝေကဇံ၊ နီဝရဏတို့၏ ကင်းခြင်းကြောင့်ဖြစ်သော။ ပီတိသုခံ၊ ဖရဏာပီတိ, စေတ သိကသုခ-ရှိသော။ ပဌမံ၊ ရှေးဦးစွာဖြစ်သော။ ဝါ၊ ရှေးဦးစွာရအပ်သော။ ဈာနံ၊ သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟာသိ၊ နေပြီ။

ဝိတက္ကဝိစာရာနံ၊ တို့၏။ ဝူပသမာ၊ ပယ်ခွါလွန်မြောက် ငြိမ်းပျောက်ခြင်း ကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ ဖြစ်သော။ စေတသော၊ စိတ်ကို။ သမ္ပ-သာဒနံ၊ ကြည်လင်စေတတ်သော။ ဧကောဒိဘာဝံ၊ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကိုတိုးပွားစေတတ်သော။ အဝိတက္ကံ ဝိတက်လည်း မရှိသော။အဝိစာရံ၊ ဝိစာရလည်း မရှိသော။ သမာဓိဇံ၊ ပထမဈာန်သမာဓိကြောင့် ဖြစ်သော။ ပီတိသုခံ၊ သော။ ဒုတိယံ၊ နှစ်ကြိမ်မြောက် ဖြစ်သော။ ဝါ၊ နှစ်ကြိမ် မြောက် ရအပ်သော။ပ။ ဝိဟာသိ။

ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊ စက်ဆုပ်ခြင်းကြောင့် လည်းကောင်း။ (ပီတိယာ၊ ၏။ ဝူပသမာ စ၊ ပယ်ခွါလွန်မြောက် ငြိမ်းပျောက်ခြင်းကြောင့် လည်းကောင်း။ ဥပေက္ခကော၊ အသင့်အားဖြင့် ရှုတတ်သည်။ ဝါ၊ အသင့် အားဖြင့်ရှုတတ်သော တတြမဇ္ဈတ္တုပေက္ခာ-ရှိသည်။ (ဟုတွာ) စ၊ ဖြစ်၍

လည်းကောင်း။ သတေဝ၊ သတိမပြတ် အမှတ်ရသည်။ သမ္မဇာနေဝ၊ ကောင်းစွာ အပြားအားဖြင့်သိသည်။ (ဟုတ္ထာ)စ၊ လည်းကောင်း။ ဝိဟာသိ။ သုခဉ္စ၊ ကာယိကသုခ,စေတသိကသုခ-ကိုလည်း။ ကာယေန၊ နာမကာယ-ဖြင့်။ ပဋိသံဝေဒေသိ၊ ခံစားပြီ။ ယံ၊ အကြောင် တတိယစျာန်ကြောင့်။ တံ၊ ထို တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။ အရိယာ၊ဘုရား,ပစ္စေကာ,အရိယာ သာဂက-တို့သည်။ အာစိက္ခန္တိ၊ ပြောဆိုညွှန်ပြ ချီးမွမ်းကြကုန်၏။ (ကိံ။) အယံ၊ ဤ တတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ "ဥပေက္ခကော၊ သုခမြေားမြောက် ထိပ်ဆုံးရောက်သည့် တတိယစျာန် ချမ်းသာမြတ်၌သော်မှ မငြိမကပ် လျစ်လျူရှုတတ်ပါပေစ့။ သတိမာ၊ တဖန်ပီတိ မဖြစ်ဘိအောင် သတိရှိပါပေစ့။ သုခဝိဟာရီ၊ အရိယာတို့ လွန်စွာလေးမြတ် မှီဝဲအပ်သည့် တတိယစျာန်ချမ်းသာကို ခံစားကာ ချမ်းချမ်းသာသာ နေလေ့ရှိပါပေစ့။" ဣတိ၊ ဤသို့ ပြောဆိုညွှန်ပြ ချီးမွမ်းကြကုန်၏။ တတိယံ၊ သော။(တံ) စျာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ။

ပုဗ္ဗေပ၊ စတုတ္ထစျာန်ကိုမရမီ လေးပါးသော စျာန်တို့၏ ဥပစာရ-စျာန် ခဏ၌ပင်။ သုခဿ ကာယိကသုခကို။ ပဟာနာ စ၊ ပယ်ခြင်းကြောင့် လည်းကောင်း။ ဒုက္ခဿ၊ ကာယိက ဒုက္ခကို။ ပဟာနာ စ၊ ကြောင့် လည်းကောင်း။ သောမနဿ ဒေါမနဿာနံ၊ သောမနဿ ဒေါမနဿ-တို့၏။ (စေတသိကသုခ စေတသိကဒုက္ခ-တို့၏။) အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်လည်း ကောင်း။ အဒုက္ခမသုခံ၊ ဒုက္ခလည်းမရှိ သုခလည်းမရှိသော။ ဥပေက္ခာ-သတိပါရိသုဒ္ဓိံ၊ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ ထက် ဝန်းကျင် စင်ကြယ်ခြင်းရှိသော။ စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ။

၂၆၂။ အထ ခေါ။ပ။မဟာဝိယူဟာ၊ ငွေဖြင့်ပြီးသော ကြိုးစွာသော အထွတ်ရှိသော။ ကူဋာဂါရာ၊ အထွတ်ရှိသော နန်းပြာသာဒ်မှ။ နိက္ခ-မိတ္တာ၊ ထွက်လာ၍။ သောဝဏ္ဏမယံ ကူဋာဂါရံ၊ သို့။ ပဝိသိတ္တာ၊ ၍။ ရှုပိယမယေ ပလ္လင်ကေး၊ ၌။ နိသိန္နော၊ လျက်။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ကေါ၊ တခုသော။ ဒိသံ၊ အရပ်မျက်နှာကို။ ဝါ၊ တခုသော အရက်မျက်နှာ၌နေသော သတ္တဝါ အပေါင်းကို။ ဖရိတ္ဝာ၊ ဖြန့်၍။ ဝိဟာသိ။ တထာ၊ ကို့အတူ။ ဒုတိယံ၊ နှစ်ခုမြောက် အရပ်ကို။ ဝါ၊ နှစ်ခုမြောက် အရပ်၌နေသော သတ္တဝါ အပေါင်းကို။ (ဖရိတ္ဝာ ဝိဟာသိ။)။ပ။ကွတိ၊ ဤသို့လျှင်။ ဝါ၊ ဤနည်း အားဖြင့်။ ဥဒ္ဓံ၊ အထက်အရပ်ကို လည်းကောင်း။ ဝါ၊ အထက်အရပ်၌

နေသော သတ္တဝါအပေါင်းကိုလည်းကောင်း။ အဓေ၊ အောက်အရပ်ကိုလည်းကောင်း။ ဝါ၊ ကိုလည်းကောင်း။ တိရိယံ၊ ဖီလာ အထောင့်အရပ်ကိုလည်းကောင်း။ ဝါ၊ လည်းကောင်း။ သဗ္ဗဓိ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာ၌။ သဗ္ဗတ္တတာယ၊ အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူသည်၏ အဖြစ်ဖြင့်။ သဗ္ဗာဝန္တံ၊ အလုံးစုံသော သတ္တဝါအပေါင်းရှိသော။ လောကံ၊ လောကကို။ မေတ္တာသဟဂတေန၊ သော။ ဝိပုလေန၊ ကျယ်ပြန့်သော။ မဟဂ္ဂတေန၊ မြတ်သည်၏အဖြစ်သို့ ရောက်သော။ အပ္ပမာဏေန၊ အတိုင်းအရှည် မရှိသော။ အဝေရေန၊ ဒေါသ-တည်းဟူသော ရန်မရှိသော။ အဗျာပဇ္ဇေန၊ စိတ်ဆင်းရဲစွာ ဒေါမနဿ-ဝေဒနာလည်း မရှိသော။ စေတသာ၊ ဖြင့်။ ဖရိတ္ဝာ ဝိဟာသိ။

အမှာ။ ။နောက်၌ ''ကရုဏာ သဟဂတေန၊ကရုဏာနှင့်တကွဖြစ်သော-စသည်ဆိုပါ။ ဤပုစ္ဆာတို့၏ အဖွင့်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, ဋီကာ-မှ ယူ၍ သိလက္ခန် ဘာသာဋီကာ စတုတ္ထအုပ် စာမျက်နှာ ၄၆၁-၌ ပြထားပြီ။

စတုရာသီတို့ နဂရသဟဿဒါ

၂၆၃။ အာနန္ဒ။ မဟာသုဒဿနဿ၊ သော။ ရညော၊ ၏။ ဝါ၊ မှာ။ ကုသာဝတီရာဇဓာနိပပမုခါနိ၊ (ကုသာဝတီ-မင်းနေပြည် အမှူးရှိ ကုန်သော။ စတုရာသီတိ နဂရသဟဿာနိ၊ ရှစ်သောင်း လေးထောင်သော မြို့တော်ဟို့သည်။ အဟေသုံ၊ ရှိကုန်ပြီ။ [နောက်၌ ဤသို့ အပြည့်အစုံပေးပါ။ ထူးဆာ၌သာ ရေးပါမည်။] ဓမ္မပါဌသာဒပပမုခါနိ၊ ဓမ္မ-နန်းပြာသာဒဲ အမှူးရှိကုန်သော။ပ။မဟာဝိယူဟ ကူဋာဂါရ ပမုခါနိ၊ မဟာဝိယူဟ-မည်သော အထွတ်တပ်အပ်သော အဆောင်တော်အမှူးရှိကုန်သော။ပ။

သောဝဏ္ဏမယာနိ၊ ကုန်သော။ ရူပိယမယာနိ၊ ကုန်သော။ ဒန္တမယာနိ၊ ဆင်စွယ်ဖြင့် ပြုအပ်ကုန်သော။ သာရမယာနိ၊ စန္ဒကူးနှစ်ဖြင့် ပြုအပ်ကုန်သော။ ဂေါနကတ္ထတာနိ၊ လက်လေးသစ်ထက်ရှည်သော သားမွေး ကော်ဇောနက်ကြီးဖြင့် ခင်းအပ်ကုန်သော။ ပဋိကတ္ထတာနိ၊ အဖြူထည်သက်သက်ရက်အပ်သော သားမွေးအခင်းဖြင့် ခင်းထားအပ်ကုန်သော။ ပဋလိကတ္ထတာနိ၊ တခဲနက်ပန်းပြောက်ရှိသော သားမွေးအခင်းဖြင့် ခင်းထား အပ်ကုန်သော။ ကဒလိမိဂပဝရပစ္စတ္ထရဏာနိ၊ ဝံပိုင်မည်သော သားကောင်း၏ အရေဖြင့် ပြုအပ်သော မြတ်သော အပေါ်လွှမ်း အခင်းရှိကုန်သော။

သဉ္ဇတ္တရစ္ဆဒါနိ၊ အထက်၌ ဗိတာန်နိနှင့် တကွဖြစ်ကုန်သော။ ဥဘတော-လောဟိတကူပဓာနာနိ၊ ခြေရင်း ခေါင်းရင်း နှစ်ဘက်ဝယ် နီသောအုံးရှိကုန်သော။ စတုရာသီတိပလ္လင်္ကသဟဿာနိ အဟောသုံ။

သောဝဏ္ဏာလင်္ကာရာနိ၊ ရွှေဖြင့်ပြုအပ်သော တန်ဆာရှိကုန်သော။ သော-ဝဏ္ဏဓဇာနိ၊ ရွှေဖြင့်ပြုအပ်သော အလံရှိကုန်သော။ ဟေမဇာလပဋိစ္ဆန္နာနိ၊ ရွှေဇာတိုဖြင့် ဖုံးအပ်ကုန်သော။ [ရွှေချည်ကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်ကုန်သော-ဟု ရှေးကပေး၏။] ဥပေါသထနာဂရာဇပဗွမုခါနိ၊ ဥပေါသထ-ဆင်မင်း အမှူးရှိကုန်ယော။ပ။ သီဟစမ္မပရိဝါရာနိ၊ ခြင်္သေ့ရေဟူသော အကာအရံရှိကုန်သော။ [ဗျဉ္ဇ-ကျား။ ဒီပိ-သစ်။ ပဏ္ဍုကမ္မလ-ဖျော့တော့ ဝါဝင်းသောကမ္မလာ။ ဝေဇယန္တရထ-ဝေဇယန္တာရထား။] ။ပ။ သုဘဒ္ဒါဒေဝီပဗွမုခါနိ၊ သုဘဒ္ဒါဒေဝီ-အမှူးရှိကုန်သော။ပ။

ဒုဟသန္ဒနာနိ၊ အမြဲယိုစီးသော နို့ရည်ရှိကုန်သော။ [အချိန်မရွေး နို့ရည်ညှစ်လျှင် နို့ထွက်ကုန်သော-ဟူလို။ ဒုကူလသန္ဒနာနိ၊ နို့ခံခွက်၏ တည်ရာဖြစ်သော ဘွဲ့ဖြူအဝတ်၌ နို့ရည်၏ယိုစီးခြင်း ရှိကုန်သော။ ဝါ၊ နို့ရည်ခံရာခွက် ပြည့်လျှံရုံမက အဝတ်ပေါ်အထိ စီးကျသော နို့ရည်ရှိကုန်သော။-ဤသို့လည်းမူကဲ့ရှိ၏။]ကံသူပဓာရဏာနိ၊ ငွေဖြင့်ပြုအပ်သော [နို့ရည်ခံခွက်ရှိကုန်သော။ စတုရာသီတိ ဓေနုသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော နို့စားနွားမတို့သည်။ အဟောသုံ။ ဓေါမသုခုမာနံ၊ ဓေါမတိုင်းဖြစ် နူးညံ့ချောမွေ့သော အဝတ်တို့၏။ ကပ္ပါသိကသုခုမာနံ၊ ဝါချည်ဖြင့်ရက်အပ်သော ချောမွေ့သောအဝတ်တို့၏။ ကောသေယျသုခုမာနံ၊ ပိုးချည်ဖြင့်ရက်အပ်သော ချောမွေ့သောအဝတ်တို့၏။ ကမ္မလသုခုမာနံ၊ ကမ္မလာဖြင့် ပြုအပ်သော ချောမွေ့သောအဝတ်တို့၏။ စတုရာသီတိ ဝတ္ထကောဋိသဟဿာနိ၊ ကုဋေပေါင်း ရှစ်သောင်းလေးထောင်သော အဝတ်တို့သည် အဟောသုံ။ပ။ စတုရာသီတိ ထာလိပါကသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော ပဲတော်ချက် အိုးတို့သည်။ အဟောသုံ။ သာယံ၊ ညနေ၌လည်းကောင်း။ ပါတံ၊ နံနက်၌လည်းကောင်း။ ဘတ္တာဘိဟာရော၊ ရှေးရှုဆောင်ထိုက်သော ပဲတော်အစာကို။ အဘိဟာရိယိတ္ထ၊ ရှေးရှုဆောင်အပ်ပြီ။

၂၆၄။ အာနန္ဒ။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ပ။ ရညော၊ ၏။ ‘‘စတုရာသီတိ နာဂသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော ဆင်တို့သည်။ သာယံ ပါတံ။ ဥပဋ္ဌာနံ၊ဆည်းကပ်ခစားရာ အရပ်သို့။ အာဂစ္ဆန္တိ၊ လာကုန်၏။ [ရညော၊ မင်းကို။ ဥပဋ္ဌာနံ၊ ဆည်းကပ် ခစားခြင်းငှာ။-ဤသို့

လည်း ပေးပါ။]။ပ။ ဝဿသတာဿ ဝဿာသတာဿ၊ အနှစ်တရာ အနှစ်တရာ ၏။ အစ္စယေန၊ လွန်ရာအခါ၌။ ဒ္ဒေစတ္တာလီသံ ဒ္ဒေစတ္တာလီသံ နာဂသဟာဿာနိ၊ လေးသောင်းနှစ်ထောင် လေးသောင်းနှစ်ထောင်သော ဆင်တို့သည်။ သကိံ သကိံ၊ တကြိမ် တကြိမ်။ ဥပဋ္ဌာနံ၊ သို့။ ယံနူန အာဂစ္ဆေယျုံ၊ အကယ်၍ လာကြပါမူကား ကောင်းလေစ့။'' ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ ။ပ။ ''သမ္မပရိဏာယကရတန၊ အချင်း သားတော်ကြီးရတနာ။ပ။ တေနဟိ၊ တိုက်တွန်းပါ၏။ပ။ အာဂစ္ဆန္တု၊ လာကြပါစေ။'' ဣတိ၊ ဤသို့ အမိန့်ပေးပြီ။ ။ပ။ အာဂမံသု၊ လာကုန်ပြီ။

သုဘဒ္ဒါဒေဝိ ဥပသင်္ကမန

၂၆၅။ အာနန္ဒ။ အထ ခေါ၊ ၌ (မဟာသုဒဿန-မင်း၏ ဗျာန်တရား ဗြဟ္မဝိဟာရ-တရားဖြင့် ဟပါးတည်းနေရာ ထို အခါ၌။) သုဘဒ္ဒါယ၊သော။ ဒေဝိယာ၊ မိဖုရား၏။ ဗဟုနံ ဝဿာနံ၊ များစွာသော နှစ်တို့၏။ ဗဟုနံ ဝဿသတာနံ၊ နှစ်-ရာပေါင်းများစွာတို့၏။ ဗဟုနံ ဝဿသဟဿာနံ၊ နှစ်-ထောင်ပေါင်းများစွာတို့၏။ အစ္စယေန၊ လွန်ရာအခါ၌။ တေံ၊ ဤ အကြံသည်။ အဟောသိ။ (ကိံ။) ''မေ၊ သည်။ မဟာသုဒဿနော ရာဇာ၊ ကို။ စိရံ ဒိဋ္ဌော၊ ကြာမြင့်စွာက ဖူးအပ်ခဲ့ပြီ။ (မဖူးမြင်ရတာ ကြာလှပြီ။) ။ပ။ ရာဇာနံ၊ ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှာ။ ယံနူန ဥပသင်္ကမေယျံ၊ အကယ်၍ သွားရပါမူကား။ ကောင်းလေစ့။'' ဣတိ၊ ပြီ ။ပ။ ဣတ္ထာဂါရံ၊ မောင်းမ အပေါင်းကို။ (မိဖုရား၏ အခြေအရံ ဖြစ်သော နန်းတော်သူများကို။) အာမန္တေသိ၊ ခေါ်၍ ပြောပြီ။ (ကိံ။)''တုမှေ၊ သင်တို့သည်။ဇော၊ လာကြကုန်။ သီသာနိ၊ ဦးခေါင်းတို့ကို။ နှာယထ၊ လျှော်ကြပါကုန်။ ပီတာနိ၊ ရွှေသော အဆင်းရှိကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို။ ပါရုပထ၊ ဝတ်ကြခြုံကြပါကုန်။ နော၊ ငါတို့သည်။ပ။ စိရံ ဒိဋ္ဌော ။ပ။ ဥပသင်္ကမိဿာမ။'' ဣတိ၊ ပြီ။

''အယ္ယေ၊ အရှင်မ။ ဧဝံ၊ အမိန့်တော်အတိုင်းပါ။'' ဣတိ ခေါ၊ လျှင်။ပ။ ဥပသင်္ကမိ ။ပ။ ''သမ္မပရိဏာယကရတန၊ အချင်း သားတော်ကြီးရတနာ။ စတုရင်္ဂိနိံ၊ ဆင် မြင်း ရထား ခြေလျင်အားဖြင့် လေးပါးသော အင်္ဂါရှိသော။ သေနံ၊ စစ်တပ်ကို။ ကပ္ပေဟိ၊ ပြင်ဆင်ပါ။ပ။'' ''ဒေဝိ၊ အရှင်မိဖုရား။ပ။''ကပ္ပါပေတွာ၊ ပြင်ဆင်စေပြီး၍။ သုဘဒ္ဒါယ ဒေဝိယာ၊ အား။

ပဋိဝေဒေသိ၊ သိစေပြီ။ (သိအောင် သံတော်ဦးတင်ပြီ။ ကိ။) "ဒေဝိ၊ ဒေဝီ။ စတုရင်္ဂိနီ။ သေနာ၊ ကို။ ကပ္ပိတာ၊ ပြင်ဆင်အပ်ပါပြီ။ ဒါနို၊ ဦး။ ယဿ၊ အကြင် သူဌေးခြင်း၏။ ကာလံ၊ အခါန်ကို။ မညသိ၊ သိ၏။" (တံ၊ ထိုအခါန်ကို။ ဇာနာဟိ၊ သိတော်မူပါ။ ဣတိ၊ ပြီ။) ။ပ။ သေနာယ၊ ဖြင့်။ ဣတ္ထာဂါရေန၊ နှင့်။ သဒ္ဓိံ၊ အတူ။ပ။မဟာဝိယူဟဿ ကူဋာဂါရဿ၊ ၏။ ဒုါရဗာဟံ၊ တံခါးဘောင်ကို။ အာလမ္ဗိတွာ၊ လက်ဆဲ့၍။ အဋ္ဌာသိ၊ ရပ်နေပြီ။ [အတွင်းသို့ မဝင်စုံသောကြောင့် ရပ်နေသည်။]

အထ ခေါ။ပ။"ကိံ နု ခေါ၊ အဘယ်သို့နည်း။ မဟတော၊ များစွာသော။ ဇနကာယဿ၊ လူအဖေါင်း၏။ သဒ္ဒေါ ဝိယ၊ အသံလိုပါတကား။" ဣတိ၊ ဤသို့ ကြံ၍။ပ။ကူဋာဂါရံ၊ မှ။ နိက္ခမန္တော၊ ထွက်လာလတ်သော်။ သုဘဒ္ဒံ ဒေဝိံ၊ ကို။ ဒုါရဗာဟံ၊ ကို။ အာလမ္ဗိတွာ၊ ၍။ ဌိတံ၊ ရပ်နေသည်ကို။ အဒ္ဒသ၊ မြင်ပြီ။ ဒိသွာန၊ ကြောင့်။ပ။ "ဒေဝိ၊ ဒေဝီ။ ဧတ္ထေဝ၊ အဲဒီ နေရာ၌သာ။ တိဋ္ဌ၊ ရပ်နေပါ။ မာပါဝိသိ၊ အတွင်းသို့ မဝင်ခဲ့ပါနှင့်။" ဣတိ၊ ပြီ။ [ဗျာန်ဝင် စားလျက် နေရာ အဆောင်တော်၌ အမျိုးသမီးများနှင့် အတူနေဖို့ရာ မသင့်တော်သောကြောင့် တားမြစ်သည်။]။ပ။ "အမ္မောပုရိသ၊ အမောင်ယောကျ်ား။ ဧဟိ၊ သွားချေ။ တုံ မဟာဝိယူဟာ။ ကူဋာဂါရာ၊ မှ။ သောဝဏ္ဏမယံ။ ပလ္လင်္ကံ၊ ကို။ နီဟရိတွာ၊ ထုတ်ဆောင်၍။ သဗ္ဗသောဝဏ္ဏမယေ။ တာလ-ဝနေ၊ ထန်းတောဥယျာဉ်၌။ ပညပေဟိ၊ ခင်းလိုက်လော့။" ဣတိ၊ ပြီ။ပ။ ပညပေသိ၊ ခင်းပြီ။ပ။ပါဒေ၊ လက်ယာခြေ၌။ ပါဒံ၊ လက်ဝဲခြေကို။ အစ္ဆာဓာယ၊ အနည်းငယ် လွှန်အောင်ထား၍။ သတော သမ္ပဇာနော (ဟုတွာ)။ ဒက္ခိဏေန ပဿေန၊ လက်ယာ နံပါးဖြင့်။ သီဟသေယျံ၊ မြတ်သောလျောင်းခြင်းကို။ ကပ္ပေသိ၊ ပြုပြီ။

၂၆၆။ အထ ခေါ။ပ။"ဣန္ဒြိယာနိ၊ စက္ခုစသား ခြောက်ပါးသော ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ၊ အထူးသဖြင့် ကြည်လင်ကုန်၏။ ဆဝိဝဏ္ဏော၊ အရေ၏ အဆင်းသည်။ ပရိသုဒ္ဓေါ၊ ထက်ဝန်းကျင် စင်ကြယ်၏။ ပရိယောဒါတော၊ ထက်ဝန်းကျင် ဖြူစင်၏။ပ။ရာဇာ၊ သည်။ ကာလံ၊ သေခြင်းကို။ (နတ်ရွာစံခြင်းကို။) မာ ဟော၀ အကာသိ၊ ကောန် မပြုပါစေနှင့်။" ဣတိ၊ ဤသို့ကြံ၍။ပ။အဝေါစ၊ သံတော်ဦးတင်ပြီ။ (ကိ။) [ဤသို့ ဣန္ဒြေများ စင်ကြယ်သောအခါ ဘဝပြောင်းတတ်သည်-ဟု ကြားဖူးသောကြောင့် ဘဝပြောင်းမည်ကို စိုးရိမ်သည့်အတွက် သံတော်ဦးတင်သည်။]

"ဒေဝ၊ မင်းမြတ်။ ဣမာနိ၊ ဤဟာတို့သည်။ တေ၊ အရှင်မင်းမြတ်၏။ ကုသာဝတီရာဇဓာနိပွမုခါနိ၊ ကုသာဝတီ-မင်းနေပြည်အမှူးရှိကုန်သော။ စတုရာသီတိ နဂရသဟဿာနိ၊ ရှစ်သောင်း လေးထောင်သော မြို့တော်တို့ပါတည်း။ ဒေဝ၊ မင်းမြတ်။ တ္ထော၊ ဤမြို့တော်တို့၌။ ဆန္ဒံ၊ ချစ်ခြင်းကို။ ဇနေဟိ၊ ဖြစ်စေတော်မူပါ။ ဇီဝိတေ၊ အသက်၌။ အပေက္ခံ၊ ငဲ့ကွက်ခြင်းကို။ (မစ္ဆန္ဒလ္ဟတ်ပဲ ငဲ့ကွက်ကြောင်း တဏှာကို။) ကရောဟိ၊ ပြုတော်မူပါ။ [နောက်ဝါကျမျှားဦ၌ ဤသို့ပေးပါ။]ပ။" ဣတိ၊ ပြီ။

၂၆၇။ အာနန္ဒ။ ဧဝံ၊ သို့။ ဝုတ္တော၊ သံတော်ဦးတင်အပ်သော်။ပ။ အဝေါစ။ (ကိုဝ်) ,"ဒေဝိ၊ ဒေဝီ။ တုံ။ မံ၊ ကို။ ဒီဃရတ္တံ၊ ရှည်စွာသော ညဉ်ပတ်လုံး၊ (ရက်ပတ်လုံး။) ဣဋ္ဌေဟိ၊ အလိုရှိအပ်ကုန်သော။ ကန္တေဟိ၊ နှစ်သက်အပ်ကုန်သော။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ မြတ်နိုးအပ်ကုန်သော စကားတို့ဖြင့်။ သမုဒါစရိတ္ထ၊ ပြောဆိုခဲ့ပြီ။ [အဋ္ဌတနီ "သြ"ဝိဘတ်ကို "တ္ထ" ပြု၍ "သမုဒါစရိတ္ထ"ဟု ဖြစ်၏။ မောဂ္ဂလ္လာန် ဖ-ကဏ္ဍ၊ ၄၂-သုတ်၌ "သြ" ကို "တ္ထ"လည်း ပြုသည်။] အထ စ ပန၊ ထိုသို့ဖြစ်ပါလျက်။ တုံ မံ။ ပစ္ဆိမေ ကာလေ၊ သေချိန် ရောက်ရာ နောက်ဆုံးအခါ၌။ အနိဋ္ဌေဟိ၊ အလိုမရှိအပ် ကုန်သော။ပ။ အမနာပေဟိ၊ မမြတ်နိုးအပ်ကုန်သော စကားတို့ဖြင့်။ သမုဒါစရသိ၊ ပြောဆိုရသနည်း။" ဣတိ၊ ပြီ။

ဒေဝ။ ကထံ စရဟိ၊ အဘယ်သို့လျှင်။ တံ၊ အရှင်မင်းမြတ်ကို။ သမုဒါစရာမိ၊ ပြောရမ္မာပါနည်း။ ဣတိ၊ ပြီ။ [ထို အချိန်၌ သုဘဒ္ဒါဒေဝီက စကြာမင်းကို "ရဟန်း" ဟူ၍ မှတ်ထင်သောကြောင့် မိန်းမသားတို့မည်သည် ရဟန်းတို့၏ ပြောရိုးစကားကို နားမလည်ပါ။ ဘယ်လို "ပြောရမ္မာပါနည်း"ဟု သံတော်ဦးတင်သည်။] ဒေဝိ၊ ဒေဝီ။ တုံ မံ။ ဧဝံ၊ သို့။ (ဒီပုံ ဒီနည်းအတိုင်း။) သမုဒါစရ၊ ပြောပါ။ (ကိုဝ်၊ အဘယ်သို့ ပြောရမည်နည်း။)" ဒေဝ၊ မင်းမြတ်။ သဗ္ဗဟေဝ၊ အလုံးစုံသာလျှင်၊ ဖြစ်ကုန်သော။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ မြတ်နိုးအပ်ကုန်သော သတ္တဝါသခ်ါရ-တို့နှင့်။ (သက်ရှိ သက်မဲ့ အရာဝတ္ထုတို့နှင့်။)နာနာဘာဝေါ၊ ဇာတ်ချင်းမတူ အမူကဲ့ပြား တသီးတခြား ဖြစ်ရခြင်းသည်။ ဝိနာဘာဝေါ၊ မပြန်တမ်းသေခြင်းဖြင့် ကွဲကွင်း၍ဖြစ်ရခြင်းသည်။ အညထာဘာဝေါ၊ ဘဝခြားလျက် တပါးသောအခြင်းအရာအားဖြင့် ဖြစ်ရခြင်းသည်။ (ဟောတိ၊ ထုံးစံပင်ဖြစ်ပါ၏။)

ဒေဝ တုံ။ သာပေက္ခော၊ စည်းစိမ်ဥစ္စာ အခြံအရံတို့၌ ငဲ့ကွက်ခြင်းနှင့် တကွဖြစ်သည်။ ဝါ၊စည်းစိမ်ဥစ္စာ အခြံအရံတို့၌ ငဲ့ကွက်ခြင်းရှိသည်။ (ဟုတ္တာ။) ကာလံ၊ ကွယ်လွန်ခြင်းကို။ (နတ်ရွာစံခြင်းကို။)မာ အကာသိ၊ မပြုပါနှင့်။ သာပေက္ခဿ၊ စည်းစိမ်ဥစ္စာ အခြံအရံတို့၌ ငဲ့ကွက်ခြင်းရှိသူ၏။ ကာလံ ကိရိယာ၊ ကွယ်လွန်ခြင်းကို ပြုခြင်းသည်။ ဝါ၊ နတ်ရွာစံခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲကြောင်းပါတည်း။ သာပေက္ခဿ။ ကာလံကိရိယာ၊ ကို။ ဂရဟိတာစ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ကလည်း ကဲ့ရဲ့အပ်ပါ၏။ ဒေဝ။ ဣမာနိ၊ ဤ ဟာတို့သည်။ တေ၊ ၏။ ကုသာဝတီရာဇဓာနိပ္ပမုခါနိ၊ ကုန်သော။ စတုရာသီတိ နဂရသဟဿာနိ၊ တို့ပါတည်း။ ဒေဝ။ ဧတ္ထ၊ ဤ မြို့တော်တို့၌။ ဆန္ဒံ၊ ချစ်ခြင်းတဏှာကို။ ပဇဟ၊ ပယ်စွန့်တော်မူပါ။ ဇိဝိတေ၊ ၌။ အပေက္ခံ၊ ငဲ့ကွက်ခြင်းကို။ ဝါ၊ ငဲ့ကွက်ကြောင်း တဏှာကို။ မာ အကာသိ၊ ပြုတော်မမူပါနှင့်။ [နောက်၌ဤနည်းအတိုင်းပေးပါ။]။ပ။ ”ဣတိ (သမုဒါစရ။)ဣတိ၊ ဤသို့သင်ပေးပြီ။

၂၆၈။ ဧဝံ၊ ဤသို့။ ဝုတ္တော၊ သင်ပေးအပ်သော်။ပ။ ပရောဒိ၊ ပြင်းထန်စွာ ငိုကြွေးပြီ။ အဿုနိ၊ မျက်ရည်တို့ကို။ ပဝတ္တေသိ၊ ဖြစ်စေပြီ။ (ယိုစီးစေပြီ။) ။ပ။ အဿုနိ၊ တို့ကို။ ပုဉ္ဆိတ္ဝာ၊ သုတ်ပြီး၍။ပ။ အဝေါစ။[သင်ပေးအပ်သည့်အတိုင်းပင် ပြင်၍ သံတော်ဦးတင်သည်။]“။ပ။ မာကာသိ”တိ။

ဗြဟ္မလောကူပဂမ

၂၆၉။ အထ ခေါ။ပ။ နံ စိရဿေဝ၊ မကြာမီပင်။ ကာလံ၊ သေခြင်းကို။ (ကွယ်လွန်ခြင်းကို။) အကာသိ၊ ပြုပြီ။ အာနန္ဒ။ သေယျထာပိ၊ ကား။ ဂဟပတိဿ ဝါ၊ အိမ်ရှင်ယောကျ်ား၏သော်လည်းကောင်း။ (ဘတ္တာသမုဒေါ၌ စပ်။) ဝါ၊ သည်သော်လည်းကောင်း။ (ဘုတ္တာဝိဿ-၌ စပ်။) ဂဟပတိပုတ္တဿ ဝါ၊ အိမ်ရှင်ယောကျ်း၏ သား၏သော်လည်းကောင်း။ ဝါ၊ သည်သော်လည်းကောင်း။ မနုညံ၊ စိတ်ကိုနှစ်သက်စေတတ်သော။ ဝါ၊ နှစ်သက်ဖွယ်ကောင်းသော။ ဘောဇနံ၊ ကို။ ဘုတ္တာဝိဿ၊ စားပြီးလတ်သော်။ ဘတ္တ-သမုဒေါ၊ထမင်းကြောင့် ယစ်ခြင်းသည်။ ဝါ၊ ထမင်းဆီ ယစ်ခြင်းသည်။ ဟောတိ သေယျထာပိ၊ ကဲ့သို့။ အာနန္ဒ။ ဇဝ မေဝ။ ပင်။ပ။ ရညော၊ ၏။ မာရဏန္တိကာ၊ သေခြင်း၏အနီး၌ဖြစ်သော။ ဝါ၊ သေခြင်း၏ အနီးသို့ရောက်စေတတ်သော။ ဝေဒနာ အဟောသိ၊ အာနန္ဒ။ ကာလင်္ကတော စ၊ ကွယ်လွန်ခြင်းကို ပြုပြီးသော။ပ။ သုဂတိံ၊ ကောင်းသောဂတိဖြစ်သော။ ဗြဟ္မ-

လောက်၊ သို့။ ဥပပဇ္ဇိ၊ ကပ်ရောက်ပြီ။ [ကောင်းမွန်သော ထမင်းကို စားပြီး သောအခါ ထမင်းဆီယစ်သလို အနီးငယ် ဝေဒနာကို ခံစားလျက် အိပ်ပျော်သွားသလိုဖြစ်ခါ ဗြဟ္မာ့ပြည်သို့ ပြောင်းရွှေ့သည်။)

အာနန္ဒ ။ပ။ စတုရာသီတိ ဝဿသဟဿာနိ၊ အနှစ်ရှစ်သောင်းလေး ထောင်-တို့ ပတ်လုံး။ ကုမာရကိဋ္ဌံ၊ မင်းသား၏ ကစားခြင်းကို။ (မင်းသား ငယ်ဘဝဖြင့် ကစားခြင်းကို။) ကီဋ္ဌိ၊ ကစားပြီ။ပ။ ဩပရဇ္ဇံ၊ အိမ်ရှေမင်း၏ အဖြစ်ကို။ ကာရေသိ၊ လူအများက ပြုစေပြီ။ [ဤအလိုကာရိတ်ပစ္စည်း အနက်ရှိသည်။] ဝါ၊ ပြုပြီ။ [ကာရိတ် ပစ္စည်း အနက်မရှိ။] ။ပ။ ရဇ္ဇံ၊ စကြာမင်း အဖြစ်ကို။ပ။ ဂိဟိဘူတော၊ လူဝတ်ကြောင်ဖြစ်သည်။ (ဟုတ္ဒာ။) ။ပ။စရိ ။ပ။ ဗြဟ္မဝိဟာရေ၊ ဗြဟ္မဝိဟာရတရားတို့ကို။ ဘာဝေတ္ဒာ၊ မိမိသန္တာန်၌ ဖြစ်စေ၍။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ ပျက်ခြင်းကြောင့်။ မရဏာ၊ သေခြင်းမှ။ ပရံ၊ နောက်၌။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ဘုံသို့ ကပ်ရောက်သည်။ အဟောသိ။

၂၇၀။ အာနန္ဒ။ (တေ၊ သင်၏။ ဝါ၊ မှာ။) သိယာ၊ တရံတခါ။ ဧဝံ၊ ဤသို့သော အကြံသည်။ အဿ၊ ဖြစ်ရာ၏။ (ကိံ၊ အဘယ်သို့ ဖြစ်ရာသနည်း။) ''အညော၊ မြတ်စွာဘုရားမှတပါး အခြားသူသည်။ တေန သမယေန၊ ၌။ မဟာသုဒဿနော၊ သော။ ရာဇာ၊ သည်။ အဟောသိ နူန၊ ဖြစ်ခဲ့ပြီ-ဟု ထင်၏။'' ဣတိ၊ ဤသို့ အကြံဖြစ်ရာ၏။ အာနန္ဒ။ ဧတံ၊ ဤအကြံကို။ (အညော နူန။ပ။အဟောသိ-ဟူသော ဤအကြောင်းကို။) ဧဝံ၊ အသင်ကြံဆအပ်သော အခြင်းအရာအားဖြင့်။ နခေါ ဒဋ္ဌဗ္ဗံ၊ မမှတ်ထိုက်။ အဟံ။ပ။အဟောသိံ၊ ဖြစ်ခဲ့ပြီ။ ကုသာဝတီရာဇဓာနိပွမုခါနိ၊ ကုန်သော။ တာနိ စတုရာသီတိ နဂရသဟဿာနိ၊ တို့သည်။ မမ၊ ငါ၏။ (ဥစ္စာတို့တည်း။) [နောက်၌ ဤသို့ပေးပါ။]

၂၇၁။ အာနန္ဒ။ ယံ၊ အကြင်မြို့၌။ (ဒုတိယာဝိဘတ်ကို သတ္တမီအနက်၌ သက်။ အဟံ။) တေန သမယေန။ အဇ္ဈာဝသာမိ၊ နေခဲ့၏။ [တံကာလာ-ပေက္ခဝတ္တမာန်။] ယဒိဒံ (ယာ အယံ) ကုသာဝတီရာဇဓာနီ၊ သည်။ (အတ္ထိ။)တံ၊ ငါနေခဲ့ရာ ထိုမြို့သည်။ တေသံ စတုရာသီတို့ နဂရသဟဿာနံ၊ တို့တွင်။ ဧကညေဝ၊ တမြို့သာလျင်ဖြစ်သော။ နဂရံ၊ ကုသာဝတီ မြို့သည်။ ဟောတိ။ [နောက်၌-ဤနည်းမှီး၍ ပေးပါ။ ထူးရာ၌သာ အနက်ပေးပါမည်]။ပ။ယံ၊ အကြင်ပလ္လင်ကို။ (အဟံ။) တေန သမယေန။ ပရိဘုဥ္ဇာမိ၊ သုံးစွဲခဲ့၏။ သောဝဏ္ဏမယော ဝါ၊ ရွှေအတိ ပြီးသည်မူလည်း ဖြစ်သော။ပ။

သာရမယော ဝါ၊ သော။ ယဒိဒံ (ယော အယံ)၊ အကြင် ပလ္လင်သည်။ (အတ္ထိ။) သော၊ ငါသုံးစွဲအပ်ရာ ထိုပလ္လင်သည်။ တေသံ စတုရာ-သီတိ ပလ္လင်သဟဿာနံ၊ တို့တွင်။ ကောယော၀၊ တခုသာလျှင်ဖြစ်သော။ ပလ္လင်ကော ဟောတိ။

ယံ၊ အကြင်ဆင်တော်ကို။ပ။အဘိရူဟာမိ၊ စီးခဲ့၏။ပ။ခတ္တိယာနီ၀ါ၊ မင်းမျိုး သော်လည်းဖြစ်သော။ ၀ဿိနီ၀ါ၊ ၀ဿမျိုးသော်လည်းဖြစ်သော။ ယာ၊ အကြင် မိဖုရားသည်။ (မံ)တေန သမယေန။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုတည်နေခဲ့၏။ ၀ါ၊ ပြုစုလုပ်ကျွေးခဲ့၏။ သာ၊ ငါ့ကိုပြုစု လုပ်ကျွေးခဲ့သော ထိုအမျိုး သမီးသည်။ တေသံ စတုရာသီတိ ဣတ္ထိသဟဿာနံ၊တို့တွင်။ ကောယေ၀၊တယောက် သာလျှင် ဖြစ်သော။ ဣတ္ထီ ဟောတိ။ ခေါမသုခုမံ ဝါ၊ ခေါမတိုင်းဖြစ် ချောမွေ့သော အ၀တ်သည်မူလည်း ဖြစ်သော။ပ။ယံ၊ အကြင်အ၀တ်အစုံကို။ပ။ ပရိဒဟာမိ၊ ၀တ် ရုံ သုံးစွဲခဲ့၏။ တံ၊ ငါသုံးစွဲအပ်ခဲ့သော ထို အ၀တ်အစုံသည်။ တေသံ စတုရာသီတို့ ၀တ္ထကောဋိသဟဿာနံ၊ တို့တွင်။ ကေယေ၀၊ သော့။ဒုဿယုဂံ ဟောတိ။ ယတော၊ အကြင်ပဲ့တော်ချက်အိုးမှ။ နာဋိကော-ဒနပရမံ၊ တစလယ်ချက်ထမင်း အလွန်အတိုင်းအရည်ရှိသော ပဲ့တော်စာကို လည်းကောင်း။ တဒုပိယံ၊ ထိုထမင်းအား လျော်က်ပတ်သော။ သူပေယျံ စ၊ ဟင်းလျာကိုလည်းကောင်း။ ဘုဥ္ဇာမိ၊ သုံးဆောင်ခဲ့၏။ သော၊ ငါးသုံးဆောင်အပ်ရာ ထို ပဲ့တော်ချက် ထမင်းအိုးသည်။ တေသံ။ပ။ ဧကောယေ၀၊ သော။ ထာလိပါကော ဟောတိ။

၂၃၂။ အာနန္ဒ။ ပဿ၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုလော့။ သဗ္ဗေ။ ဧတေ သင်္ခါရာ၊ ဤ ရုပ်နာမ်ခမမ္မ သင်္ခါရ-တို့သည်။။(စကြာမင်းဘ၀-တည်းဟူသော ရုပ်နာမ်ခန္ဓာ၊ သက်ရှိသက်မဲ့ စည်းစိမ်ဥစ္စာ ရတနာ-တို့သည်။)အတိတာ၊ ကွယ်ပျောက်ခဲ့ကုန်ပြီ။ နိရုဒ္ဓါ၊ ချုပ်ဆုံးပျက်ခဲ့ကုန်ပြီ။ ဝိပရိဏတာ၊ ဖောက်ပြန် ပျက်စီးခဲ့ကုန်ပြီ။ အာနန္ဒ။ သင်္ခါရာ၊ တို့သည်။ ဧ၀ံ၊ ဤသို့။ အနိစ္စာ၊ ဖြစ်ပြီး၍ ပျက်စီးခြင်းကြောင့် အမြဲမရှိကုန်။ပ။ အဒ္ဓု၀ါ၊ ကြာရှည်တည်တံ့လျက် မခိုင်ခံ့ကုန်။ပ။ အနဿာသိကာ၁၊ အခါခပ်သိမ်း ထင်ရှားမရှိသဖြင့် မှီခိုအားထားရခြင်း မရှိကုန်။ အာနန္ဒ။ ယာ၀ စ၊ အလွန်သာလျှင်။ ဣဒံ

၁။ အနုဿာသိကာ။ ။အသဿသဘာဘာ၀ေန အဿာသရဟိတာ၊ အံ-ဋ္ဌ-၃၊ ၁၈၀။ အဿာသရဟိတာတိ သုပိနေက ဝိတပါနိယံ ဝိယ စ အနုလိတ္တစန္ဒနံ ဝိယ စ အဿာသ၀ိရဟိတာ။ အံ-ဋီ-၃၊ ၁၈၈။ အဿာသပတ္တာတိ အဿာသံ အ၀-ဿယံ ပတ္တာ၊ အံ-ဋ္ဌ-၃၊ ၉၇။

(ဣမေသု) သဗ္ဗသခ်ၤရေသု၊ တို့၌။ နိဗ္ဗိန္ဒိတုံ၊ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ငြီးငွေ့ခြင်းငှာ။ အလမေဝ၊ သင့်လျော်သည်သာ။ ဝိရဇ္ဇိတုံ၊ အရိယာမဂ်ဖြင့် စက်ဆုပ်ခြင်းငှာ။ အလံ(၉ဝ)။ဝိမုစ္စိတုံ၊ အရိယာဖိုလ်သို့ရောက်၍ လွတ်မြောက်ခြင်းငှာ။ အလံ(၉ဝ)၊ သည်သာ။

အာနန္ဒ။ အဟံ။ ဆက္ခတ္တုံ၊ ခြောက်ကြိမ်။ ဣမသ္မိံ ပဒေသေ၊ ဤအရပ်၌။ သရီရံ၊ ခန္ဓာကိုယ်ကို။ နိက္ခိပိတံ၊ ပစ်ချအပ်သည်ကို။ အဘိဇာနာမိ၊ သိတော်မူ၏။ တဉ္စ၊ ထို ပစ်ချရခြင်းကိုလည်း။ စက္ကဝတ္တိ၊ သော။ပ။ သတ္တရတန-သမာနုဂတော၊ သော။[ပထမတဲ့၊ ပုဒ်စဉ် ၃၄-၌ အနက်ရေးခဲ့ပြီ။]ရာဇာဝ၊ မင်းသည်သာ။ သမာနော၊ ဖြစ်စဉ်။ပ။ (အဘိဇာနာမိ။) အယံ၊ ဤခန္ဓာကိုယ်ကို ပစ်ချရခြင်းသည်။ သတ္တာမော၊ သော။ သရီရနိက္ခေပေါ၊ တည်း။ အာနန္ဒ။ ယတ္ထ၊ အကြင်အရပ်၌။ တထာဂတော၊ သည်။ အဋ္ဌမံ သရီရံ။ နိက္ခိပေယျ၊ ပစ်ချရာ၏။ တံ ပဒေသံ၊ ကို။ အဟံ သဒေဝကေ။ပ။ ပဇာယ၊ ၌။ န သမနုပဿာမိ၊ မြင်တော်မမူ။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။ [သဒေဝကေ-စသည်တို့၏အနက်ကို ပထမအုပ်၊ ပုဒ်စဉ် ၁၇-၌လည်းကောင်း၊ ၁၀၉-၌ လည်းကောင်း-ရေးခဲ့ပြီ။]

ဘဂဝါ၊ ဣဒံ၊ ဤ စကားတော်ကို။ (မဟာသုဒဿန-သုတ်တော်ကို။) အဝေါစ၊ ပြီ။ သုဂတော၊ သည်။ ဣဒံ၊ ကို။ ဝတ္ဝာန၊ မိန့်တော်မူပြီး၍။ အထာပရံ၊ ထို့မှ နောက်၌။ သတ္ထာ။ ဧတံ၊ ဤ ဂါထာစကားကို။ အဝေါစ။ (ကိံ။)အနိစ္စာ ဝတ သခ်ၤရာ။ပ။ ကေသံ ဝူပသမော သုခေါတိ၊ ဟူ၍။ (အဝေါစ။)

ဂါထာအနက်။ ။သခ်ၤရာ၊ အကြောင်းအတန်တန် ပြုစီမံ၍ ရုပ်နာမ်အသစ် ဖြစ်ဖြစ်သမျှ သခ်ၤရ-တို့သည်။အနိစ္စာ ဝတ၊ကောန်မုချ မမြဲလေကုန်စုတကား။ ဥပ္ပါဒဝယဓမ္မိနော၊ အဖြစ်သဘော ပျက်သဘောတို့ အတောမသတ် အထပ်ထပ်အထွေထွေ လည်ပတ်၍နေကြကုန်၏။ ဥပ္ပဇ္ဇိတ္ဝာ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ ချက်တပြုတ် ရုတ်တရက်ချုပ်ပျက်ကြကုန်၏။ တေသံ၊ အဖြစ်အပျက်ဒဏ် အမြဲခံသည့် ရုပ်နာမ်နှစ်ဝ သခ်ၤရတို့၏။ ဝူပသမော၊ ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်သည်။ သုခေါ၊ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ ချမ်းသာပေစွ တကား....။

စတုတ္ထံ၊ လေးသုတ်မြောက်သော။ မဟာသုဒဿနသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

၅-ဇနဝသဘသုတ္တ

နာတိကိယာဒိဗျာကရဏ

အမှာ။ ။ရှေးရှေးသုတ်တို့၌ အနက်ရေးအပ်ပြီးသောပုဒ်များနှင့် လွယ်ကူသော ပုဒ်များ၏ အနက်ကို မရေးတော့ပါ။ ပို့ချသော ဆရာများက-မူ တပည့်များနှုတ်တက်အောင် မခုန်ကျော်ပဲ ပို့ချကြပါ။

၂၇၃။ ဧဝံ မေ သုတံ-ဧကံ သမယံ ဘဂဝါ။ [မဟာပဒါန-သုတ် အစ အတိုင်း ဆိုပါ။ "ဇနဝသဘသုတ္တံ၊ ကို။" ဟု ဆိုရုံသာထူး၏။] နာတိကေ၊ နာတိကာရွာ၌။ ဂိဉ္ဇကာဝသထေ၊ အုတ်တို့ဖြင့် ပြုအပ်သော ကျောင်း၌။ (အုတ်တိုက်၌။) ဝိဟရတိ။ တေန ခေါ ပန သမယေန၊ ၌။ (မြတ်စွာဘုရား၏ နာတိကာ-ရွာ၌ အုပ်တိုတ်ဝယ် သီတင်းသုံးတော်မူရာ ထိုအခါ၌။] ဘဂဝါ။ ပရိတော ပရိတော၊ အနီးအနီး၌။ ဝါ၊ အနီးအနား ဖြစ်ကုန်သော။ [အနီး ပတ်ဝန်းကျင် ဖြစ်ကုန်သော-ဟု ဆိုလိုသည်။] ဇနပဒေသု၊ ဇနပုဒ်တို့၌။ (တိုင်းကြီးတို့၌။) [ထို တိုင်းတို့ကို သရုပ်ဖော်လို၍ ကာသိကောသလေသု-စသည်ကို မိန့်သည်။] ကာသိကောသလေသု၊ ကာသီ-ဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၊ ကောသလာ-ဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်-တို့၌လည်းကောင်း။ ဝါ၊ ကာသိတိုင်း ကောသလတိုင်း-တို့၌လည်းကောင်း။ [ဝဇ္ဇိမလ္လာ၊ ဝဇ္ဇီတိုင်း မလ္လာတိုင်း။ စေတိဝံသာ၊ စေတိတိုင်း ဝံသတိုင်း။ ကုရုပဉ္ဇာလာ၊ ကုရုတိုင်း ပဉ္ဇာလတိုင်း။] မဇ္ဈသူရသေနေသု၊ မဇ္ဈာ-ဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၊ သူရသေနာ-ဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်တို့၌လည်းကောင်း။ ဝါ၊မဇ္ဈ-တိုင်း၊ သူရသေန-တိုင်းတို့၌လည်းကောင်း။[ပရိစာရကေ-၌ စပ်။]

အဗ္ဘတီတေ၊ နောက်ဘဝသို့ ရှေးရှုသွားကုန်သော။ [အဗ္ဘတီတ၊ အဘိ-ရှေးရှု။ အတိ-ဤဘဝကို ကျော်လွန်၍။ ဣတ-နောက်ဘဝသို့ ရောက်သွားသူ-ဟု "သဒ္ဒတ္ထ" ဖြစ်၏။] ကာလက်တေ၊ ပြုအပ်ပြီးသော သေခြင်းရှိကုန်သော။ ဝါ၊ သေပြီးကုန်သော။ ပရိစာရကေ၊ ရတနာသုံးပါး၏ အလုပ်အကျွေးတို့ကို။(ရတနာသုံးပါးကို ပြုစုလုပ်ကျွေးတတ်သော ဥပါသကာတို့ကို။) ဥပပတ္တီသု၊ ဥဏဂတိ ပုညတို့၏ ဖြစ်ရာ ဘဝတို့၌။ [သွားကြောင်းဖြစ်သော မဂ်ဉာဏ်၊ ကောင်းမှုတို့၏ဖြစ်ရာ ဘုံဘဝ-တို့၌။] ဗျာကရောတိ၊ ဖြေတော်မူ၏။ (မိန့်တော်မူ၏။ ကိုံ၊ နည်း။)

"အသု၊ ထိုမည်သော ဥပါသကာသည်။ အမှုတြ၊ ထိုမည်သော ဘဝ၌။ ဥပပန္နော၊ ဖြစ်ပြီ ။ပ။ ပရောပညာသ၊ ငါးဆယ်ကျော်သော။ နာတိကိယာ၊ နာတိကာရွာ၌ ဖြစ်ကုန်သော။ ဝါ၊ နာတိကာရွာ၌ နေကုန်သော။ [နာတိကေ ဘဝါ နာတိကိယာ။-ဋီကာ။] အဗ္ဘတီတာ။ကာလင်္တာ၊ ကုန်သော။ ပရိစာရကာ၊ တို့သည်။ ပဥ္စန်း သြရမ္ဘာဂိယာနံ။ပ။ သမ္မောဓိ-ပရာယဏာ၊ ကုန်၏။" ဣတိ၊ ဤသို့ ဖြေဆိုတော်မူ၏။ [မဟာပရိနိဗ္ဗာန သုတ် ပုဒ်စဉ် ၁၆၇-၌ အနက်ရေးခဲ့ပြီ။]

၂၇၄။ နာတိကိယာ ပရိစာရကာ။ အဿောသုံ၊ ကြားကုန်ပြီ။ (ကိ ။) "ဘဂဝါ ။ပ။ ဗျာကရောတိ ကိရ၊ ဖြေတော်မူသတဲ့။" ဣတိ၊ ကုန်ပြီ။ပ။ ဘဂဝတော၊ ၏။ ပဥ္စဝေယျာကရဏံ၊ ပြဿနာဖြေတော်မူခြင်းကို။ သုတ္ဝာ၊ ကြားရ၍၊ တေန စ၊ ထို အနာဂါမ်-အစရှိသည်တို့၏ အဖြစ်ကြောင့်လည်း။ နာတိကိယာ ပရိစာရကာ၊ တို့သည်။ အတ္တမနာ၊မိမိစိတ်ရှိကုန်သည်။ ပမုဒိတာ၊ လွန်စွာဝမ်းမြောက်ကုန်သည်။ ပီတိသောမနဿဇာတာ၊ ဖြစ်သောနှစ်သက်ခြင်း ဝမ်းမြောက်ခြင်းရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

၂၇၅။ အာယဿ္မာ အာနန္ဒော အဿောသိ၊ (ကိ) "ဘဂဝါ။ပ။ ဗျာကရောတိကိရ၊ တဲ့။ပ။အဟေသုံကိရ၊ ဖြစ်ကုန်သတဲ့။" ဣတိ၊သို့ကြားရပြီ။

ဇာနန္ဒပရိကထာ

၃၇၆။ အထ ခေါ။ပ။အဟောသိ။ (ကိ ။)"မာဂဓကာ၊ မဂဓ-တိုင်း၌ ဖြစ်ကုန်သော။ ဝါ၊ မဂဓ-တိုင်း၌ နေကုန်သော။ ပရိစာရကာ၊ ကုန်သော။ ဣမေ အပိ၊ ဤ သူတို့သည်လည်း။ ဗဟူစဝ၊များကုန်သည်လည်းကောင်း။ ရတ္တညူ စ၊ ကြာမြင့်သော ညဉ့်တို့ကို သိကုန်သည်လည်းကောင်း။ [ပရိစာရက-အဖြစ်ဖြင့် ညဉ့်ပေါင်းများစွာ အကြာကြီးနေသွားကြသည်-ဟု ဆိုလိုသည်။] (ဟုတ္ထ၊) အဗ္ဘတီတာ၊ ကုန်ဘာည်။ ကာလင်္တာ၊ ကုန်သည်။ အဟေသုံ။ အင်္ဂမဂဓာ၊ အင်္ဂ-တိုင်း မဂဓ-တိုင်းဟူသည်။ အဗ္ဘတီတေဟိ၊ ကုန်သော။ ကာလင်္တေဟိ၊ ကုန်သော။ အင်္ဂမာဂဓကေဟိ၊ အင်္ဂ-တိုင်း မဂဓ-တိုင်း၌နေကုန်သော။ ပရိစာရကေဟိ၊ တို့မှ။ သုညာ မညော၊ ကင်းဆိတ်ကုန်သကဲ့သို့ ဖြစ်ကုန်၏။ တေ အပိ၊ ထို အင်္ဂ-တိုင်းသား မဂဓ-ဘိုင်းသား တို့သည်လည်း။ ဗုဒ္ဓေ၊ ၌။ ပသန္နော၊ ကြည်ညိုကုန်သည်။ပ။သီလေသု၊ တို့၌။ ပရိပူရကာရိနော၊ ထက်ဝန်းကျင်ပြည့်စုံအောင် ပြုလေ့ရှိကုန်သည်။ အဟေသုံ။

အဗ္ဘတီတာ။ ကာလက်တာ၊ ကုန်သော၊ တေ၊ ထို အင်္ဂ-တိုင်းသား မဂဓ-တိုင်းသားတို့ကို။ ဘဂဝတာ၊ သည်။ အဗျာကတာ၊ မိန့်တော်မမူအပ်ကုန်။ (မည်သည့်ဘဝ၌ ရောက်နေကြ၏-ဟု မိန့်တော်မမူအပ်ကုန်။)

တေသမ္မိ၊ ထိုသူတို့ကိုလည်း။ ဝေယျာကရဏံ၊ ဖြေတော်မူခြင်းသည်။ သာဓု၊ ကောင်းသည်။ အာသ၊ ဖြစ်ရာ၏။ ဗဟုဇနော၊ များစွာသော လူအပေါင်းသည်။ ပသီဒေယျ၊ စိတ်ကြည်လင်ရာ၏။ တတော၊ ထို့သို့ ကြည်လင်ခြင်းကြောင့်။ သုဂတိံ၊ ကောင်းသောဂတိသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ မာဂဓေ၊ မဂဓ-တိုင်း၏ အရှင်ဖြစ်သော။ ဇဃနိယော၊ များသော စစ်တပ်ရှိသော။ ဗိမ္ဗိသာရော၊ ဗိမ္ဗိသာရ-မည်သော။ အယံ အပိ ဂုဇာ၊ ကျိမင်းသည်လည်း။ ဓေါ ပန၊ စင်စစ်။ ဓမ္မိကော၊ တရားရှိသည်။ ဓမ္မ-ရာဇာ၊ တရားသဖြင့် မင်းဖြစ်သည်။ (တရားသော မင်းဖြစ်သည်။) နေဂမာ-နဋ္ဌေ၀၊ နိဂုံး၌နေသည်လည်း ဖြစ်ကုန်သော။ ဇာနပဒါနဉ္စ၊ ဇနပုဒ်၌ နေသည်လည်း ဖြစ်ကုန်သော။ ဗြာဟ္မဏဂဟပတိကာနံ၊ တို့၏။ ဟိတော၊ စီးပွားသည်။ (စီးပွားကိုဆောင်သည်။) အဟောသိ။

အပိ၊ စင်စစ်။ [သုဒံ-အနက်မရှိ။] မနုဿာ၊ တို့သည်။ ကိတ္တယမာန-ရူပါ၊ ကောင်းစွာပြောဆိုသူ၏ အဖြစ်-ဟူသော သဘောရှိကုန်သည်။ (ချီးမွမ်းကုန်သည်။) (ဟုတ္ထာ) ဝိဟရန္တိ။ (ကံ။) 'ဓမ္မိကော၊ သော။ ဓမ္မ-ရာဇာ၊ သော။ သော၊ ထို မင်းသည်။ ဧဝံ၊ ဤသို့။ (သည်ပုံ သည်နည်း။) နော၊ ငါတို့ကို။ သုခါပေတွာ၊ ချမ်းသာစေ၍။ ကာလက်တော၊ ပြုအပ်ပြီးသော သေခြင်းရှိပြီ။ ဝါ၊ နတ်ရွာစံပြီ။ ဓမ္မိကာသာ၊ သော။ ဓမ္မရညော၊ သော။ တသာ၊ ထိုမင်း၏။ ဝိဇိတေ၊ နိုင်ငံ၌။ ဧဝံ မယံ။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရိမှာ၊ နေခဲ့ကြရကုန်ပြီ။' ဣတိ၊ ဤသို့ချီးမွမ်းလျက် နေကြကုန်၏။ သော အပိ၊ ထို မင်းသည်လည်း။ ဗုဒ္ဓေ။ပ။ ပရိပ္ပူရကာရီ၊ သည်။ အဟောသိ။ အပိ၊ စင်စစ်။ မနုဿာ ဧဝ မာဟံသု။ (ကိံ။) 'ယာဝ မရဏကာလာပိ၊ နတ်ရွာစံခါနီး ကာလတိုင်အောင်လည်း။ ရာဇာ။ပ။ ဘဂဝန္တံ၊ ကို။ ကိတ္တယမာန ရူပေါ၊ လျက်။ ကာလက်တော၊ ပြီ။' ဣတိ၊ ဤသို့ ပြောကုန်ပြီ။ သော၊ ထို ဗိမ္ဗိသာရ-မင်းကို။ပ။ ဂစ္ဆေယျ သုဂတိ'ာ။ [ရှေးအတိုင်းပေးပါ။]

၁။ သော။ပ။သုဂတိ'။ ။သော အဗ္ဘတီတော။ပ။အဗျာကတော-ရတနာ သုံးပါးဌာ ကြည်ညိုခြင်း တိုင်းသူပြည်သား၏ အကျိုးစီးပွားကို ဆောင်လျက် နတ်ရွာစံခါနီးအထိပင် ဗုဒ္ဓအာရုံဖြင့် နေသွားသော ထို ဗိမ္ဗိသာရ-မင်း ကွယ်လွန်သောအခါ

ဘဂဝတော်၊ ၏။ သမ္မောဓိ၊ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိတော်မူခြင်းသည်။ (ဘုရား ဖြစ်တော်မူခြင်းသည်။) မဂဓေသု၊ မဂဓ တိုင်း၌။ [မဂဓာ-ဟု ဗဟုဝုစ် နာမည်ဖြင့် ထင်ရှားသောတိုင်း၌-ဟူလို။] (ဟောတိ။) ယတ္ထ မဂဓေသု၊ အကြင် မဂဓ-တိုင်း၌။ ဘဂဝတော သမ္မောဓိ (ဟောတိ)။ တတြ၊ ထို မဂဓ-တိုင်း၌။ ကထံ၊ အဘယ့်ကြောင့်။ ဘဂဝါ၊ သည်။ အဇ္ဈတိတေ၊ နောက်ဘဝသို့ ရှေးရှုသွားကုန်သော။ ကာ-လင်္ကတေ၊ ပြုအပ်ပြီးသော သေခြင်းရှိကုန်သော။ ဝါ၊ သေလွန် ကုန်သော။ မာဂဓကေ၊ မဂဓ-တိုင်း၌ နေကုန်သော။ ပရိစာရကေ၊ ရတနာသုံးပါး၏ အလုပ်အကျွေးတို့ကို။ ဥပပတ္တိသု၊ တို့၌။ န ဗျာကရေယျ၊ ဖြေဆိုတော်မမူရသနည်း။ ဘဂဝါ၊ သည်။ပ။စေ နဗျာကရေယျ၊ အကယ်၍ ဖြေတော်မမူအံ့။ (ဧစံ သတိ၊ ဤသို့ ဖြေတော်မမူလတ်သော်။) တေန၊ ထိုသို့ ဖြေတော်မမူခြင်းကြောင့်။ မာဂဓကာ၊ ကုန်သော။ ပရိစာရကာ၊ တို့သည်။ ဒိနမနာ၊ ဆင်းရဲသော စိတ်ရှိကုန်သည်။ (စိတ်မချမ်းသာကုန်သည်။) အဿု၊ ဖြစ်ကုန်ရာ၏။ ယေန၊ အကြင် အကြောင်းကြောင့်။ မာဂ-ဓကာ။ ပရိစာရကာ၊ တို့သည်။ ဒိနမနာ၊ ကုန်သည်။ အဿု၊ ကုန်ရာ၏။ (တေန၊ ထို့ကြောင့်။) [ထိုသို့ မဖြေဆိုသည့်အတွက် စိတ်ဆင်းရဲမှု ဖြစ်ရာသောကြောင့်။] တေ၊ ထို သေလွန်ပြီးသော မဂဓ-တိုင်းသား ရတနာသုံးပါး၏ အလုပ်အကျွေးတို့ကို။ ဘဂဝါ။ ကထံ နဗျာကရေယျ၊ အဘယ်မှာ မဖြေဆိုရာအံ့နည်း။'' [အဘယ်မှာ မဖြေပဲ နေမလဲ၊ ဧကန် ဖြေတော်မူရမှာပေ့!-ဟူလို။]း ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။

မည်သည့်ဘဝ၌ ရောက်နေ၏-ဟု မြတ်စွာဘုရားက ဖြေတော်မမူ။ တဿပိ။ပ။ ဝေယျာကရဏံ၊ သူ့ကိုလည်း ဖြေလျှင်ကောင်းရာ၏။ ဗဟုဇနော။ပ။သုဂတိ၊သူ၏ အကြောင်း (ဂတိ) ကောင်းကို ကြားရ၍ လူအများက ကြည်ညိုမှု သဒ္ဓါဖြစ်ရာ၏။ ထိုသို့ ကြည်ညိုမှုကြောင့် သုဂတိဘဝသို့ ရောက်နိုင်စရာရှိသည်။

၁။ ။ဘဂဝတော။ပ။ နဗျာကရေယျ၊ မြတ်စွာဘုရားသည် မဂဓ-တိုင်း၌ ဘုရားဖြစ်တော်မူခဲ့၏။ ဘုရား၌ကြည်ညိုကြသော မိမိဘုရားဖြစ်ခဲ့ရာ ထို မဂဓ-တိုင်းသားတို့ ကွယ်လွန်သောအခါ ''မည်သည့်ဘဝ၌ ရောက်နေ၏'' ဟု မြတ်စွာဘုရား ဖြေတော်မမူ။ ထိုသို့ မဖြေသည့်အတွက် ကျန်ရစ်ကြသော မဂဓ-တိုင်းသား ဥပါသကာအများသည် ''သေလွန်သူများ မည်သည့်ဘဝ၌ ရောက်နေကြပါလိမ့်'' ဟု တွေးလျက် စိတ်ဆင်းရဲကြရာ၏။ ယေန။ပ။ နဗျာကရေယျ၊ ထိုသို့ စိတ်ဆင်းရဲမှု ဖြစ်ရာသောကြောင့် သေလွန်သွားသော မဂဓ-တိုင်းသား ဥပါသကာတို့ကို မည်သည့်ဘဝ၌ ရောက်နေ၏ ဟု အဘယ်မှာ မဖြေပဲ နေရာအံ့နည်း။ အမှန်ပင် ဖြေရမှာပေ့!-ဟူလို။

၂၇၇။ အာယသ္မာ အာနန္ဒော။ မာဂဓကေ ပရိစာရကေ၊ တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဣဒံ၊ ဤအကြောင်းအရာကို။ ဧကော၊ တပါးတည်း။ ရဟော၊ ဆိတ်ငြိမ်ရာ၌။ အနုဝိစိန္တေတွာ၊ စဉ်းစားပြီး၍။ ရဟ္တိယာ၊ ၏။ ပစ္စူသသမယံ၊ မိုးသောက်အခါ၌။ (ပစ္ဆိမ-ယံ၏ နောက်ပိုင်း အရုဏ်မတက်မီ အချိန်၌။) ပစ္စုဋ္ဌာယ၊ ထ၍။(အိပ်ရာမှထ၍။)။ပ။အဝေါစ(ကိံ။) "ဘန္တေ၊ မြတ်စွာဘုရား။ မေ၊ သည်။ ဧတံ၊ ဤအကြောင်းကို။ (ဤစကားကို။) သုတံ၊ ကြားအပ်ပါပြီ။ (ကိံ။) 'ဘဂဝါ။ပ။ သုတွာ'တိ။ ဘန္တေ၊ မြတ်စွာဘုရား။ မာဂဓကာ၊ ကုန်သော။ ဣမေ အပိ ပရိစာရကာ၊ တို့သည်လည်း။ပ။ အဟေသုံ။ပ။ကထံ နဗျာကရေယျ။" ဣတိ၊ ဤသို့ လျှောက်ပြီ။ အာယသ္မာ အာနန္ဒော ။ပ။ ဘဂဝတော၊ ၏။ သမ္မုခါ၊ ၌။ ဣဒံ ပရိကထံ၊ ဤ ပရိယာယ်စကားကို။ (ဤ သွယ်ဝိုက်၍ လျှောက်အပ်သော စကားကို။) ကတွာ။ပ။ ပက္ကမိ။

၂၇၈။ အထ ခေါ ဘဂဝါ။ အာယသ္မန္တေ အာနန္ဒေ၊ သည်။ အစိရ-ပက္ကန္တေ၊ ပြန်သွားပြီးသော အာနန္ဒ၏ ကြာမြင့်သောကာလ မရှိသေးမီ။ ဝါ၊ အရှင်အာနန္ဒာ ပြန်သွားပြီး၍ မကြာသေးမီ။ပ။ နာတိကံ၊ သို့။ ပိဏ္ဍာယ၊ ဆွမ်းအလိုငှာ၊ ပါဝိသိ၊ ဝင်တော်မူပြီ။ပ။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားရာကာလ၏ နောက်အဖို့၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းစားရာအရပ်မှ ဖဲတော်မူခဲ့သည်။(ဟုတွာ။)ပါဒေ၊ ခြေတော်တို့ကို။ ပက္ခာလေတွာ၊ ဆေး၍။ ဂိဉ္ဇကာဝသထံ၊ သို့။ ပဝိသိတွာ၊ ဝင်တော်မူ၍။ပ။ အဋ္ဌိံကတွာ၊ အကျိုးရှိသည်ကိုပြု၍။ ဝါ၊ စီးပွားကိုပြု၍။ မနသိကတွာ၊ ၍။ သဗ္ဗံ၊ အလုံးစုံသော အကြောင်းအရာကို။ (အရှင်အာနန္ဒာ လျှောက်အပ်သော အကြောင်းအရာကို။) စေတသာ၊ ဖြင့်။ သမန္နာဟရိတွာ၊ ကောင်းစွာ အစဉ်ဆောင်ယူ၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ (ကိံ၊ အဘယ်သို့ကြံ၍ နေတော်မူသနည်း။)"တေ ဘဝန္တော၊ ထို မဂဓ-တိုင်းသား အရှင်တို့သည်။ ယံဂတိကာ၊ အကြင်သို့သော ဂတိ-ရှိကုန်၏။ ယံအဘိ-သမ္ပရာယာ၊ အကြင်သို့သော ဘဝ-ရှိကုန်၏၊ နေသံ၊ ထို အရှင်တို့၏။ (တံ) ဂတိံ၊ ထို သွားကြောင်း ဉာဏ်ကိုလည်းကောင်း။ ဝါ၊ ဉာဏ်၏ ဖြစ်ခြင်းကိုလည်းကောင်း။ (တံ) အဘိသမ္ပရာယံ၊ ထို မဂ်ဉာဏ်ကြောင့်ပင် ရှေးရှုကောင်းစွာ အလွန်ရောက်အပ်သော ဘဝ-ကိုလည်းကောင်း။ဇာနိဿာ-မိ၊ သိတော်မူမည်။" ဣတိ၊ ဤသို့ကြံ၍ ထိုင်နေတော်မူပြီ။

ဘဂဝါ မာဂဓကေ။ ပရိစာရကေ၊ တို့ကို "။ပ။ ယံ အဘိသမ္ပရာယာ၊ ကုန်၏။" ဣတိ၊ သို့။ အဒ္ဒသာ၊ မြင်တော်မူပြီ။ [နှစ်သန်းလေးသိန်းသော

လူတို့ကို မြင်တော်မူသည်။]။ပ။ သာယန္နာ်းမယ်၊ ညနေချမ်းအခါ၌။ ပဋိ-သလ္လာနာ၊ တပါးတည်း နေတော်မူခြင်းမှ။ [အာရုံများစွာ စိတ်ကိုခွာ၍ သင့်ရာကောင်းမြတ် တခုတည်းသောအာရုံ၌ ငြိကပ်တော်မူခြင်းမှ-ဟု သဒ္ဒတ္ထ-ဆိုပါ။] ဝုဋ္ဌိတော၊ ထတော်မူသည်။ (ဟုတ္ဝေ။)။ပ။ ဝိဟာရပစ္ဆာဃာယံ၊ ကျောင်း၏အရိပ်၌။ပ။နိသီဒိ။

၂၃၉။ အထ ခေါ။ပ။ "ဘန္တေ။ ဘဂဝါ၊ ကို့။ ဥပသန္တုပတိသော၊ ငြိမ်သက်စွာ ဖူးမြင်အပ်ပါ၏။ (ငြိမ်သက်စွာ ဖူးမြင်ရပါ၏။) [ဤ ပုဒ်၏ အဖွင့်ကို ဘာသာဋီကာ၌ ပြထားပြီ။ ဥပသန္တပဒီသော၊ ငြိမ်သက်စွဲဝ ဖူးမြင်ရခြင်းရှိပါ၏။ ဤသို့ ရှေးနိဿယ-၌ ပေး၏။] ဣန္ဒြိယာနံ၊ စက္ခုစသား ခြောက်ပါးသော ဣန္ဒြေတို့၏။ ဝိပ္ပသန္နတ္တာ၊ အထူးသဖြင့် ကြည်လင် ကုန်သည်၏ အဖြစ်ကြောင့်။ ဘဂဝတော၊ ၏။ မုခဝဏ္ဏော၊ မျက်နှာတော်၏ အဆင်းသည်။ ဘာတိရိဝ်၊ လွန်စွာ တောက်ပ-တော်မူပါ၏။ ဘန္တေ။ အင်္ဂ၊ ယနေ့။ ဘဂဝါ။ သန္တေန၊ ငြိမ်သက်သော။ ဝိဟာရေန၊ နေကြောင်း သမာပတ်ဖြင့်။ ဝိဟာသိ နူန၊ နေတော်မူခဲ့သည်-ဟု ထင်ပါ၏။" ဣတိ၊ ပြီ။

အာနန္ဒ တုံ။ မေ၊ ၏။ပ။ အာရဇ္ဇ သမ္မုခါ။ ယဒေဝ ပရိကထံ၊ အကြင် ပရိယာယ် စကားကိုပင်။ပ။ပက္ကန္တော။ တဒေဝ၊ ထို ပရိယာယ် စကားကိုပင်။ပ။သဗ္ဗံ၊ အလုံးစုံ အကုန်အစင်။ပ။ နိသီဒိ ံ။ပ။အဒ္ဒသံ၊ မြင်တော်မူပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဇနဝသဘယကွ

၂၈၀။ အာနန္ဒ။ အဏ ခေါ၊ ၌။ (ငါဘုရား မြင်တော်မူပြီးရာ ထိုအခါ၌။) အန္တရဟိတော၊ ကွယ်ပျောက်သော။ (ကိုယ်ထင်မပြသော။) [ရှေးနိဿယ-၌ "မပြတ် သတ္တဝါတို့၏ စိုးပွားကိုဆောင်သော" ဟု ပေး၏။] ယက္ခော၊ နတ်သည်။ သဒ္ဒံ၊ အသံကို။ အနုဿာဝေသိ၊ ကြားစေပြီ။ (ကြားအောင်လျှောက်ပြီ။) (ကံ ံ။) "ဘဂဝါ၊ မြတ်စွာဘုရား။

၁။ ဘာတိရိဝ။ ။အတိဝိယ ဘာတိ။-အဋ္ဌကထာ။ ဘာဘ်ရိဝါတိ ထွေ ရ-ကာရော ပဒသန္ဓိကရော၊ ဣဝ-သဒ္ဒေါ ဘုသဇ္ဈောတိ အာဟ "အတိဝိယ ဘာတိတိ။-ဋီကာ။ ဣဝ၊ အလွန်ပင်။ ဘာတိ၊ တောက်ပတော်မူပါ၏။-ဤသို့လည်း ခွဲ၍ပေးနိုင်သည်။

အဟံ၊ တပည့်တော်သည်။ ဇနဝသဘော၊ ဇနဝသဘ-နတ်သားပါတည်း။ သုဂတ၊ ကောင်းသောစကားကို မိန့်တော်မူတတ်သော မြတ်စွာဘုရား။ အဟံ။ ဇနဝသဘော၊ ပါတည်း။'' ဣတိ၊ ပြီ။ [ဇန+ဝသဘ=လူအပေါင်း၏+အကြီးအက။ ဝါ=လူအပေါင်း၌+အကြီးအက။] ''ဇနဝသဘောတိ၊'' ဇနဝသဘ-ဟူသော။ ယဒိဒံ (ယံ+ဣဒံ)၊ အကြင် နာမည်သည်။ (အတ္ထိ။) အာနန္ဒ။ တုံ၊ သည်။ ဣတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ရှေး၌။ ဝေရှုပံ၊ ဤသို့ သဘောရှိသော။ နာမဓေယ္ယံ၊ ပညတ်တင်ထားအပ်သော နာမည်ကို။ သုတံ၊ ကြားအပ်သည်ကို။ (ကြားဖူးသည်ကို။) အဘိဇာနာသိ နော၊ သိသလော၊ [ကြားဖူးတာမျှား ရှိရဲ့လား-ဟူလို။] ဣတိ၊ ပြီ။

ဘန္တေ။ပ။သုတံ၊ ကို။ နံ ခေါ အဘိဇာနာမိ၊ မသိပါ။ ဘန္တေ။ အပိ စ၊ ထိုသို့ မသိပါသော်လည်း။ ''ဇနဝသဘော''တိ၊ ဟူသော။ နာမ-ဓေယ္ယံ၊ ပညတ်တင်ထားအပ်သော နာမည်ကို။ [နာမ - နာမည်၊ ဓေယ္ယ - အနက်ဒြပ်ပေါ်၌ထားအပ်--ဟု သဒ္ဒတ္ထ-ဖြစ်၏။] သုတ္ဝာ၊ ကြားရ၍။ မေ၊ ၏။ လောမာနံ၊ အမွေးတို့သည်။ ဟဋ္ဌာနိ၊ ရွှင်လန်းပါကုန်ပြီ။ [ကြက်သီးမွေးညင်း ထပါကုန်ပြီ။] ။ပ။ ''ဇနဝသဘောတိ၊ ဟူသော။ ယဒိဒံ၊ အကြင်နာမည်သည်။ (အတ္ထိ။) ယဒိဒံ (ယသ)၊ အကြင် နတ်၏။ ဝါ၊ သည်။ ဝေရှုပံ၊ သော။ နာမဓေယ္ယံ၊ ကို။ သုပညတ္တံ၊ ကောင်းစွာ ပညတ်အပ်ပြီ။ (မှည့်ခေါ်ထားအပ်ပြီ။) သော ယက္ခော၊ ထိုနတ်သည်။ (ဇနဝသဘ-ဟု မှည့်ခေါ်ထားအပ်သော နာမည်ရှိသော ထိုနတ်သည်။) ဩရကော၊ အညံ့စားသည်။ နံ ဟိ နူန ဘဝိဿတိ၊ ကောန် ဖြစ်လိမ့်မည် မဟုတ်။'' ဣတိ၊ ဤသို့ အကြံဖြစ်ပါပြီ။

အာနန္ဒ။ သဒ္ဒပါတုဘာဝါ၊ အသံထင်ရှားဖြစ်ရာ အခါမှ။ အနန္တရာ၊ အခြားမဲ့၌။ (မကြာမီ။) ဥဋ္ဌာရဝဏ္ဏော၊ မွန်မြတ်သော အဆင်းရှိသော။ ယက္ခော။ မေ၊ ၏။ သမ္မုခေ၊ ၌။ ပါတုရဟောသိ၊ ထင်ရှားဖြစ်ပြီ။ ဒုတိယ-ကမ္မိ၊ နှစ်ကြိမ်မြောက်လည်း ။ပ။ ''ဗိမ္မိသာရော၊ ဗိမ္မိသာရ-ပါတည်း။'' ဣတိ၊ ပြီ။ (ဣတိ၊ ဤသို့လျှောက်ပြီး၍။) ဘန္တေ အဟံ။ ဝေဿဝဏဿ၊ ဝေဿဝဏ်မည်သော။ မဟာရာဇဿ၊ နတ်မင်းကြီး၏။ သတ္တမံ၊ ခုနှစ်ကြိမ် မြောက်ဖြစ်သော။ ဣဒံ သဟဗျတံ၊ ဤအတူတကွဖြစ်သူ၏ အဖြစ်သို့။ ဝါ၊ အဖေါ်၏ အဖြစ်သို့။ ဥပပဇ္ဇာမိ၊ ကပ်ရောက်နေပါ၏။ ဓဿ၊ ထိုတပည့်တော်သည်။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေသည်။ (သမာနော။) မနုဿရာဇာ၊ လူမင်းသည်။ ဘဝိတုံ။ ပဟောမိ၊ စွမ်းနိုင်ပါ၏။

ဂါထာဘာနက်။ ။ယတ္ထ၁၊ အကြင် နတ်ပြည် လူ့ပြည်၌။ မေ၊ တပည့်တော်သည်။ ပုရေ၊ ဤဘဝမှ ရှေး၌။ စုသိတံ၊ နေခဲ့ရခြင်းသည်။ (အဟောသိ၊ ဖြစ်ပါပြီ။ တတ္ထ၊ ထို နတ်ပြည် လူ့ပြည်၌။) ဣတော၁၊ ဤနတ်ပြည်မှ။ (စဝိတ္ဝ၁၊ စုတေ၍။) သတ္တာ၊ ခုနစ်ခုသော လူ့ခန္ဓာ အစဉ်တို့ကို လည်းကောင်း။ တတော၁၊ ထို လူ့ပြည်မှ။ (စဝိတ္ဝ၁။) သတ္တာ၊ခုနစ်ခုသော နတ်ခန္ဓာ အစဉ်တို့ကို လည်းကောင်း။ စတုဒ္ဒသ၊ ကုန်သော။ သံသာရာနံ၊ ခန္ဓာအစဉ်တို့ကို။ နိဝါသံ၊ ပဋိ-သန္ဓေ၏ အစွမ်းဖြင့် နေခဲ့ရခြင်းကို။ ဝါ၊ နေခဲ့ရာကို။ အဘိဇာနာမိ၊ သိပါ၏။ (မှတ်မိနေပါ၏။)

၂၀၁။ ဘန္တေ။ ဒီဃရတ္တံ အဟံ။ အဝိနိပါတော၁၊ ဖောက်ဖောက်ပြန်ပြန် ကျခြင်းသဘောမရှိသည်။ (ဟုတ္ဝ၁။) အဝိနိပါတံ၊ ဖောက်ဖောက်ပြန်ပြန် ကျခြင်းသဘောမရှိသည်၏ အဖြစ်ကို။ [ဘာဝပ္ပဓာန ဘာဝလောပ-ကြံပါ။] သဉ္ဇာနာမိ၊ ကောင်းစွာသိပါ၏။ (မွတ်မိပါ၏။) မေ၊ တပည့်တော်၏။ ဝါ။ မှာ။ သကဒါဂါမိတာယ၊ သကဒါဂါမ်အဖြစ်အကျိုးငှာ၊ (သကဒါဂါမိ-မဂ်အကျိုးငှာ။)အာသာ စ၊ တောင်းတမှုသည်လည်း။ သန္တိဋ္ဌတိ၊ ကောင်းစွာ တည်ပါ၏။ [အာသာဖြင့် တောင်းတမှုသာမည-ကို မယူရ၊ ကတ္တုကမ္မတာ ကုသလစ္ဆန္ဒ-ကိုယူပါ။] ဣတိ၊ ဤသို့ လျှောက်ပြီ။ "ဒီဃရတ္တံ။ပ။သဉ္ဇာနာမိ" တိ စ၊ ဟူ၍လည်း။ ဝဒေသိ၊ လျှောက်၏။ "အာသာ စ။ပ။ သကဒါဂါမိ-တာယာ" တိ စ၊ဟူ၍လည်း။ဝဒေသိ။အာယသ္မာတော ဇနဝသဘာသာ ယက္ခာသာ၊ အရှင် ဇနဝသဘ-နတ်သား၏။ ဣဒံ၊ ဤ လျှောက်အပ်သော စကားကို။ အစ္ဆရိယံ၊အံ့ဩဖွယ်ထိုက်၏။ပ။ဣဒံ၊ သည်။ အဗ္ဘုတံ၊ မဖြစ်စဖူး ထူးဆန်း၏။

ကုတော နိဒါနံ၊ အဘယ်အကြောင်းကြောင့်။ [ဝါကျအဖြစ်ဖြင့် အနက် ပေးပါသည်။ အချို့နေရာ၌ သမာသ်လည်းဖွင့်၏။] အာယသ္မာ ဇန-ဝသဘော ယက္ခော၁၊ သည်။ ဧဝရူပံ။ ဥဠာရံ၊ မွန်မြတ်သော။ဝိသေသာဓိဂမံ၊ တရားထူးကို ရခြင်းကို။ သဉ္ဇာနာတိ၊ နည်း။ ဣတိ၊ ဤသို့ မေးတော်မူပြီ။ ဘဂဝါ၊ ရား။ တဝ၊ ရှင်တော်မြတ်ဘုရား၏။ သာဝသနာ၊ သာဝသနာတော်ကို။

၁။ ယတ္ထ။ ပ။ စုသိတံ။ ။ထို့ကြောင့် အထက်နတ်ပြည် ရောက်နိုင်လောက်သော ကောင်းမှုရှိပါလျက် နေရာဟောင်း၌ နှစ်သက်သော နိကန္တိကြောင့် စတုမဟာရာဇ် နတ်ပြည်၌သာ ဖြစ်ရပါသည်-ဟု ဆိုလိုသည်။ [ရှေးဆရာမြတ်တို့ကား "သတ္တ၊ ခုနစ်ခုသော သံသရာတို့လည်းကောင်း။ ပ။ သံသာရာနိ၊ ခန္ဓာအစဉ်တို့ ပတ်လုံး-ဟု 'အစွန်အသံယောဂ' ပေးတော်မူကြ၏။"

(အဆုံးအမ-ဖြစ်သော သီလ၊ သမာဓိ၊ ပညာ-ကို။) အညတြ၊ ကြဉ်၍။ ဧဝရွပံ။ပ။ န (သဠာနာမိ)၊ ပါ။ပ။ ဘန္တေ။ ယဒဂ္ဂေ၊ အကြင်နေ့ကို အစပြု၍။ (ထန်းတောဥယျာဉ်ဝယ် ပထမ-ဖူးမြင်ရစဉ် သောတာပန်ဖြစ်ရာ နေ့ကို အစပြု၍၊ အဟံ။ ဘဂဝတိ၊ မြတ်စွာဘုရားအပေါ်၌။ ကေန္တိကတော၊ တခုသော အဖို့ရှိသော ကြည်ညိုခြင်းအား-ဖြင့်။ ဝါ၊ စင်စစ်ကေန်။ အဘိပ္ပသန္နော၊ အလွန်ကြည်ညိုပါ၏။ တဒဂ္ဂေ၊ ထိုနေ့ကို အစပြု၍။ အဟံ။ ဒီဃ ရတ္တံ၊ လုံး။ (တဆယ့်လေးဘဝလုံးလုံး။) အဝိနိပါတော (ဟုတ္ဝာ)။ အဝိနိပါတံ၊ ကို။ (ထန်းတော ဥယျာဉ်၌ သောတာပတ္တိမဂ်၏ အစွမ်းဖြင့် ရအပ်သော ဖောက်ဖျောက်ပြန်ပြန် ကျခြင်းသဘော မရှိသည်၏ အဖြစ်ကို။) ။ပ။ သဂဒါဂါမိတာဃ။

ဘန္တေ။ ဣမဲ ယနေ့။ အဟံ။ ဝေဿဝဏော မဟာရာဇာနေ၊ ဝေဿဝဏ် နတ်မင်းကြီးက။ ပေသိတော၊ စေခိုင်းအပ်သည် ဖြစ်၍။ ဝိရူဠ္ဟကဿ မဟာ-ရာဇဿ၊ ၏။ သန္တိကေ၊ ၌။ ကေနစိဒေဝ၊ တစုံတခုသောလျှင် ဖြစ်သော။ ကရဏီယေန၊ ပြုဖွယ်ကိစ္စကြောင့်။ (ဂစ္ဆန္တော သွားစဉ်။) [အာဠဝကထာ-၌ ပါဌသေသ-ထည့်သည်။] ဘဂဝန္တံ၊ ကို။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ (တပည့်တော် သွားအပ်သော ခရီးအကြား၌။) ။ပ။ ယံအဟိသမ္ဗရယာ၊ ကုန်၏ ။ပ။ ဇာနိဿာမိ၊ မည်။ ဣတိ၊ ဤသို့ကြံ၍။ နိသိန္နံ၊ ထိုင်နေတော် မူသည်ကို။ အဒ္ဒသံ၊ ဖူးမြင်ရပါပြီ။

ဘန္တေ။ဝေဿဝဏဿ မဟာရာဇဿ၊ ၏။ (သမ္မုခါ-၌ စပ်။) ဝါ၊ သည်။ (ဘာသတော-၌ စပ်။) တဿံ ပရိသာယံ၊ ထို မိမိပရိသတ်၌။ ယံဂတိကာ ။ပ။ ယံအဟိသမ္ဗရယာ"တိ၊ ဟူ၍။ ယံ၊ အကြင် စကားကို။ ဘာသတော၊ ပြောဆိုဖူး၏။ သမ္မုခါ၊ ၌။ သုတံ၊ ကြားအပ်ပါပြီ။ သမ္မုခါ၊ ၌။ ပဋိဂ္ဂဟိတံ၊ မှတ်ယူအပ်ပါပြီ။ ဇော်၊ ဤစကားကို။ အနုစ္ဆရိယံ (အနု+ အစ္ဆရိယံ)၊ အဖန်ဖန် အံ့သြထိုက်ပါ၏။ (ထပ်ကာ ထပ်ကာ အံ့သြစရာ ကောင်းပါ၏။) [ဝေဿဝဏ် နတ်မင်း၏ စကားနှင့် မြတ်စွာဘုရား၏ မြင်တော်မူပုံ တူနေသောကြောင့် အံ့သြစရာ ကောင်းပါသည်-ဟူလို။] ။ပ။ "ဟဂဝန္တံ စ၊ ကိုလည်း။ ဒက္ခာမိ၊ ဖူးမြင်မည်။ ဣဒဉ္စ၊ ဤအကြောင်းအရာ ကိုလည်း။ (ဝေဿဝဏ် နတ်မင်းကြီး ပြောအပ်သော စကားကိုလည်း။) ဘဂဝတော၊ အား။ အာရောစေဿာမိ၊ လျှောက်ထားမည်။" ဣတိ၊ ဤသို့ အကြံဖြစ်ပါပြီ။ ဘန္တေ။ မေ၊ ၏။ ဘဂဝန္တံ၊ ကို။ ဒဿနာယ၊ ငှာ။ ဥပသင်္ကမိတုံ၊ ချဉ်းကပ်ခြင်းငှာ။ (ချဉ်းကပ်ဖို့ရာ။) ပစ္စယာ၊ အကြောင်းတို့

သည်။ ဣမေ ဒွေ၊ ဤ နှစ်မျိုးတို့ပါတည်း။ [၁၊ ဘဂဝန္တဉ္စ ဒက္ခာမိ-မြတ်စွာဘုရားကို ဖူးမြင်လိုခြင်း။ ၂၊ ဣဒဉ္စ။ပ။အာရောစေဿာမိ-ဝေဿဝဏ်နတ်မင်းကြီးစကားကို မြတ်စွာဘုရားအား လျှောက်ထားလိုခြင်း-တို့တည်း။]

ဒေဝသဒ္ဒ

၂၀၂။ ဘဇန္တေ။ ပုရိမာနိ၊ ရှေးဖြစ်ကုန်သော။ ဒိဝသာနိ၊ နေ့တို့၌ လည်းကောင်း။ ဝါ၊ နေ့တို့ကလည်းကောင်း။ [မနေ့က-စသည်ကို ဆိုလို သည်။] ပုရိမတရာနိ၊ သာ၍ ရှေးဖြစ်ကုန်သော။(ဒိဝသာနိ၊ တို့၌လည်း ကောင်း။) [တမြန်မနေ့-စသည်ကို ဆိုလိုသည်။]ပန်ရသေ၊ တဆယ့်ငါးရက် မြောက် ဖြစ်သော။ ဥပေါသထေ၊ ဥပုသ်နေ့ဖြစ်သော။ တဒဟု၊ ထိုနေ့၌။ ဝဿူပနာယိကာယ၊ ဝါကပ်ရာနေ့၌။[တကယ် ဝါကပ်ရာနေ့ မဟုတ်သေး၊ ဝါ မကပ်မီ အကြိုတရက်ဖြစ်သော ဝါဆိုလပြည့်နေ့တည်း။] ပုဏ္ဏာယ၊ လ,ဥတု,နှစ်-အားဖြင့် ပြည့်သော။ ပုဏ္ဏမာယ၊ ပြည့်သော လ,ရှိသော။ ဝါ၊ လ,ပြည့် ဖြစ်သော။ ရတ္တိယာ၊ ၌။ ကေဝလကပ္ပါ၊ များသောအားဖြင့် အလုံးစုံ ပတ်ဝန်းကျင် ဖြစ်ကုန်သော။ တာဝတိံသာ၊ တာဝတိံသာ-ဘုံ၌ နေကုန်သော။ ဒေဝါ စ၊ တို့သည်လည်း။ သုဓမ္မာယံ၊ သုဓမ္မာ-မည်သော။ သဘာယံ၊ နတ်သဘင်၌။ ဝါ၊ စည်းဝေးရာ ဓမ္မာရုံ၌။ သန္နိသိန္နာ၊ ကောင်းစွာ ထိုင်နေကြကုန်သည်။ ဝါ၊ အတူ ထိုင်နေကြကုန်သည်။ သန္နိပတိတာ၊ ပေါင်းဆုံကျရောက်ကြကုန်သည်။ ဝါ၊ စည်းဝေးကြကုန်သည်။ ဟောန္တိ။

မဟတီ၊ ကြီးကျယ်သော။ ဒိဗ္ဗပရိသာ စ၊ နတ်ပရိသတ်တို့သည်လည်း။ သမန္တတော၊ ပတ်ဝန်းကျင်၌။ သန္နိသိန္နာ ဟောန္တိ။ စတ္တာရော။ မဟာ-ရာဇာနော စ၊ နတ်မင်းကြီးတို့သည်လည်း။ စတုဒ္ဒိသာ၊ အရပ် လေးမျက်နှာ တို့၌။ နိသိန္နာ ဟောန္တိ။ ပုရတ္ထိမာယ၊ အရှေ့၌ ဖြစ်သော။ ဒိသာယ၊ အရပ် ၌။ ဓတရဋ္ဌော၊ ဓတရဋ္ဌ-မည်သော။ မဟာရာဇာ၊ နတ်မင်းကြီးသည်။ (ဂန္ဓဗ္ဗ-နတ်တို့၏ နတ်မင်းကြီးသည်။) ပစ္ဆိမာဘိမုခေါ၊ အနောက် အရပ်သို့ ရှေးရှုမျက်နှာရှိသည်။ (အနောက်ဘက်သို့ မျက်နှာမူနေသည်။) (ဟုတ္ထာ။) ဒေဝေ၊ စတုမဟာရာဇ်, တာဝတိံသာ-နတ်တို့ကို။ ပုရက္ခတ္ဝာ၊ ရှေ့၌ပြု၍။ (ရှေကထား၍။)နိသိန္နော ဟောတိ။ ဒက္ခိဏာယ၊ တောင်ဖြစ်သော။ဒိသာယ၊ ၌။ ဝိရူဠှကော။ မဟာရာဇာ၊ သည်။ (ကုမ္ဘဏ်-နတ်တို့၏ နတ်မင်းကြီး သည်။)။ပ။ပစ္ဆိမာယ၊ အနောက်ဖြစ်သော။ ဒိသာယ၊ ၌။ ဝိရူပက္ခော။

မဟာရာဇာ၊ သည်။ (နဂါးတို့၏ နတ်မင်းသည်။)။ပ။ဥတ္တရာယ၊ မြောက်အရပ်ဖြစ်သော။ ဒိသာယ၊ ၌။ ဝေဿဝဏော။ မဟာရာဇာ၊ သည်။ (ဘီလူးတို့၏ နတ်မင်းကြီးသည်။)။ပ။နိသိန္နော ဟောတိ။

ဘန္တေ။ ယဒါ၊ အကြင်အခါ၌။ပ။ ဟောန္တိ။ နေသံ၊ ထို နတ်မင်းကြီးလေးယောက်တို့၏။ ဣဒံ အာသနသ္မိံ၊ ဤ ထိုင်နေခြင်းသည်။ ဝါ၊ ဤ ထိုင်နေရာ အရပ်သည်။ ဟောတိ၊ ဖြစ်ပါ၏။ [အာသနသ္မိံ ၌ သတ္တမီ-ဝိဘတ်ကို ပထမာ-ဝိဘတ်၏ အနက်၌ သက်ပါ။] အထ၊ ထိုမှ နောက်၌။ (နတ်မင်းကြီးလေးယောက်တို့ ထိုင်ပြီးရာအခါမှ နောက်၌။ အမှာကံ၊ တပည့်တော်တို့၏။ အာသနံ၊ ထိုင်နေခြင်းသည်။ ဝါ၊ ထိုင်နေရာသည်။ ဟောတိ၊ ဘန္တေ (တဒါ)။ ယေ တေ ဒေဝါ၊ အကြင် နတ်တို့သည်။ ဘဂဝတိ၊ မြတ်စွာဘုရားအထံ၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရိတွာ၊ ကျင့်၍။ တာဝတိံသ-ကာယံ၊ တာဝတိံသာ-နတ်အပေါင်းသို့။ အဓုနာ၊ ယခုမှ။ ဥပပန္နာ၊ ရောက်လာပါကုန်ပြီ။ တေ၊ ထို နတ်အသစ်တို့သည်။ အညေ၊ အခြား ကုန်သော။ ဒေဝေ၊ တို့ကို။ ဝဏ္ဏေန စေဝ၊ အဆင်းအားဖြင့်လည်းကောင်း။ ယသသာ စ၊ အခြံအရံ အားဖြင့်လည်းကောင်း။ (တန်ဆာ,အခြံအရံ, အသရေ-အားဖြင့်လည်းကောင်း။) အတိရောစန္တိ၊ သာလွန်၍ တင့်တယ်ကြပါကုန်၏။

ဘန္တေ။ တေန၊ ထို့ကြောင့်။ (ထိုနတ်အသစ်တို့၏ ဝဏ္ဏ, ယသ-အားဖြင့် သာလွန်၍တင့်တယ်ပုံကို မြင်ရခြင်းကြောင့်။)တာဝတိံသာ ဒေဝါ၊ တို့သည်။ ။ပ။ ဟောန္တိ။ (ကိံ၊အဘယ်သို့ တွေး၍ ပီတိ သောမနဿ-ဖြစ်ကြသနည်း)။ "ဘော၊ အို....နတ်အများတို့။ ဒိဗ္ဗာ၊ နတ်ပြည်၌ ဖြစ်ကုန်သော။ ကာယာ၊ ခန္ဓာကိုယ်တို့သည်။ ဝါ၊ နတ်အပေါင်းတို့သည်။ ပရိပူရေန္တိ ဝတ၊ ပြည့်ကုန်ပေစွ.... တကား။ အသုရကာယာ၊ အသူရကာယ် အပေါင်းတို့သည်။(အပါယ်ဘုံသား အပေါင်းတို့သည်။ ဟာယန္တိ (ဝတ)၊ ယုတ်လျော့ပါပေကုန်စွ.... တကား။" ဣတိ၊ ဤသို့ တွေး၍ ပီတိသောမနဿ ဖြစ်ကြပါ၏။ပ။ဒေဝါနံ၊ တို့၏။ သမ္ပသာဒနံ၊ ကောင်းစွာ အပြားအားဖြင့် ကြည်ညိုခြင်းကို။ ဝိဒိတွာ၊ သိ၍။ ဣမာဟိ ဂါထာဟိ၊ တို့ဖြင့်။ အနုမောဒိ၊ အဖန်ဖန်ဝမ်းမြောက်ပြီ။ (ကိံ။) "မောဒန္တိ ဝတ ဘောဒေဝါ။ပ။ ဓမ္မဿ စ သုဓမ္မတ" နွိ၊ ဟူ၍။ (အနုမောဒိ။)

ဂါထာအနက်။ ။(၁)။ ဘော၊ အို နတ်အများကို။ သဟိန္ဒ-ကာ၊ ကျွန်ုပ် သိကြားနှင့်တကွဖြစ်ကုန်သော။တာဝတိံသာ၊ တို့သည်။

တထာဂတံ၊ ကို။ နမဿန္တာ၊ ရှိခိုးကုန်လျက်။ ဓမ္မဿ စ၊ ၏လည်း။ သုဓမ္မတံ၊ ကောင်းသောတရား၏ ဖြစ်ကြောင်းဖြစ်ရာ ဂုဏ်ကိုလည်း ကောင်း။ သံဃဿ၊ ၏။ သုပ္ပဋိပတ္တိံ၊ ကောင်းသော အကျင့်ကို လည်းကောင်း။ [ဤ နှစ်ပုဒ်ကို စ-သဒ္ဒါဖြင့် ဆည်းပါ။] (အဘိတ္ထ-ဝန္တာ၊ ချီးမွမ်းကုန်လျက်။ မောဒန္တိ-ဦ့ စပ်။)

(၂)။ သုဂတသ္မိံ၊ မြတ်စွာဘုရားအထံ၌။ ဗြဟ္မစရိယံ၊ ကို။ စရိတ္ဝာန၊ ၍။ ဣဓ၊ ဤ တာဝတိံသာ-နတ်ပြည်သို့။ အာဂတော၊ ယခုမှ ရောက်လာကုန်သော။ ဝဏ္ဏဝန္တော၊ လှပသော အဆင်းရှိကုန်သော။ ယသဿိနော၊ များသောအခြံအရံ ရှိကုန်သော။ နဝေ၊ အသစ်ဖြင်ကုန်သော။ ဒေဝေ စ၊ တို့ကိုလည်း။ ပဿန္တာ၊ ကြည့်ရှုကုန်လျက်။ မောဒန္တိ ဝတ၊ ဝမ်းမြောက်လေကုန်စ့....တကား။

(၃)။ ဘူရိပညဿ၊ မြေကြီးနှင့်တူသော ပညာရှိတော်မူသော မြတ်စွာဘုရား၏။ (မြေကြီးကဲ့သို့ ထုထယ်ကြီးမားသော ပညာရှိ တော်မူသော မြတ်စွာဘုရား၏-ဟူလို။) သာဝကာ၊ တပည့်ဖြစ်ကုန် သော။ ဣဓ၊ ဤ နတ်ပရိသတ်၌။ ဝိသေသူပဂတာ၊ တပါးသော နတ်တို့ထက် ထူးခြားသည်၏အဖြစ်သို့ ရောက်ကုန်သော။ တေ၊ ထို နတ်တို့သည်။ အာယေ၊ အခြားသောနတ်တို့ကို။ ဝဏ္ဏေန၊ ဖြင့်လည်း ကောင်း။ ယသသာ၊ ဖြင့်လည်းကောင်း။ အာယုနာ၊ အသက်ဖြင့် လည်းကောင်း။ အတိရောစန္တိ။

(၄)။ ဣဒံ၊ ဤ အကြောင်းအရာကို။ (ဘုရားရှင်သာသနာ၌ တရားကျင့်ပြီး၍ နောက်မှရောက်လာသောနတ်တို့က အခြားနတ်တို့ ထက် အာယု, ဝဏ္ဏ, ယသ-ဖြင့် သာလွန်၍တင့်တယ်ပုံကို။) ဒိဿဝန၊ ၍။ပ။နန္ဒန္တိ၊ နှစ်သက်ကြကုန်၏။

ဘဒ္ဒန္တေ။ တေန၊ ကြောင့်။ (ထို သိကြားမင်း၏ အနုမောဒနာ-စကား ကြောင့်။) ။ပ။ ဘိယျောသေ၊ နှံလွန်ကဲသော။ မတ္တာယ၊ အတိုင်းအရှည် အားဖြင့်။ [မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသေ၊ လွန်စွာ။-ဤသို့လည်းပေးကြ၏။] ။ပ။ အသ္သုရကာယာ'' တိ။ပ။ယေနတ္ထေန၊ အကြင် ကိစ္စဖြင့်။ (အကြင်ဝါကပ်သောရဟန်းတို့အား ချီးမြှောက်ခြင်း ကိစ္စ-ဖြင့်။) ။ပ။ ဟောန္တိ။ တံ အတ္ထံ၊ ထို ကိစ္စကို။ စိန္တယိတ္ဝာ၊ ကြံစည်စဉ်းစား၍။ တံ အတ္ထံ၊ ကို။ မန္တယိတ္ဝာ၊ တိုင်ပင်၍။ (စတုမဟာရာဇ် နတ်မင်းကြီး တို့နှင့်တိုင်ပင်၍။) စတ္တာဂေါ။ မဟာရာဇာနော၊ တို့သည်။ တသ္မိံ အတ္ထေ၊

ထို ကိစ္စ၌။ ဝုတ္တဝစနာ[၁]ပိ၊ ပြောဆိုအပ်သော စကားရှိသူတို့သည်လည်း။ ဟောန္တိ။ ["တံ" သည် အနက်မရှိ။] ။ပ။ ပစ္စာနုသိဋ္ဌဝစနာပိ[၂]၊ တဖန် ဆုံးမအပ်သော စကားရှိသူတို့သည်လည်း။ (သွန်သင်, လမ်းပြ, ဆုံးမ-အပ်သူတို့သည်လည်း။) ဟောန္တိ။ သကေသု သကေသု၊ မိမိဥစ္စာ မိမိဥစ္စာ ဖြစ်ကုန်သော။ အာသနေသု၊ နေရာတို့၌။ ဌိတာ၊ တည်နေပါကုန်ပြီ။ အဝိ-ပက္ကန္တာ၊ ပြန်မသွားကြပါကုန်။

ဂါထာအနက်။ ။ဝုတ္တဝါကျာ၊ ပြောဆိုအပ်သော စကားရှိကုန်သော။ တေ ရာဇာနော၊ ထို နတ်မင်းကြီးတို့သည်။ အနုသာ-သနိံ၊ သုံးကျိပ်သုံးပါး နတ်မင်းများ၏ နည်းညွှန်လမ်းပြ အဆုံးအမကို။ ပဋိဂ္ဂယှ၊ ရှေးရှုလေးစား ခံယူထား၍။ ဝိပ္ပသန္နမနာ၊ အထူးသဖြင့် ကြည်လင်ရှင်ပြသော စိတ်ရှိကြကုန်လျက်။ သန္တာ၊ ငြိမ်သက်ကုန်လျက်။ သမှိ အာသနေ၊ မိမိနေရာ၌။ အဋ္ဌံသု၊ တည်နေကြပါကုန်ပြီ။

၂၈၃။ အထ ခေါ။ပ။ဥဋ္ဌာရော၊ မွန်မြတ်သော။ (ကြီးကျယ်သော။) အာလောကော၊ အလင်းသည်။ သဉ္ဇာယိ၊ ကောင်းစွာဖြစ်ပါပြီ။ ဒေဝါနံ၊ တို့၏။ ဒေဝါနုဘာဝံ၊ နတ်တို့၏ အာနုဘော်ကို။ (အဝတ်တန်ဆာ ဗိမာန်၏ အရောင် ကိုယ်၏အရောင်ကို။) အတိက္ကမ္မေဝ၊ သာလွန်၍သာလျှင်။ ဩဘာ-သော၊ အရောင်သည်။ ပါတုရဟောသိ။ပ။ တာဝတိံသေ၊ ကုန်သော။ ဒေဝေ၊ တို့ကို။ အာမန္တေသိ၊ မိန့်ပြီ။ (ကိံ။) "မာရိသာ၊ အချင်း နတ်အများတို့။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ နိမိတ္တာနိ၊ သိအပ်ကြောင်း

၁။ ဝုတ္တဝစနာပိတံ။ ။[တံ–သည် အနက်မရှိသော နိပါတ်။] သိကြားမင်းနှင့်အတူ ကောင်းမှုပြုဖက်ဖြစ်သော နတ်မင်းများက ကိစ္စ–တစုံတရာရှိလျှင် နတ်မင်းကြီး လေးယောက်အား ပြောဆိုကြရ အမိန့်ပေးကြရ၏။ ဤနေရာ၌ "ထိုထိုအရပ်မှာ ဝါကပ်သော ရဟန်းတို့အား အန္တရာယ် မဖြစ်အောင် စောင့်ရှောက်စီမံပေးကြပါ" ဟု နတ်မင်းများက ပြောတတ်သူများ အမိန့်ပေးတတ်သူများ–ဖြစ်၍ နတ်မင်းကြီး လေးယောက်တို့က ပြောအပ်သော စကားရှိသူများ၊ အမိန့်ပေးခံရသူများဖြစ်သည်။ [ဝုတ္တံ + ဝစနံ ယေသန္တိ ဝုတ္တဝစနာ။]

၂။ ပစ္စာနုသိဋ္ဌဝစနာ။ ။သုံးဆယ့်သုံးပါးသော နတ်မင်းများက နည်းပေး လမ်းပြ ဆုံးမအပ်သောစကားကို နတ်မင်းကြီး လေးယောက်တို့က လိုက်နာရ သောကြောင့် နတ်မင်းကြီးတို့သည် ဆုံးမအပ်သော စကားရှိသူများ၊ စကားကို နားထောင်ရသူများ-ဖြစ်သည်။ [ပစ္စာနုသိဋ္ဌံ+ဝစနံ ယေသန္တိ ပစ္စာနုသိဋ္ဌဝစနာ။]

အမှတ်အသားတို့ကို။ (အရိပ်နိမိတ်တို့ကို။) ဒိဿန္တိ၊ ဖော့မြင်အပ်ပါကုန်၏။ပ။ ပါတု၊ ထင်ရှားစွာ။ ဘဝတိ။ (တဏှာ၊ ထို အခြင်းအရာ အားဖြင့်။) ဖြဟ္မာ၊ သည်။ ပါတု ဘဝိဿတိ၊ ထင်ရှားဖြစ်လိမ့်မည်။ (ရောက်လာလိမ့်မည်။) ဟိ၊ မှန်၏။ ယဒိဒံ (ယော+အယံ) အာလောကော၊ အကြင် အလင်းသည်။ သဉ္ဇာယတိ။ ယဒိဒံ (ယော+အယံ) ဩဘာသော၊ အကြင် အရောင်သည်။ ပါတု ဘဝတိ။ ဧတံ၊ ဤအလင်း, အရောင်သည်။ ဖြဟ္မုနော၊ ၏။ ပါတုဘာဝါယ၊ ထင်ရှားဖြစ်ပေါ်လာခြင်းငှာ။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။ (မလာမီ ရှေးအဖို့၌ ထင်ရှားသော အမှတ် အသားတည်း။)'' ဟူတိ၊ ဤသို့ မိန့်ပါပြီ။

ဂါထာအနက်။ ။ယထာ၊ ဖြင့်။ နိမိတ္တာ ဒိဿန္တိ။ (တထာ၊ ဖြင့်။) ဖြဟ္မာ ပါတု ဘဝိဿတိ။ ဟိ၊ မှန်၏။ ဝိပုလော၊ ကျယ်ပြန့်သော။ မဟာ၊ ကြီးကျယ်သော။(ယော) ဩဘာသော၊ အကြင် အလင်းရောင်သည်။ (ပါတု ဘဝတိ။) ဧတံ၊ ဤ ကြီးကျယ်သော အလင်းရောင်သည်။ ဖြဟ္မုနော၊ ၏။ နိမိတ္တံ၊ ထင်ရှား ဖြစ်ပေါ် ဖို့ဂု အမှတ်အသားတည်း။ ဟူတိ၊ ဤသို့ မိန့်ပါပြီ။

သနင်္ကုမာရကထာ

၂၀၄။ အထ ခေါ။ပ။ယထာသကေသု၊ အကြင်အကြင် မိမိဥစ္စာ ဖြစ်ကုန်သော။ အာသနေသု နိသီဒိံသု။ (ကိုယ်၊ အဘယ်သို့ပြော၍ ထိုင်နေကုန်သနည်း။) ''ဧတံ ဩဘာသံ၊ ဤအလင်းအရောင်ကို။ ဥဿာမ၊ သိကုန်အံ့။ ယံဝိပါကော၊ အကြင်အကျိုးရှိသည်။ ဘဝိဿတိ၊ ဖြစ်လိမ့်မည်။ နံ၊ ထို အကျိုးကို။ သစ္ဆိကတ္တာဝ၊ မျက်မှောက်ပြု၍သာ။ ဂမိဿာမ၊ သွားကုန်အံ့။'' ဟူတိ၊ ဤသို့ပြော၍ ထိုင်နေပါကုန်ပြီ။ [စိတ်ထဲက ကြံစည်ရုံသာမဟုတ်၊ နှုတ်ကလည်း ပြောကြသည်]။ပ။ဣဒံ၊ ဤစကားကို။ သုတ္တာ၊ ကြား၍ ။ပ။ ဧကဂ္ဂါ၊ တခုတည်းသော အာရုံရှိကုန်သည်။ သမာပဇ္ဇိံသု၊ ကောင်းစွာဖြစ်ကုန်ပြီ။ [အလင်းရောင်ကို အာရုံပြုကုန်လျက် ငြိမ်သက်စွာနေကြသည်-ဟူလို။]

ဘန္တေ။ ယဒါ၊ ၌။ သနင်္ကုမာရော၊ သနင်္ကုမာရ-မည်သော။ ဖြဟ္မာ၊ဖြဟ္မာသည်။တာဝတိံသာနံ၊တာဝတိံသာ-ဘုံ၌ ဖြစ်ကုန်သော။ဝါ၊တာဝတိံသာ-ဘုံ၌နေကုန်သော။ ဒေဝါနံ၊ နတ်တို့အား။ ပါတု ဘဝတိ။ [ဒေဝါနံ၊ တို့၏ (အထံ၌။) ပါတု ဘဝတိ။-ဤသို့လည်း ပေးပါ။](တဒါ) ဩဋ္ဌာရိကံ၊

ထင်ရှားသော။ အတ္တဘာဝံ၊ အတ္တဘောကို။ အဘိနိမ္မိနိတ္ဝာ၊ ဖန်ဆင်း၍။ ပါတု ဘဝတိ၊ ဘန္တေ။ ဗြဟ္မုနော၊ ၏။ ယော ပကတိဝဏ္ဏော၊ အကြင်ပင်ကိုအဆင်းသည်။ (အတ္ထိ။) သော၊ ထို ပကတိအဆင်းသည်။ တာဝတိံသာနံ။ ဒေဝါနံ၊ တို့၏။ စက္ခုပထသ္မိံ၊ မျက်စိဟူသော လမ်းကြောင်း၌။ [ရူပါရုံကို မြင်ခြင်း၏အကြောင်းဖြစ်သော စက္ခု၌။] ဝါ၊ စက္ခုပထသ္မိံ၊ စက္ခုပသာဒ-၏ လမ်း၌။ [စက္ခုပသာဒ-၏ အာရုံ ဖြစ်ခြင်းငှာ လျော်ပတ်သော လမ်း၌-ဟူလို။] အနဘိသမ္ဘဝနီယော၊ မရောက်ထိုက် မရောက်နိုင်ပါ။ ယဒါ ။ပ။ ပါတုဘဝတိ။ (တဒါ) ။ပ။ အတိရောစတိ။

ဘန္တေ။ သေယျထာပိ၊ ကား။ သောဝဏ္ဏော၊ ရွှေဖြင့် ပြုလုပ်အပ်သော။ ဝိဂ္ဂဟော၊ ကိုယ်သည်။ ဝါ၊ ဇေ့ရုပ်သည်။ [ရှေး နိဿယ-၌ "သောဝဏ္ဏော၊ ကောင်းသောအဆင်းရှိသော။ ဝိဂ္ဂဟော၊ နတ်တို့၏ကိုယ်သည်" ဟု ပေး၏။] မာနုသံ၊ လူ၌ ဖြစ်သော။ ဝိဂ္ဂဟံ၊ ကိုယ်ကို။ အတိရောစတိ သေယျထာပိ၊ လွန်၍ တင့်တယ်သကဲ့သို့ ။ပ။ ပါတု ဘဝတိ။ (တဒါ။) တဿံ ပရိသာယံ၊ ၌။ ကောစိ၊ တစုံတယောက်သော။ ဒေဝေါ၊ သည်။ နာ အာဘိဝါဒေတိ ဝါ၊ ရှိလည်း မခိုး။ (နာ) ပစ္စုဋ္ဌေတိ ဝါ၊ ခရီးဦးလည်း မကြိုဆို၊ အာသနေန ဝါ၊ နေရာဖြင့်လည်း။ နာ နိမန္တေတိ၊ မဖိတ်မန်။ သဗ္ဗေဝ၊ အလုံးစုံသော နတ်တို့သည်ပင်။ တုဏှီဘူတာ၊ တိတ်တိတ်ဖြစ်၍ ဖြစ်ကုန်သည်။ ပဠုလိကာ၊ ချီအပ်သော လက်အုပ်ရှိကုန်သည်။ ဝါ၊ လက်အုပ်ချီကုန်သည်။ (ဟုတ္ဝာ။) ပလ္လင်္ကေန၊ ထက်ဝယ်တင်ပလ္လင်ဖြင့်။ နိသိဒန္တိ။ (ကိုံ၊ အာယာယ်သို့ကြံ၍ ထိုင်နေကုန်သနည်း။) "ဒါနိ၊ ၌။ ယဿ ဒေဝဿ၊ ၏။ ပလ္လင်ံ၊ ပလ္လင်ကို။ သနက်္ကုမာရော၊ သော။ ဗြဟ္မာ။ ဣစ္ဆိဿတိ၊ အလိုရှိအံ့။ တဿ ဒေဝဿ။ ပလ္လင်္ကေ၊၌။ နိသီဒိဿတိ၊ ထိုင်လိမ့်မည်။" ဣတိ၊ ဤသို့ကြံ၍ ထိုင်နေကုန်၏။

ယဿ။ပ။သော ဒေဝေါ၊ ထို ပလ္လင်၏ အရှင် နတ်သားသည်။ ဝေဒပဋိလာဘံ၊ နှစ်သက်ခြင်းကို ရခြင်းကို။ ဝါ၊ ရအပ်သော နှစ်သက်ခြင်းကို။ လဘတိ။ပ။သောမနဿပဋိလာဘံ၊ ဝမ်းမြောက်မှုကိုရခြင်းကို။ ဝါ၊ ရအပ်သော ဝမ်းမြောက်မှုကို ။ပ။ ခတ္တိယော၊ မင်းမျိုး မင်းနွယ်ဖြစ်သော။ မုဒ္ဓါဝသိတ္တော၊ ဦးထိပ်၌ အဘိသိက်ရေစင်ဖြင့် သွန်းလောင်းအပ်သော။ ရဇ္ဇေန၊ မင်းအဖြစ်ဖြင့်။ အဓုနာ၊ ယခုမှ။ အဘိသိတ္တော၊ အဘိသိက်ရေစင်ဖြင့် သွန်းလောင်းအပ်သော။ ရာဇာ၊ (အတ္ထိ)။ သော၊ ထိုမင်းသည်။ပ။လဘတိ သေယျထာပိ၊ ကဲ့သို့။ပ။ကုမာရဝဏ္ဏီ၊ လုလင်ငယ် ပုံသဏ္ဌာန်ရှိသည်။ [လုလင်ငယ်သဖွယ် နုနယ်သော အရွယ် အဆင်းရှိသည်။] (ဟုတ္ဝာ။) ပဠုသိခေါ၊ ပဠုသိခ-

နတ်သားနှင့် တူသည်ဖြစ်၍။ ဝါ၊ ပဉ္ဇသိခ-နတ်သားကဲ့သို့ ဖြစ်၍ ။ပ။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္ဓာ၊ ရှေးရှုတက်သွား၍။ အန္တလိက္ခေ၊ ဆီးတားမထင် ကြားအပြင်ဖြင့် ရှုမြင်အပ်သော။ အာကာသေ၊ ကောင်းကင်၌။ ပလ္လင်္ကေန၊ ဖြင့်။ နိသီဒိ။ [ပဉ္ဇ+သိခါ ဧတဿာတိ ပဉ္ဇသိခေါ= ငါးခုသော ဦးစွန်းရှိသောနတ်သား။ ပဉ္ဇသိခေါ ဝိယ ပဉ္ဇသိခေါ။– ဋီကာ။]

ဘန္တေ။ သေယျထာပိ၊ ကား။ ဗလဝါ၊ အားရှိသော။ ပုရိသော။ သုပစ္စတ္ထတေ၊ ကောင်းစွာခင်းထားအပ်သော။ ပလ္လင်္ကေ ဝါ၊ ပလ္လင်၌သော် လည်းကောင်း။ သမေ၊ ညီညွတ်သော။ ဘူမိဘာဂေ ဝါ၊ မြေအရပ်အဖို့၌သော်လည်းကောင်း။ ပလ္လင်္ကေန၊ ထက်ဝယ်တင်ပလ္လင်ဖြင့်။ နိသီဒေယျ သေယျထာပိ၊ ကဲ့သို့။ပ။ဓမ္မဿ စ သုဓမ္မတ''နှိ။ [၂၈၂-အတိုင်း ဆိုပါ။]

၂၈၅။ ဘန္တေ။ ဣမမတ္ထံ၊ ဤ အနက်အဓိပ္ပာယ်ကို။ ဝါ၊ ဤ အကြောင်းအရာကို။ ဘာသိတ္ထ၊ ပြောဆိုပါပြီ။ပ။ဗြဟ္မုနော၊ ၏။ (သရော-၌ စပ်။) ဝါ၊ သည်။ ဘာသတော၊ ပြောဆိုနေစဉ်။ အဌင်္ဂသမန္နာဂတော၊ ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော။ သရော၊ အသံသည်။ ဝိဿဋ္ဌော စ၊ သလိပ်သည်းခြေတို့သည် စွန့်လွှတ်အပ်သည်လည်းကောင်း။ ဝါ၊ အသံ၏အပြစ်တို့မှ လွှတ်သည်လည်းကောင်း။ ဝိညေယျော စ၊ အနက် အဓိပ္ပာယ်ကို သိစေနိုင်သည်လည်းကောင်း။ မဉ္ဇု စ၊ ချိုသာသည်လည်းကောင်း။ ဝါ၊ သာယာနာပျော်ဖွယ် ကောင်းသည်လည်းကောင်း။ သဝနီယော စ၊ နားထောင်ထိုက်သည်လည်းကောင်း။ ဝါ၊ နားထောင်ချင်စဖွယ်ကောင်းသည်လည်းကောင်း။ ဗိန္ဓု စ၊ မကွဲမအက် တခဲနက် လုံးသည်လည်းကောင်း။ အဝိသာရီ စ၊ အထူးထူးအပြားပြား မရောမပြွမ်း အလွန်သန့်ရှင်းသည် လည်းကောင်း။ ဂမ္ဘီရော စ၊ နက်နဲသည်လည်းကောင်း။ နိန္နာဒီ စ၊ အကြွင်းမဲ့ မြည်စေနိုင်သည်လည်းကောင်း။ ဝါ၊ ပဲ့တင်ထပ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်ပါ၏။ [ဝိဿဋ္ဌော-စသည်ဖြင့် အဌင်္ဂ-၏သရုပ်ကို ပြသည်။]

ဘန္တေ။ ယထာပရိသံ၊ အကြင်မျှလောက်သော ပရိသတ်ကို [ယထာသဒ္ဒါသည် ပရိမာဏ-အနက်ကို ဟော၏။-ဋီကာ။] ။ပ။ ဝိညာပေတိ၊ သိစေ၏။ (နားလည်စေ၏။) အဿ၊ ထိုဗြဟ္မာ၏။ ဃောသော၊ အသံသည်။ ပရိသာယ၊ ၏။ ဗဟိဒ္ဓါ၊ အပ၌။ နနိစ္ဆရတိ၊ မထွက်ပေါ်။ ဝါ၊ မပြေးသွား။ ယဿ၊ အကြင်သူ၏။ပ။သရော ဟောတိ။ သော၊ ထိုသူ့ကို။ ''ဗြဟ္မဿရော''တိ၊ ဟူ၍။ (ဗြဟ္မာမင်း၏အသံနှင့်တူသော အသံရှိသူဟူ၍။) ဝုစ္စတိ၊ ဆိုအပ်ပါ၏။

အထ ခေါ်။ပ။တေတ္တိ်ံသေ၊ သုံးကျိပ်သုံးပါး အတိုင်းအရှည်ရှိကုန်သော။ အတ္တဘာဝေ၊ တို့ကို။ပ။ပစ္စေကပလ္လင်္ကေသု၊ အသီးသီးသော ပလ္လင်တို့၌။ပ။ အာမန္တေသိ။ (ကိ်ံ။) ''တာဝတိ်ံသာ၊ တာဝတိ်ံသာ–ဘုံ၌ ဖြစ်ကုန်သော။ ဘောန္တော ဒေဝါ၊ အရှင်နတ်တို့သည်။ တံ၊ ထို ကျန်ုပ်ပြောဆိုအပ်မည့် စကားကို။ ကိ် မညန္တိ၊ အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ ယာဝဇ္ဇ၊ အလွန်အကဲသာလျင်။ သော ဘဂဝါ၊ သည်။ ဗဟုဇနဟိတာယ၊ များစွာသောလူအပေါင်း၏ အစီးအပွားအလို့ငှာ။ ဗဟုဇနသုခါယ၊ များစွာသောလူအပေါင်း၏ ချမ်းသာခြင်းငှာ။ လောကာနုကမ္ပာယ၊ လောကကို စောင့်ရှောက်ချီးမြှောက်ခြင်းငှာ။ ဒေဝမနုဿာနံ၊ တို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဟိတာယ။ စီးပွားအလို့ငှာ။ သုခါယ၊ ငှာ။ ပဋိပန္နော၊ ကျင့်တော်မူ၏။

ဘော၊ အို....နတ်အများတို့။ ဟိ၊ မှန်ပါ၏။ ယေ ကေစိ၊ အကြင် အမှတ်မရှိ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။ ဗုဒ္ဓံ၊ ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ၊ ဆည်းကပ်ကုန်၏။ပ။တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ [သာမည-ကတ္ထား။] ကာယဿ၊ ဥပါဒိန္နက-ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းဟူသော။ မရဏာ၊ သေရာအခါမှ။ ပရံ၊ နောက်၌။ အပေ့ကစ္စေ၊ အချို့ ပုဂ္ဂိုလ်တို့သည်။ [ဝိသေသ-ကတ္ထား။] ပရနိမ္မိတဝသဝတ္တိနံ၊ ပရနိမ္မိတဝသဝတ္တီ-ဘုံ၌ ဖြစ်ကုန်သော။ ဝါ၊ ဘုံ၌ နေကုန်သော။ ဒေဝါနံ၊ တို့၏။ သဟဗျတံ၊ အတူတကွဖြစ်သူ၏ အဖြစ်သို့။ ဝါ၊ အဖော်၏အဖြစ်သို့။ ဥပပဇ္ဇန်္တိ၊ ကပ်ရောက်ကုန်၏။ပ။ယေ၊ တို့သည်။ သဗ္ဗနိဟီနံ၊ အလုံးစုံတို့အောက်ညံ့သော။ ကာယံ၊ ကိုယ်ကို။ ဝါ၊ နတ်အပေါင်းကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ တေ။ ဂန္ဓဗ္ဗကာယံ၊ ဂန္ဓဗ္ဗ-နတ်အပေါင်းကို။ ပရိပူရေန္တိ။'' ဣတိ၊ ဤသို့ မိန့်ပါပြီ။

၂၀၆။ ဣမမတ္ထံ။ပ။ဘာသတေ၊စဉ်။ဃောသံယေဝ်၊အသံကိုသာလျင်။ ဒေဝါ။ မညန္တိ၊ သိကုန်၏။ (ကိ'။) ''ယ္ဝာယံ၊ အကြင်ဗြဟ္မာသည်။ မမ

၁။ ဃောသေသာယေဝ။ ။ဤပုဒ်၏ စပ်ရာပုဒ် မရှိပါ၊ ထို့ကြောင့်-ပါဠိပျက်နေဟန်တူ၏။ ''ဃောသံယေဝ'' ဟု ဒုတိယာ-ဝိဘတ်ဖြင့် ရှိသင့်မည်ထင်၏။ ဤဝါကျ၌ ဆိုလိုရင်းမှာ-သုံးကျိပ်သုံးပါးသော နတ်တို့၏ ပလ္လင်၌ သုံးကျိပ်သုံးပါးသော ကိုယ်ခန္ဓာကို ဖန်ဆင်း၍ ထိုင်လျက် တရားဟောနေသော သနက်ုမာရ-ဗြဟ္မာ၏ အသံကိုသာ နတ်များက သိကြရ၏။ ''ငါ့ပလ္လင်မှာ ထိုင်နေသော ဗြဟ္မာတယောက်တည်းက တရားဟောနေသည်''ဟု နတ်အားလုံးက ထင်ကြရ၏။ မိမိပလ္လင်၌ ထိုင်နေသော နိမ္မိတ-ရုပ်ကိုသာမြင်၍ အခြားပလ္လင်၌ ထိုင်နေသော နိမ္မိတ-ရုပ်ကို နတ်များ မမြင်ကြရပါ။ [တယောက်တည်း၏ အသံကိုသာ ကြားနေရပါသည်–ဟူလို။]

ပလ္လင်္ကေ နိသီဒတိ။ သ္ဒာယံ၊ ထိုဗြဟ္မာသည်။ ဧကောဝ၊ တယောက်တည်းသာ။ ဘာသတိ၊ ပြောနေ၏။'' ဣတိ၊ ဤသို့ သိကုန်၏။ (ထင်ကုန်၏။)

ဂါထာအနက်။ ။ဧကသ္မိံ၊ တယောက်သော ဗြဟ္မာသည်။ ဘာသမာနသ္မိံ၊ ပြောဆိုလတ်သော်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ နိမ္မိတာ၊ နိမ္မိတ-ရုပ်တို့သည်။ (ဖန်ဆင်းအပ်သော ဗြဟ္မာတို့သည်။) ဘာသန္တိ၊ ပြောကုန်၏။ ဧကသ္မိံ၊ သည်။ တုဏ္ဍီ၊ ဆိတ်ဆိတ်။ အာသီနေ၊ နေလတ်သော်။ သဗ္ဗေ၊ ကုန်သော။ တေ၊ ထိုနိမ္မိတ-ရုပ်တို့သည်။ တုဏ္ဍီ ဘဝန္တိ။ တဒါ၊ ၌။ သဟိန္ဒကာ တာဝတိံသာ။ ဒေဝါ။ တို့သည်။ ယ္ဒာယံ။ပ။ (နိသီဒတိ)။ပ။ဘာသတိ။ ဣတိ၊ ဤသို့။ မညန္တိ။

အထ ခေါ။ပ။ဧကတ္တေန၊ တယောက်တည်း၏ အဖြစ်ဖြင့်။ အတ္တာနံ၊ ကို။ ဥပသံဟရတိ၊ ကပ်ဆောင်၏။ (ရုပ်သိမ်း၏)။ပ။

ဘာဝိတဣဒ္ဓိပါဒ

၂၈၇။ တံ ကိံ မညန္တိ။ပ။ဇာနတာ၊ သတ္တဝါတို့၏ အာသယာ-နုသယ-ကို သိတော်မူသော။ ပဿတာ၊ လက်တွင်တင်ထား သျှိသျှားသီးကဲ့သို့ အလုံးစုံသော ဥေယျတရားကို မြင်တော်မူသော။ အရဟတာ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသော။ သမ္မာသမ္မုဒ္ဓေန၊ မဖောက်မပြန် အမှန်ကိုယ်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော။ တေန ဘဂဝတာ၊ သည်။ စတ္တာရော၊ ကုန်သော။ ဣမေ စ ဣဒ္ဓိပါဒါ၊ ဤ ဣဒ္ဓိပါဒ်တို့ကိုလည်း(ဤ ပြီးစီးခြင်း-ဟူသော တန်ခိုး၏တည်ရာ အခြေခံတရားတို့ကိုလည်း။)ယာဝ၊ အလွန်အကဲ သာလျှင်။ ဝါ၊ အလွန်ပင်။ သုပညတ္တာ၊ ကောင်းစွာ အပြားအားဖြင့် သိစေတော်မူအပ်ပါပေကုန်ပြီ။ ဝါ၊ ဝေနေယျ-တို့၏ သန္တာန်၌ ကောင်းစွာမရောယှက်အောင် ထားအပ်ပါပေကုန်ပြီ။ [အဘယ်အကျိုးငှာ ပညတ်အပ်ပါသနည်း-ဟု မေးဖွယ်ရှိ၍ ''ပညတ္တာ ဣဒ္ဓိပဟုတာယ'' စသည်ကို ပြောဆိုသည်။] ဣဒ္ဓိပဟုတာယ၊ တန်ခိုးကိုဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ် အကျိုးငှာ။ ဣဒ္ဓိဝိသဝိတာယ၊ တန်ခိုးကို ဖြစ်စေခြင်း၌ သင့်လျော်သည်၏ အဖြစ် အကျိုးငှာ။ ဝါ၊ တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်သည်၏ အဖြစ်အကျိုးငှာ။ ဣဒ္ဓိ-ဝိကုဗ္ဗနတာယ၊ တန်ခိုးအမျိုးမျိုးကို ပြုလုပ်နိုင်သည်၏ အဖြစ်အကျိုးငှာ။ ပညတ္တာ၊ ပညတ်အပ်ပါကုန်။ပ။

ဘော၊ အို.... နတ်အမျှားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု။ ဆန္ဒ-သမာဓိပဓာနသင်္ခါရသမန္နာဂတံ၊ ဆန္ဒ-ဟူသော အကြီးအကဲရှိသော သမာဓိ, အားထုတ်ကြောင်း သမ္မပ္ပဓာနဝိရိယ- ဟူသော သင်္ခါရတို့နှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ ကို။ (ပြီးစီးကြောင်းဖြစ်သော အဘိညာဉ်နှင့် ယှဉ်သော ဆန္ဒ, သမာဓိ, ဝိရိယ-တို့၏ အခြေခံဖြစ်သော စိတ်စေတသိက် အစုကို။) ဘာဝေ-တို့၊ မိမိသန္တာန်၌ ဖြစ်စေ၏။ ဝါ၊ တိုးပွားစေ၏ ။ပ။ တေန ဘဂဝတာ၊ သည်။ ပ။ ဣဒ္ဓိဝိကုဗ္ဗနတာယ၊ ၎ာ။ ပညတ္တာ၊ အပ်ကုန်သော။ စတ္တာရော၊ ကုန်သော။ ဣဒ္ဓိပါဒါ၊ တို့ဟူသည်။ ဣမေ ဧခါ၊ ဤသည်တို့တည်း။

ဘော၊ တို့။ ဟိ၊ မှန်ပါ၏။ အတီတံ၊ အတိတ်ဖြစ်သော။ အဒ္ဓါနံ၊ ကာလ၌။ ယေ ကေစိ၊ အကြင် အမှတ်မရှိ အလုံးစုံကုန်သော။ သမဏာ ဝါ၊ တို့သည်လည်းကောင်း။ ဗြာဟ္မဏာ ဝါ၊ တို့သည်လည်းကောင်း။ အနေက-ဝိဟိတံ၊ တပါးမက များသောအပြားရှိသော။ ဣဒ္ဓိဝိဓံ၊ တန်ခိုး အဖုံအစုကို၊ ပစ္စနုဘောသုံ၊ ခံစားခဲ့ကုန်ပြီ။ သဗ္ဗေ။ တေ၊ ထို သမဏ, ဗြာဟ္မဏ-တို့သည်။ စတုန္နံ။ဣမေသံယေဝ ဣဒ္ဓိပါဒါနံ၊ တို့၏ပင်။[တ္တ-ပစ္စည်း၌ စပ်။) ဝါ၊ တို့ကို ပင်။ [ဘာဝိတ ဗဟုလီကတ-၌ စပ်။] ဘာဝိတတ္တာ၊ မိမိသန္တာန်၌ ဖြစ်စေအပ်ကုန်သည်၏ အဖြစ်ကြောင့်။ ဗဟုလီကတတ္တာ၊ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်ကုန်သည်၏ အဖြစ်ကြောင့်။ (ပစ္စနုဘောသုံ)။ပ။

မမပိ၊ ကျွန်ုပ်၏လည်း။ ဧဝရူပံ။ ဣဒ္ဓါနုဘာဝံ၊ တန်ခိုးအာနုဘော်ကို။ ပဿန္တီနော၊ မြင်ကြပါသလော။ ဣတိ၊ ဤသို့မေးပြီ။ မဟာဗြဟ္မာ၊ မြတ်သောဗြဟ္မာ။ (ဗြဟ္မာမင်း။) ဧဝံ၊ မှန်ပါ။ (မြင်ကြပါ၏။) ဣတိ၊ ဤသို့ ဖြေကုန်ပြီ။ပ။ဧဝံ၊ သို့။ ဝါ၊ သို့ကလော်။ မဟာနုဘာဝေါ၊ ၏။ ဣတိ၊ ဤသို့ မိန့်ပြီ။ပ။အာမန္တေသိ၊ ဆင့်၍ မိန့်ပြန်ပြီ။ (ကံ။)

တိဝိဓဩကာသာဓိဂမ

၂၈၈။ "တံ ကိံ မညန္တိ။ပ။တေန ဘဂဝတာ၊ သည်။ သုခဿ၊ စျာန် မဂ် ဖိုလ်-ချမ်းသာကို။ အဓိဂမာယ၊ ရခြင်းငှာ။ တယော။ ဣဒံ (ဣမေ) ဩကာသာဓိဂမာ၊ ဤ အခွင့်အလမ်းကို ရခြင်းတို့ကို။ ဝါ၊ ဤ အခွင့်အလမ်းကို ရကြောင်း တရားတို့ကို။ ယာဝ စ၊ အလွန်အကဲသာလျှင်။ ဝါ၊ အလွန်ပင်။ အနုဗုဒ္ဓါ၊ ထိုးထွင်း၍ သိအပ်ပါကုန်ပြီ။ပ။

ဘော၊ တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့ပုဂ္ဂိုလ်သည်။ ကာမေဟိ၊ ဝတ္ထု ကိလေသာ နှစ်ဖြာသောကာမ တို့နှင့်။ သံသဋ္ဌော၊ ရောနှောသည်။ [သံသဂ္ဂံ၊ ဥပဂတော သမဂ်ီဘူတော။-ဋီကာ။] အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ နီဝရဏ-တရားတို့နှင့်။ သံသဋ္ဌော၊ သည်။ (ဟုတ္ဟာ) ဝိဟရတိ။ သော၊ ထိုသူသည်။ အပရေန သမယေန၊ တပါးသော အခါ၌။ အရိယဓမ္မံ၊ အရိယာဖြစ်သော မြတ်စွာဘုရားသည် ဟောအပ်သောတရားကို။ [အဋ္ဌကထာ-နည်း။] ဝါ၊ အရိယာအဖြစ်ကို ပြုတတ်သောတရားကို။ [ဋီကာ-နည်း။] သုဏာတိ၊ နာ၏။ ယောနိသော၊ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းအားဖြင့်။ (သင့်သောအစီအစဉ်မှန်ကန်သော လမ်းအားဖြင့်။) မနသိ၊ စိတ်၌။ ကရောတိ၊ ပြု၏။ (နှလုံးသွင်း၏။) ဓမ္မာနုဓမ္မံ၊ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို။[လောကုတ္တရာတရား-ဟု ဆိုရသော်လည်း ဤနေရာ၌ "စျာန်တရားအားလျော်သောအကျင့်ကို" ဟု ဆိုလိုသည်။] ပဋိပဇ္ဇတိ၊ ကျင့်၏။

သော။ အရိယဓမ္မဿဝနံ၊ အရိယာဖြစ်သော မြတ်စွာဘုရား ဟောအပ်သောတရားကို နာရခြင်းကို။ ဝါ၊ အရိယာအဖြစ်ကိုပြုတတ်သော တရားကို နာရခြင်းကို။ အာဂမ္မ၊ ရှေးရှုရောက်၍။ (စွဲ၍။) ယောနိသောမနသိကာရံ၁၊ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းအားဖြင့် နှလုံးသွင်းမှုကို။ ဓမ္မာနုဓမ္မပဋိပတ္တိံ၊ လောကုတ္တရာတရားကိုးပါးအား လျော်သော အကျင့်ကိုကျင့်မှုကို။ (အာဂမ္မ) ။ပ။အသံသဋ္ဌော၊ မရောနှောသည်။ (ဟုတ္ဟာ) ဝိဟရတိ။ ကာမေဟိ၊ တို့နှင့်။ အသံသဋ္ဌဿ၊ မရောနှောသော ။ပ။ တဿ၊ ထိုသူ၏ သန္တာန်၌။ သုခံ၊ ပဋမဇ္ဈာနသုခ-သည်။(ပဋမစျာန်ချမ်းသာသည်။) ဥပ္ပဇ္ဇတိ။ သုခါ၊ ကြောင့်။ [ကာရဏ-အနက်၌ ပဥ္ဇမီ-သက်။] ဘိယျော၊ လွန်စွာ။ (အဆက်ဆက်။) သောမနဿံ (ဥပ္ပဇ္ဇတိ)။ [ပဋမစျာန်သမာပတ်မှ ထ-ပြီးသောအခါ၌ ဖြစ်၏။]

ဘော၊ တို့။ သေယျထာပိ၊ ကား။ ပမုဒါ၊ ဝမ်းမြောက်ခြင်းကြောင့်။ (အနီးငယ်ဝမ်းမြောက်ခြင်းဟူသော နုသောပီတိကြောင့်။) ပါမောဇ္ဇံ၊ လွန်စွာ

၁။ ယောနိသော မနသိကာရ။ ။ယောနိသော မနသိကာရော နာမ ဥပါယမနသိ-ကာရော။-အဋ္ဌကထာ။ ဥပါယမနသိကာရောတိ ကုသလဓမ္မပဝတ္တိယာ ကာရဏ-ဘူတော မနသိကာရော။-ဋီကာ။ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ-ဟုလည်းကောင်း၊ သစ္စာလေးပါးကို ထိုးထွင်း၍သိတတ်သော မဂ်ဉာဏ်အားလျော်သော ဝိပဿနာဉာဏ်ဖြင့်လည်းကောင်း နှလုံးသွင်းမှုတည်း။

ဝမ်းမြောက်ခြင်းသည်။ (လွန်စွာဝမ်းမြောက်ခြင်းဟူသော အားကြီးသော ပီတိသည်။) ဇာယေထ သေယျထာပိ၊ ဖြစ်ရာသကဲ့သို့။ပ။သောမနဿံ (ဥပ္ပ-ဇ္ဇတိ)။ ဘော၊ တို့။ပ။တေန ဘဂဝတာ၊ သည်။ သုခဿ အဓိဂမာယ။ ပဌမော၊ ရွှေးဦးစွာသော။ အယံ ဩကာသာဓိဂမော၁၊ ဤ ပဌမစျာန်တည်းဟူသော အခွင့်အလမ်းကို ပြခြင်းကို။ ဝါ၊ ဤအခွင့်အလမ်းကို ရကြောင်းပဌမစျာန်တရားကို။ အနုဗုဒ္ဓေါ၊ အပ်ပြီ။ [နောက်နောက်ဝါကျ များဌ် ဤသို့အပြည့်အစုံပေးပါ။ ဆူးရာဌ်သာ ရေးပါမည်။]

ပုန စ။ပ။ ကေစ္စဿ၊ အချို့.ပုဂ္ဂိုလ်၏ သန္တာန်၌။ ဩဋ္ဌာရိကာ၊ ရှုန့်ရင်းကြမ်းတမ်းကုန်သော။ ကာယသင်္ခါရာ၊ ထွက်သက်ဝင်သက်ဟူသော ကာယသင်္ခါရ-တို့သည်။ အပ္ပဋိပ္ပဿဒ္ဓေါ၊ မငြိမ်းအေးကုန်သည်။ပ။ ဝစီ-သင်္ခါရာ၊ ဝိတက်ဝိစာရ-ဟူသော ဝစီသင်္ခါရ-တို့သည်။ပ။ စိတ္တသင်္ခါရာ၊ ဝေဒနာ သညာ-ဟူသော စိတ္တသင်္ခါရ-တို့သည်။[ဝေဒနာ သညာ-ကို မှတ်၍ ပြောသည်။ ဝိတက် ဝိစာရ-မှတပါး စေတသိက်အားလုံး စိတ္တသင်္ခါရ-မည်၏။ ဤပုဒ်တို့၏ ဝစနတ္ထနှင့်တကွ အကျယ်ကို သင်္ခါရ-ယမိုက် အရကောက် ၃၀၄-ဌ် ကည့်ပါ။]

သော။ပ။ ကာယသင်္ခါရာ။ ပဋိပ္ပဿမ္ဘန္တိ၊ ငြိမ်းဖအေးကုန်၏။[စတုတ္ထ-စျာန်ဖြင့် ငြိမ်းအေးကုန်၏။]။ပ။ ဝစီသင်္ခါရာ ပဋိပ္ပဿမ္ဘန္တိ။[ဒုတိယ-စျာန်ဖြင့် ငြိမ်းအေးကုန်၏။]။ပ။ စိတ္တသင်္ခါရာ ပဋိပ္ပဿမ္ဘန္တိ။[နိရောဓသမာပတ်ဖြင့် ငြိမ်းအေးကုန်၏။]တဿ၊ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ဩဋ္ဌာရိကာနံ။ ကာယသင်္ခါ-

---

၁။ ဩကာသာဓိဂမော။ ။ဩကာသ-ဟူသည် မဂ် ဖိုလ် ချမ်းသာဟူသော အခွင့်အလမ်းတည်း။ ပဌမစျာန်စိတ္တုပ္ပာဒ်သည် ထို အခွင့်အလမ်းကို ရကြောင်းဖြစ်သော ကြောင့် ဩကာသာဓိဂမ-မည်၏။ [ဩကာသံ အဝသရံ အဓိဂစ္ဆတိ ဇတေနာတိ ဩကာသာဓိဂမော—မဂ် ဖိုလ် ချမ်းသာဟူသော အခွင့်အလမ်းကို ရကြောင်းတရား။]

တနည်း။ ။ဩကာသ-ဟူသည် မဂ် ဖိုလ် ချမ်းသာကို ရဖို့ရာ ပဌမစျာန်တည်း ဟူသော မိမိ၏ အခွင့်အလမ်းတည်း။ ထို အခွင့်အလမ်းကို ရခြင်းဟူသည် ပဌမ-စျာန်စိတ္တုပ္ပါဒ် ဖြစ်ခြင်းပင်တည်း။ [မဂ္ဂဖလသုခါဓိဂမာယ ဩကာသဘာဝတော ဝါ ဩကာသော။—မဂ် ဖိုလ် ချမ်းသာကို ရဖို့ရာ အခွင့်အလမ်းဖြစ်သောကြောင့် ပဌမစျာန်သည် ဩကာသ-မည်၏။ အဿ+အဓိဂမော ဩကာသာဓိဂမော—ထို အခွင့်ကိုရခြင်း (ပဌမစျာန် စိတ္တုပ္ပါဒ် ဖြစ်ခြင်း)။] မှန်၏—ပဌမစျာန်သည် နိဝရဏ-ငါးပါးတို့ကို ပယ်ခွာ၍ မိမိ၏အခွင့်အလမ်းကို ယူ၍တည်၏။ (နိဝရဏတို့၏ နေရာဝယ် မိမိက ဝင်၍တည်နေသည်, ဖြစ်နေသည်—ဟူလို။ [နောက်နောက် ဩကာသာဓိဂမ-ဌ် ဤနည်းမှီ၍ သိပါ။]

ရာနံ၊ တို့၏။ ပဋိပ္ပဿဒ္ဓိယာ၊ ငြိမ်းအေးခြင်းကြောင့် လည်းကောင်း။ ။ပ။ သုခံ၊ စတုတ္ထ-ဈာန်နှင့်ယှဉ်သော ဖလသမာပတ်ချမ်းသာသည်။ ဥပပ္ဇတိ။ [နိရောဓသမာပတ်မှ ထသော ပုဂ္ဂိုလ်မှာဖြစ်၏။]။ပ။ သောမနဿံ။(ဥပပ္ဇတိ။) [နိရောဓသမာပတ်မှ ထပြီးပြီးသော်ပုဂ္ဂိုလ်မှာ ဖြစ်၏။]။ပ။အယံ သြကာသာ-ဓိဂမော၁၊ ဤ စထုတ္ထ-ဈာန်တည်းဟူသော အခွင့်အလမ်းကို ရခြင်းကို။ ဝါ၊ ဤ အခွင့်အလမ်းကိုရကြောင်း စတုတ္ထ-ဈာန် တရားကို။ အနုဗုဒ္ဓေါ။

ပုန စ။ပ။ "ဣဒံ၊ ဤ ကုသလကမ္မပထ-တရား ဆယ်ပါးသည်။ ကုသလံ၊ ကုသိုလ်တည်း။" ဣတိ၊ သို့။ ယထာဘူတံ၊ အကြင်အကြင် ထင်ရှားဖြစ်သည့် အတိုင်း။ ဝါ၊ ဟုတ်မှန်စွာ။ နပ္ပဇာနာတိ၊ ကောင်းစွာ အပြားအားဖြင့် မသိ။ "ဣဒံ၊ ဤ အကုသလကမ္မပထ- တရား ဆယ်ပါးသည်။ အကုသလံ၊ တည်း" ။ပ။ "ဣဒံ၊ ဤ အကုသလကမ္မပထ-တရား ဆယ်ပါးသည်။ သာဝဇ္ဇံ၊ အပြစ်နှင့်တကွ ဖြစ်၏။ ဣဒံ၊ ဤ ကုသလကမ္မပထ-တရား ဆယ်ပါးသည်။ အနဝဇ္ဇံ၊ အပြစ်မရှိ။ [နောက်၌ ဣဒံ-ကို ဤနည်းမှီ၍ စဲပါ။] ဣဒံ၊ ကို။ သေဝိတဗ္ဗံ၊ မှီဝဲထိုက်၏။ ဣဒံ၊ ကို။ န သေဝိတဗ္ဗံ၊ ထိုက်။ ဣဒံ။ ဟီနံ၊ ယုတ်ညံ့၏။ ဣဒံ။ ပဏီတံ၊ မွန်မြတ်၏။ ဣဒံ၊ ဤတရားသည်။ ကဏှ-သုက္ကသပ္ပဋိဘာဂံ၊ မည်းညစ်သည်ဖြစ်၍ တူသောအဖို့ရှိ, ဖြူစင်သည်ဖြစ်၍ တူသောအဖို့ရှိ၏" ။ပ။

တဿ၊ ထိုသူ၏။ ဝါ၊ သည်။ ဧဝံ၊ သို့။ ဇာနတော၊ သိလတ်သော်။ ဧဝံ၊ သို့။ ပဿတော၊ မြင်လတ်သော်။ အဝိဇ္ဇာ၊ ဝဋ်ကိုဖုံးထားတတ်သော အဝိဇ္ဇာကို။ ပဟီယတိ၊ပယ်အပ်၏။ ဝိဇ္ဇာ၊ အရဟတ္တမဂ် ဉာဏ် ဝိဇ္ဇာသည်။ ဥပပ္ဇတိ။ တဿ၊ ထိုသူ၏ သန္တာနဒ္ဒ်။ အဝိဇ္ဇာဝိရာဂါ၊ အဝိဇ္ဇာ၏ ကင်းခြင်းကြောင့်။ ဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာ၏ဖြစ်ခြင်းကြောင့်။ သုခံ၊ အရဟတ္တမဂ် အရ-ဟတ္တဖိုလ် ချမ်းသာသည်။ ဥပပ္ဇတိ။ပ။ သောမနဿံ (ဥပပ္ဇတိ)။ [သမာဓိပ မှ ထပြီးသူမှာ ဖြစ်၏။] ။ပ။ အယံ သြကာသာဓိဂမော၂၊ ဤ အရဟတ္တမဂ်-

---

၁။ ဒုတိယသြကာသာဓိဂမ။ ။စတုတ္ထ-ဈာန်သည် သုခ ဒုက္ခ-ကို ပယ်ခွာ၍ မိမိ၏ အခွင့်အလမ်းကို ယူတတ်သောကြောင့် သြကာသာဓိဂမ-မည်၏။ သုခ ဒုက္ခ ဖြစ်ခွင့်မပေးပဲ ထိုနေရာ၌ မိမိဝင်၍ ဖြစ်သည်-ဟူလို။ [ဤ၌ ပဌမ, ဒုတိယ, တတိယ-ဈာန်များလည်း စတုတ္ထဈာန်၌ အတွင်းဝင်သည်။]

၂။ တတိယသြကာသာဓိဂမ။ ။အရဟတ္တမဂ်သည် ကိလေသာ အားလုံးတို့ကို ပယ်ခွာ၍ မိမိ၏အခွင့်အလမ်းကို ယူတတ်သောကြောင့် သြကာသာဓိဂမ မည်၏။ ကိလေသာတို့ကို ဖြစ်ခွင့်မပေးပဲ ထိုနေရာ၌ မိမိဝင်၍ဖြစ်သည်-ဟူလို။

တည်းဟူသော အခွင့်အလမ်းကို ရခြင်းကို။ ဝ၊ အခွင့်အလမ်းကိုရကြောင်း အရဟာတ္တမဂ်တရားကို။ အနုဗုဒ္ဓေါ။ပ။ အာမန္တေသိ၊ ဆက်၍ မိန့်ပြီ။

စတုသတိပဋ္ဌာန

၂၈၉။ တံ ကိံ မညန္တိ ။ပ။ တေန ဘဂဝတာ၊ သည်။ စတ္တာရော။ ဣမေ သတိပဋ္ဌာနာ၊ ဤ သတိပဋ္ဌာန်တို့ကို။ ယာဝ သုပညတ္တာ။ ကုသလသဲ၊ မဂ်ကုသိုလ် ဖိုလ်ကုသိုလ်ကို။ အဓိဂမာယ၊ ငှာ။ ပညတ္တာ။ [အဘိဓမ္မာ ၌ မဂ်သာ ကုသလ-မည်သော်လည်း ဤ နေရာ၌ အပြစ်မရှိခြင်း ယောဂ-လေးပါး တို့ဖြင့် ဘေးမရှိခြင်း ဟူသော အနက်ကြောင့် ဖိုလ်သည်လည်း ကုသလ-မည်သည်။] ။ပ။

အဇ္ဈတ္တံ၊ မိမိ၏။ [သတိပဋ္ဌာန-သုတ်၌ အတ္တနော-ဟု အဋ္ဌကထာ ဖွင့်လိမ့်မည်။] ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယ-ကို အဖန်ဖန် ရှုလေ့ရှိသည်။ အာတာပီ၊ ကိလေသာတို့ကို လောင်မြိုက်တတ်သော သမ္မပ္ပ-ဓာနဝီရိယ-ရှိသည်။ သမ္မဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိသည်။ သတိမာ၊ ကာယကို ပိုင်းခြား၍ ယူတတ်သော သတိရှိသည်။ (ဟုတ္တာ။) လောကေ၊ ရူပကာယ-ဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ (လောဘ ဒေါသ-ကို။) ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိဟရတိ။ပ။ဝိဟရန္တော။ တတ္ထ၊ ထို အဇ္ဈတ္တကာယ၌။ သမ္မာ၊ ကောင်းစွာ။ သမာဓိယတိ၊ သမာဓိဖြစ်၏။ (သမထဝိပဿနာ-၏ အစွမ်းဖြင့် တည်ကြည်၏။) သမ္မာဝိပဿီဒတိ၊ အထူးသဖြင့် ကြည်လင်၏။ပ။သမာဟိတော၊ သမထ ဝိပဿနာ-၏အစွမ်းဖြင့် ကောင်းစွာ အာရုံ၌ ထားအပ်သော စိတ်ရှိသည်။ သမ္မာ။ ဝိပဿန္နော၊ အထူးသဖြင့် ကြည်လင်သည်။ (ဟုတ္တာ။) ဗဟိဒ္ဓါ၊ အပ-၌။ပရကာယေ၊ သူတပါး၏ ကာယ၌။ ဉာဏဒဿနံ၊ သိမြင်တတ်သော ဉာဏ်ကို။ အဘိနိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ [သူတပါး၏ ရူပကာယကိုလည်း သမထ ဝိပဿနာ ရှုပွားသည်-ဟူလို။ နောက် ဝါကျမျှား၌ ဤနည်းကို မှီ၍ ပေးပါ။] ။ပ။

၁။ သမ္မာ ဝိပဿီဒတိ။ ။သမ္မာ သမာဓာန ပစ္စယေန (ကောင်းစွာ တည်ကြည်ခြင်း သမာဓိ ဟူသော အကြောင်းရှိသော။) အဘိပ္ပသာဒေန ဉာဏုပသံဟိတေန (ဉာဏ်နှင့်ယှဉ်သော လွန်စွာ ကြည်လင်ခြင်း ဟူသော သဒ္ဓါဖြင့်။) အဇ္ဈတ္တံ ကာယံ ဩကပ္ပေတိ။ (သင်္ဂဝင်၏။) [ဉာဏ်နှင့်ယှဉ်သော ဩကပ္ပနသဒ္ဓါ ဖြစ်သည်-ဟူလို။]

သတ္တသမာဓိပရိက္ခာရ

၂၉၀။ ''တံ ကိံ မညန္တိ။ပ။ သမ္မာသမာဓိဿ၊ ကို့။ ပရိဘာဝနာယ၊ ထက်ဝန်းကျင် ဖြစ်စေခြင်းငှာ။ ဝါ၊ ထုံမွှမ်းခြင်းငှာ။ သမ္မာသမာဓိဿ၊ ၏။ ပါရိပူရိယာ၊ ထက်ဝန်းကျင် ပြည့်စေခြင်းငှာ။ သတ္တ။ ဣမေ သမာဓိ-ပရိက္ခာရာ စ၊ ဤ သမာဓိ၏ အခြံအရံဖြစ်သော တရားတို့ကိုလည်း။ ယာဝ သုပညတ္တာ။ပ။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိလည်းကောင်း။ပ။ သမ္မာသတိ၊ သမ္မာသတိလည်းကောင်း တည်း။ [ပရိ၊ ထက်ဝန်းကျင်+ခါရ၊ ပြုပြင်တတ်သော တရားကို ''ပရိက္ခာရ–အခြံအရံ'' ဟု ခေါ်သည်။] ဘေ၊ တို့။ သတ္တဟိ အင်္ဂေဟိ၊ တို့ဖြင့်။ စိတ္တာဿ၊ ၏။ ယာ ကေဂ္ဂတာ၊ အကြင် တမျိုးတည်းသော အာရုံရှိသည်၏ အဖြစ်ကို။ ဝါ၊ တမျိုးတည်းသော အာရုံရှိသည်၏ အဖြစ်ဟူသော သမာဓိကို။ ပရိက္ခတာ၊ ထက်ဝန်းကျင် ပြင်ဆင်အပ်ပြီ။ ဝါ၊ ခြံရုံးအပ်ပြီ။ ဘေ၊ တို့။ အရိယော၊ ကိလေသာတို့မှ ဝေးကွာသော။ ဝါ၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော။ အယံ သမာဓိ၊ ဤ စိတ္တေကဂ္ဂတာ ဟုဆိုအပ်သော သမာဓိကို။ သဥပနိသော ဣတိပိ၊ အားကြိုးသော မှီရာ အကြောင်းနှင့် တကွဖြစ်သော သမာဓိဟူ၍လည်းကောင်း။ သပရိက္ခာရော ဣတိပိ၊ အခြံအရံနှင့်တကွဖြစ်သော သမာဓိဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘေ၊ တို့။ သမ္မာဒိဋ္ဌိဿ၊ မှန်ကန်သောဉာဏ်ရှိသူ၏ သန္တာန်၌။ သမ္မာ–သင်္ကပ္ပေါ၊ သည်။ (မှန်သောအကြံသည်။)ပဟောတိ၊ ဖြစ်နိုင်၏။သမ္မာသင်္–ပ္ပဿ၊ သမ္မာသင်္ကပ္ပ–ရှိသူ၏ သန္တာန်၌။ သမ္မာဝါစာ၊ သည်။ (မှန်ကန်စွာ ပြောဆိုမှုသည်။)။ပ။ သမ္မာသမာဓိဿ၊ သမ္မာသမာဓိ–ရှိသူ၏ သန္တာန်၌။ သမ္မာ ဉာဏံ၊ ကောင်းသော မဂ်ဉာဏ် ဖိုလ်ဉာဏ်သည်။ပ။ သမ္မာ ဝိမုတ္တိ၊ ကောင်းစွာ ကိလေသာတို့မှ လွတ်မြောက်ခြင်းသည်။ ဝါ၊ ကောင်းစွာ ကိလေသာတို့မှ လွတ်မြောက်သော မဂ်ဖိုလ်သည်။ ပဟောတိ။

ဘေ၊ အို....နတ်အမျှားတို့။ ဟိ၊ ဆက်ပါဦးမည်။ ''သဉ္ဇာက္ခာတော ဘဂဝတော ဓမ္မော ။ပ။ အပါရုတာ အမတဿ ဒွါရာ''တိ၊ ဟူ၍။ ယံ တံ၊ အကြောင်းစကားကို။ သမ္မာ၊ ကောင်းစွာ။ ဝဒမာနော၊ ပြောဆိုလတ်သော်။ ဝါ၊ ပြောလိုသူသည်။ ဝဒေယျ၊ ပြောရာ၏။တံ၊ ထိုစကားကို။(ထို''သဉ္ဇာက္ခာ–တော ဘဂဝတော ဓမ္မော ။ပ။ အပါရုတာ အမတဿ ဒွါရာ''ဟူသော

စကားကို။ ဝဒေယျ-၌ စပ်။) ဣဒမေဝ[၁]၊ ဤ မဂ္ဂင်ရှစ်ပါး တရားကိုသာ။ ဝါ၊ ဤမင်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားကိုသာ။ (သန္ဓာယ၊ ရည်ရွယ်၍။) သမ္မာ ဝဒမာနော။ ဝဒေယျ၊ ပြောရာပါ၏။

ဘော၊ တို့။ ဟိ၊ မှန်ပါ၏။ ဓမ္မော၊ မဂ္ဂင်ရှစ်ပါး မြတ်တရားကို။ ဝါ၊ မင်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားကို။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်ပါ၏။ပ။ဝိညူဟိ။ [မဟာပရိနိဗ္ဗာန-သုတ် ပုဒ်စဉ် ၁၅၉-၌ အနက်ရေးခဲ့ပြီ။] အမတဿ၊ သေခြင်းမရှိရာ နိဗ္ဗာန်၏။ ဒွါရာ၊ အရိယာမင်-တည်းဟူသော တံခါးကို။ အပါရုတာ၊ ဖွင့်ထားအပ်ပါပြီ။

ဘော၊ တို့။ ဟိ၊ မှန်ပါ၏။ [နိဗ္ဗာန်ဝင်ကြောင်း အရိယာမင်တံခါး ဖွင့်ထား၏-ဟူသော စကား မှန်ပါ၏။] ယေ ကေစိ၊ အကြင်အမှတ်မရှိ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။ ဗုဒ္ဓေ၊ ၌။ အဝေစ္စပသာဒေန၊ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းနှင့်။ သမန္နာဂတာ၊ ကုန်၏။ပ။အရိယကန္တေဟိ၊ အရိယာတို့သည် နှစ်သက်မြတ်နိုးအပ်ကုန်သော။ သီလေဟိ သမန္နာဂတာ။ ဩပပါတိကာ၊ ဥပပါတ်ပဋိသန္ဓေ ရှိကုန်သော။ ဓမ္မဝိနီတာ၊ အရိယာတို့၏ တရား၌ ဆုံးမအပ်ပြီးကုန်သော။ [အရိယဓမ္မေ ဝိနီတာ။-ဋီကာ။] သာတိ-ရေကာနိ၊ အပိုအလွန်နှင့် တကွဖြစ်ကုန်သော။ စတုဝီသတိသတသဟဿာနိ၊ နှစ်သန်း လေးသိန်းကုန်သော။ [နှစ်သန်းလေးသိန်း ကျော်ကုန်သော-ဟူလို။] မာဂဓကာ၊ မဂဓ-တိုင်း၌ နေကုန်သော။ ယေ စ ဣမေ ပရိ-စာရကာ၊ အကြင် ရတနာသုံးပါး၏ အလုပ်အကျွေးတို့သည်လည်း။ အဗ္ဘ-တီတာ၊ နောက်ဘဝသို့ ရှေးရှုသွားကုန်သည်။ ကာလင်္ကတာ၊ ပြုအပ်ပြီး သော သေခြင်းရှိကုန်သည်။ ဝါ၊ သေကုန်သည်။ (သမာနာ၊ ဖြစ်ကုန်လတ်

၁။ ဣဒမေဝ တံ။ ။ဤ သဗ္ဗနာမ်ပုဒ်တို့၏ စွဲနက်ကို အဋ္ဌကထာ၌ မဖွင့်ပါ။ အခြားနေရာ၌ "ဣတိ ယံ တံ ဝုတ္တံ ဣဒမေတံ ပဋိစ္စ ဝုတ္တံ။" (အံ-၁၊ ၁၉၂) "ဣဒံ ခေါ ပနေတံ ဝိသာခေ သန္ဓာယ ဘာသိတံ" (အံ-၁၊ ၂၃၁) စသည်ဖြင့် လာသောစာသွားကို ကြည့်၍ "သန္ဓာယ" ဟု ထည့်ကာ အနက်ပေးလိုက်ပါသည်။ ရှေးနိဿယ-၌ကား တမျိုးပေးထား၏။

ဆိုလိုရင်း။ ။ဤဝါကျ၏ ဆိုလိုရင်းမှာ - အို နတ်များတို့.... ဆက်ပါဦးမည်။ "သွာက္ခာတော ဘဂဝတာ ဓမ္မော။ပ။အပါရုတာ အမတဿ ဒွါရာ" ဟူသော အကြင်စကားကို ကောင်းစွာပြောလိုလျှင် ပြောရာပါ၏၊ ထို စကားကို ဤ ယခု ကျွန်ုပ် ပြောပြအပ်ခဲ့တဲ့ မဂ္ဂင်ရှစ်ပါးကိုသာ ရည်ရွယ်၍ ပြောမှ အမှန်ပြောရာ ရောက်ပါလိမ့် မည်-ဟု ဆိုလိုသည်။

လတ်သော်။) တိဏ္ဏံ။ပ။ သမ္မောဓိပရာယဏာ၊ အထက်မဂ် သုံးပါးဟူသော လဲလျောင်းရာ ရှိပါကုန်၏။

ဇော်ထွ၊ ဤ ဥပါသကာတို့တွင်။ သကဒါဂါမိနော စေဝ၊ သကဒါဂါမ် တို့သည်လည်း။ အတ္ထိ၊ ရှိပါကုန်သေး၏။(ပါ, ပါကုန်သေး၏။) [သောတာ-ပန်များသာမက သကဒါဂါမ်များလည်း ပါကြပါသေး၏။]

ဂါထာအနက်။ ။ဣတရာ၊ ဆိုအပ်ပြီးသော သောတာပန် သကဒါဂါမ်တို့မှ အခြားသော။ ပုဉ္ဇဘာဂါ၊ ထူးသောကောင်းမှု အဖို့အစုရှိသော။ အယံ ပဇာ၊ ဤ သတ္တဝါအပေါင်းသည်။ (အနာ-ဂါမ်ပုဂ္ဂိုလ်များကို ရည်ရွယ်သည်။) အတ္ထိ၊ ရှိပါသေး၏။ ဣတိ၊ သို့။ မေ၊ ကျွန်ုပ်၏။ မနော၊ စိတ်သည်။ (ဟောတိ။) အပိ၊ ထို့သို့ပင် စိတ်ဖြစ်ပါသော်လည်း။ မုသာဝါဒဿ၊ မုသာဝါဒ-မှ။(အလဲ့ကို ပြောမိခြင်းမှ။) ဝါ၊ ကို။ သြတ္တပ္ပံ၊ ကြောက်လန့်သည်ဖြစ်၍။ [သြတ္တပ္ပံ-ဌ် အန္တ-ပစ္စည်း၊ ပထမာ ကေဝုစ်။] သန်္ဓါတုံ၊ အတိအကျ ပြောခြင်းငှာ။ ဝါ၊ အတိအကျ ရေတွက်ခြင်းငှာ။ နာ သက္ကောမိ၊ မစွမ်းနိုင်ပါ။ [အနည်းငယ်လဲ့သွားလျှင် မုသာဝါဒ-ဖြစ်မှာစိုးလို့ အတိအကျ မရေတွက်ပါ။ အမှန်မှာ ရေတွက်နိုင်ပါ၏။-ဟူလို့။] ဣတိ၊ ဤသို့ မိန့်ပြီ။

၂၉၁။ ဣမမတ္ထံ။ပ။သနက်္ခုမာရဿ၊ သော။ ဗြဟ္မုနော၊ သည်။ ဘာသတော၊ ပြောဟောနေစဉ်။ ဝေဿဝဏဿ မဟာရာဇဿ၊ ၏။ပ။ ဥဒပါဒိ။ (ကိံ။) "အစ္ဆရိယံ ဝတ ဘော၊ လက်ဖျောက်ခတ်တီး အံ့ချီး လောက်ပါပေစ့....သြော်။အဗ္ဘုတံ ဝတ ဘော၊ မဖြစ်စဖူး ထူးဆန်းပါပေစ့.... သြော်။ ဝေရူပေါပိ၊ ဤသို့သဘောရှိသည်လည်း ဖြစ်သော။ ဥဠာရော၊ မွန်မြတ်သော။ သတ္ထာ၊ ဆရာဖြစ်သော မြတ်စွာဘုရားသည်။ ဘဝိဿတိ နာမ၊ ရှိပါပေ၏။ (ရှိပါပေတယ်။) ["နာမ" သည် ဝိမှယ၊ သို့မဟုတ် သမ္ဘာဝနာ အနက်ဟော နိပါတ်။] ။ပ။ ဓမ္မက္ခာနုံ၊ တရားကိုဟောတော်မူခြင်းသည်။ ဝါ၊ ဟောအပ်သောတရားသည်။ (ဘဝိဿတိ နာမ) ။ပ။ ဝိသေသာဓိဂမာ၊ တရားထူးကိုရခြင်းတို့သည်။ ဝါ၊ ရအပ်သော တရားထူး ရှိသူတို့သည်။ ပညာယိဿန္တိ (နာမ)၊ ထင်ရှားရှိပါပေကုန်၏။" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။

အထ။ပ။အဝေါစ။ (ကိ•။) ဘဝံ ဝေဿဝဏော မဟာရာဇာ၊ အရှင်-ဝေဿဝဏ်နတ်မင်းကြီးသည်။ တံ၊ ထို ကျွန်ုပ်ပြောအပ်မည့် စကားကို။

ကိ ံ မညတိ ၁၊ အဘယ်သို့ ထင်ပါသနည်း။ အတီတံ၊ အတိတ်ဖြစ်သော။(လွန်ခဲ့ပြီးသော။) အဒ္ဓါနံ ပိ၊ ကာလ၌လည်း။ပ။ သတ္ထာ၊ သည်။ အဟောသိ၊ ဖြစ်ခဲ့ပြီ။ပ။ ဓမ္မက္ခာနံ (အဟောသိ) ။ပ။ ပညာယိ ံသု၊ ထင်ရှားခဲ့ကုန်ပြီ။ပ။ ဘဝိဿတိ၊ ဖြစ်လိမ့်မည်။ပ။ ပညာယိဿန္တိ၊ ထင်ရှားကုန်လိမ့်မည်။'' ဣတိ၊ ဤသို့ ထင်ပါသလော။ ဣတိ၊ ဤသို့ ပြောပြီ။ (မေးပြီ။)

၂၉၂။ ဣမ မတ္ထံ။ပ။ မဟာရာဇာ၊ သည်။ (အာရောစေသိ-၌ စပ်။) သနက်ုမာရဿ၊ သော။ ဗြဟ္မုနော၊ ၏။ (သမ္မုခါ-၌ စပ်။) ဝါ၊ သည်။ တာဝတိ ံသာနံ ဒေဝါနံ၊ တို့အား။ ဘာသတော၊ ပြောဟောစဉ်။သမ္မုခါ၊ မျက်မှောက်၌။ သုတံ၊ ကြားအပ်သည်။ သမ္မုခါ၊ ၌။ ပဋိဂ္ဂဟိတံ၊ မှတ်ယူအပ်သည်။ (ဟုတ္ဝာ။) သယံ ပရိသာယံ၊ မိမိ၏ ပရိသတ်၌။ အာရောစေသိ၊ ပြောပြီ။ပ။ ဘဂဝတော။ အာရောစေသိ၊ လျှောက်ပြီ။ ဣမ မတ္ထံ၊ ကို။ ဘဂဝါ။ပ။ သာမဉ္ဇ၊ ကိုယ်တိုင်လည်း။ အဘိညာယ၊ ထူးသော ဉာဏ်ဖြင့်သိ၍။ပ။ အာရောစေသိ၊ မိန့်တော်မူပြီ။ ဣမ မတ္ထံ၊ မြတ်စွာဘုရား မိန့်တော်မူအပ်သော ဤ အနက်အဓိပ္ပာယ်ကို ။ပ။ ဘိက္ခူနံ၊ တို့အားလည်းကောင်း။ ။ပ။ အာရောစေသိ။ တယိဒံ ဗြဟ္မစရိယံ၊ ထို ဗြဟ္မစရိယ-သည်။ (ထိုအရှင်

၁။ တံ ကိ ံ မညတိ။ ။ဤသို့မေးရခြင်းမှာ ဘုရားရှင်၏ ဂုဏ်တော် များကို (သနက်ုမာရ-ဗြဟ္မာမင်း သိသလောက် ရှေး-က မိမိမသိခဲ့၍) ''ဤကဲ့သို့ ဘုရားရှင်လောကမှာ ရှိပါပေတယ်၊ ဤကဲ့သို့ တရားမျိုး ရှိပါပေတယ်၊ ထိုတရားကို သိသူတွေ အထင်အရှားရှိကြပါပေတယ်'' ဟု ဝေဿဝဏ် နတ်မင်း၏ တအံ့တသြ ဖြစ်ပုံကို မြင်၍ မေးရခြင်းဖြစ်သည်။ သနက်ုမာရ-ဗြဟ္မာမင်းမှာ ''အတိတ် အနာဂတ် ကာလ၌ ထိုကဲ့သို့ ဘုရားမျိုးဖြစ်လည်း မဖြစ်ဖူးခဲ့၊ ဖြစ်လိမ့်မည်လည်း မဟုတ်'' ဟု အယူရှိသောကြောင့် မေးသည်မဟုတ်ပါ။ ဘာ့ကြောင့်နည်း။– သနက်ုမ ရ–ဗြဟ္မာသည် သစ္စာလေးပါးကို သိပြီးသော အရိယာ ဖြစ်သောကြောင့်တည်း။

ဝေဿဝဏ်နတ်မင်းမှာလည်း သံသယ-မဖြစ်။ ။ထို့အတူပင် သနက်ုမာရ-ဗြဟ္မာမင်းသည် ဝေဿဝဏ်နတ်မင်း၏ တအံ့တသြ ဖြစ်ပုံကိုမြင်၍ (အဖြေကို သိချင်၍ မဟုတ်ပဲ) စကားအနေနဲ့သာ မေးရပါသည်။ ဝေဿဝဏ်နတ်မင်းမှာလည်း ''အတိတ် အနာဂတ် ကာလ၌ ထိုကဲ့သို့သော ဘုရားမျိုး ဖြစ်လည်း မဖြစ်ဖူးခဲ့၊ ဖြစ်လိမ့်မည်လည်း မဟုတ်'' ဟု အယူမရှိပါ။ ဘာ့ကြောင့်နည်း၊-ဝေဿဝဏ်နတ်မင်းလည်း သစ္စာလေးပါးကို သိပြီးသော သောတာပန် ဖြစ်သောကြောင့်တည်း။

မှတ်ချက်။ ။ဝေဿဝဏ်နတ်မင်း၏ သောတာပန် ဖြစ်ကြောင်းကို အံ-၌–၃၊ ၁၇၀–၌ ကြည့်ပါ။ ထိုကဲ့သို့ စကားအနေနဲ့ မေးသောကြောင့်ပင် ဝေဿဝဏ်နတ်မင်းကလည်း အဖြေမပေး–ဟု ယူဆဖွယ် ရှိပါသည်။

အာနန္ဒာ-ဟောအပ်သော ဗြဟ္မစရိယသည်။) ဣဒ္ဓေဝ၊ ကြီးလည်းကြီးပွား ပြီ။ ဖီတဉ္စ၊ စည်လည်း စည်ပင်ပြီ။ ဝိတ္ထာရိကံ၊ ထိုထိုအရပ်၌ ဖြန့်အပ်ပြီ။ ဗဟုဇနံ၊ များစွာသော လူအပေါင်း၏ စီးပွားဖြစ်ပြီ။ ပုထုဘူတံ၊ ကျယ်ပြန့်သည်ဖြစ်၍ ဖြစ်ပြီ၊ ယာဝ ဒေဝမနုဿေဟိ၊ နတ်လူတို့တိုင်အောင်။ သုပ္ပကာသိတံ၊ကောင်းစွာ ထင်ရှားပြအပ်ပြီ။ ဣတိ၊ သို့။ (သုတံ၊ နာယူမှတ် သား ဆောင်ထားအပ်ပါပြီ။) [ဣမမတ္ထံ ဇနဝသဘော ယက္ခော-စသော ဝါကျတို့ကို သံဂါယနာတင်ထေရ်တို့ ထည့်ထားအပ်သည်။]

ပဉ္စမံ၊ ငါးသုတ်မြောက်ဖြစ်သော။
ဇနဝသဘသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

၆-မဟာဂေါဝိန္ဒသုတ္တ

၂၉၃။ ဧဝံ မေ သုတံ။ပ။ ပဗ္ဗတေ။ [မဟာပရိနိဗ္ဗာန-သုတ် ပုဒ်စဉ် ၁၃၁-၌ အနက်ရေးခဲ့ပြီ။] အထ ခေါ၊ ၌။ (မြတ်စွာဘုရား၏ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ္ဌတောင်ဝယ် သီတင်းသုံးတော်မူရာ ထိုအခါ၌။) ပဉ္စသိခေါ၊ ပဉ္စသိခ-မည်သော။ (ဖြေချအပ်သော ငါးခုသောဆံအစု ရှိသောကြောင့် ပဉ္စသိခ-မည်သော။) ဂန္ဓဗ္ဗပုတ္တော[၁]၊ ဂန္ဓဗ္ဗ-နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံကို ကျော်လွန်ပြီးသော။ ရတ္တိယာ၊ ညဉ့်၌။ (သန်းခေါင်ယံ၌။) အဘိက္ကန္တဝဏ္ဏော၊ အလွန်နှစ်သက်အပ်သော အဆင်းရှိသည်။ (ဟုတွာ။) ကေဝလကပ္ပံ၊ အလုံးစုံ ထက်ဝန်းကျင်ဖြစ်သော။ [ဋီကာအလို "ကေဝလကပ္ပံ၊ များသောအားဖြင့် ထက်ဝန်းကျင်ဖြစ်သော။" ဟု ပေးပါ။] ဂိဇ္ဈကူဋ္ဌံ၊ ဂိဇ္ဈကုဋ္ဌ မည်သော။ ပဗ္ဗတံ၊ တောင်ကို။ ဩဘာသေတွာ၊ ကိုယ်၏အရောင် တန်ဆာရောင်ဖြင့် ထိန်လင်းစေပြီး၍။ပ။ အဝေါစ။ (ကိံ။) "ဘန္တေ၊ မြတ်စွာဘုရား။ ယံ၊ အကြင်စကားကို။ (အကြင်အကြောင်းအရာကို။) မေ၊ တပည့်တော်သည်။ တာဝတိံသာနံ၊ တာဝတိံသာ-ဘုံ၌ဖြစ်ကုန်သော။ ဝါ၊ တာဝတိံသာ-ဘုံ၌ နေကုန်သော။ ဒေဝါနံ၊ တို့၏။ သမ္မုခါ၊ မျက်မှောက်၌။ သုတံ၊ ကြားအပ်ပါပြီ။ သမ္မုခါ၊ ၌။ ပဋိဂ္ဂဟိတံ၊ မှတ်ယူအပ်ပါပြီ။ တံ၊ ထိုစကားကို။ (ထို အကြောင်းအရာကို။) ဘဂဝတော၊ အား။ အာရောစေမိ၊ လျှောက်ပါမည်။" ဣတိ၊ ဤသို့ လျှောက်ပြီ။ "ပဉ္စသိခ၊ ပဉ္စသိခ။ တွံ။ မေ၊ အား။ အာရောစေဟိ၊ လျှောက်လော့။" ဣတိ၊ သို့။ ဘဂဝါ အဝေါစ။

ဒေဝသဘာ။ ။၂၉၄။ ၂၉၅။ ဤ ဝါကျတို့၏ အနက်ကို ဇနဝသဘ-သုတ် ပုဒ်စဉ် ၂၈၂-၌ ရေးခဲ့ပြီ။ "ပဝါရဏာယ၊ ပဝါရဏာနေ့၌။" ဟူသောပုဒ်သာ ထူးပါသည်။

အဌယထာဘုစ္စဝဏ္ဏ

၂၉၆။ အထ ခေါ၊ ၌။ပ။အာမန္တေသိ (ကိံ။) "မာရိသာ၊ နတ်အများတို့။ တုမှေ၊ အသင်နတ်တို့သည်။ တဿ ဘဂဝတော၊ ထို မြတ်စွာ

၁။ ဂန္ဓဗ္ဗပုတ္တော။ ။ရှေး နိဿယ-၌ "စောင်းသမားသားသည်" ဟု ပေး၏။ ဂန္ဓဗ္ဗ-သည် နတ်အမျိုးအနွယ် တမျိုး ဖြစ်ကြောင်းကို အဘိဓာန်ဂါထာ ၁၃-၌ ဆိုသောကြောင့်လည်းကောင်း၊ ပဉ္စသိခ-သည် ဂန္ဓဗ္ဗ-နတ်မင်းဖြစ်ကြောင်းကို မဟာသမယသုတ္တဋ္ဌကထာ၊ ပုဒ်စဉ် ၃၃၇-၌ ဖွင့်လတ္တံ့ဖြစ်သောကြောင့် လည်းကောင်း "ဂန္ဓဗ္ဗ-နတ်သားသည်" ဟု ပေးလိုက်ပါသည်။

ဘုရား၏။ [မြဟ်စ္ဒာဘုရားက အနီးအပါး၌မရှိပဲ မျက်ကွယ်၌ရှိသောကြောင့် "တဿ" ဟု ထည့်သည်။] အဋ္ဌ၊ ရှစ်ပါးကုန်သော။ ယထာဘုစ္စေ၊ အကြင်အကြင် ထင်ရှားဖြစ်ကုန်သော။ ဝါ၊ ဟုတ်မှန်ကုန်သော။ [ယထာ-ဘူတာ ဧဝ ပ.ထာဘုစ္စံ။] ဝဏ္ဏေ၊ ဂုဏ်တော်တို့ကို။ သောတုံ၊ နားထောင်ခြင်းငှာ။ ဣစ္ဆေယျာထ နော၊ အလိုရှိကြကုန်သလော။ (အလိုရှိကြပါသလား။)" ဣတိ၊ ဤသို့ မိန့်ပြီ။ မာရိသ၊ အရှင်သိကြားမင်း။ပ။ဣစ္ဆာမ၊ အလိုရှိကြပါကုန်၏။ ဣတိ၊ ဤသို့ပြောကုန်ပြီ။

အထ ခေါ။ပ။ဒေဝါနံ၊ တို့အား။ ဘဂဝတော၊ ၏။ အဋ္ဌယထာဘုစ္စေ။ ဝဏ္ဏေ၊ တို့ကို။ ပယိရုဒါဟာသိ၊ ပြောပြပြီ။ (ကိ်။) "တာဝတိ်သာ၊ ကုန်သော။ ဇေဘာန္တော ဒေဝါ၊ အရှင်နတ်တို့သည်။ တံ၊ ထို့ကျွန်ုပ် ပြောဆို အပ်မည့်စကားကို။ ကိ် မညန္တိ၊ အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ [မယာ ဝုစ္စမာနံ တံ-ဟု ရွေးက ပါဌသေသ-ထည့်ကြ၏။] ယာဝဉ္စ၊ အလွန်သာလျှင်။ သော ဘဂဝါ၊ သည်။ ဗဟုဇနဟိတာယ၊ များစွာသောလူအပေါင်း၏ စီးပွားအလို့ငှာ။ ဗဟုဇနသုခါယ၊ များစွာသောလူအပေါင်း၏ချမ်းသာအလို့ငှာ။ လောကာနုကမ္ပာယ၊ လောကကို သနားစောင့်ရှောက်ခြီးမြှောက်ခြင်းငှာ။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဟိတာယ၊ စီးပွားအလို့ငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ (ချမ်းသာဖို့ရာ။) ပဋိပန္နော၊ ကျင့်တော်မူပြီ။ ဧဝံ၊ သို့။ ဗဟုဇနဟိတာယ၊ ငှာ ။ပ။ ပဋိပန္နံ၊ ကျင့်တော်မူသော။ ဣမိနာပိ အင်္ဂေန၊ ဤ အကြောင်းအင်္ဂါနှင့်လည်း။ [ပိ-ဖြင့် နောက်၌ပြမည့် အကြောင်းများကို ပေါင်းပါ။] သမန္နာဂတံ၊ ပြည့်စုံစေတော်မူသော။ သတ္ထာရံ၊ မြတ်စွဲဘုရားကို။ အတီတံသေ၁၊ အတိတ်ဖြစ်သောအဖို့၌။ (အတိတ်ကာလတုန်းက။) နေဝ သမနုပဿာမ၊မတွေ့မြင်ပါကုန်။ [အနာဂတံသေ၊ ၌။ န သမနုပဿာမ၊ ပါကုန်။(ဤဝါကျထည့်ပါ)။] ဧတရဟိ၊ ယခုအခါ၌။ တေန ဘဂဝတာ၊ ထို ငါတို့မြတ်စွာဘုရားကို။ အညတြ၊ ကြဉ်ထား၍။ န (သမနုပဿာမ)၊ ပါကုန်။ (၁)။

တေန ဘဂဝတာ၊ သည်။ ဓမ္မေ၊ မင်္ဂ ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်ကို။ သွာက္ခာတေ၊ ကောင်းစွာ ဟောတော်မူအပ်ပြီ။ ဓမ္မေ၊

၁။ နေဝ **အတီတံ**သေ။ပ။ တေန ဘဂဝတာ။ ။ကျွန်ုပ်တို့ မြတ်စွာဘုရားလို မြတ်စွာဘုရားမှလွဲ၍ ဤ ဗဟုဇနဟိတပဋိပန္နာ ဂုဏ်တော်နှင့် ပြည့်စုံသော အခြားဆရာမျိုးကို အတိတ်တုန်းကလည်း မတွေ့ရပါ၊ အနာဂ်တ်၌လည်း တွေ့ရမည်မဟုတ်ပါ၊ ယခုလည်း မရှိပါ။—ဟူလို။

သည်။ သန္ဒိဋ္ဌကော၊ ၏ ။ပ။ ဝေ့ဒိတဗ္ဗော ဝိညူဟိ။ [မဟာပရိနိဗ္ဗာန–သုတ် ပုဒ်စဉ် ၁၅၉-၌ အနက်ရေးခဲ့ပြီး။] ဇေဝံ၊ သို့။ သြပနေယျိကဿ၊ မိမိစိတ်သို့ ကပ်၍ဆောင်ထိုက်သော။ ဓမ္မဿ၊ မင်္ဂလိနိဗ္ဗာန် ကိုးတန်သော တရား တော်မြတ်ကို။ ဒေသေတာရံ၊ ဟောတော်မူတတ်သော။ပ။ (၂)

"ဣဒံ၊ ဤ ကုသလ ကမ္မပထ– တရား ဆယ်ပါးသည်။ ကုသလံ၊ ကုသိုလ် တည်း။" ဣတိ၊ သို့။ တေန ဘဂဝတာ၊ သည်။ သုပညတ္တံ၊ ကောင်းစွာ ပညတ်တော်မူအပ်ပြီ။ [ဇနဝသဘ–သုတ် ပုဒ်စဉ် ၂၀၀-၌ ရေးခဲ့ပြီ။] ။ပ။ ဇေဝံ၊ သို့။ ကုသလာ ကုသလ။ပ။ သပ္ပဋိဘာဂါနံ၊ ကုသိုလ် အကုသိုလ် အပြစ် နှင့်တကွဖြစ်ကုန် အပြစ်မရှိကုန် မှီဝဲထိုက်ကုန် မှီဝဲထိုက်ကုန် ယုတ်ညံ့ကုန် မွန်မြတ်ကုန် မည်းညစ်သည်ဖြစ်၍တူသော အဖို့ရှိကုန် ဖြူစင်သည်ဖြစ်၍ တူသော အဖို့ရှိကုန်သော။ ဓမ္မာနံ၊ တို့ကို။ ပညာပေတာရံ၊ အပြားအားဖြင့် သိစေတော်မူတတ်သော။ ဝါ၊ ပညတ်တော်မူတတ်သော။ပ။ (၃)

တေန ဘဂဝတာ၊ သည်။ သာဝကာနံ၊ တို့အား။ ဝါ၊ တို့၏ အတွက်။ နိဗ္ဗာနဂါမိနီ၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော။ ပဋိပဒါ၊ အကျင့်ကို။ သုပညတ္တာ၊ ကောင်းစွာ ပညတ်အပ်ပြီ။ နိဗ္ဗာနဥ္စ၊ သည်လည်းကောင်း။ ပဋိ-ပဒါ စ၊ သည်လည်းကောင်း။ သံသန္ဒတိ၊ ရောနှော၏။ သေယျထာပိ နာမ၊ ကား။ ဂင်္ဂါဒကံ၊ ဂင်္ဂါ–မြစ်ရေသည်။ ယမုနောဒကေန၊ ယမုနာ-မြစ်ရေ နှင့်။ သံသန္ဒတိ သေယျထာပိ၊ ရောနှောသကဲ့သို့။ သမေတိ သေယျထာပိ၊ အတူတကွဖြစ်သကဲ့သို့။ပ။ဇေဝံ၊ သို့။ နိဗ္ဗာနဂါမိနိယာ၊ သော။ ပဋိပဒါယ၊ကို။ ပညာပေတာရံ၊ သော။ပ။ (၄)

တဿ ဘဂဝတော၊၏။လာဘော။များသော လာဘ်သည်။ (ကောင်းမွန် ပေါများသော လာဘ်သည်။) အဘိနိပ္ဖန္နော၊ ဖြစ်ပြီ။ သိလောကော၊ကျော် ဇောတော်မူခြင်းသည်။ (ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း ဂုဏ်သတင်း ပျံ့နှံ့ခြင်း ကျော်ဇောခြင်းသည်။) အဘိနိပ္ပန္နော၊ ပြီ။ ယာဝ၁၊ အလွန်ပင်။ ခတ္တိယာ၊ ဇာတ်အားဖြင့် ခတ္တိယ–ဖြစ်သူတို့သည်။ ဝါ၊ မင်းမျိုးမင်းနွယ်တို့သည်။

၁။ ယာဝ မညော။ ။ယာဝ မညော ခတ္တိယာတိ ဇာတ္ထေ ယာဝါတိ အဝဓိပရိစ္ဆေဒ-ဝစနံ၊ မညောတိ နိပါတမတ္တံ၊ ယာဝ ခတ္တိယာ ခတ္တိယေ အဝဓိံ ကတ္ဝာ သဗ္ဗေ ဒေဝမနုဿာတိ အဓိပ္ပာယော။-ဋီကာ။ ဤအလို "ယာဝ ခတ္တိယာ၊ မင်းမျိုးမင်းနွယ် တို့တိုင်အောင်။ သံဝိယာယမာနရူပါ ဝိဟာရန္တိ၊ ကုန်၏။" ဤသို့ အနက်ပေးပါ။ မညော ကား အနက်မရှိသော နိပါတ်တည်း။ ရှေး နိဿယ–၌ မူ မညော–ကို "ဇော-အနက် ဟော" ဟု ကြံတော်မူ၏။

သံပိယာယမာနရူပါ၊ လွန်စွာမြတ်နိုးကုန်သည်၏အဖြစ်ဟူသော သဘောရှိကုန်သည်။(ဟုတ္ဝာ။) ဝိဟရန္တိ မည်၊ နေကုန်သကဲ့သို့ ထင်ရ၏။ (တနည်း) ဝိဟရန္တိ မည်၊ နေကုန်၏။ သော ဘဂဝါ၊ သည်။ ဝိဂတမဒေါ၊ ကင်းသော မာန်ယစ်ခြင်းရှိသည်။ (ကင်းသော မြူးပျော်ခြင်းရှိသည်။ ဟုတ္ဝာ။) အာဟာရံ၊ အာဟာရ-ကို။ အာဟာရေတိ၊ ခံတွင်းသို့ ရွှေးရွှဆောင်တော်မူ၏။ (ဘုဉ်းပေးတော်မူ၏။)ဧဝံ၊ သို့။ ဝိဂတမဒံ၊ ကင်းသော မာန်ယစ်ခြင်းရှိသည်ဖြစ်၍။ အာဟာရံ၊ ကို။ အာဟရယမာနံ၊ ခံတွင်းသို့ ရွှေးရွှဆောင်တော်မူသော။ ဝါ၊ ဘုဉ်းပေးတော်မူသော။ပ။ (၅)

သော ဘဂဝါ၊ သည်။ ပဋိပန္နာနံ၊ ကျင့်ဆဲဖြစ်ကုန်သော။ သခါ-နဥ္စေဝ၊သေခ-ပုဂ္ဂိုလ်တို့၏လည်းကောင်း။(ကလျာဏပုထုဇဉ်နှင့် သောတာပန် သကဒါဂါမ် အနာဂါမ်-များတည်း။) ဝုသိတဝတော်၊ ကျင့်သုံးအပ်ပြီးသော မဂ္ဂဗြဟ္မစရိယ-ရှိကုန်သော။ ခီဏာသဝါနံ စ၊ ရဟန္တာတို့၏လည်းကောင်း။ (ဝသေန၊ စပ်သဖြင့်။) [စပ်ပုဒ်မရှိသောကြောင့် ဋ္ဌကာ၌ ထည့်သည်။] လဒ္ဓသဟာယော[1]၊ ရအပ်သောအဖော်ရှိတော်မူ၏။ တေ၊ ထို သေခ,ခီဏာသဝ ပုဂ္ဂိုလ်တို့ကို။ ဘဂဝါ၊ သည်။ အပနုဒ္ဇ၊ စိတ်အားဖြင့် ပယ်ခွါ၍သော။ ဧကောရာမတံ၊ တပါးတည်း မွေ့လျော်ရာရှိသူ၏ အဖြစ်ကို။ အနုယုတ္တော၊ အဖန်ဖန် အားထုတ်တော်မူသည်။(ဟုတ္ဝာ။)ဝိဟရတိ။ဧဝံ၊ သို့။ ဧကောရာမတံ၊ ကို။ အနုယုတ္တံ၊ သော။ပ။(၆)။

သော ဘဂဝါ၊ သည်။ ယထာ၊ အကြင် အပြားအားဖြင့်။ (အကြင် အခြင်းအထုအားဖြင့်။) ဝါဒီ၂၊ နှုတ်ဖြင့် မိန့်တော်မူလေ့ရှိ၏။ တထာ၊ ထို

၁။ လဒ္ဓသဟာယော။ ။မြတ်စွာဘုရားနှင့်အတူ ထိုထိုကိစ္စ၌ ဖြစ်ကြရသော ဧသကွပုဂ္ဂိုလ်,ရဟန္တာ ပုဂ္ဂိုလ်-သည် သဟာယ-မည်၏။ ဗုဒ္ဓမြတ်စွာသည် ထိုပုဂ္ဂိုလ်တို့နှင့် စပ်သော အဖော်ကို ရတော်မူသောကြောင့် ''လဒ္ဓသဟာယ'' မည်၏။ သို့ရာတွင်–ဗုဒ္ဓမြတ်စွာသည် ထို ပုဂ္ဂိုလ်တို့နှင့် အကြောင်းအားလျော်စွာ ထိုထို ကိစ္စကို ဆောင်ရွက်တော်မူပြီးသောအခါ ထို ရဟန်းတို့၏ အလယ်၌လည်း ဖလသမာပတ် ဝင်စားတော်မူလျက် နေတော်မူ၏။ ထို့ကြောင့် ''တေ ဘဂဝါ အပနုဒ္ဇ'' ဟု ဆိုသည်။

၂။ ယထာဝါဒီ။ ။ယံ ဝါစာယ ဝဒတိ-စသော အဋ္ဌကထာအလို ''ယထာ၊ အကြင်စကားတော်ကို။ ဝါဒီ၊ နှုတ်ဖြင့် မိန့်တော်မူလေ့ရှိ၏။ တထာ၊ ထို မိန့်တော်မူအပ်တိုင်းသော အပြားအားဖြင့်။ ကာရီ၊ နှုတ်ဖြင့် ပြုတော်မူလေ့ရှိ၏။ ယထာ၊ အကြင် အမှုကို။ (အကြင် အရာကို။) ကာရီ၊ ကိုယ်ဖြင့်ပြုတော်မူလေ့ရှိ၏။ တထာ၊ ထိုကိုယ်ဖြင့် ပြုတော်မူတိုင်းသော အပြားအားဖြင့်။ ဝါဒီ၊ နှုတ်ဖြင့် မိန့်တော်မူလေ့ရှိ၏။'' ဤသို့ ပေးသင့်သည်။

မိန့်တော်မူတိုင်းသော အပြားအားဖြင့်။ ကာရီ၊ ကိုယ်ဖြင့် ပြုတော်မူလေ့ရှိ၏။ယထာ၊ အကြင်အပြားအားဖြင့်။ ကာရီ၊ ကိုယ်ဖြင့်ပြုတော်မူလေ့ရှိ၏။ ထထာ၊ ထို ပြုတော်မူတိုင်းသော အပြားအားဖြင့်။ ဝါဒီ၊ နှုတ်ဖြင့် မိန့်တော်မူလေ့ရှိ၏။ ဣတိ။ ထိုကြောင့်။ ယထာဝါဒီတထာကာရီ၊ ယထာ-ဝါဒီတထာကာရီမည်တော်မူ၏။ ယထာကာရီ တထာဝါဒီ၊ မည်တော်မူ၏။ ဧဝံ၊ သို့။ ဓမ္မာနုဓမ္မပွဋိပန္နံ၊ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်တော်မူသော။ပ။ (၇)

သော ဘဂဝါ။ အဇျာသယံ၊ လွန်ကဲသော မှီရာဖြစ်သော။ ဝါ၊ မြတ်သော မှီရာဖြစ်သော။ အာဒိဗြဟ္မစရိယံ၊ အစဉ်ဖြစ်သော မြတ်သော အကျင့်ဖြစ်သော အရိယာမဂ်ဖြင့်။ တိဏ္ဏဝိစိကိစ္ဆော၊ အလုံးစုံ ဥေယျ-တရား၌ လွန်မြောက်အပ်ပြီးသော ဝိစိကိစ္ဆာ-ရှိတော်မူ၏။ ဝိဂတကထံကထော၊ ကင်းပြီးသော အဘယ်သို့ဖြစ်ပါလိမ့်မည်နည်း-ဟု ပြောဆိုကြောင်းစကား ရှိတော်မူ၏။ (ကင်းပြီးသော သို့လော သို့လော တွေးတောခြင်း ရှိတော်မူ၏။) ပရိယောသိတသက်ပွော၊ ပြီးဆုံးစေအပ်ပြီးသော စိတ်အကြံရှိတော်မူ၏။ [သစ္စာလေးပါးကို ထိုးထွင်းရှိသိသော အရိယာမဂ် ရှေသွားရှိသော သဗ္ဗညုတဉာဏ်ဖြင့် ပြည့်စုံသော စိတ်အလိုရှိတော်မူ၏-ဟူလို။] ဧဝံ၊ သို့။ အဇျာသယံ၊ သော။ အာဒိဗြဟ္မစရိယံ၊ ဖြင့်။ တိဏ္ဏဝိစိကိစ္ဆံ၊ သော။ပ။ န ပဿာမ။" ဣတိ၊ သို့။ (ပယိရုဒါဟာသိ။) (၈)

၂၉၇။ ဘန္တေ၊ မြတ်စွာဘုရား။ ဒေဝါနံ၊ တို့၏။ ဣန္ဒော၊ အရှင်-ဖြစ်သော။ သက္ကော၊ သည်။ တာဝတိံသာနံ၊ ကုန်သော။ ဒေဝါနံ၊ တို့အား။ ဘဂဝတော၊ ၏။ အဋ္ဌ ယထာဘုစ္စေ။ ဣမေ ဝဏ္ဏေ၊ တို့ကို။ ပယိရုဒါဟာသိ၊ ပြီ။ ဘန္တေ။ တေန၊ ထို့ကြောင့်။ (သိကြားမင်းက ပြောပြခြင်းကြောင့်။) ဘဂဝတော။ပ။ဝဏ္ဏေ၊ တို့ကို။ သုတွာ၊ ကြားရ၍။ ဒေဝါ တာဝတိံသာ၊ တို့သည်။ ဘိယျောသော၊ လွန်ကဲသော။ မတ္တာယ၊ အတိုင်းအရှည်အားဖြင့်။ [မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ။ (ဘိယျောသော မတ္တာယ၊ အတိုင်းထက် အလွန်။) ဤသို့လည်း ပေးကြ၏။] အတ္တမနာ၊ မိမိစိတ် ရှိကုန်သည်။ ပမုဒိတာ၊ လွန်စွာ ဝမ်း မြောက်ကုန်သည်။ ပီတိသောမနဿဇာတာ၊ ဖြစ်သော ပီတိ သောမနဿ-ရှိကုန်သည်။ ဟောန္တိ။

ဘန္တေ။ တတြ၊ ထို နတ်ပရိသတ်၌။ (တနည်း) တတြ၊ ထို နတ်တို့တွင်။ ဧကစ္စေ၊ အချို့ကုန်သော။ ဒေဝါ။ ဧဝံ၊ သို့။ အာဟံသု၊ ပြော

ကုန်ပြီ။ (ကိံ။) "မာရိသာ၊ အို....နတ်အများတို့။ ဘဂဝါ ယထရိဝ၊ ငါတို့မြတ်စွာဘုရား ကဲ့သို့။ စတ္တာရော၊ လေးဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ လောကေ၊ ၌။ ဥပ္ပဇ္ဇေယျုံ၊ ပွင့်တော်မူကြပါမူ။ ဓမ္မံ စ၊ ကိုလည်း။ ဒေသေယျုံ၊ ဟောတော်မူကြပါမူ။ အဟော ဝတ၊ ဩော်...ကောင်းလေစွ။ (ဩော်....ကောင်းမှာပဲ-နော်။) တံ၊ ထို ဘုရား လေးဆူပွင့်တော်မူခြင်း တရားဟောတော်မူခြင်းသည်။ ဗဟုဇနဟိတာယ။ပ။ အသ၊ ဖြစ်ရာ၏။" ဣတိ၊ ဤသို့ ပြောကုန်ပြီ။ပ။"စတ္တာရော သမ္မာသမ္ဗုဒ္ဓါ၊ တို့သည်။ တိဋ္ဌန္တု၊ တည်ပါစေကုန်ဦး။ (ထားလိုက်ပါဦး။) ။ပ။ဒေဝမနုဿာန" နှိ။ [လွယ်ပြီ။]

၂၉၈။ ဧဝံ၊ သို့။ ဝုတ္တေ၊ နတ်တို့က ပြောဆိုအပ်သော်။ပ။အဝေါစ၊ (ကိံ။) "မာရိသာ၊ အို....နတ်အများတို့။ ယုံ၊ အကြင် အကြောင်းကြောင့်။ ဧကိဿာ၊ တခုသော။ လောကဓာတုယာ၊ တသောင်းသော လောကဓာတ် ၌။ ဒွေ အရဟန္တော။ သမ္မာသမ္ဗုဒ္ဓါ၊ တို့သည်။ အပုဗ္ဗံ၊ ရှေးလည်းမကျ။ အစရိမံ၊ နောက်လည်းမကျ။ (တနည်း) အပုဗ္ဗံ အစရိမံ၊ မရှေး မနှောင်း။ ဝါ၊ တပြိုင်နက်။ ဥပ္ပဇ္ဇေယျုံ၊ ပွင့်တော်မူကုန်ရာ၏။ ဧတံ၊ ဤ အကြောင်း သည်။ (ဤ လောကဓာတ်တခုတည်း၌ ဘုရားနှစ်ဆူတို့၏ တပြိုင်နက်ပွင့်ခြင်း ဟူသော ဤ အကြောင်းသည်။) အဌာနံ၊ မရအပ် မရနိုင်သောအကြောင်း တည်း။ ဝါ၊ မရှိနိုင်သော အကြောင်းတည်း။ (ဧသော၊ ဤအခွင့်သည်။) အနဝကာသော၊ မရအပ် မရနိုင်သော အခွင့်တည်း။ ဝါ၊ မရှိနိုင်သော အခွင့်တည်း။ ဧတံ ဌာနံ၊ ဤ အကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်။ [ဥဏ-ဝိဘင်္ဂ မူလဋ္ဌီ-၁၉၈၊ အနုဋ္ဌီ-၂၀၇-ကို ကြည့်၍ပေးပါသည်။] မာရိသာ၊ တို့။ ဧသာ ဘဂဝါ၊ သည်။ အပ္ပာဗာဓော၊ နှိပ်စက်ပြင်းစွာ မခံသာသော ရောဂါကြီးမရှိသည်။ အပ္ပာဘင်္ကော၊ ဆင်းရဲငြိုငြင် အသက်ရှင်ဖွယ် ရောဂါ ငယ်မရှိသည်။ (ဟုတ္ဝာ။) စိရံ၊ ကြာရှည်စွာ။ ဒီဃံ၊ ရှည်စွာသော။ အဒ္ဓါနံ၊ ကာလပတ်လုံး။ တိဋ္ဌေယျ၊ တည်ရှိတော်မူပါမူ။ အဟော ဝတ၊ စွ။ တံ၊ ထိုသို့ တည်တော်မူခြင်းသည်။ (ထိုသို့ ရောဂါမရှိပဲ ကြာရှည်စွာ တည်ရှိတော်မူခြင်းသည်။) ။ပ။ အသ။" ဣတိ၊ ဤသို့ ပြောပြီ။

အထ ခေါ။ပ။ယေနတ္ထေန၊ အကြင် ပဝါရဏာကို ချီးမြှောက်ခြင်း-ဟူသော အကြောင်းဖြင့်။ ဝါ၊ ကိစ္စဖြင့်။ပ။ အာသနေတိ။ [ဇနဝသဘ-သုတ် ပုဒ်စဉ် ၂၈၂-၌ အနက်ရေးခဲ့ပြီ။]

၂၉၉။ ပုဒ်စဉ် ၂၈၃-၌ အနက်ရေးခဲ့ပြီ။

သနက်ုမာရကထာ

၃၀၀။ ပုဒ်စဉ် ၂၈၄-၌ အနက်ရေးခဲ့ပြီ။ "ယံဝိပါကော၊ အကြင်အကျိုးရှိသည်။ ဘဝိဿတိ။ နံ၊ ထိုဖြစ်ပေါ်လာသောအကျိုးကို။" ဟုဆိုပါ။ ထိုဌ် တမျိုးပေးခဲ့ပါသည်။

၃၀၁။ ဣမမတ္ထံ။ပ။ဗြဟ္မဿရောတိ။[ပုဒ်စဉ် ၂၈၅-၌ အနက်ရေးခဲ့ပြီ။] ။ပ။အဝေါစုံ (ကိံ)။ "မဟာဗြဟ္မေ၊ မြတ်သော ဗြဟ္မာ။ သာဓု၊ သာဓု။ (ကောင်းလှပါ၏-ဟူလို။) ဧတဒေဝ၊ ဤအကြောင်းအရာကိုပင်။ (မောဒန္တိ ဝတ ဘော ဒေဝါ-စသော ဂါထာဖြင့် ပြအပ်သော အနက်အဓိပ္ပာယ်ကိုပင်။) သခ်ါယ၊ ဉာဏ်ဖြင့်သိ၍။ မယံ။ မောဒါမ၊ ဝမ်းမြောက်ပါကုန်၏ ။ပ။ သက္ကေန၊ သည်။ ဘာသိတာ၊ ပြောအပ်ကုန်သော။ တဿ ဘဂဝတော၊ ၏။ပ။ဝဏ္ဏာ၊ တို့သည်။ အတ္ထိ စ၊ ရှိပါကုန်သေး၏။ တေ စ၊ ထိုဂုဏ်တို့ကိုလည်း။ သခ်ါယ မယံ မောဒါမ။" ဣတိ၊ ဤသို့ ပြောကုန်ပြီ။

အဌယထာဘုစ္စဝဏ္ဏ

၃၀၂။ ဘန္တေ။ အထ၊ ၌။ (နတ်တို့က ပြောကြရာ ထိုအခါ၌။) ။ပ။"ဒေဝါန မိန္ဒ၊ နတ်တို့၏အရှင် သိကြားမင်း။ သာဓု၊ တောင်းပန်ပါ၏။ မယမ္ပိ၊ ကျွန်ုပ်တို့သည်လည်း။ပ။သုဏေယျာမ၊ နားထောင်လိုပါ ကုန်၏။" ဣတိ၊ ပြီ။ "မဟာဗြဟ္မေ၊ ဗြဟ္မာမင်း။ ဧဝံ၊ မှန်ပါ။ (ကောင်းပါပြီ။)" ဣတိ ခေါ။ပ။ဗြဟ္မုနော၊ အား။ပ။ပယိရုဒါဟာသိ၊ ပြောပြပြီ။ (ကိံ။) ဘဝံ မဟာဗြဟ္မာ၊ အရှင် ဗြဟ္မာမင်းသည်။ တံ၊ ထိုကျွန်ုပ်ပြောအပ်မည့် စကားကို။ ကိံမညသိ၊ အဘယ်သို့ ထင်ပါသနည်း။ ယာဝဉ္စ။ပ။တေန ဘဂဝတာတိ။ [ပုဒ်စဉ် ၂၉၆-၌ အနက်ရေးခဲ့ပြီ။]

၃၀၃။ ဘန္တေ။ပ။တေန၊ ထိုသို့ ပြောပြခြင်းကြောင့်။ပ။သုတ္ဂာ၊ ၍။ ။ပ။အာမန္တေသိ။ [ပုဒ်စဉ် ၂၈၄-၌ အနက်ရေးခဲ့ပြီ။]

ဂေါဝိန္ဒဗြာဟ္မဏဝတ္ထု

၃၀၄။ တာဝတိံသာ၊ တာဝတိံသာ-ဘုံ၌ ဖြစ်ကုန်သော။ ဝါ၊ တာဝတိံသာ-ဘုံ၌ နေကုန်သော။ ဘောန္တော ဒေဝါ၊ အရှင်နတ်တို့သည်။ တံ၊ ထိုကျွန်ုပ်ပြောဆိုအပ်မည့် စကားကို။ ကိံမညန္တိ၊ အဘယ်သို့ မှတ်ထင်

ကြပါသနည်း။ ယာဝ၊ အလွန်အကဲသာလျှင်။ ဒီဃရတ္တံ၊ အလွန်ရှည်စွာသော ညဉ့်ပတ်လုံး။ သော ဘဂဝါ၊ ထို မြတ်စွာဘုရားသည်။ (ထို ကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။) မဟာပညော၀၊ ကြီးကျယ်သော ပညာရှိတော်မူသည်သာ။ အဟောသိ၊ ဖြစ်တော်မူခဲ့သည် မဟုတ်လော။ [သနင်္ကုမာရ-ဗြဟ္မာက နတ်တို့၏အလိုကို စုံစမ်းသော အနုမတိ-အားဖြင့် ပြောကဲ့သော စကားဖြစ်သည်။]

[အနုမတိ-အားဖြင့် မေးအပ်ပြီးသော ပုစ္ဆာကိုပင် ကိုယ်တိုင် ဖြေလို၍ "ဘူတပုဗ္ဗံ" စသည်ကို ဆက်၍ ပြောသည်။] ဘော၊ အို....နတ်အမျှားတို့။ ဘူတပုဗ္ဗံ၊ ရှေးဦး ဖြစ်ဖူးသော အကြောင်းကား။ (ရှေးက အကြောင်းအရာ ဖြစ်ခဲ့ဖူးသည်ကား။) ဒီဃမွတိ နာမ၊ ဒီဃမွတိ-မည်သော။ ရာဇာ၊ သည်။ အဟောသိ၊ဖြစ်ခဲ့ပြီ။ ဒီဃမွတိဿ၊သော။ ရညော၊၏။ မဟာဂေါဝိန္ဒော နာမ၊ မဟာဂေါဝိန္ဒ-မည်သော။ ဗြာဟ္မဏော၊ ဗြာဟ္မဏ-သည်။ ပုရောဟိတော၊ ပုရောဟိတ်သည်။ (ရှင်ဘုရင်၏ ပစ္စုပ္ပန်, တမလွန်-နှစ်တန်သော စီးပွားတို့ကို ရှေ့ကနေ၍ စီမံတတ်သူသည်။) အဟောသိ။ပ။ ရေဏု နာမ၊ ရေဏုမည်သော။ ကုမာရော၊ မင်းသားသည်။ ပုတ္တော၊ သားတော်သည်။ အဟောသိ။ ဂေါဝိန္ဒဿ၊ သော။ ဗြာဟ္မဏဿ၊ ၏။ ဇောတိပါလော နာမ၊ ဇောတိပါလ မည်သော။ မာဏဝေါ၊ လုလင်သည်။ ပုတ္တော၊ သားသည်။ အဟောသိ။ ဣတိ၊ ဤသို့လျှင်။ ရာဇပုတ္တော၊ မင်းသားဖြစ်သော။ ရေဏု စ၊ ရေဏုသည်လည်းကောင်း။ မာဏဝေါ၊ လုလင် ဖြစ်သော။ ဇောတိပါလော စ၊ သည်လည်းကောင်း။ အညေ၊ ရေဏု-နှင့် ဇောတိပါလ-မှ အခြား ကုန်သော။ ဆ၊ ခြောက်ယောက်ကုန်သော။ ခတ္တိယာ စ၊ မင်းမျိုးတို့သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဇေတေ အဒ္ဒ၊ ဤ ရှစ်ယောက်တို့သည်။ သဟာယာ၊ (သဟာယ်ချင်း) သူငယ်ချင်းတို့သည်။ [သုခ, ဒုက္ခ-တို့သို့ အတူတကွ ကပ်ရောက်တတ်သူတို့သည်။ ဝါ၊ ကောင်းတူ ဆိုးဖက်တို့သည်။] အဟေသုံ၊ ဖြစ်ကုန်ပြီ။

ဘော၊ တို့။ အထ ခေါ၊ ၌။ အဟောရတ္တာနံ၊ နေ့ည၌တို့၏။ အစ္စယေန၊ ကျော်လွန်ရာ အခါ၌။ ဂေါဝိန္ဒော၊ သော။ ဗြာဟ္မဏော၊ သည်။ ကာလံ၊ သေခြင်းကို။ ဝါ၊ သေချိန်ကို၊ အကာသိ၊ ပြုပြီ။ ဂေါဝိန္ဒေ၊ သော။ ဗြာဟ္မဏော၊ သည်။ ကာလင်္ကတေ၊ ပြုအပ်ပြီးသော သေခြင်းရှိလတ်သော်။ ဝါ၊ သေလတ်သော်။ ဒီဃမွတိ။ ရာဇာ၊ သည်။ ပရိဒေဝေသိ၊ ငိုကြွေးပြီ။

(ကိုံ၊ အဘယ်သို့ ပြောရှ် ငိုကြွေးသနည်း။) "ဘော၊ အို....အမတ်တို့။ယသ္မိုံ သမယေ၊ အကြင်အခါ၌။ မယံ၊ ငါတို့သည်။ ဂေါဝိန္ဒေ၊ သော။ဗြာဟ္မဏေ၊ ၌။ (ဗြာဟ္မဏ-အပေါ်၌။) သဗ္ဗကိစ္စာနိ၊ တို့ကို။ သမ္မာ၊ ကောင်းစွာ။ (စိတ်ချလက်ချ။) ဝေါဿဇ္ဇိတ္ဝာ၊ စွန့်လွှတ်၍။ (သူ့အား တာဝန်ပေး၍-ဟူလို။) ပဥ္ဇဟိ ကာမဂုဏေဟိ၊ တို့နှင့်။ (သမ်ဂီဘူတာ-၌ စပ်။) ဝါ၊ တို့သည်။ သမပိတာ၊ ကောင်းစွာ ရောက်အပ်ကုန်သည်။ သမ်ဂီဘူတာ၊ ပြည့်စုံသည် ဖြစ်၍ဖြစ်ကုန်သည်။ (ဟုတ္ဝာ။) ပရိစာရေမ၊ ဣန္ဒြေတို့ကို ထိုထို ဤဤ လှည့်လည်စေနိုင်ကုန်၏။ ဝါ၊ ပျော်ပျော်ပါးပါး ခံစားနိုင်ကုန်၏။ တသ္မိုံ သမယေ၊ ၌။ နော၊ ငါတို့၏။ ဂေါဝိန္ဒော ဗြာဟ္မဏော၊ သည်။ ကာလက်-တော ဝတ၊ ပြုအပ်ပြီးသော သေခြင်း ရှိလေစွ....တကား။ ဝါ၊ သေလေစွ.... တကား။" ဣတိ၊ ဤသို့ပြောရှ် ငိုကြွေးပြီ။

ဘော၊ အို....နတ်အများတို့။ ဧဝံ၊ သို့။ ဝုတ္တေ၊ ပြောဆိုအပ်သော်။ ရာဇပုတ္တော၊ သော။ ရေဏု၊ သည်။ ဒိသမ္ပတိုံ၊ သော။ ရာဇာနံ၊ ကို။ ဧတံ၊ ဤစကားကို။ အဝေါစ၊ သံတော်ဦးတင်ပြီ။ (ကိုံ။) "ဒေဝ၊ မင်းမြတ်။ တွံ၊ အရှင်မင်းမြတ်သည်။ ဂေါဝိန္ဒေ ဗြာဟ္မဏေ၊ သည်။ ကာလက်တေ၊ လတ်သော်။ အတိဗာဠှံ၊ အလွန်ပြင်းထန်စွာ။ မာ ပရိဒေဝေသိ၊ ငိုကြွေးတော် မမူပါနှင့်။ ဒေဝ၊ မင်းမြတ်။ ဂေါဝိန္ဒဿ ဗြာဟ္မဏဿ၊ ၏။ ဝါ၊ မှာ။ ဇောတိပါလော နာမ၊ သော။ မာဏဝေါ၊ လုလင်ဖြစ်သော။ ပုတ္တော၊ သည်။ အတ္ထိ၊ ရှိပါ၏။ ပိတရာ၊ အဖထက်။ ပဏ္ဍိတ တရော စေဝ၊ သာ၍ လည်း ပညာရှိသူပါတည်း။ ပိတရာ၊ ထက်။ အလမတ္ထ ဒသတရော စေဝ၊ ထိုထို ကိစ္စကို မြင်စွမ်းနိုင်သူကို လွှမ်းမိုးသာလွန်နိုင်သူပါတည်း။ (တနည်း) အလမတ္ထ ဒသတရော စေဝ၊ သာ၍ ထိုထို ကိစ္စကို မြင်စွမ်းနိုင်သူပါတည်း။ အဿ၊ ထို ဇောတိပါလ-၏။ ပိတာ၊ အဖသည်။ ယေပိ အတ္ထေ၊ အကြင် စီးပွားတို့ကိုလည်း။ အနုသာသိ၊ သွန်သင်ပါပြီ။ တေပိ၊ ထို စီးပွားတို့ကို လည်း။ ဇောတိပါလဿ၊ သော။ မာဏဝဿေဝ၊ လုလင်၏သာ။ အနုသာ-သနိယာ၊ သွန်သင်လမ်းပြ အဆုံးအမဖြင့်။ (အနုသာသတိ၊ သွန်သင်ရ ပါ၏။)" ဣတိ၊ ဤသို့ သံတော်ဦးတင်ပြီ။ [အဌကထာ၌ "အနုသာသတိ" ဟု ထည့်၏။] ကုမာရ၊ မင်းသား။ ဧဝံ၊ ဤအတိုင်းမှန်သလော။ ဣတိ၊ ဤသို့ မေးပြီ။ ဒေဝ။ ဧဝံ၊ ဤအတိုင်း မှန်ပါ၏။ ဣတိ၊ ဤသို့ သံတော်ဦး တင်ပြီ။

မဟာဂေါဓိန္ဒဝတ္ထု

၃၀၅။ ဘော၊ အို ...နတ်အမျှားတို့။ပ။ အညတရံ၊ တယောက်သော။ ပုရိသံ၊ ကို။ အာမန္တေသိ၊ အမိန့်ရှိပြီ။ (ကိုဴ) ‘‘အမ္ဘော ပုရိသ၊ အမောင် ယောကျ်ား။ ဧဟိ၊ သွားချေ။ တုံ၊ သည်။ပ။ ဥပသင်္ကမ၊ ချဉ်းကပ်ချေ။ ။ပ။ ဧဝံ၊ သို့။ ဝဒေဟိ၊ ပြောပါလေ။ (ကိုဴ၊ အဘယ်သို့ ပြောရမည်နည်း။) ‘ဘဝန္တံ ဧောတိပါလံ၊ အရှင်ဧောတိပါလ-၏။ ဘဝေါ၊ ကြီးပွားခြင်းသည်။ ဝါ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာသည်။ အတ္ထု၊ ဖြစ်ပါစေ။ [ဘဝေါ+အတ္ထု-ဟု ပုဒ်ဖြတ်၊ ဿ-ကို အ-ပြု၊ မ-အကွာရာလာ။] ရာဇာ ။ပ။ အာမန္တယတိ၊ ခေါ်တော်မူပါ၏။ပ။ မာဏဝဿ၊ ကို။ ဒဿနကာမော၊ တွေ့မြင်ခြင်းငှာ အလိုရှိ၏။’ ဣတိ၊ ဤသို့ ပြောပါလေ။’’ ဣတိ၊ ဤသို့ အမိန့်ရှိပြီ။ ‘‘ဒေဝ၊ မင်းမြတ်။ ဧဝံ၊ မှန်ပါ။’’ ဣတိ ခေါ၊ လျှင် ။ပ။ နိဿိဒိ။ [မဟာဝဂ်ပရိနိဗ္ဗာနသုတ်၊ ပုဒ်စဉ် ၁၃၃-၌ အနက်ရေးခဲ့ပြီ။]

ဧကမန္တံ ။ပ။ အဝေါစ။ ‘‘ဘဝံ ဧောတိပါလော၊ သည်။ နော၊ ငါတို့အား။ [အာရောစနတ္ထ-သမ္ပဒါန်။] ဝါ၊ တို့ကို။ [ကံ။] အနုသာသတု၊ သွန်သင်လမ်းပြ ဆုံးမပါ။ ဘဝံ ဧောတိပါလော၊ သည်။ နော၊ တို့ကို။ အနုသာသနိယာ၊ သွန်သင်လမ်းပြ ဆုံးမခြင်းမှ။ မာ ပစ္စဗျာဟာသိ၊ ဆန့်ကျင်ဘက် မဆိုပါနှင့်။ ဝါ၊ မပယ်စွန့်ပါနှင့်။ [ကျွန်ုပ်က သွန်သင်လမ်းပြ ဆုံးမပါ-ဟု တိုက်တွန်းသောအခါ သွန်သင်လမ်းပြ မဆုံးမနိုင်ပါ-ဟု လက်မခံပဲ ပယ်စွန့်မှုမပြုပါနှင့်၊ လက်ခံပါ-ဟူလို။]တံ၊ သင့်ကို။ ပေတ္တိကော၊ အဖ၏ ဥစ္စာဖြစ်သော။ ဌာနေ၊ ရာထူး၌။ ဌပေဿာမိ၊ ထားပါမည်။ ဓေါဝိန္ဒိယော၊ ဓေါဝိန္ဒိယ-ပုရောဟိတ်ရာထူး၌။ အဘိသိဉ္စိဿာမိ၊ အဘိသိက် သွန်းပါမည်။’’ ဣတိ၊ ဤသို့ ပြောပြီ။ ‘‘ဘော၊ အရှင်မင်းမြတ်။ ဧဝံ၊ မှန်ပါ။ ’’။ပ။ အဘိသိဉ္စိ၊ ပြီ။ပ။ ဌပေသိ၊ ထားပြီ။

အဘိသိတ္တော၊ အဘိသိက် သွန်းအပ်ပြီးသော။ ဧောတိပါလော မာဏဝေါ။ ဓေါဝိန္ဒိယော၊ ဓေါဝိန္ဒိယ-မည်သော။ ပေတ္တိကော၊ သော။ ဌာနေ၊ ဌ၌။ ဌပိတော၊ ထားအပ်သည်။ (သမာနော။) အဿ၊ ထို ဧောတိပါလ-၏။ ပိတာ ယေပိ အတ္ထေ အနုသာသတိ၊ တေ ပိ အတ္ထေ။ အနုသာသတိ၊ သွန်သင်လမ်းပြ ဆုံးမ-ရ၏။ပ။ နာနုသာသိ၊ မသွန်သင်နိုင်ခဲ့။ပ။အနုသာသတိ။ အဿ၊၏။ပိတာ။ယေပိ ကမ္မန္တေ၊ အကြင် အလုပ်တို့ကိုလည်း။ အဘိသမ္ဘောသိ၊ ဖြစ်စေပြီ။ (စီမံရပြီ။) တေပိ ကမ္မန္တေ၊ တို့ကိုလည်း။ အဘိသမ္ဘောတိ၊ ဖြစ်စေရ၏။ (စီမံရ၏။)။ပ။နာဘိသမ္ဘောသိ၊ မစီမံနိုင်ခဲ့။ပ။အဘိသမ္ဘောတိ။

[မိမိအဖေ စိမံခဲ့သော လုပ်ငန်းတို့ကိုလည်း ဆက်လက်စိမံ၍ မိမိအဖေ မစိမံနိုင်ခဲ့သော အသစ်အလုပ်တို့ကိုလည်း စိမံရသည်-ဟူလို။)

တမေနံ၊ ထို ဇောတိပါလ-လူလင်ကို။ မနုဿာ ဧဝ မာဟံသု (ကိံ။) ။"ဘော၊ အို....အမောင်တို့။ ပြာဟ္မဏော၊ အဖဖြစ်သူ ပြာဟ္မဏသည်။ ဂေါဝိန္ဒော ဝတ၊ ပညာရှိပါပေစ့....တကား။ ဘော၊ တို့။ ပြာဟ္မဏော၊ သားဖြစ်သူ ဇောတိပါလ-ပြာဟ္မဏသည်။ မဟာဂေါဝိန္ဒော ဝတ၊ မြတ်သောပညာရှိ ဖြစ်ပါပေစ့....တကား။"ဣတိ၊ ဤသို့ ပြောကုန်ပြီ။ [အဖေဖြစ်သူက ပညာရှိပါပေစ့၊ သားဖြစ်သူက သာ၍ပညာရှိပါပေစ့-ဟု ပြောကြသည်။-ဂဝံ၊ ထိုထို ကိစ္စကို သိတတ်သောဉာဏ်ကို။ ဝိန္ဒတိ၊ ရရှိတတ်၏။ ဣတိ၊ ကြောင့်။ ဂေါဝိန္ဒော၊ မည်၏။] ဘော၊ အို....နတ်အမျှားတို့။ ဣမိနာ ဧဝံ ပရိယာယေန၊ ဤသို့သော ပရိယာယ်စကားကြောင့်။ (ဤအကြောင်းကြောင့်-ဟူလို)။ပ။ မာဏဝဿ၊ ၏။ ဂေါဝိန္ဒော မဟာဂေါဝိန္ဒောတ္ဝေ၊ ဂေါဝိန္ဒ မဟာဂေါဝိန္ဒ-ဟူ၍သာ။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

ရဇ္ဇသံဝိဘင်္ဂန

၃၀၆။ အထ ခေါ။ပ။ ယေန၊ ၌။ ဆ။ တေ ခတ္တိယာ၊ ထို၎င်းသားတို့သည်။ (သန္တိ။) တေန၊ သို့။ ဥပသင်္ကမိ၊ သွားပြီ။ပ။ အဝေါစ။ (ကိံ။)"ဘော၊ အို....အရှင်မင်းသားတို့။ ဒီသမ္မတိ ရာဇာ၊ သည်။ ဇိဏ္ဏော၊ အိုပါပြီ။ ဝုဒ္ဓေါ၊ ကြီးပါပြီ။ မဟလ္လကော၊ ကြီးသူ၏အဖြစ်ကို ယူပါပြီ။ အဒ္ဓဂတော၊ ရှည်သောကာလသို့ ရောက်ပါပြီ။ ဝယော အနုပ္ပတ္တော၊ ပစ္ဆိမ-အရွယ်သို့ ရောက်ပါပြီ။ ဘော၊ တို့။ ကော၊ အဘယ်သူသည်။ ဇီဝိတံ၊ အသက်ကို။(အသက်ရှင်ခြင်းကို။)ဇာနာတိ နု ခေါ၊ သိနိုင်အံ့နည်း။ ယံ၊ အကြင်အကြောင်းကြောင့်။ ဒီသမ္မတိမ္ပိ၊ သော။ ရညော၊ သည်။ ကာလ-ကံ်တော၊ နတ်ရွာစံလတ်သော်။ ရာဇကတ္တာရော၊ မင်းအဖြစ်ကိုပြုတတ်သော အမတ်တို့သည်။ (မင်းဖြစ်အောင် အဘိသိက်မြောက်တတ်သော အမတ်တို့သည်။) ရေဏုံ၊ ရေဏု မည်သော။ ရာဇပုတ္တံ၊ မင်းသားကို။ ရဇ္ဇေ၊ မင်းအဖြစ်၌။ အဘိသိဉ္စေယျုံ၊ အဘိသိတ်သွန်းကုန်ရာ၏။ ဇေတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိနိုင်၏။

ဘောန္တော၊ အရှင်မင်းသားတို့သည်။ အာယန္တု၊ လာကြပါ။ပ။ ဥပသင်္ကမထ၊ သွားကြပါကုန် ။ပ။ ဇေဝံ၊ သို့။ ဝဒေထ၊ ပြောကြပါကုန်။

(ကိံ။)'မယံ၊ ကျွန်ုပ်ဟို့သည်။ ဘောတော ရေဏုသ၊ အရှင်ရေဏု၏။ ပိယာ၊ ချစ်အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ အပ္ပဋိကူလာ၊ မရှံအပ်ကုန်သော။ ဝါ၊ မမုန်းအပ်ကုန်သော။ [ကရုဏာထားအပ်ကုန်သော-ဟူလို။]သဟာယာ၊ သူငယ်ချင်းတို့ပါတည်း။ ဘဝံ၊ အရှင်သည်။ ယံ သုခေါ၊ အကြင်ချမ်းသာရှိပါ၏။ မယံ၊ ကျွန်တော်တို့သည်။ တံသုခါ၊ ထိုချမ်းသာရှိပါကုန်၏။ ဘဝံ။ ယံဒုက္ခော၊ ၏။ မယံ။ တံဒုက္ခာ၊ ကုန်၏။[အရှင်ချမ်းသာသလို ချမ်းသာ၍ အရှင်ဆင်းရဲသလို ဆင်းရဲကြရပါ၏-ဟူလို။]။ပ။ ဘဝံ ရေဏု၊ အရှင်ရေဏုသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ဝါ၊ မင်း၏ဥစ္စာဖြစ်သော တိုင်းပြည်ကို။ သစေ လဘေထ၊ အကယ်၍ရအံ့။(ဧဝံ သတိ၊ ဤသို့ရလတ်သော်။) နော၊ ကျွန်ုပ်တို့အား။ ရဇ္ဇေန၊ တိုင်းပြည်ဖြင့်။ သံဝိဘဇေထ၊ ဝေဖန်တော်မူပါကုန်။'ဗ္ဗတိ၊ ဤသို့ပြောကြပါကုန်။''ဗ္ဗတိ၊ ဤသို့။(အဝေါစ။)''ဘော၊ အရှင်ဗြာဟ္မဏ။ ဧဝံ၊ မှန်ပါ။''။ပ။ ရဇ္ဇေနာတိ။ ဘော၊ အရှင်မင်းသားတို့။ ဘဝန္တေဟိ၊ အရှင်တို့ကို။ အညတြ၊ ကြဉ်၍။ အညော၊ အရှင်မင်းသားတို့မှ အခြားသော။ ကော၊ အဘယ်သူသည်။ မမ၊ ကျွန်ုပ်၏။ ဝိဇိတေ၊ နိုင်ငံ၌။ သုခေါ၊ ချမ်းသာသည်။ ဘဝေထ နု ခေါ၊ ဖြစ်သင့်ရာအံ့နည်း။ ဘော၊ အရှင်မင်းသားတို့။ အဟံ၊ ကျွန်ုပ်သည်။ ရဇ္ဇံ၊ ကို။ သစေ လဘိဿာမိ၊ အကယ်၍ရအံ့။ (ဧဝံ သတိ။) ဝေါ၊ အရှင်မင်းသားတို့အား။ ရဇ္ဇေန၊ တိုင်းပြည်ဖြင့်။ သံဝိဘဇိဿာမိ၊ ဝေဖန်ပါမည်။ (ခွဲဝေပေးပါမည်။) ဗ္ဗတိ၊ ဤသို့ပြောပြီ။

၃၀၇။ ဘော၊ အို....နတ်အများတို့။ပ။အဘိသိဉ္စိံသု၊ အဘိသိက် သွန်းကုန်ပြီ။ အဘိသိတ္တော၊ အဘိသိက်သွန်းအပ်ပြီးသော။ [အဘိသိက် ရေစင်ဖြင့် သွန်းလောင်းအပ်ပြီးသော-ဟု သဒ္ဒတ္ထ-ဆိုပါ။] ရေဏု၊ သည်။ ရဇ္ဇေန၊ မင်းအဖြစ်ဖြင့်။ ပဥ္ဇဟိ။ပ။ပရိစာရေတိ၊ ဗ္ဗန္ဒေတို့ကို ထိုထိုဤဤ လှည့်လည်စေ၏။ ဝါ၊ ပျော်ပျော်ပါးပါး ခံစား၏။ပ။ပရိစာရေတိ၊ ခံစားနေ၏။ ဘော၊ အရှင်မင်းသားတို့။ ကော၊ သည်။ ဇာနာတိ၊ သိနိုင်သနည်း။ ကာမာ၊ လိုလားအပ်သော ဝတ္ထုအာရုံ တို့သည်။ မဒနီယာ၊ ယစ်မူးမေ့လျော့စေတတ်ကုန်၏။ ဘောန္တော၊ တို့သည်။ အာယန္တု၊ လာကြပါကုန်။ပ။ဝဒေထ၊ ပြောကြပါကုန်။ (ကိံ။) ဘော၊ အရှင်မင်းမြတ်။ပ။ ဘဝံ ရေဏု၊ အရှင်ရေဏုကို။ ရဇ္ဇေန၊ မင်းအဖြစ်ဖြင့်။ အဘိသိတ္တော၊ အဘိသိက် သွန်းအပ်ပါပြီ။ ဘဝံ၊ သည်။ တံ ဝစနံ၊ ထိုစကားကို။ (အရှင်မင်းမြတ်-မင်းမဖြစ်ခင်က ပြောထားအပ်သော ''ကော နု ခေါ ဘော

။ပ။ သံဝိဘင်္ဂသာမိ ဝေါ ရဇ္ဇေန''ဟူသောစကားကို။) သရုတ်၊ အမှတ် ရပါ၏လော။ ဣတိ၊ ဤသို့ ပြောကြပါကုန်။ ဣတိ (အဝေါစ)။

၃၀၈။ ဘော၊ အို....နတ်အမျှားတို့။ [ဂေါဝိန္ဒဗြာဟ္မဏဝတ္ထုကို ပြောပြနေသော သနင်္ကုမာရ-ဗြဟ္မာ့မင်း၏ စကား။] ''ဘော၊ အရှင်ဗြာဟ္မဏ၊ ဧဝံ-မှန်ပါ။'' [ဂေါဝိန္ဒ ဗြာဟ္မဏကို ပြန်ပြောကြသော မင်းသားများ၏ စကား။] ဣတိ ခေါ၊ လျှင်။ တေ ဆ ခတ္တိယာ။ပ။တံ ဝစနန္တိ။ ဘော၊ အရှင်မင်းသားတို့။ အဟံ တံ ဝစနံ။ သရာမိ၊ အမှတ်ရပါ၏။ ဘော၊ တို့။ ကော်၊ အဘယ်သူသည်။ ဥတ္တရေန၊ မြောက်အရပ်အား ဖြင့်။ အာ-ယတံ၊ အလျားရှည်သော။ ဒက္ခိဏေန၊ တောင်အရပ်အား ဖြင့်။ သကဋ္ဌ-မုခံ၊ လှည်းဦးနှင့်တူသော။ ဣမံ မဟာပထဝိံ၊ ဤမြေကြီးကို။ သတ္တဓာ၊ ခုနစ်ပိုင်း ခုနစ်ဖို့။ သမံ၊ ညီညီမျှမျှ။ သုဝိဘတ္တံ၊ ကောင်းစွာခွဲဝေ အပ်သည် မည်လောက်အောင်။ ဝိဘဇိတုံ၊ ခွဲဝေ ခြင်းငှာ။ ပဟောတိ နု ခေါ၊ စွမ်းနိုင်ပါသနည်း။ ဣတိ၊ ဤသို့ မေးပြီ။ ဘော၊ အရှင် မင်း မြတ်။ မဟာဂေါဝိန္ဒေန ဗြာဟ္မဏေန၊ ကို။ အညတြ၊ ၍။ အညော၊ အခြားသော။ ကော၊ အဘယ်သူသည်။ ပဟောတိ နု ခေါ၊ စွမ်းနိုင်ပါအံ့နည်း။ (မဟာဂေါဝိန္ဒ ဗြာဟ္မဏ-သာ စွမ်းနိုင်ပါလိမ့်မည်၊ အခြားသူ မစွမ်းနိုင်ပါ-ဟူလို။) ဣတိ၊ ဤသို့ သံတော်ဦးတင်ကုန်ပြီ။

ဘော၊ အို....နတ်အမျှားတို့။ပ။အာမန္တေသိ၊ ခေါ်၍ ပြောပြီ။ (ကိုဏ်။) ''အမ္ဘောပုရိသ၊ အမောင်ယောကျ်ား။ ဟေါ၊ သွားချေ။ တုံ၊ သည်။ပ။ ဝဒေယ်၊ ပြောချေ။ (ကိုဏ်၊ အဘယ်သို့ ပြောရမည်နည်း။) ''ဘဒ္ဒန္တော၊ အရှင်ပုရောဟိတ်။ ရာဇာ ရေကု၊ မင်းမြတ် ရေကုသည်။ တံ၊ အရှင့်ကို။ အာမန္တေသိ၊ ခေါ်တော်မူပါ၏။'' ဣတိ၊ ဤသို့။ (အာမန္တေသိ။)''။ပ။ အဝေါစ။ (ကိုဏ်။) ''ဘဝံ ဂေါဝိန္ဒော၊ အရှင်ဂေါဝိန္ဒ-သည်။ ဧတု၊ ကြွပါ။ ဥတ္တရေန၊ ဖြင့်။ အာယတံ၊ သော။ ဒက္ခိဏေန၊ ဖြင့်။ သကဋ္ဌ-မုခံ၊ သော။ ဣမံ မဟာပထဝိံ၊ ကို။ သတ္တဓာ သမံ။ သုဝိဘတ္တံ၊ အောင်။ ဝိဘဇတု၊ ဝေဖန်ပါ၊ (ခွဲဝေပေးပါ)''။ပ။ဝိဘဇိ၊ ဝေဖန်ပြီ။ သဗ္ဗာနိ၊ အလုံးစုံသော တိုင်းပြည်တို့ကို။ သကဋ္ဌမုခါနိ၊ လှည်းဦးနှင့် တူသည်တို့ကို။ ပဋ္ဌပေသိ၊ ဖြစ်စေပြီ။ [ခြောက်ပြည်ထောင်သော နိုင်ငံ တို့သည် ရေကု-မင်း၏နိုင်ငံကို ဝိုင်းရံ၍ တည်နေကြ၏။ ထိုနိုင်ငံများသည် ရေကု-မင်း၏ နိုင်ငံ၏ အနီး၌ တဂါဝုတ်ကျယ်၍ နောက်နောက်၌ သုံးယူဇနာစီကျယ်၏။ ထို့ကြောင့်-လှည်းဦးနှင့်တူသည်။] တတြ၊ ထိုနိုင်ငံတို့တွင်။

မင်္ဂလာ၊ အလယ်၌။ ရေဏုဿ ရညော၊ ၏။ ဇနပဒေါ၊ ဇနပုဒ်သည်။ (တိုင်းပြည်သည်။) ဟောတိ။

၃၀၉။ ကလိင်္ဂါနံ၊ ကလိင်္ဂါ-ဟု ဗဟုဝုစ် အမည်ရသော ဇနပုဒ်၏။ ဝါ၊ ကလိင်္ဂ-တိုင်း၏။ ဒန္တပုရံ၊ ဒန္တပုရ-မြို့တော်ကို လည်းကောင်း။ [နောက်၌ ဤသို့ချည်းဆိုပါ။] အဿကာနံ၊ အဿက-တိုင်း၏။ ပေါတနံ စ၊ ပေါတန-မြို့တော်ကို လည်းကောင်း။ အဝန္တီနံ၊ အဝန္တီ-တိုင်း၏။ မဟေသယံ၊ မဟေဿယ-မြို့တော်ကိုလည်း ကောင်း။ [မာဟိဿတိ-မြို့တော်ဟုလည်း မူကွဲရှိ၏။] သောဝီရာနံ၊ သောဝီရ-တိုင်း၏။ ရောရုကံ စ၊ ရောရုက-မြို့တော်ကို လည်းကောင်း။ (မာပိတာနိ၊ တည်ထောင် ဖန်ဆင်းအပ်ကုန်ပြီ။)

ဝိဒေဟာနံ၊ ဝိဒေဟ-တိုင်း၏။ မိထိလာ စ၊ မိထိလာ-မြို့တော်ကိုလည်းကောင်း။ အင်္ဂေသု၊ အင်္ဂါ-ဟု ဗဟုဝုစ် အမည်ရသော ဇနပုဒ်၌။ ဝါ၊ အင်္ဂ-တိုင်း၌။ စမ္ပာ၊ စမ္ပာ-မြို့ကိုလည်းကောင်း။ ကာသီနံ၊ ကာသီ-ဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၏။ ဝါ၊ ကာသီ-တိုင်း၏။ ဗာရာဏသိံ စ၊ ဗာရာဏသီ-မြို့တော်ကိုလည်း ကောင်း။ မာပိတာ၊ တည်ထောင် ဖန်ဆင်းအပ်ကုန်ပြီ။ ဧတေ၊ ဤမြို့တို့ကို။ ဂေါဝိန္ဒမာပိတာ၊ ဂေါဝိန္ဒ-ပုရောဟိတ်သည် တည် ထောင် ဖန်ဆင်းအပ်ကုန်ပြီ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

၃၁၀။ ဘော၊ အို....နတ်အမျှားတို့ ။ပ။ ယထာသကေန၊ အကြင်အကြင် မိမိဥစ္စာဖြစ်သော။ လာဘေန၊ လာဘ်ဖြင့်။ (မင်းစည်းစိမ်ဖြင့်။) အတ္တာနံ၊ မိမိစိတ်ရှိကုန်သည်။ ပရိပုဏ္ဏသင်္ကပ္ပာ၊ ပြည့်သော စိတ်အကြံရှိကုန်သည်။ (စိတ်အကြံ ပြည့်ကုန်သည်။) အဟေသုံ။ (ကိုး၊ အဘယ်သို့တွေး၍ နှစ်သက် ဝမ်းမြောက် စိတ်အကြံ ပြည့်ဝကြသနည်း။) "ယံ၊ အကြင်အရာသည်။ ဝါ၊ ကို။ နော၊ ငါတို့သည်။ ဣစ္ဆိတံ၊ နှစ်သက်အပ်သည်။ အဟောသိ၊ ဖြစ်ပြီ။ ယံ၊ အကြင်အရာကို။ အာကင်္ခိတံ၊ လိုလားအပ်ပြီ။ ယံ၊ ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်ပြီ။ ယံ၊ ကို။ အဘိပတ္ထိတံ၊ တောင်းတအပ်ပြီ။ တံ၊ ထိုအရာကို။ နော၊ ငါတို့သည်။ လဒ္ဓံ ဝတ၊ ရအပ်ပေပြီတကား။" ဣတိ၊ ဤသို့တွေး၍ ဝမ်းမြောက်နှစ်သက် စိတ်အကြံပြည့်ဝကြကုန်ပြီ။

ဂါထာအနက် ။ ။ သတ္တဘူ၊ သတ္တဘူ-မင်းလည်းကောင်း။ ဗြဟ္မဒတ္တော စ၊ ဗြဟ္မဒတ္တ-မင်းလည်းကောင်း။ ဓဝဿဘူ၊ ဓဝဿဘူ-မင်းလည်းကောင်း။ သဟ၊ ဓဝဿဘူ-မင်းနှင့်တကွ။ ဘရတော၊

ဘရတ–မင်းလည်းကောင်း။ ရေဏု၊ ရေဏု – မင်းလည်းကောင်း။ ဒွေ၊ နှစ်ပါးကုန်သော။ ဓတရဋ္ဌာ စ၊ ဓတရဋ္ဌ–မင်းတို့လည်းကောင်း။ ဣတိ၊ သို့။ သတ္တ၊ ခုနစ်ယောက်သော မင်းတို့သည်။ တဒါ၊ ထို အခါ၌။ (မဟာဂေါဝိန္ဒ– ဗြာဟ္မဏဖြစ်ရာ ထိုအခါ၌။) ဘာရဓာ၊ တိုင်းပြည်တာဝန်ကို ဆောင်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

တနည်း။ ။သတ္တဘူ၊ လည်းကောင်း ။ပ။ ဘရတော၊ လည်း ကောင်း။ [သဟ–ကို အနက်မပေးပါသေးနှင့်။] ရေဏု၊ လည်း ဒွေ၊ ကုန်သော။ ဓတရဋ္ဌာ စ၊ တို့လည်းကောင်း။ ဣတိ၊ သို့။ သတ္တ၊ တို့သည်။ တဒါ၊ ၌။ သဟ၊ အတူတကွ။ ဝါ၊ စိတ်ဝမ်း မကွဲကြပဲ။ ဘာရဓာ အာသုံ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ပဌမဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီ။

ကိတ္တိသဒ္ဒအဗ္ဘုဂ္ဂမန

၃၁၁။ အထ ခေါ ။ပ။ "ဘဝံ ဂေါဝိန္ဒော၊ သည်။ ရေဏုဿ ရညော၊ ၏။ပ။အပ္ပဋိကူလော၊ သော။ သဟာယော၊ သည်။ (ဟောတိ) ယထာ၊ ကဲ့သို့။ ဧဝမေဝ၊ ဤ့အတူပင်။ ဘဝံ ဂေါဝိန္ဒော၊ သည်။ အမှာကံ ပိ၊ တို့၏လည်း ။ပ။ အပ္ပဋိကူလော၊ သော။ သဟာယော၊ ပါတည်း ။ပ။ ပစ္စဗျာဟာသီ" တိ။ [ပုဒ်စဉ် ၃၀၅–၌ အနက်ရေးခဲ့ပြီ။] ။ပ။ ခတ္တိယေ၊ မင်းမျိုးမင်းနွယ် ဖြစ်ကုန်သော။ မုဒ္ဓါဝသိတ္တေ၊ ဦးထိပ်၌ အဘိသိက်ရေစင် ဖြင့် သွန်းလောင်းအပ်ပြီးကုန်သော။ သတ္တ စ ရာဇာနော၊ တို့ကိုလည်း။ ရဇွေ၊ မင်း၏ကိစ္စ၌။ (တိုင်းပြည်၏ စီးပွား၌။) အနုသာသိ၊ သွန်သင်လမ်းပြ ဆုံးမပြီ။ သတ္တ စ ဗြာဟ္မဏမဟာသာလေ၊ ခုနစ်ယောက်သောဗြာဟ္မဏမဟာ– သာလ–ဖြစ်သော အနုပုရောဟိတ်တို့ကိုလည်းကောင်း။ (လက်ထောက်ပုရော– ဟိတ်တို့ကိုလည်းကောင်း။) သတ္တ စ နှာတကသတာနိ[၁]၊ ခုနစ်ရာသော ရေ ချိုးတတ်သော ဗြာဟ္မဏတို့ကိုလည်းကောင်း။ မန္တေ၊ ဝေဒ–ကျမ်းဂန်မန္တန် တို့ကို။ ဝါစေသိ၊ ပို့ချပြီ။

၁။ နှာတကသတာနိ။ ။အကယ်ရေချိုးသည်မဟုတ်။ မိမိအယူစင်ကြယ်အောင် ဆရာ့အထံ၌ တနေ့လျှင် ၃-ကြိမ်၊ သို့မဟုတ် နံနက်တကြိမ် ညနေတကြိမ်အားဖြင့် နှစ်ကြိမ်–ကြားနှာ မှတ်သားမှုကိုပြုသော ဗြာဟ္မဏများ။ (တနည်း) အကျင့်ကျင့်ပြီး သောအခါ ရေချိုးကြလျက် မိမိတို့က ကျင့်ပြီးဖြစ်၍ အခြားဗြာဟ္မဏတို့နှင့်အတူ မစားမသောက်ကြသော ဗြာဟ္မဏများ–ဟု ဆိုလိုသည်။

၃၁၂။ အထ ခေါ။ပ။ ဗြာဟ္မဏာသ၊ ၏။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ ဧဝံ၊ သို့။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကောင်းစွာပြောဆိုအပ်သော ဂုဏ်သတင်းသည်။ ဝါ၊ ချီးမွမ်းခြင်းအားဖြင့် ဖြစ်သော ကျော်ဇောသံသည်။ အဗ္ဘုဂ္ဂစ္ဆိ၊ ဖြစ်ပေါ်ပြီ။ [ထိုသတင်းမျိုး ဖြစ်နေသည်-ဟူလို။] (ကိံ။) "သက္ခိ၊ မျက်မှောက်။ (ကိုယ်တွေ့။) မဟာ-ဂေါဝိန္ဒော ဗြာဟ္မဏော။ ဗြဟ္မာနံ၊ ဗြဟ္မာကို။ ပဿတိ။ပ။ဗြဟ္မုနာ၊ နှင့်။ သာကစ္ဆေတိ၊ အတူဆွေးနွေး၏။သလ္လပတိ၊ အတူပြောဆိုရ၏။ မန္တေတိ၊ တိုင်ပင်ရ၏။" ဣတိ၊ ဤသို့ ဖြစ်ပေါ်ပြီ။ပ။ အဗ္ဘုဂ္ဂတော၊ ဖြစ်ပေါ်နေပြီ။ပ။ အဟံ ပန၊ ကား။ ဗြဟ္မာနံ၊ ကို။ န ပဿာမိ၊ မြင်လည်း မမြင်ရ ။ပ။ န မန္တေမိ၊ တိုင်ပင်လည်း မတိုင်းပင်ရ။

ဝုစ္စာနံ၊ အရွယ်ကြီးကုန်သော။ မဟလ္လကာနံ၊ အသက်ကြီးကုန်သော။ အာစရိယ ပါစရိယာနံ၊ ဆရာ့ ဆရာကြီးဖြစ်ကုန်သော။ ဘာသမာနာနံ၊ ရှေးက အကြောင်းအရာကို ပြောဆိုတတ်ကုန်သော။ ဗြာဟ္မဏာနံ၊ ဗြာဟ္မဏတို့၏ (အထံမှ)။ ဧတံ၊ ဤအကြောင်းကို။ မေ၊ ငါသည်။ သုတံ၊ ကြားအပ်ပြီ။ (ကြားဖူးပြီ။) (ကိံ။) 'ယော၊ အကြင်သူသည်။ ဝဿိကေ၊ မိုးဥတု၌ ဖြစ်ကုန်သော။ စတ္တာရော မာသေ၊ လေးလတို့လုံးလုံး။ ပဋိသလ္လီ-ယတိ၊ အာရုံများစွာ စိတ်ကိုခွာ၍ သင့်ရာကောင်းမြတ် တခုတည်းသော အာရုံ၌ ငြိကပ်၏။ (တယောက်တည်းနေ၏။) ကရုဏံ စျာနံ၊ ကရုဏာစျာန်ကို။ (ကရုဏာကြောင့် ရအပ်သောစျာန်ကို။) စျာယတိ၊ ရှု၏။ (ဝင်စား၏။) သော၊ ထိုသူသည်။ ဗြဟ္မာနံ။ ပဿတိ၊ တွေ့မြင်ရ၏။ပ။ မန္တေ-တိ၊ ၏။' ဣတိ၊ ဤသို့ ကြားအပ်ဖူးပြီ။ အဟံ။ပ။ ယံနူန ပဋိသလ္လီယေယျံ၊ အကယ်၍ အာရုံများစွာ စိတ်ကိုခွါလျက် သင့်ရာကောင်းမြတ် တခုတည်းသော အာရုံ၌ ငြိကပ်ရပါမူ ကောင်းလေစွ...." ။ပ။ (ယံနူန) စျာ-ယေယျံ၊ အကယ်၍ ရှုရပါမူ ကောင်းလေစွ....။" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။

၃၁၃။ အထ ခေါ။ပ။ "ဘော၊ အရှင်မင်းမြတ်။ မယှံ၊ အကျွန်ုပ်၏။ ။ပ။ အဗ္ဘုဂ္ဂတော၊ ဖြစ်နေပါပြီ။ပ။ပဋိသလ္လီယိတုံ၊ ငှာ။ ကရုဏံ စျာနံ၊ ကို။ စျာယိတုံ၊ ငှာ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။ (အဟံ၊ ကျွန်ုပ် အထံသို့။) ဧကေန၊ တယောက်သော။ ဘတ္တာဘိဟာရေန၊ ထမင်းပို့ဆောင်မည့်သူကို။ အညတြ၊ ကြဉ်ထား၍။ ကေနစိ၊ တစုံတယောက်သည်။ ဥပသင်္ကမိတဗ္ဗော၊ ချဉ်းကပ်ထိုက်သည်။ န အမှိ၊ မဖြစ်လိုပါ။" [ထမင်းပို့မည့်သူကို ချန်၍ ကျန် မည်သူ တယောက်မျှ ကျွန်ုပ်ထံ မလာစေလိုပါ-ဟူလို။] ဣတိ၊ ဤသို့ သံတော်ဦးတင်

ပြီ။ ဘဝံ ဂေါဝိန္ဒေါ၊ သည်။ ဒါနိ၊ ယခုအခါ၌။ ယဿ၊ အကြင် မိုးလ ပတ်လုံး တယောက်တည်းနေခြင်း၏။ ကာလံ၊ အချိန်ကို။ မညတိ၊ သိ၏။ (တံ၊ ထို အချိန်ကို။ တုမေဝ၊ သင်ကိုယ်တိုင်သာ။ ဇာနာဟိ၊ သိပါလော့။) ဣတိ၊ ဤသို့ ပြော-ပြီ။

၃၁၄။ အနက်လွှဲယ်ပြီ။

၃၁၅။ ဘော၊ အရှင်တို့။ တေနဟိ၊ တိုက်တွန်းပါ၏။ ယထာသုတေ၊ အကြင်အကြင် ကျွန်ုပ်အထံမှ ကြားနာအပ်ပြီးကုန်သော။ ယထာပရိယတ္တေ၊ အကြင်အကြင် သင်ယူအပ်ပြီးကုန်သော။ မန္တေ၊ ဝေဒကျမ်းဂန် မန္တန် တို့ကို။ ဝိတ္ထာရေန၊ အကျယ်အာဝဇ်ဖြင့်။ သဇ္ဈာယံ၊ သရဇ္ဈာယ်မှုကို။ ကရောထ၊ ပြုကြပါကုန်။ အညမညံ စ၊ အချင်းချင်းလည်း။ မန္တေ၊ တို့ကို။ ဝါစေဟ၊ ဆိုစေကြပါကုန်။ ဝါ၊ ပို့ချကြပါကုန်။ပ။

၃၁၆။ အထ ခေါ။ပ။ယေန၊ ၌။ စတ္တာရီသာ၊ လေးကျိပ် အတိုင်း အရှည်ရှိကုန်သော။ သာဒိသိယော၊ အမျိုးဇာတ်အားဖြင့် တူသည်၏အဖြစ် ရှိကုန်သော။ ဝါ၊ တူသော အမျိုးဇာတ် ရှိကုန်သော။ ဘရိယာ၊ ဇနီးကို သည်။ (သန္တိ။)။ပ။ဘောတိ၊ ရှင်မတို့။ပ။မညတိတိ။ [လွှဲယ်ပြီ။]

၃၁၇။ အထ ခေါ။ပ။နဂရသ၊ ၏။ ပုရတ္ထိမေန၊ အရှေ့အရပ်၌။ နဝံ၊ အသစ်ဖြစ်သော။ သန္ဓာဂါရံ၊ နေဖို့ရန်အိမ်ကို။ [သန္ထာဂါရံ၊ အပြင် ဘက်အာရုံ၌ မပြန့်လွင့်အောင် စိတ်ကိုထောက်ပံ့တတ်သော ဈာန်အိမ်ကို-ဟု ပါဠိ၌ရှိသင့်၏။] ကာရာပေတွာ၊ ဆောက်လုပ်စေ၍။ပ။ ပဋိသလ္လိယိ၊ ပြီ။ ကရဏံ ဈာနံ၊ ကို။ ဈာယိ၊ ပြီ။ [ကရဏာကို ပဓာန-နည်းအားဖြင့် ပြထား၏။ ကရဏာဈာန်သာမက ဗြဟ္မဝိဟာရ-ဈာန် လေးပါးလုံးကိုပင် ရသည်။] ။ပ။န ဥပသင်္ကမတိ၊ မချဉ်းကပ်။ [နာဿုမ-၌ အဿုမ-သည် နိပါတ်။] ။ပ။ဗြာဟ္မဏာဿ၊ ၏။ (ဥက္ကဏ္ဌနာ ပရိတဿနာ-တို့၌ စပ်။)စတုန္နံ မာသာနံ၊ တို့၏။ အစ္စယေန၊ ကျော်လွန်ရာအခါ၌။ ဥက္ကဏ္ဌနာ၊ ဗြဟ္မာကို မတွေ့ရ

၁။ သာဒိသိယော။ ။သမဝဏ္ဏာ (တူသော အဆင်းရှိကုန်သော။) သမဇာတိကာ (တူသော အမျိုးဇာတ်ရှိကုန်သော။)ဟု အဋ္ဌအထာဖွင့်၏။ ရှေး အဋ္ဌကထာ နိဿယ-၌လည်း ဤသို့နှစ်မျိုး ယူတော်မူ၏။ ''သာဒိသိယောတိ ဇာတိယာ သာဒိသိယောတိ အာဟ-သမဝဏ္ဏာ သမဇာတိကာတိ''ဟု ဖွင့်သောဋီကာအလိုမူ အမျိုးဇာတ်အားဖြင့် တူသည်ကိုသာ ''သာဒိသိယ''အရ ယူပါ။ အဋ္ဌကထာဝယ် သမဝဏ္ဏာ-၌ ဝဏ္ဏ-သဒ္ဒါ၏ အနက်ကို သမဇာတိကာ-ဖြင့် ထပ်၍ဖွင့်သည်ဟု ဋီကာဆရာ ယူလိုပေသည်။

သဖြင့် ပျင်းရိခြင်းသည်။ ဝါ၊ ဗြဟ္မာမြင်ဖို့ရန် ကြောင့်ကြခြင်းသည်။ အဟုဒေဝ၊ ဖြစ်သည်သာ။ ပရိတဿနာ၊ ဗြဟ္မာလာဖို့ရန် တောင်းတခြင်းသည်။ အဟု (ဧဝ)၊ ဖြစ်သည်သာ။(ကိံ၊ အဘယ်သို့ တွေးရှုဖြစ်သနည်း။) ။ပ။မန္တေတိ။ ဣတိ၊ ဤသို့ ကြားအပ်ဖူးပြီ။ အဟံ ပန၊ သည်ကား။ ဗြဟ္မာနံ။ နပဿာမိ၊ မတွေ့ရပါလား။ပ။နမန္တေမိ၊ မတိုင်ပင်ရပါလား။ ဣတိ၊ ဤသို့ တွေးရှု။ (ဗြဟ္မာလာဖို့ရန် ကြောင့်ကြမှု တောင်းတမှု ဖြစ်ပြီ။)

ဗြဟ္မုနာသာကစ္ဆာ

၃၁၈။ ဘော၊ အို....နတ်အများတို့။ အထ ခေါ၊ ၌။ (ဗြဟ္မာလာဖို့ရန် တောင်းတ-ရာ ထိုအခါ၌။) ။ပ။ ဗြာဟ္မဏဿ၊ ၏။ စေတော ပရိဝိတက္ကံ၊ စိတ်အကြံကို။ စေတသာ၊ မိမိစိတ်ဖြင့်။ အညာယ၊ သိရှု။ သေယျထာပိ နာမ။ပ။အန္တရဟိတော။[ပထမတွဲ၊ပုဒ်စဉ်၆၆-၌ အနက်ရေးခဲ့ပြီ။](ဟုတ္ဝာ။) မဟာဂေါဝိန္ဒဿ ဗြာဟ္မဏဿ၊ ၏။ သမ္မုခေ၊ မျက်မှောက်၌။ ပါတုရဟောသိ၊ ထင်ရှားဖြစ်ပြီ။ပ။ ဗြာဟ္မဏဿ၊ ၏။ ဘယံ၊ ကြောက်ခြင်းသည်။ (စိတ်ထဲ၌ ထိတ်ကနဲဖြစ်သွားခြင်းသည်။)အဟုဒေဝ၊ ဖြစ်သည်သာ။ ဆမ္ဘိတတ္တံ၊ ကိုယ်တုန်လှုပ်သည်၏အဖြစ်သည်။(နှလုံးခုန် ရင်တုန်ခြင်းသည်။) အဟု(ဧဝ)။ လောမဟံသော၊ မွေးညင်းတို့၏ ရှင်ခြင်းသည်။ (ကြက်သီးမွေးညင်း ထခြင်းသည်။)အဟု(ဧဝ)။ အဒိဋ္ဌပုဗ္ဗံ၊ ရှေးကမမြင်အပ်ဖူးသော။ ရူပံ၊ ရုပ်ဆင်းကို။ ဒိသွာ၊ မြင်၍။ ဝါ၊ မြင်ရခြင်းကြောင့်။(ဘယံ ဆမ္ဘိတတ္တံ လောမဟံသော။ ဟောတိ) ယထာ၊ ဖြစ်သကဲ့သို့တည်း။ပ။ ဘီတော၊ ကြောက်သည်။ သံဝေဂေါ၊ လန့်သည်။ လောမဟဋ္ဌဇာတော၊ ဖြစ်သော မွေးညင်းတို့၏ ရှင်ခြင်းရှိသည်။ (ကြက်သီးမွေးညင်းထခြင်း ဖြစ်သည်။) (ဟုတ္ဝာ။)သနက်ုမာရံ၊ သော။ ဗြဟ္မာနံ၊ ကို။ ဂါထာယ၊ ဖြင့်။ အဇ္ဈဘာသိ၊ မိမိသိစေလိုအပ်သော အဓိပ္ပာယ်ကို ရည်ရွယ်၍ ပြောပြီ။(ကိံ။)

ဂါထာအနက်။ ။ (၁) "မာရိသ၊ အရှင်။ ဝဏ္ဏဝါ၊ လှပသော အဆင်းရှိသော။ ယသဝါ၊ အခြံအရံရှိသော။ သိရိမာ၊ အသရေ ရှိသော။ တွံ၊ အရှင်သည်။ ကော၊ အဘယ်သူသည်။ အသိ နုံ၊ ဖြစ်ပါသနည်း။ အဇာနန္တာ၊ မသိကုန်သည်ဖြစ်၍။ တံ၊ အရှင့်ကို။ ပုစ္ဆာမ၊ မေးပါကုန်၏။ မယံ၊ အကျွန်ုပ်တို့သည်။ တံ၊ အရှင့်ကို။ ကထံ၊ အဘယ်သို့လျှင်။ ဝါ၊ ဘယ်အခြင်းအရာ အားဖြင့်။ (အဘယ်

အရပ်၌နေသူ၊ အဘယ် အမည်ရှိသူ၊ အဘယ်အနွယ်ရှိသူ-ဟူ၍။) ဇာနေမု၊ သိကြရပါအံ့နည်း။" ဣတိ၊ ဤသို့ပြောပြီ။

(၂) ဂေါဝိန္ဒ၊ဂေါဝိန္ဒ-ပဏ္ဍိတ်။ဗြဟ္မလောကေ၊ဗြဟ္မာတို့၏ လောက၌။ (ဗြဟ္မာ့ပြည်၌။) မံ၊ ကျွန်ုပ်ကို။ ဝေ၊ စင်စစ်။သနန္တနံ၊ ရှေး၌ဖြစ်သော။ ကုမာရံ၊ ကုမာရ-ဟူ၍။ ဇာနန္တိ၊ သိကြပါကုန်၏။ [ဤပါဌ်ဖြင့် သနက်ုမာရ-ဟူသော နာမည်ကိုပြ၏။] သဗ္ဗေ။ ဒေဝါ၊ ဗြဟ္မာတို့သည်။ မံ ဇာနန္တိ။ ဧဝံ၊ ဤသို့။ (သနက်ုမာရ-ဗြဟ္မာဟူ၍။) ဇာနာဟိ၊ သိပါလော့။ [ဂါထာဖြစ်၍ ဇာနဟိ-ဟု နှ-၌ ရဿ-ရှိနေသည်။]

(၃) "ဗြဟ္မုနော၊ အရှင်ဗြဟ္မာ၏ အတွက်။အာသနံ၊ နေရာသည်လည်းကောင်း။ ဥဒကံ၊ သောက်ရေ သုံးရေသည်လည်းကောင်း။ ပဇ္ဇံ၊ ခြေတို့၏စီးပွားဖြစ်သော ဆီသည်လည်းကောင်း။ (ခြေနယ်ဆီသည်လည်းကောင်း။) မဓုသာကဥ္ဇ၊ ချိုမြိန်သောအရသာရှိသော ဟင်းရွက်ပြုတ်သည်လည်းကောင်း။ (သန္တိ၊ ရှိပါကုန်၏။) အဂ္ဃေ၊ အလေးပြုထိုက်သူတို့အား ပေးဖွယ်ရာ ပစ္စည်းတို့ကို။ ဘဝန္တံ၊ အရှင်ဗြဟ္မာကို။ ပုစ္ဆာမ၊ ပန်ပြောပါကုန်၏။ [နေရာရှိပါသည်၊ ဒီမှာထိုင်ပါ-စသည်ဖြင့် ပန်ပြောပါကုန်၏-ဟူလို။] ဘဝံ၊ သည်။ နော၊ ကျွန်ုပ်တို့၏။ အဂ္ဃံ၊ ကို။ ကုရုတု၊ လက်ခံမှုကို ပြုတော်မူပါ။" [ဤ ပစ္စည်းအားလုံးကို ဗြဟ္မာမသုံးစွဲမှန်းသိသော်လည်း လောကဝတ်အနေဖြင့် ပန်ပြောမှုပြုသည်။]

(၄) ဂေါဝိန္ဒ၊ဂေါဝိန္ဒ-ပဏ္ဍိတ်။တွံ၊ သည်။ယံ၊ (အာသနံ ဥဒကံ-စသော) အကြင်စကားကို။ ဝါ၊ အကြင် လက်ခံပါ၊ -ဟူသော စကားကို။ ဘာသသိ၊ ပြော၏။ တေ၊ ၏။ (တံ) အဂ္ဃံ၊ ထို အလေးပြုထိုက်သူတို့အား ပေးဖွယ်ရာပစ္စည်းကို။ ပဋိဂ္ဂဏှာမ၊ လက်ခံပါကုန်၏။ ဒီဌဓမ္မဟိတတ္ထာယ၊ မျက်မှောက်ဘဝ၌ဖြစ်သော စီးပွားအကျိုးငှာလည်းကောင်း။ သမ္ပရာယသုခါယ စ၊ တမလွန်ဘဝ၌ ချမ်းသာအကျိုးငှာလည်းကောင်း။ ယံ ကိဉ္စိ၊ အကြင် အမှတ်မထားတပါးပါးသော ပြဿနာကို။ အဘိပတ္ထိတံ၊ မေးဖို့ရာ လွန်စွာတောင်းတအပ်ပြီ။ (တံ၊ ထို ပြဿနာကို။) ကတာဝကာသော၊ ကျွန်ုပ်က ပြုအပ်သော အခွင့်ရှိသည်။ ဝါ၊ ကျွန်ုပ်က မေးခွင့်ပြုအပ်သည်။ (ဟုတွာ။) ပုစ္ဆဿု၊ မေးပါလော့။ ဣတိ၊ ဤသို့ပြောပြီ။

၃၁၉။ အထ ခေါ။ပ။ "ဗြဟ္မုနာ သနင်္ကုမာရေန၊သည်။ ကတာဝကာ-သော၊ ပြုအပ်ပြီးသော အခွင့်ရှိသည်။ အမှိ၊ ဖြစ်၏။ အဟံ။ ဗြဟ္မာနံ သနင်္ကုမာရံ၊ ကို။ ကိံ၊ အဘယ်သို့သော အရာကို။ ပုစ္ဆေယ္ပ နု ခေါ၊ မေးရပါမည်နည်း။ ဒိဋ္ဌဓမ္မိကံ ဝါ၊ မျက်မှောက်ဘဝ၌မူလည်း ဖြစ်သော။ အတ္ထံ၊ စီးပွားကို။ (ပုစ္ဆေယ္ပ နု ခေါ။) သမ္ပရာယိကံ ဝါ၊ တမလွန်ဘဝ၌မူလည်း ဖြစ်သော။ (အတ္ထံ ပုစ္ဆေယ္ပ နု ခေါ။)" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ပ။ "အဟံ။ ဒိဋ္ဌဓမ္မိကာနံ၊ ကုန်သော။ အတ္ထာနံ၊ စီးပွားတို့၌။ ကုသလော[၁]၊ ကျွမ်းကျင်၏။ အညေပိ၊ အခြားသူတို့ကလည်း။ မံ၊ ကို။ ဒိဋ္ဌဓမ္မိကံ အတ္ထံ။ ပုစ္ဆန္တိ၊ မေးကြရကုန်၏။ အဟံ။ပ။သမ္ပရာယိကညေဝ၊ တမလွန်ဘဝ၌သာလျှင်ဖြစ်သော။ အတ္ထံ၊ ကို။ ယံနူန ပုစ္ဆေယ္ပ၊ အကယ်၍ မေးရပါမူကား ကောင်းလေစွ။" ဣတိ၊ ဤသို့ အကြံဖြစ်ပြန်ပြီ။ပ။

ဂါထာအနက်။ ။(၁) "ပရဝေဒိယေသု၊ တပါးသော မေးသောပုဂ္ဂိုလ်သည် သိအပ်သောပြဿနာတို့၌။ ဝါ၊ တပါးသော မေးသောပုဂ္ဂိုလ်အား ထင်ရှားသောပြဿနာတို့၌။ [မေးသူက အဖြေကို မသိသော်လည်း မိမိမေးလိုသောအကြောင်းအရာမူ သူ၏စိတ်၌ ထင်ရှားနေသည်။] အ ကင်္ခိံ၊ ယုံမှားခြင်း မရှိသော။ သနင်္ကုမာရံ၊ သော။ ဗြဟ္မာနံ၊ ကို။ (အဟံ၊ ကျွန်ုပ်သည်။) ကင်္ခီ၊ ယုံမှားခြင်း ရှိနေသည်ဖြစ်၍။ ပုစ္ဆာမိ၊ မေးပါ၏။ [ကင်္ခီ-ဟုဆိုရပုံကို ဋီကာ၌ ကြည့်ပါ။] ကတ္ထ၊ အဘယ်တရား၌။ ဌိတော၊ တည်သော။ ကိမ္ပိစ၊ အဘယ်အကျင့်၌လည်း။ သိက္ခမာနော၊ ကျင့်သော။ မစ္စော၊ သတ္တဝါသည်။ အမတံ၊ သေခြင်းမရှိသော။ ဗြဟ္မလောကံ၊ သို့။ ပပ္ပောတိ၊ ရောက်ပါသနည်း။" ဣတိ၊ ဤသို့ပြောပြီ။ [ဂေါဝိန္ဒ-ဗြာဟ္မဏက ဗြဟ္မာ့ပြည်ရောက်လျှင် မသေပြီ-ဟု ယူဆ၍ "အမတံ" ဟု ပြောသည်။]

(၂) ဗြဟ္မေ၊ ဗြာဟ္မဏ။ မနုဇေသု၊ လူတို့တွင်။ (ယော ကောစိ၊ အကြင် တစုံတယောက်သည်။) မမတ္တံ၊ ငါ့ဥစ္စာ၏အဖြစ်ကို။ ဝါ၊ ငါ့ဥစ္စာ-ဟု ပြုတတ်သော တဏှာကို။ ဟိတ္ဒာ၊ ပယ်စွန့်၍။ ဧကောဒိ-

---

၁။ ကုသလော။ပ။အတ္ထာနံ။ ။အဟံ၊ သည်။ ဒိဋ္ဌဓမ္မိကာနံ အတ္ထာနံ၊ တို့၌။ ကုသလော၊ ကျွမ်းကျင်၏။-ဤသို့ပေးလျှင် ဒိဋ္ဌဓမ္မိကာနံ အတ္ထာနံ-တို့၌ ဆဋ္ဌီဝိဘတ်ကို သတ္တမီအနက်၌ သက်ပါ။ (တနည်း) ဒိဋ္ဌဓမ္မိကာနံ အတ္ထာနံ၊တို့၏။ (ဝိသယေ၊ အရာ၌။) ဟု ပါဌသေသ-ထည့်၍ အနက်ပေးပါ။

ဘူဇတာ၊ တယောက်တည်းဖြစ်၍ ဖြစ်လျက်။ ကရုဏော၊ ကရုဏာ-
စျာန်၌။ အဓိမုတ္တော၊ စွဲစွဲမြဲမြဲ သက်ဝင်၏။ နိရာမဂန္ဓော၊ ကောဓ-
စသော ကိလေသာတည်းဟူသော စိမ်းညှီသော အနံ့မရှိ။ ဝါ၊ အနံ့
မှကင်း၏။ ဓမထုနသမ္မာ၊ မေထုန်မှ။ ဝိရတော၊ ရှောင်ကြဉ်၏။
တ္ထော၊ ဤတရား၌။ (ဤ ရသေ့ရဟန်းအဖြစ်, တိတ်ဆိတ်သောအရပ်၌
နေခြင်း, ကရုဏာဗြဟ္မဝိဟာရ-စသောတရား၌။) ဌိတော၊ သော။
တ္ထော စ၊ ဤအကျင့်၌လည်း။ သိက္ခမာနော၊ သော။ မစ္ဆော
အမတံ ဗြဟ္မလောကံ ပပ္ပေါတိ။ ဣတိ၊ ဤသို့ ဖြေပြီ။

၃၂၀။ "ဟိတ္ဝာ မမတ္တာ"န္တိ၊ ဟိတ္ဝာ မမတ္တံ-ဟူသော။ ဘောတော၊
အရှင်၏ (စကားကို။) အဟံ။ အာဇာနာမိ၊ သိပါ၏။ ဣဓ၊ ဤလော
ကဉ်၌ ဇကေစ္စော၊ အချို့သူသည်။ အပ္ပံ၊ တထောင်အောက် နည်းသော။
ဘောဂက္ခန္ဓံ ဝါ၊စည်းစိမ်အစုကိုမူလည်း။ ပဟာယ၊ ပယ်စွန့်၍လည်းကောင်း။
မဟန္တံ၊ တထောင်ထက် များသော။ ဘောဂက္ခန္ဓံ ဝါ၊ ကိုမူလည်း။
ပဟာယ၊ လည်းကောင်း။ အပ္ပံ၊ နှစ်ဆယ်အောက် နည်းသော။ ဉာတိပရိ-
ဝဋ္ဋံ ဝါ၊ ဆွေမျိုးအသိုင်းအဝိုင်းကိုမူလည်း။ ပဟာယ၊ လည်းကောင်း။
မဟန္တံ၊ နှစ်ဆယ်ထက်များသော။ ဉာတိပရိဝဋ္ဋံ ဝါ ပဟာယ။ ကေသမဿု၊
ဆံ မုတ်ဆိတ် ကျင်စွယ်ကို။ ဩဟာရေတွာ၊ ပယ်ရှား၍။ ကာသာယာနိ၊
ဖန်ရေဖြင့် ဆိုးအပ်ကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို။ အစ္ဆာဒေတွာ၊ ဖုံး
လွှမ်း၍။ (ဝတ်ရုံ၍။) အဂါရသ္မာ၊ အိမ်မှ။ (အိမ်ရာတည်ထောင် လူ့
ဘောင်မှ။) နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်၌နေခြင်း၏ စီးပွားဖြစ်သော လယ်ထွန် ကုန်ပေး နွားမွေးမှု မရှိရာ ရဟန်းဘောင်သို့။ ပဗ္ဗဇတိ၊ ကပ်ရောက်၏။ ဣတိ၊ ဤသို့။ပ။အာဇာနာမိ။

ဣဓ ဇကေစ္စော။ ဝိဝိတ္တံ၊ ရဟန်းရှင်လူတို့မှ ကင်းဆိတ်သော။ သေနာ-
သနံ၊ အိပ်ရာနေရာ ဧကျောင်းသို့။ [ထို သေနာသန-ကို သရုပ်ဖော်လို၍
အရညံ-စသည်ကို ပြောသည်။] အရညံ၊ လေးအပြန်ငါးရာရှိသော တောသို့
လည်းကောင်း။ [ယခုခေတ်၌ "တမိုင်"ဟု ခန့်မှန်းကြ၏။] ရုက္ခမူလံ၊ သစ်ပင်
၏အနီး အောက်သို့လည်းကောင်း။ ပဗ္ဗတံ၊ တောင်သို့လည်းကောင်း။ ကန္ဒရံ၊
ချောက်သို့လည်းကောင်း။ ဂိရိဂုဟံ၊ တောင်တလုံးဝယ် ဥမင်သဖွယ်ဖြစ်
သောဂူ, တောင်နှစ်လုံးတို့၏ အကြားဖြစ်သော ဂူ၌လည်းကောင်း။ သုသာနံ၊
သုသာန်သို့လည်းကောင်း။ ဝနပတ္ထံ၊ တောကြီးမြိုင်ဇရ သစ်ပင်တွေနှင့် ရှုပ်
နေသော ဇတ္တာအရပ်သို့လည်းကောင်း။ အဇ္ဈောကာသံ၊ လွင်ပြင်သို့လည်း

ကောင်း။ပလာလပုဠုံ၊ ကောက်ရိုးပုံသို့လည်းကောင်း။ ဘဇတိ၊ ကပ်ဝင်၏။ [ဤပုဒ်တို့၏အနက်ကိုသိလက္ခန်ပါဠိတော်၊ သာမညဖလသုတ်နိဿယ၊ ပဏီတ-တရ သာမညဖလကထာ-၌ အကျယ်ရေးထားပြီ။]။ပ။

"ကရဏေမိမုတ္တောာ"တိ ။ပ။ ဖရိတ္ဝာ ဝိဟရတိ။ [မဟာသုဒဿန-သုတ် ပုဒ်စဉ် ၂၆၂-အတိုင်း ပေးပါ။] အဟံ၊ သည်။ ဘာသမာနဿ၊ ပြောဆို သော။ ဘောတော၊ အရှင်၏။ အာမဂန္ဓေ စ၊ အာမဂန္ဓ-တို့ကိုကား။ (စိမ်း ညှီသော အနံ့တို့ကိုကား။) န အာဇာနာမိ၊ မသိပါ။

ဂါထာအနက်။ ။(၁) ဗြဟ္မေ၊ ဗြဟ္မာ။ မနုဇေသု၊ လူတို့၌။ အာမဂန္ဓော၊ စိမ်းညှီသော အနံ့တို့ဟူသည်။ ကေ၊ အဘယ်တို့ပါနည်း။ (ဘာတော့ပါလဲ။) ဇတေ၊ အဲဒီ အာမဂန္ဓ-တို့ကို။ (အဟံ။) အဝိဒ္ဒါ၊ မသိပါ။ ဓိရ၊ ပညာရှိဖြစ်သော ဗြဟ္မာမင်း။ ဣဓ၊ ဤ ပြဿနာ၌။ ဗြူဟိ၊ ကျွန်ုပ်အား ဖြေတော်မူပါ။ ကေန၊ အဘယ် ကိုလေသာသည်။ အာဝဋော၊ တားမြစ်အပ်သော။ ပဇာ၊ သတ္တဝါ သည်။ ကုရုတု (ကု+ဥတု)၊ စက်ဆုပ်အပ်သော အစိမ်းအနံ့ရှိသည်။ ဝါ၊ ပုပ်သောအနံ့ရှိသည်။ [ဋီကာ၌မူ "ပုပ်သည် ဖြစ်၍ဖြစ်သည်"ဟု ဖွင့်၏။] (ဟုတ္ဝာ။ ဝိဿဇန်း၊ ကိလေသာတည်းဟူသော စိမ်းညှီသော အနံ့ကို။) ဝါတိ၊ လှိုင်စေပါသနည်း။ [ဝါတိ-၌ ကာရိတ် အကျေကြံပါ။] (ကေန၊ အဘယ်ကိလေသာကြောင့်။) အာပါ-ယိကာ၊ အပါယ်၌ ဖြစ်လေ့ရှိပါသနည်း။ နိဝုတ ဗြဟ္မာလောကာ၊ ပိတ်အပ်သော ဗြဟ္မာ့ပြည်ရှိပါသနည်း။ ဣတိ၊ ဤသို့ မေးပြီ။

(၂) (ဓေါဝိန္ဒ၊ ဓေါဝိန္ဒ-ဗြာဟ္မဏ။) ကောဓော၊ စိတ်ဆိုးခြင်း သည်လည်းကောင်း။ မောသဝဇ္ဇံ၊ မုသားပြောခြင်းသည် လည်းကောင်း။ [မုသာဝါဒေါယေဝ မောသဝဇ္ဇံ။-ဋီကာ။] နိကတိ စ၊ ကောက်ကျစ် လှည့်ပတ်ခြင်းသည်လည်းကောင်း။ ဒုဇ္ဇာ၊ မိတ်ဆွေ ကို ပြစ်မှားခြင်းသည်လည်းကောင်း။ ကဒရိယတာ၊ စက်ဆုပ်အပ်သော သတ္တဝါ၏ အဖြစ်သည်လည်းကောင်း။ ဝါ၊ ခက်ထန်ဝန်တိုခြင်းသည်လည်းကောင်း။ အတိမာနော၊ လွန်ကဲသောမာန-သည်လည်းကောင်း။ [မိမိမှာ ထင်ရှားရှိသော သူများအောက် ယုတ်လျော့သောဂုဏ်၊ သူများနှင့် တန်းတူသော ဂုဏ်-ကို ကျော်လွန်၍ မှတ်ထင်ခြင်း အလွန်အထင်ကြီးခြင်းတည်း။] ဥဿူယာ၊ သူတပါး စည်းစိမ်ကို ငြူစူ ရှုံ့ချခြင်းသည်လည်းကောင်း။ ဣစ္ဆာ၊ လိုချင်

တပ်မက်ခြင်းသည်လည်းကောင်း။ ဝိဝိစ္ဆာ၊ မိမိစည်းစိမ်၌ အထူးထူး အပြားပြား လိုချင်ခြင်းသည်လည်းကောင်း။ ဝါ၊ နှမြောဝန်တို ခြင်းသည်လည်းကောင်း။ [ဋီကာ၌မူ "ဝိဝိစ္ဆာ"ကို အဿတ္ထိ-ပြု၏။] ပရဟေဌနာ စ၊ သူတပါးကို ညှဉ်းဆဲခြင်းသည်လည်းကောင်း။

လောဘော စ၊ မိမိဥစ္စာ သူတပါးဥစ္စာ-အစရှိသော အာရုံ၌ လိုချင်ခြင်းသည်လည်းကောင်း။ ဝါ၊ မကောင်းသောအာရုံ ကောင်းသောအာရုံ၌ လိုချင်ခြင်းသည်လည်းကောင်း။ ဒေါသော စ၊ စိတ် ဆိုးခြင်းသည်လည်းကောင်း။ မဒေါ စ၊ မာန်ယစ်ခြင်းသည်လည်း ကောင်း။ မောဟော၊ တွေဝေခြင်းသည်လည်းကောင်း။ (အာမ-ဂန္ဓာ၊ အာမဂန္ဓ-တို့ မည်၏။) ဧတေသု၊ ဤ ကောဓ - စသော ကိလေသာတို့၌။ [ကောဓ-စသော တဆယ့်လေးပါးသည် သတ္တ-ဝါဟု ဆိုအပ်သော ခန္ဓာအစဉ်ကို ညစ်နွမ်းစေတတ် နှိပ်စက်တတ် ပူပန်စေတတ်သောကြောင့် ကိလေသာမည်၏။] ယုတ္တာ၊ ယှဉ်သော။ ဝါ၊ အားထုတ်ပြုလုပ်သော သတ္တဝါ အပေါင်းသည်။ အနိဂုမဂန္ဓာ၊ စိမ်းညှီသော အနံ့မရှိသူ မဟုတ်သည်။ ဝါ၊ စိမ်းညှီသော အနံ့ ရှိသည်။ (ဟုတ္တာ။) အာပါယိကာ၊ အပါယ်၌ ဖြစ်လေ့ရှိပါ၏။ နိဝုတဗြဟ္မလောကာ၊ ထို ကိလေသာတို့က ပိတ်ထားအပ်သော ဗြဟ္မာ့ပြည်ရှိပါ၏။ [ထို ကိလေသာတို့က ဗြဟ္မာ့ပြည် ရောက်ကြောင်း လမ်းကို ပိတ်ထားပါသည်-ဟု ဆိုလိုသည်။] ဣတိ၊ ဤသို့ ပြောပြီ။

ယထာ၎၊ အကြင် အခြင်းအရာအားဖြင့်။ အဟံ။ ဘာသမာနဿ၊ ပြောဟောသော။ ဘောတော၊ အရှင်ဗြဟ္မာ၏။ အာမဂန္ဓေ။ တို့ကို။ အာဇာနာမိ။ [တထာ၊ ဖြင့်။ ဥပပရိက္ခတော၊ စဉ်းစားဆင်ခြင်လတ်သော်။ မေ၊ ကျွန်ုပ်၏။ ဧဝံ၊ သို့။ ဟောတိ။ စိတ်တည်းမှာဖြစ်လာပါ၏။-ဤ "နိဿမ-ဝါကျ" အပိုဒ်ဖြစ်ပါ။] တေ၊ ထို အာမဂန္ဓ-တို့ကို။ အဂါရံ၊ အိမ်၌။ အဇ္ဈာဝသတာ၊ နေသူသည်။ သုနိမ္မဒယာ၊ လွယ်ကူစွာ မာန်မယစ်

၁။ ယထာခေါ။ပ။ အာဇာနာမိ။ ။ဤ"အနိယမ-ဝါကျ"၏ "နိယမ-ဝါကျ" မပါပါ။ ထို့ကြောင့် သုဒိန္နဘာဏဝါရ-၌"ယထာ ယထာ ခေါ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ"ဝါကျဝယ်"တေန တေန မေ ဥပပရိက္ခတော ဧဝံ ဟောတိ" ဟု-အဋ္ဌကထာ နိယမဝါကျ-ထည့်ပုံကိုကြည့်၍ ထည့်ပါသည်။ "တထာ၊ ထိုအခြင်း အရာအားဖြင့်။ အဂါရံ အဇ္ဈာဝသတာ။ တေ၊ တို့ကို။ နှ သုနိမ္မဒယာ" ဤသို့ လွယ်ကူအောင် ပေးလိုက ပေးပါ။

စေထိုက်ကုန်သည်။ ဝါ၊ လွယ်ကူစွာ ညှိုးနွမ်းကုန်ခမ်းစေထိုက်ကုန်သည်။ န၊ မဟုတ်ပါ။ ဘော၊ အရှင်ဗြဟ္မာ။ အဟံ အဂါရဿဝ။ အနဂါရိယံ၊ သို့။ ပဗ္ဗဇိဿာမိ၊ ကပ်ရောက်ပါတော့မည်။(ရဟန်းပြုပါတော့မည်။) ဣတိ၊ ပြီ။ ဘဝံ ဂေါဓိန္ဒော၊ သည်။ ဒါနိ၊ ယခု။ ယဿ၊ အကြင် ရဟန်း အဖြစ်၏။ (ရဟန်းပြုခြင်း၏။)ကာလံ၊ အခါကို။ မညတိ၊ သိ၏။(အယမေဝ၊ ဤ ရဟန်းအဖြစ်သည်သာ။ ဟောတု၊ ဖြစ်ပါစေ။) ဣတိ၊ ဤသို့ ပြောပြီ။ [ဤသို့ပြောပြီးလျှင် ဗြဟ္မာ့ပြည်သို့ ပြန်သွားသည်။]

ရေဏုရာဇဝတ္ထု

၃၂၁။ ဘော၊ အို....နတ်အမျှားတို့။ပ။ "ယော၊ အကြင် ပုရောဟိတ်သည်။ ဘောတော၊ အရှင်မင်းမြတ်၏။ ရဇ္ဇံ၊ တိုင်းပြည်ကို။ ဝါ၊ မင်း၏ ကိစ္စကို။ အနုသာသိဿတိ၊ သွန်သင်ဆုံးမ လမ်းပြပါလိမ့်မည်။ ဘဝံ၊ အရှင်မင်းမြတ်သည်။ ဒါနိ၊ ယခု။ အည်၊ အကျွန်ုပ်မှအခြားသော။(တံ)ပုရောဟိတံ၊ ကို။ ပရိယေသတု၊ ရှာတော်မူပါ။ပ။ အနဂါရိယ"န္တိ။

ဂါထာအနက်။ ။(၁)။ အဟံ၊ ကျွန်ုပ်သည်။ ဘူမိပတိ်၊ မြေ၏အရှင်ဖြစ်သော။(ရေမြေကို အစိုးရသော။)ရေဏုံ ရာဇာနံ၊ ကို။ အာမန္တယာမိ၊ သိစေပါ၏။ (သံတော်ဦးတင်ပါ၏။) တုံ၊ အရှင်မင်းမြတ်သည်။ ရဇ္ဇေန၊ ဖြင့်။ ပဇာနဿု၊ သိတော်မူပါ။ [အရှင်မင်းမြတ်ကိုယ်တိုင်ပင် မင်း၏ကိစ္စကို စီမံတော်မူပါ-ဟူလို။] အဟံ။ ပေါရောဟိစ္စေ၊ ပုရောဟိတ်အဖြစ်၌။ (ပုရောဟိတ်ရာထူး၌။)န ရမေ၊ မပျော်တော့ပါ။ (ဣတိ၊ ဤသို့ သံတော်ဦးတင်ပြီ။)

(၂)(ဂေါဓိန္ဒ၊ ဂေါဓိန္ဒ-ပဏ္ဍိတ်။)တေ၊ အရှင်၏။ ဝါ၊ မှာ။ ကာမေဟိ၊ အလိုရှိအပ်သော ဥစ္စာစည်းစိမ်တို့ဖြင့်။ ယံ၊ အကြင်အရာသည်။ ဥိနံ၊ လိုနေ၏။ အဟံ။ တေ၊ အရှင်၏။ (တံ၊ ထို လိုနေသောအရာကို။)ပရိပူရယာမိ၊ပြည့်စုံစေပါအံ့။ ယော၊ အကြင်သူသည်။ တံ၊ အရှင်ပုရောဟိတ်ကို။ ဟိံသတိ၊ ညှဉ်းဆဲနှိပ်စက်၏။ (တံ၊ ထို ညှဉ်းဆဲသူကို။) ဝါရေမိ၊ တားမြစ်ပါမည်။ အဟံ၊ ကျွန်ုပ်သည်။ ဘူမိသေနာပတိ၊ တမြေပြင်လုံး၏ စစ်သူကြီးပါတည်း။ [ကျွန်ုပ်သည် တနိုင်ငံလုံး၏ စစ်သူကြီးဖြစ်၍ အရှင့်အား နှိပ်စက်သူ မည်သူ့ကိုမဆို ဖမ်းဆီးနိုင်ပါသည်-ဟူလို။]

တနည်း။　။ယော။ပ။ ဝါရေမိ။ [ဤ၌ စကားတရပ်ဖြတ်ပါ။] အဟံ၊သည်။ ဘူမိသေနာပတိ၊ တမြေပြင်လုံး၏ စစ်သူကြီးပါတည်း။ (မြေ့အရှင်ပါတည်း။)[ဣမံ ရဇ္ဇံ၊ ဤ တိုင်းပြည်ကို။ တုမှေယေဝ၊ အရှင်တို့ကိုသာ။ ပဋိစ္ဆာပေဿာမိ၊ အပ်လွှဲပါမည်။ ဤသို့ အဋ္ဌကထာအတိုင်း ဝါကျအပိုထည့်ပါ။] တုဝံ၊ အရှင်သည်။ ပိတာ၊ ကျွန်ုပ်၏ အဖ-ပါတည်း။ ဝါ၊ အဖ-အရာ၌ တည်ပါလိမ့်မည်။ အဟံ။ ပုတ္တော၊ အရှင်၏ သားပါတည်။ ဝါ၊ သားအရာ၌ တည်ပါမည်။ ဂေါဝိန္ဒ၊ ဂေါဝိန္ဒ-ပဏ္ဍိတ်။ မနော[1]၊ မိမိ၏စိတ်ကို။ ပါဇဟိ (ပါဇေဟိ)၊ အလိုရှိတိုင်း မောင်းနှင်ပါလော့။ ဝါ၊ အလိုရှိတိုင်း ဖြစ်စေပါလော့။

တနည်း။　။မာ နော ဂေါဝိန္ဒ ပဇဟိ။　။[ယခု စာအုပ်မျှားဌ ပါဇဟိ-ဟု ပါ-ဌ ဒီဃ-ရှိသည်မှာ အဋ္ဌကထာနှင့် မညီပါ။ သို့မဟုတ်၊ ဂါထာဖြစ်၍ ဒီဃပြုထားသည်-ဟု မှတ်ပါ။] တုဝံ၊ သည်။ မိတာ၊ အဖ-ပါတည်း။ ဝါ အဖ-အရာ၌ တည်ပါ။ အဟံ။ ပုတ္တော၊ တည်း။ ဝါ၊ သားအရာ၌ တည်ပါမည်။ ဂေါဝိန္ဒ။ နော၊ ကျွန်ုပ်တို့ကို။ မာ ပဇဟိ၊ မစွန့်ပစ်ပါနှင့်။ (ပစ်မထားခဲ့ပါနှင့်-ဟူလို။)

(၃) (ဒေဝ၊ မင်းမြတ်။) [နမတ္ထိ=န+မေ+အတ္ထိ။] မေ၊ကျွန်ုပ်၏။ ဝါ၊ မှာ။ ကာမေဟိ၊ တို့ဖြင့်။ ဥိနံ၊ လိုနေသော အရာသည်။ နအတ္ထိ၊ မရှိပါ။ မေ၊ အား။ ဟိ သိတာ၊ ညွှန်းဆဲနိပ်စက်သူသည်။ နဝိဇ္ဇတိ၊ ပါ။ အမနုဿဝစော၊ ဗြဟ္မာမင်း၏ စကားကို။ (အသော-သိ၊ ကြားနာရပါပြီ။) တသ္မာ သုတ္ဝာ၊ ထို့သို့ ကြားနာရခြင်းကြောင့်။ အဟံ၊ ကျွန်ုပ်သည်။ ဂေဟော၊ အိမ်၌။ (အိမ်ရာတည်ထောင်လူ့ဘောင်၌။) နရမေ၊ မပျော်တော့ပါ။

(၄) အမနုဿော၊ လူနှင့်တူသော ဗြဟ္မာသည်။ ကထံ ဝဏ္ဏော၊ အဘယ်အဆင်းရှိပါသနည်း။ ယဥ္စ၊ အကြင် အကြောင်းအရာကို

၁။ မနော ဂေါဝိန္ဒ ပါဇဟိ။　။အရှင်ပုရောဟိတ်အား ကျွန်ုပ်က တိုင်းပြည်ကို လွှဲအပ်ပါမည်။ အရှင်က ကျွန်ုပ်၏ အဖအရာ၌နေ၍ ကျွန်ုပ်က သားအရာနေပါမည်။ ကျွန်ုပ်၏ စိတ်အလိုကို မလိုက်ပဲ အရှင်၏ စိတ်အလို အတိုင်းသာ ဖြစ်စေပါ။ အရှင်သဘောကျ နိုင်ငံကို အုပ်ချုပ်ပါဟု-ဆိုလိုသည်။ [ဤပါဠိသည် ယခု ပါဠိတော်များ၌ မရှိတော့။]

လည်း။ သုတ္ဝာ၊ ကြားရ၍။ နော၊ ကျွန်ုပ်တို့၏။ ဂေဟော၊ အိမ်တို့ကိုလည်းကောင်း။ [ဂေါဝိန္ဒ-ပဏ္ဍိတ်၏ အိမ်ကိုပင် မိမိအိမ်အဖြစ်ဖြင့် ဆိုထားသည်။] ကေဝလီ၊ အလုံးစုံကုန်သော။ (ဇမ္မူဒီပ်၌ နေသူ အားလုံး ဖြစ်ကုန်သော။) အမေ့စ၊ ကျွန်ုပ်တို့ကိုလည်းကောင်း။ ဇဟာသိ၊ စွန့်ပစ်နိုင်၏။ ကိံ၊ အဘယ်သို့သော။ (တံ) အတ္ထံ၊ ထို အကြောင်းအရာကို။ အဘာသထ၊ ပြောဟောသွားပါ သနည်း။ [ဟိယျတ္တာနီ တ္ထ-ကို ထ-တလုံး ပြုပါ။]

(၅) ပုဗ္ဗေ၊ ရှေး၌။ မေ၊ ကျွန်ုပ်သည်။ ဥပဝုတ္ထာသ၊ မိုးလေးလလုံးလုံး တယောက်တည်းအဖြစ်သို့ ကပ်ရောက်၍ ကျင့်နေစဉ်။ မေ၊ သည်။ ယိဋ္ဌကာမဿ၊ ယဇ်ပူဇော်ခြင်းငှာ အလိုရှိသည် ဖြစ်၍။ သတော၊ ဖြစ်စဉ်။ ကုသပတ္တပရိတ္တတော၊ သမန်းမြက်တို့ဖြင့် ထက်ဝန်းကျင် ခင်းအပ်သော။ အဂ္ဂိ၊ မီးသည်။ ဝါ၊ ကို။ ပဇ္ဇလိတော၊ ထောပတ် နို့ဓမ်း ပျားရည်စသည်ကို ထည့်လျက် တောက်စေအပ်သည်။ အာသိ၊ ဖြစ်ပါပြီ။ [မီးနတ် ပူဇော်ရာ၌ မီးထဲဝယ် ထောပတ်စသည် ထည့်လောင်းရ၏။ မြေဇာမြက်များကိုလည်း ပတ်ဝန်းကျင်ကစိုက်ထားရ၏။ အကျယ်ကို သီလက္ခန် ကူဋဒန္တသုတ် ဘာသာဋီကာ၊ ၃၄-၌ ပြထားပြီ။]

(၆) တတော၊ ထို အခါ၌။ (ထိုသို့ မီးနတ်ကို ပူဇော်နေရာ အခါ၌။) [တော-ပစ္စည်း သတ္တမီ အနက်၌ သက်။] မေ၊ ကျွန်ုပ်၏ (အထံ၌။) ဗြဟ္မလောကာ၊ မှ။ သနန္တနော၊ သနန္တန-မည်သော။ (သနင်္ကုမာရ-မည်သော။) ဗြဟ္မာ၊ ဗြဟ္မာသည်။ ပါတုရဟု၊ ထင်ရှားဖြစ်ပါပြီ။ သော၊ ထို ဗြဟ္မာသည်။ မေ၊ ကျွန်ုပ်၏။ ပဋ္ဌံ၊ ပြဿနာကို။ (သိလိုအပ်သော အနက်အဓိပ္ပာယ်ကို။) ဝိယာကာသိ၊ ထင်စွာ ပြုပါပြီ။ (ဖြေဆိုပါပြီ။) တံ၊ ထို ဗြဟ္မာမင်း၏ အဖြေစကားကို။ သုတ္ဝာ၊ ကြားရ၍။ ဂေဟေ နရမေ။

(၇) ဂေါဝိန္ဒ၊ ဂေါဝိန္ဒ-ပဏ္ဍိတ်။ တုံ၊ အရှင်သည်။ ယံ၊ အကြင် စကားကို။ (အကြင် အကြောင်းအရာကို။) ဘာသသိ၊ ပြော၏။ ဘောတော၊ အရှင်၏။ (တံ၊ ထို စကားကို။ ဝါ၊ အကြောင်းအရာကို။) အဟံ။ သဒ္ဒဟာမိ၊ ယုံကြည်ပါ၏။ (တုမှေ။) အမနုဿဝစော၊ ဗြဟ္မာမင်း၏ စကားကို။ သုတ္ဝာ၊ ကြားရ၍။ (ကြားပြီးနောက်။) အညထာ၊ ရဟန်းပြုခြင်းမှ တပါးသော အခြင်းအရာ အားဖြင့်။

ကထံ၊ အဘယ်နည်းဖြင့်။ ဝါ၊ အဘယ်မှာ။ ဝတ္တေထ၊ ဖြစ်နိုင်ကုန် တော့အံ့နည်း။

(ဂ) တေ (မယံ)၊ ထို ကျွန်ုပ်တို့သည်။ တံ၊ အရှင့်ကို။ အနု-ဝတ္တိဿာမ၊ အစဉ်လိုက်ပါကုန်တော့အံ့။ (အတုလိုက်၍ ကျင့်ပါကုန် တော့အံ့။)[ကျွန်ုတို့လည်း အရှင့်နောက်ကလိုက်၍။ ရဟန်းပြုပါမည်-ဟူလို။] ဘဝံ၊ အရှင်သည်။ နော၊ တို့၏။ သတ္ထာ၊ ဆရာပါတည်း။ အကာစေ၊ အပြစ် အနာအဆာ မရှိသော။ [သွေးထားအပ်သည့် အတွက် အနာနှင့်တူသော အဖုအထစ် အကျိုးအပြတ် မရှိသော။] ဝိမလော၊ ကင်းသော အညစ်အကြေးရှိသော။ သုဘော၊ အဆောင် အဝါ လွန်စွာတောက်ပသော။ ဝါ၊ တင့်တယ်ကောင်းမြတ်သော။ ဝေဠုရိယော၊ ဝေဠုရိယ-မည်သော။ (ကြောင်မျက်ရွဲဖြစ်သော။) မဏိ ယထာ၊ ပတ္တမြားကဲ့သို့။ ဧဝံ၊ ဤအတူ။ (မယံ၊) ဂေါဝိန္ဒသ၊ အရှင်ဂေါဝိန္ဒ၏။ အနုသာသနေ၊ အဆုံးအမ၌။ သုဒ္ဓါ၊ စင်ကြယ်သူ တို့သည်။(ဟုတ္တာ။) စရိဿာမ၊ကျင့်ကြပါမည်။ ဣတိ၊ ဤသို့ပြောပြီ။

သစေ။ပ။ပဗ္ဗဇိဿာမ။ အထ၊ ထို့သို့ ဖြစ်လတ်သော်။ (အရှင် ရဟန်းပြု သလို ကျွန်ုပ်တို့လည်း ရဟန်းပြုလတ်သော်။) ယာ၊ အကြင် ဘဝသည်။ တေ၊ အရှင်၏။ ဂတိ၊ ရောက်အပ်သော ဘဝတည်း။ သာ၊ ထို အရှင် ရောက်အပ်သော ဘဝသည်။ နော၊ တို့၏။ ဂတိ၊ ရောက်အပ်သော ဘဝ သည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။ [အရှင်ရောက်တဲ့ဘဝ ကျွန်ုပ်တို့လည်း ရောက်ပါလိမ့်မည်-ဟူလို။] ဣတိ၊ ဤသို့ ပြောပြီ။

ဆခတ္တိယအာမန္တနာ

၃၂၂။ အထ ခေါ။ပ။ အနဂါရိယန္တိ။ [၃၂၁-ကို နည်းမှီးပေးပါ။] ။ပ။ကေမန္တံ၊ သင့်တင့်လျောက်ပတ် တခုသောအရပ်အဖို့သို့။ အပက္ကမ္မ၊ ဖဲ့၍။ ဧဝံ၊ သို့။ သမစိန္တေသုံ၊ အညီအမျှ ကြံစည်ကြကုန်ပြီ။ (တိုင်ပင် ကြကုန်ပြီ။) (ကိံ၊ နည်း။) "ဣမေ ဗြာဟ္မဏာ နာမ၊ ဤ ဗြာဟ္မဏတို့မည် သည်။ ဓနလုဒ္ဓါ၊ ဥစ္စာ၌ မက်မောကုန်၏။ပ။ဓနေန၊ ဖြင့်။ ယံနူန သိက္ခေ-ယျာမ၊ အကယ်၍ ဖြားယောင်း သိမ်းသွင်းကြရပါမူ ကောင်းလေစွ။" ဣတိ၊ ဤသို့ ကြံစည်ကုန်ပြီ။ပ။"ဘော၊ အရှင်ဗြာဟ္မဏ။ သတ္ထာသု၊ ခုနစ်ပြည် ထောင်ကုန်သော။ ဣမေသု ရဇ္ဇေသု၊ ဤတိုင်းပြည်တို့၌။ ပဟူတံ၊ များစွာသော့။ သာပတေယျံ၊ ဥစ္စာနှစ်သည်။ သံဝိဇ္ဇတိ၊ ရှိပါ၏။ တတော၊

ထို ဥစ္စာမှ။ (ဥစ္စာထဲက။) ဘောတော၊ အား။ ယာဝဘကေန၊ အကြင်မျှ အတိုင်းအရှည်ရှိသော ဥစ္စာဖြင့်။ အတ္ထော၊ အလိုရှိ၏။ တာဝတက်၊ ထိုမျှ အတိုင်းအရှည်ရှိသော ဥစ္စာကို။ အာဟရိယတံ၊ ဆောင်ယူအပ်ပါလေ၃။ [အာ-ရှေးရှိသော၊ ဟရ-ဓာတ်၊ ကံဟော ယ-ပစ္စည်း၊ အတ္တာနောပုဒ် တံ-ဝိဘတ်။] ဝါ၊ ဆောင်ယူတော်မူပါ။" ဣတိ၊ ဤသို့ ပြောကုန်ပြီ။ ဘော၊ အရှင်မင်းတို့။ အလံ၊ တော်ပါပြီ။ ဘဝန္တောနံယေဝ၊ အရှင်တို့၏သာ။ ဝါ-ဟသာ၊ အကြောင်းကြောင့်။ မမပိ၊ ကျွန်ုပ်၏လည်း။ (ကျွန်ုပ်မှာလည်း။) ဣဒံ သာပတေယျံ၊ သည်။ ပဟူတံ၊ များလှပါ၏။ အဟံ၊ သည်။ တံ သဗ္ဗံ၊ ကို။ပ။အနဂါရိယန္တိ။ပ။

"ဣမေ ဗြာဟ္မဏာ နာဝမ။ ဣတ္ထိလုဒ္ဓါ၊ မိန်းမ၌ မက်မောကုန်၏။ပ။ ဣတ္ထိဟိ၊ တို့ဖြင့်။ ယံနူန သိက္ခေယျာမ၊ စ္ဓ။" ။ပ။ "ပဟူတာ၊ များစွာကုန်သော။ ဣတ္ထိယော သံဝိဇ္ဇန္တိ။ တတော၊ ထို အမျိုးသမီးတို့မှ။ (ထို အမျိုးသမီးတွေထဲက။)ဘောတော၊ အား။ ယာဝတိကာဟိ၊အကြင်မျှအတိုင်း အရှည်ရှိသော အမျိုးသမီးတို့ဖြင့်။ အတ္ထော၊ ၏။ တာဝတိကာ၊ တို့ကို။ အာနိယတံ၊ ခေါ်ဆောင်အပ်ပါလေ၃။ ဝါ၊ ခေါ်ဆောင်တော်မူပါ။" ဣတိ၊ ကုန်ပြီ။ ဘော၊ တို့။ အလံ။ မမပိ၊ ၏လည်း။ ဝါ၊ ကျွန်ုပ်မှာလည်း။ သာဒိသိယော၊ ကုန်သော။ ဣမာ ဘရိယာ၊ ဤ ဇနီးတို့သည်။ စတ္တာရီသာ၊ လေးဆယ် အတိုင်းအရှည်ရှိပါကုန်၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တာပိ၊ ထိုသူမတို့ကိုလည်း။ ပဟာယ။ပ။အနဂါရိယန္တိ။

၃၂၃။ သစေ။ပ။ဘဝိဿတိတိ။ [လွယ်ပြီ။]

ဂါထာအနက်။ ။(၁) ယတ္ထ၊ အကြင် ဝတ္ထုကိလေသာ နှစ်ဖြာသော ကာမတို့၌။ ပုထုဇ္ဇနော၊ သည်။ သတ္တော၊ ငြိကပ်နေ၏။ (တာနိ) ကာမာနိ၊ ထို ဝတ္ထုကိလေသာ နှစ်ဖြာသောကာမတို့ကို။ သစေ ဇဟာထ၊ အကယ်၍ ပယ်စွန့်လိုကုန်အုံ။ (ဧဝံ သန္တေ်သု၊ ဤသို့ ပယ်စွန့်လိုကုန်လတ်သော်။) အာရမ္ဘဝ္ဟော၊ အားထုတ်ကြပါကုန်လော့။ ဒဠှာ၊ မလျှော့ပဲ ခိုင်မြဲသူတို့သည်။ ခန္တိဗလသမာ-ဟိတာ၊ သည်းခံခြင်းဟူသော အားအစွမ်းနှင့် ပြည့်စုံသူတို့သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။

(၂) သေ မဂ္ဂေါ၊ ဤ ကရုဏာဈာန်တည်းဟူသော လမ်းသည်။ ဗြဟ္မလောကူပပတ္တိယာ၊ ဗြဟ္မာ့ပြည်သို့ ရောက်ခြင်းငှာ။ ဝါ၊ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းငှာ။ ဥဇုမဂ္ဂေါ၊ ဖြောင့်သောလမ်းပါတည်း။ [ဋီကာ၌မူ "ဗြဟ္မလောကဂမနေ" ဟု အာဓာရ-ဖွင့်၏။ ထို

အလို၊ ဗြဟ္မလောကူပပတ္တိယာ–ကို အာဓာရ-အနက်ပေးရလိမ့်မည်။]
သေ မဂ္ဂေါ၊ သည်။ အနုတ္တရော၊ အတုမရှိသော လမ်းပါတည်း။
ဝါ၊ မြတ်သောလမ်းပါတည်း။ သဒ္ဓမ္မော၊ ကရုဏာစျာန်တည်းဟူ
သော သူတော်ကောင်းတရားသည်။ သဗ္ဗီ၊ ဘုရား ပစ္စေကာ ဗုဒ္ဓ–
သာဝကတို့က။ ရက္ခိတော၊ စောင့်ရှောက်အပ်သော တရားပါပေ
တည်း။ [ဤ ကရုဏာစျာန်ကို မိမိတို့ကိုယ်တိုင် ဝင်စားတော်မူခြင်း
ဖြင့်လည်းကောင်း၊ သူတပါးကို ဟောပြသောအားဖြင့်လည်းကောင်း
မဆုတ်ယုတ် မပျောက်ပျက်အောင် စောင့်ရှောက်တော်မူကြသည်။]
ဣတိ၊ ဤသို့ ပြောပြီ။

တေန ဟိ၊ ထိုသို့ဖြစ်လျှင်။ (တနည်း) တေန ဟိ၊ တိုက်တွန်းပါ၏။
ဘဝံ ဂေါဒ္ဓေါ၊ သည်။ သတ္ထာဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ အာဂမေတု၊
စောင့်ဆိုင်းပါဦး။ သတ္ထာနံ ဝဿာနံ၊ တို့၏။ အစ္စယေန၊ ကျော်လွန်ရာ
အခါ၌။ပ။ဘဝိဿတိ။ ဣတိ၊ ဤသို့ ပြောကုန်ပြီ။

ဘော၊ အရှင်မင်းသားတို့။ သတ္ထာဝဿာနိ၊ တို့သည်။ 'အတိစိရံ၊ အလွန်
ကြာပါ၏။ အဟံ၊ ကျွန်ုပ်သည်။ ဘဝန္တော၊ အရှင်တို့ကို။ သတ္ထာဝဿာနိ၊
တို့ပတ်လုံး။ အာဂမေတုံ၊ စောင့်ဆိုင်းခြင်းငှာ။ န သက္ကောမိ၊ မစွမ်းနိုင်
ပါ။ ဘော၊ တို့။ ကော၊ အဘယ်သူသည်။ ဇီဝိတာနံ၊ အသက်တို့၏။
(ရေပွက်နှင့်လည်းကောင်း၊ မြက်ဖျားဦးရှိသော ဆီးနှင်းပေါက်နှင့် လည်း
ကောင်းတူလျက် ဆန့်ကျင်ဘက်နှင့်တွေ့ရာ ခဏဦးပင် ပျက်စီးခြင်းသဘော
ရှိသော အသက်တို့၏။ ဂတိ၊ ဖြစ်ပုံကို။) [အဋ္ဌကထာဌ် ပါဌသေသ-ထည့်
သည်။ "မည်သည့်ခဏ-ဦ် ပျက်လိမ့်မည်ဟူသော အခြင်းအရာကို" ဟု ဆိုလို
သည်။] ဇာနာတိ၊ သိနိုင်ပါအံ့နည်း။

သမ္မရာယော၊ တမလွန်ဘဝသို့။ (နောက်လောကသို့။) ဂမနီယော၊ ကေန်
သွားထိုက်ပါ၏။ (ကေန်သွားရပါမည်။) မန္တာယံ၊ ဉာဏ်ရှိသူသည် စဉ်း
စား ဆင်ခြင်ထိုက်၏။ ပေါဒ္ဓပ္ပံ။ သိထိုက်၏။ (တနည်း) မန္တာယံ၊ ပညာ
ဖြင့်။ ပေါဒ္ဓပ္ပံ၊ သိထိုက်ပါ၏။ [အသက်ကို သိနိုင်ခဲပုံကို လည်းကောင်း၊
နောက်ဘဝသို့ အမှန်သွားရမည်ကိုလည်းကောင်း ဉာဏ်ဖြင့် သိထိုက်ပါ၏–
ဟူလို။] ကုသလံ၊ ကုသိုလ်ကို။ ကတ္တာပ္ပံ၊ ပြုထိုက်ပါ၏။ ဗြဟ္မစရိယံ၊ မြတ်
သောအကျင့်ကို။ စရိတပ္ပံ၊ ကျင့်ထိုက်ပါ၏။ ဇာတဿ၊ ဖြစ်လာသူ၏။
(မွေးဖွားလာသူ၏။) အမရဏံ၊ မသေရခြင်းသည်။ နတ္ထိ၊ မရှိပါ။ [ထို့
ကြောင့် မသေခင်က တင်ကြို၍ ကုသိုလ်ပြုထိုက်၊ မြတ်သော အကျင့်ကို
ကျင့်ထိုက်ပါသည်–ဟူလို။] ယထာ။ပ။အနဂါရိယန္တိ။

အမှာ။ ။ဤမှနောက်၌ ''ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ကေံ ဝဿံ၊ တနှစ်ပတ်လုံး။ သတ္တ မာသာနိ၊ ခုနစ်လတို့ ပတ်လုံး။ ကေံ မာသံ၊ တလပတ်လုံး။ အဒ္ဓမာသံ၊ တလထက်ဝက် ဆယ့်ငါးရက်ပတ်လုံး။–ဤသို့ ဆိုပါ၊ လွယ်ပြီ။

တေနဟိ။ ဘဝံ ဂေါဝိန္ဒော၊ သည်။ ယာဝ၊ အကြင်မျှလောက်။ မယံ၊ ကျွန်ုပ်တို့သည်။ သကေ၊ မိမိဥစ္စာဖြစ်ကုန်သော။ ပုတ္တဘာတရော၊ သား သမီး ညီ အစ်ကိုတို့ကို။ ရဇ္ဇေန၊ တိုင်းပြည်ဖြင့်။ ဝါ၊ မင်း၏ ကိစ္စဖြင့်။ အနုသာသိဿာမ၊ သွန်သင်ဆုံးမ လမ်းပြပါကုန်ဦးအံ့။ (တာဝ၊ ထိုမျှလောက်။) သတ္တာဟံ၊ ပတ်လုံး။ အာဂမေတု၊ ပါဦး။ပ။ဘဝိဿတိ။ ဣတိ၊ ဤသို့ ပြောကုန်ပြီ။ ဘော၊ အရှင်မင်းသားတို့။ သတ္တာဟံ၊ သည်။ နစိရံ၊ မကြာပါ။ အဟံ။ ဘဝန္တေ၊ တို့ကို။ သတ္တာဟံ၊ ပတ်လုံး။ အာဂမေဿာမိ၊ စောင့်ဆိုင်းပါဦးမည်။ ဣတိ၊ ဤသို့ ပြောပြီ။

ဗြာဟ္မဏမဟာသာလာဒိနံ အာမန္တနာ

၃၂၄။ ဘော၊ အို....နတ်အများတို့။ပ။ယေန၊ ၌။ တေ သတ္တ စ ဗြာဟ္မဏမဟာသာလာ၊ ထို ခုနစ်ယောက်သော ဗြာဟ္မဏမဟာသာလ–ဖြစ်သော အနုပုရောဟိတ်တို့သည်လည်းကောင်း။ (တာနိ) သတ္တ စ နှာတက–သတာနိ၊ ထို ခုနစ်ရာသော ရေချိုးတတ်သော ဗြာဟ္မဏတို့သည် လည်းကောင်း။ (သန္တိ။)။ပ။အဝေါစ။ ''ယော၊ အကြင် ဆရာသည်။ ဘဝန္တာနံ၊ အရှင်တို့အား။ မန္တေ၊ ဝေဒ-ကျမ်းစာတို့ကို။ ဝါစေဿတိ၊ ပို့ချပါလိမ့်မည်။ ဘဝန္တော၊ အရှင်တို့သည်။ ဒါနိ၊ ယခု။ အညံ၊ ကျွန်ုပ်မှအခြားသော။ (တံ) အာစရိယံ၊ ထိုဆရာကို။ ပရိယေသန္တု၊ ရှာကြပါကုန်။ပ။ အနဂါရိယ''န္တိ။

ဘဝံ ဂေါဝိန္ဒော၊ သည်။ အဂါရသ္မာ (နိက္ခမိတ္ဝာ)။ အနဂါရိယံ၊ သို့။ မာ ပဗ္ဗဇိ၊ မကပ်ရောက်ပါနှင့်။ (ရဟန်းမပြုပါနှင့်။) ဘော၊ အရှင်ဂေါဝိန္ဒ။ ''ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ (ရဟန်းဘဝသည်။) အပ္ပေ–သက္ခာ[၁] စ၊ နည်းသော အစိုးရသူဟုလည်း ဆိုအပ်ပါ၏။ ဝါ၊ နည်း

၁။ အပ္ပေသက္ခာ။ ။ဤပုဒ်ကို ''အပ္ပယသာ''ဟု အဋ္ဌကထာဖွင့်၍ ''အပ္ပာ-နုဘာဝါ''ဟု ဋီကာဖွင့်သည်။ ဝစနတ္ထကို သီလက္ခန်ဘာသာဋီကာ ဒုတိယတွဲ စာမျက်နှာ-၉၀၊ မဟေသက္ခတရော-ကို နည်းမှီး၍ ပြုပါ။ ဤ၌ ပဗ္ဗဇ္ဇာကို အရကောက်ရ၍ ဣတ္ထိလိင်ရှိသည်။

သော အာနုဘော်ရှိသူ၊ အခြံအရံ အကျော်စော ရှိသူ–ဟုလည်း ဆိုအပ်ပါ၏။ အပ္ပလာဘာ စ၊ နည်းသော်လာဘ်လည်း ရှိပါ၏။ ဗြဟ္မာညံ၊ ဗြာဟ္မဏ–၏အဖြစ်သည်။ မဟေသက္ခ၌၊ ကြီးကျယ်သော အစိုးရသူဟုလည်း ဆိုအပ်ပါ၏။ ဝါ၊ ကြီးကျယ်သော အာနုဘော်ရှိသူ၊ အခြံအရံ အကျော်အစောရှိသူ–ဟုလည်း ဆိုအပ်ပါ၏။ မဟာလာဘ၌၊ များသောလာဘ်လည်း ရှိပါ၏။''ဣတိ၊ ဤသို့ ပြောကုန်ပြီ။

ဘဝန္တော၊ အရှင်တို့သည်။ ပဗ္ဗဇ္ဇာ။ပ။ မဟာလာဘ၌၊ ဟူ၍။ ဧဝံ၊ သို့၊ မာ အဝစုတ္ထ၊မပြောကြပါနှင့်။ ဘော၊ အရှင်မင်းသား‌တို့။ မယာ၊ကျွန်ုပ်ကို။ အညတြ၊ ကြဉ်ထား၍။ ကော၊ အဘယ်သူသည်။ မဟေသက္ခတရော ဝါ နု ခေါ၊ သာ၍လည်း များသောအစိုးရသူဟု ဆိုအပ်ပါသေးသနည်း။ ဝါ၊ သာ၍လည်း တန်ခိုးကြီးပါသေးသနည်း။ မဟာလာဘတရော ဝါ နု ခေါ၊ သာ၍လည်းများသောလာဘ် ရှိပါသေးသနည်း။ဝါ၊သာ၍လည်း လာဘ်ပေါများပါသေးသနည်း။ ဘော၊ တို့။ ဟိ၊ မှန်ပါ၏။(ကော နု ခေါ ဘော ။ပ။ မဟာလာဘ တရော ဝါ–ဟူသော စကားသည် မှန်ပါ၏။) အဟံ၊ ကျွန်ုပ်သည်။ တေရဟိ၊ ယခုအခါ၌၌။ ရညံ၊ မင်းတို့၏။ ဆာဇာဝဝ (ဆာဇာ+ဣဝဝ) မင်းကဲ့သို့ပါတည်း။ (မင်းလိုပါပဲ။) ဗြာဟ္မဏာနံ၊ ဗြာဟ္မဏတို့၏။ ဗြဟ္မာဝဝ၊ ဗြဟ္မာကဲ့သို့ပါတည်း။(ဗြဟ္မာလိုပါပဲ။)ဂဟပတိကာနံ၊ ကြွင်းသောအိမ်ရှင်တို့၏။ ဒေဝတာဝဝ၊သိကြားနတ်မင်းကဲ့သို့ပါတည်း။(သိကြားနတ်မင်းလိုပါပဲ။) [ဦးကာ၌မူ ''ဆာဇာဝဝ၊ မင်းကဲ့သို့။ သမ္ဘာဝိတော၊ ချီးမွမ်းအပ်ပါပြီ'' ဟု ''သမ္ဘာဝိတော'' ပုဒ်ကိုထည့်စပ်သည်။] အဟံ။ တံ သုဗ္ဘံ၊ ထို အလုံးစုံသော စည်းစိမ်ကို။ ပဟာယ ။ပ။ ဘဝိဿတိတိ။

ဘရိယာနံ အာမန္တနာ

၃၂၅။ ဘော၊ အို.... နတ်အများတို့ ။ပ။ စတ္တာရိသာ၊ လေးဆယ် အတိုင်းအရှည်ရှိကုန်သော။ သာဒိသိယော၊ အဆင်းအားဖြင့် တူသည်၏ အဖြစ်ရှိကုန်သော်။ ဝါ၊ အဆင်းအားဖြင့် တူကုန်သော။ [၃၁၆-၌ တနည်း ပေးခဲ့သည်။] ဘရိယာ၊ ဇနီးတို့သည်။(သန္တိ) ။ပ။ ''ဘောတီနံ။ ရှင်မတို့ တုဉ်။ ယာ၊ အကြင် သူမသည်။ ဣစ္ဆတိ၊ (မိမိအမျိုးသို့ပြန်ဖို့ရန်၊ သို့မဟုတ်-အခြားခင်ပွန်းတယောက်ကို ရှာဖို့ရန်) အလိုရှိ၏။ (သာ၊ ထိုသူမသည်။) သကာနိ၊ မိမိဥစ္စာ ဖြစ်ကုန်သော။ ဉာတိကုလာနိ ဝါ၊ ဆွေမျိုးအိမ်တို့သို့

သော်လည်း။ ဂစ္ဆတု၊သွားပါလော့။(ပြန်ပါလော့။)အည်း၊ သော။ ဘတ္တာရံ ဝါ၊ ခင်ဗျန်းကိုသော်လည်း။ ပရိယေသာတု၊ ရှာပါလော့။ ဘောတီ၊ ရှင်မ တို့ ။ပ။ အနဂါရိယ''န္တိ။ ဤတိကာမာနံ၊ ဆွေမျိုးဖြင့် အလိုရှိကုန်သော။ နော၊ ကျွန်မ၏တို့ အတွက်။ ကဉ္ဉေဝ၊ အရှင်သည်ပင်။ ဤတိ၊ ဆွေမျိုးပါ တည်း။ ဘတ္တာ့ ကာမာနံ၊ ခင်ဗျန်းကိုအလိုရှိသော ကျွန်မတို့၏အတွက်။ တုံ ပန၊ အရှင်သည်ပင်။ ဘတ္တာ၊ ခင်ဗျန်းပါတည်း ။ပ။ ဘဝိဿတိတိ။

မဟာဂေါဝိန္ဒပဗ္ဗဇ္ဇာ

၃၂၆။ ဘော၊ အို....နတ်အမျှားတို့။ အထ ခေါ၊ ၌။ မဟာဂေါဝိန္ဒော ဗြာဟ္မဏော၊ သည်။ ဟဿ သတ္တာဟဿ၊ ထိုခုနစ်ရက်၏။ အစ္စယေန၊ လွန်ရာအခါ၌။ ကေသမဿုံ၊ ဆံ မုတ်ဆိတ် ကျင်စွယ်ကို။ သြဟာရေတွာ၊ ပယ်ရှား၍။ ကာသာယဝါနိ၊ ဖန်ရေဖြင့် ဆိုးအပ်ကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို။ အစ္ဆာဒေတွာ၊ ဖုံးလွှမ်းဝတ်ရုံ၍။ အဂါရသ္မာ၊ အိမ်မှ။ (အိမ်ရာတည်ထောင် လူ့ဘောင်မှ။) နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်၌နေခြင်း၏ စီးပွားဖြစ်သော လယ်ထွန် ကုန်ပေး နွားမွေးမှုမရှိရာ ရဟန်းဘောင်သို့။ ပဗ္ဗဇိ၊ ကပ်ရောက်ပြီ။(ရဟန်းပြုပြီ။)

မဟာဂေါဝိန္ဒံ ဗြာဟ္မဏံ၊ သည်။ ပဗ္ဗဇိတံ၊ ရဟန်းအဖြစ်သို့ ကပ်ရောက်လတ်သော်။ ဝါ၊ ရဟန်းပြုလတ်သော်။ [ဒုတိယာဝိဘတ်ကို သတ္တမီဝိဘတ်၏ လက္ခဏ-အနက်၌ သက်ပါ။] ခတ္တိယာ၊ မင်းမျိုးမင်းနွယ်ဖြစ်ကုန်သော။ မုဒ္ဓါဝသိတ္တာ၊ ဦးထိပ်၌ အဘိသိက်ရေစင်ဖြင့် သွန်းလောင်းအပ်ပြီးကုန်သော။ သတ္တ စ ရာဇာနော၊ ခုနစ်ယောက်သော မင်းတို့သည်လည်းကောင်း။ သတ္တ စ ဗြာဟ္မဏမဟာသာလာ၊ ခုနစ်ယောက်သော ဗြာဟ္မဏမဟာသာလ-ဖြစ်သော အနုပုရောဟိတ်တို့သည်လည်းကောင်း။ သတ္တ စ နှာတကသတာနိ၊ ခုနစ်ရာသော ရေချိုးတတ်သော ဗြာဟ္မဏတို့သည်လည်းကောင်း။ သာဒိသိယော၊ အဆင်းအားဖြင့် တူသည်၏အဖြစ်ရှိကုန်သော။ ဝါ၊ အဆင်းအားဖြင့် တူကုန်သော။ စတ္တာရီသာ စ ဘရိယာ၊ လေးဆယ်အတိုင်းအရှည်ရှိသော ဇနီးတို့သည်လည်းကောင်း။ အနေကာနိ စ ခတ္တိယသဟဿာနံ၊ ထောင်ပေါင်းများစွာသောမင်းမျိုးမင်းနွယ်တို့သည်လည်းကောင်း။ အနေကာနိ စ ဗြာဟ္မဏသဟဿာနိ၊ ထောင်ပေါင်းများစွာသော ဗြာဟ္မဏတို့သာည် လည်းကောင်း။ အနေကာနိ စ ဂဟပတိသဟဿာနိ၊ ထောင်ပေါင်းများစွာသော အိမ်ပိုင်ယာပိုင် ရှိသူတို့သည်လည်းကောင်း။ အနေကေဟိ၊ တယောက်မက များစွာ

ကုန်သော။ ဣတ္ထာဂါရေဟိ၊ မောင်းမတို့နှင့်အတူ။ (မိဖုရား၏အခြေအရံဖြစ်သော နန်းတော်သူများနှင့်အတူ။) ဣတ္ထိယော စ၊ အမျိုးသမီးတို့သည်လည်းကောင်း။ပ။ အစ္ဆာဒေတ္ဝာ၊ ၍။ အဂါရသ္မာ(နိက္ခမိတ္ဝာ)။အနဂါရိယံ၊ သို့။ ပဗ္ဗဇိတုံ၊ ကပ်ရောက်သော။ ဝါ၊ ရဟန်းပြုသော။ မဟာဂေါဝိန္ဒံ ဗြာဟ္မဏံ၊ ကို။ အနုပဗ္ဗဇိံသု၊ အတုလိုက်၍ ရဟန်းပြုကုန်ပြီ။

ဘော၊ အို....နတ်အများတို့။ တာယ ပရိသာယ၊ ထိုပရိသတ်သည်။ ပရိဝုတော၊ ခြံရံအပ်သည်။ (ဟုတ္ဝာ။) မဟာဂေါဝိန္ဒော ဗြာဟ္မဏော၊ သည်။ ဂါမနိဂမရာဇဓာနိသု၊ ရွာ နိုဂုံး မင်းနေပြည်တို့၌။ စာရိကံ၊ ဒေသစာရီကို။ စရတိ၊ လှည့်လည်၏။ပ။ယံ ဂါမံ ဝါ၊ အကြင် ရွာသို့သော်လည်းကောင်း။ (ယံ) နိဂမံ ဝါ၊ သို့သော်လည်းကောင်း။ ဥပသင်္ကမတိ၊ ချဉ်းကပ်၏။ တတ္ထ၊ ထိုရွာ နိုဂုံး၌။ ရညော်၊ တို့၏။ ရာဇာဝ၊ မင်းကဲ့သို့လည်းကောင်း။ပ။ဟော်တိ။ပ။မနုဿာ။ ခိပန္တိ ဝါ၊ ချဆတ်မူလည်း ချဆတ်ကုန်၏။ [နှာချေသည်ကို ဆိုလိုသည်။] ဥပက္ခလန္တိ ဝါ၊ ချော်လဲမူလည်း ချော်လဲကြကုန်၏။ တေ၊ ထို လူတို့သည်။ ဧဝ မာဟံသု၊ (ကိ်။) "မဟာဂေါဝိန္ဒဿ ဗြာဟ္မဏဿ၊ အာဒး။ နမော၊ ကျွန်ုပ်တို့၏ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ။ သတ္တာ ပုရောဟိတဿ၊ ခုနစ်ယောက်သော မင်းတို့၏ ပုရောဟိတ်ကြီးအား။ နမော အတ္ထု။" ဣတိ၊ ဤသို့ ဆိုကြကုန်ပြီ။

၃၂၇။ မဟာဂေါဝိန္ဒော။ပ။ဝိဟာသိ။ [မဟာသုဒဿနသုတ်၊ ပုဒ်စဉ် ၂၆၂-၌ အနက်ရေးခဲ့ပြီ။] သာဝကာနံ စ၊ တို့အားလည်း။ ဗြဟ္မလောက-သဟဗျတာယ၊ ဗြဟ္မာ့ပြည်၌ အတူဖြစ်သူ၏ အဖြစ်အကျိုးငှာ။ (ဗြဟ္မာ့ပြည်၌ အတူဖြစ်ဖို့ရာ။) မဂ္ဂံ၊ လမ်းစဉ်ကို။ ဒေသေသိ၊ ဟောပြီ။

မှတ်ချက်။　။မေတ္တာသဟဂတေန-စသည်ဖြင့် ဗြဟ္မဝိဟာရ-တရားလေးပါးသာ ပါဠိတော်၌လာသော်လည်း ဘုရားလောင်းဖြစ်သော မဟာဂေါဝိန္ဒ-ဗြာဟ္မဏကား သမာပတ်ရှစ်ပါးတို့ကိုလည်းကောင်း အဘိညာဉ်ငါးပါးတို့ကိုလည်းကောင်း ရသည်။

၃၂၈။ ဘော၊ တို့။ပ။ဗြာဟ္မဏဿ၊ ၏။ ယေ သာဝကာ၊ အကြင် သာဝက-တို့သည်။ သဗ္ဗေန၊ အလုံးစုံသော အခြင်းအရာအားဖြင့်။ သဗ္ဗံ၊ အလုံးစုံ အကုန်အစင်။ (အာဇာနိံသု-၌ စပ်။) (တနည်း) သဗ္ဗေန၊ အလုံးစုံသောအခြင်းအရာအားဖြင့်။ သဗ္ဗံ၊ အလုံးစုံသော။ (သာသနံ၌-စပ်။) သာသနံ၊ အဆုံးအမကို။ အာဇာနိံသု၊ သိကုန်ပြီ။ [ဈာန် သမာပတ် အဘိညာဉ်များကို

ရကြသည်-ဟူလို။] တေ၊ ထို သာဝက-တို့သည်။ ကာယဿ၊ ဥပါဒိန္နက ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရဏာ၊ သေရာအခါမှ။ ပရံ၊ နောက်၌။ သုဂတိ၊ ကောင်းသောဂတိဖြစ်သော။ ဗြဟ္မလောကံ၊ သို့။ ဥပပဇ္ဇိ သု၊ ကပ်ရောက်ကုန်ပြီ။ (တနည်း) ဗြဟ္မလောကံ၊ ဦး။ ဥပပဇ္ဇိ သု၊ ဖြစ်ကုန်ပြီ။ ယေ၊ အကြင်-သာဝကတို့သည်။ သဗ္ဗေန သဗ္ဗံ သာသနံ။ နုအာဇာနိ သု၊ မသိကုန်။ [သမာပတ် ရှစ်ပါးတွင် တပါးကိုမျှ မရကြ။] တေ ။ပ။ အပေ့ကစ္စေ၊ တချို့သူတို့သည်။ ပရနိမ္မိတဝသဝတ္တိနံ၊ ပရနိမ္မိတ-ဝသဝတ္တီ-ဘုံဌာ ဖြစ်ကုန်သော။ ဝါ၊ ပရနိမ္မိတဝသဝတ္တီ-ဘုံဌာ နေကုန်သော။ ဒေဝါနံ၊ တို့၏။ သဟဗျတံ၊ အတူတကွဖြစ်သူတို့၏ အဖြစ်သို့။ ဝါ၊အပေါင်း အဖော်၏ အဖြစ်သို့၊ ဥပပဇ္ဇိ သု ။ပ။

ယေ။ သဗ္ဗနိဟီနံ၊ အလုံးစုံတို့အောက် နိမ့်ကျသော။ ကာယံ၊ သတ္တဝါ အပေါင်းကို။ ပရိပူရေသုံ၊ ပြည့်စေကုန်ပြီ။ တေ၊ ထို သာဝက-တို့သည်။ ဂန္ဓဗ္ဗကာယံ၊ ဂန္ဓဗ္ဗ-နတ်အပေါင်းကို။ ပရိပူရေသုံ။ ဘော၊ အို....နတ် အများတို့။ ဣတိ ခေါ၊ လျှင်။ သဗ္ဗေသံ ယေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေသံ ကုလပုတ္တာ နံ၊ တို့၏။ ပဗ္ဗဇ္ဇာ၊ ရသွေ့ရဟန်း အဖြစ်သည်။ အ မောဃာ၊ အကျိုးမပြီး အချည်းနှီး မဟုတ်သည်။ ဝါ၊ အကျိုးရှိသည်။ အဝဉ္ဈာ၊ မမြုံသည်။ (အကျိုးကို ဖြစ်စေသည်။) သဖလာ၊ အကျိုးနှင့်တကွ ဖြစ်သည်။ သဥဒြယာ၊ အတိုးအပွားနှင့် တကွဖြစ်သည်။ အဟောသိ၊ ဖြစ်ပြီ။ [ထိုအမျိုးသားတို့၏ ရဟန်းအဖြစ်သည် အကျိုးရှိလျက် အချုံးမရှိပဲ အတိုး အပွားဟူသော အမြတ်ထုတ်ပါသည်-ဟူလို။] ဣတိ၊ သို့။ (အာမန္တေသိ။) [၃၀၃-၌ ပါသော ဒေဝေ တာဝတိံသေ အာမန္တေသိ-ပုဒ်သို့ ပြန်လှည့်ပါ။]

၃၂၉။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုအကြောင်းအရာကို။ သရတီ၊ အမှတ်ရတော်မူပါ၏လော။ ဣတိ၊ဤသို့ လျှောက်ပြီ။ [ပဉ္စသိခ-နတ်

၁။ သရတိ တံ ဘဂဝါတိ။ ။ဤသုတ်တော်နိဒါန်း၌ ပါခဲ့သည့်အတိုင်း ပဉ္စသိခ ဂန္ဓဗ္ဗ-နတ်သားသည် တာဝတိံသာ နတ်ပရိသတ်၌ မိမိကြားခဲ့ရသော အကြောင်း အရာကို ပုဒ်စဉ်-၂၉၄၊ ပုရိမာနိ ဘန္တေ ဒိဝသာနိ-မှ စ၍ သဖလာ သဥဒြယာ-တိုင်အောင် မြတ်စွာဘုရားအား လျှောက်သည်။

ဆက်ဦးအံ့။ ။တာဝတိံသာ နတ်ပရိသတ်၌ သိကြားမင်းက မြတ်စွာဘုရား၏ ယထာဘုစ္စ-ဂုဏ်တော်ရှစ်ပါးကို ပြောနေစဉ် သနင်္ကုမာရ-ဗြဟ္မာမင်း ရောက်လာ၍ မြတ်စွာဘုရား၏ ပညာကြီးကျယ်တော်မူပုံနှင့် စပ်သော ဤဂေါဝိန္ဒ-ဗြာဟ္မဏ ဝတ္ထုကို တာဝတိံသာနတ်တို့အား ပြောပြပါသည်။ ထိုအကြောင်းအရာကို ပဉ္စသိခ-နတ်သား က တာဝတိံသာနတ်ပရိသတ်၌ မိမိကြားခဲ့ရသည့်အတိုင်း မြတ်စွာဘုရားအား လျှောက်

သားကလျှောက်သည်။] ပဉ္စသိခ၁်၊ ပဉ္စသိခ။ အဟံ။ သရာမိ၊ အမှတ်ရတော်မူ၏။အဟံ၊ သည်။ တေန သမယေန၊ ၌။ (ရေးကူ-မင်းဖြစ်ရာ ထိုအခါ၌။) မဟာဂေါဝိန္ဒေါ ဗြာဟ္မဏော၊ သည်။ အဟောသိ၁်၊ ဖြစ်တော်မူခဲ့ပြီ။ အဟံ။ တေသံ သာဝကာနံ၊ တို့အား။ ဗြဟ္မလောကသဟဗ္ယတာယ၊ ငှာ။ မဂ္ဂံ၊ ကို။ ဒေသေသိ၁်၊ ဟောတော်မူခဲ့ပြီ။

ပဉ္စသိခ၊ ပဉ္စသိခ-နတ်သား။ မေ၊ ၏။ တံ ဗြဟ္မစရိယံ၊ ထို ဗြဟ္မစရိယ-သည်။ (ထို မဟာဂေါဝိန္ဒ-ဗြာဟ္မဏဖြစ်စဉ်က ကျင့်အပ်ခဲ့သော မြတ်သော အကျင့်သည်။) နိဗ္ဗိဒါယ၊ ဝဋ္ဋဒုက္ခဋ္ဌ ငြီးငွေ့ခြင်းငှာ။ ဝါ၊ ဝဋ္ဋဒုက္ခဋ္ဌ ငြီးငွေ့ကြောင်း ဝိပဿနာဉာဏ်အကျိုးငှာ။ န (သံဝတ္တတိ)၊ မဖြစ်။ ဝိရာဂါယ၊ ဝဋ္ဋဋ္ဌ မတပ်မက်ခြင်းငှာ။ ဝါ၊ ဝဋ္ဋဋ္ဌ မတပ်မက်ကြောင်း မဂ်အကျိုးငှာ။ န (သံဝတ္တတိ)။ နိရောဓာယ၊ ဝဋ္ဋ၏ ချုပ်ခြင်းငှာ။ န (သံဝတ္တတိ)။ ဥပသမာယ၊ ဝဋ္ဋ၏ငြိမ်းအေးခြင်းငှာ။ န (သံဝတ္တတိ)။အဘိညာယ၊ ဝဋ္ဋကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ ဝါ၊ ဝဋ္ဋကို ထူးသောဉာဏ်ဖြင့် သိတတ်သော မဂ်အကျိုးငှာ။ န (သံဝတ္တတိ)။ သမ္မောဓာယ၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးသောအားဖြင့် ဝဋ္ဋမှနိုးခြင်းငှာ။ ဝါ၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးသောအားဖြင့် ဝဋ္ဋမှနိုးကြောင်း မဂ်အကျိုးငှာ။ န (သံဝတ္တတိ)။ နိဗ္ဗာနာယ၊ အမြဲိက်နိဗ္ဗာန် အကျိုးငှာ။ န (သံဝတ္တတိ)။ ယာဝ ဗြဟ္မလောကူပပတ္တိယာ ဧဝ၊ ဗြဟ္မလောက၌ ဖြစ်ခြင်းအကျိုးငှာသာ။ (သံဝတ္တတို့၊ ဖြစ်၏။) [သစ္စာလေးပါးကို သိနိုင်သော ကမ္မဋ္ဌာန်းမပါသောကြောင့် နိဗ္ဗိဒါ-စသော အကျိုးမျှးမဖြစ်။]

ပဉ္စသိခ။ မေ၊ ၏။ ဣဒံ ခေါ ပန ဗြဟ္မစရိယံ၊ သည် ကား။ (ငါဘုရား မျက်မှောက်ပြုထားအပ်သော ဤ ဗြဟ္မစရိယ-သည်ကား။) ကေန္တ-နိဗ္ဗိဒါယ၊ ကေန်ဝဋ္ဋဒုက္ခဋ္ဌ ငြီးငွေ့ခြင်းငှာ။ ဝါ၊ ကေန် ဝဋ္ဋဒုက္ခဋ္ဌ ငြီးငွေ့ကြောင်း ဝိပဿနာအကျိုးငှာ ။ပ။ နိဗ္ဗာနာယ၊ ငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ပဉ္စသိခ၊ ခ။ (ယံ၊ အကြင်ဗြဟ္မစရိယသည်။) ကေန္တနိဗ္ဗိဒါယ။ပ။သံဝတ္တတိ။

ပြီးနောက် ''သရတိ တံ ဘဂဝါ-မြတ်စွာဘုရား....အဲဒီအကြောင်းကို မှတ်မိတော်မူပါသလား''ဟု လျှောက်သည်။

၁။ သရာမဟံ ပဉ္စသိခ။ ။ဤစကားတော်ဖြင့် မြတ်စွာဘုရားက ပဉ္စသိခ-နတ်သား ပြောအပ်သော အကြောင်းအရာသည် အမှန်အတိုင်း ဖြစ်၏-ဟု ဝန်ခံတော်မူရာ ရောက်၏။ ထို့ကြောင့် ဤသုတ်တော်သည် ''ဗုဒ္ဓဘာသိတ-ဘုရားဟော သုတ်တော်''ဖြစ်ပြီဟု မှတ်ပါ။

တံ ဗြဟ္မဲစရိယံ၊ ထို ဗြဟ္မစရိယ–ဟူသည်။ ကတမဉ္စ၊ အဘယ်နည်း။ အရိယော၊ ကိလေသာတို့မှ ဝေးကွာသော။ အင်္ဂဂိကော၊ ရှစ်ပါးသော အင်္ဂါ–အစိတ် အပိုင်းရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမင်္ဂပင်တည်း။

သေယျထိဒံ၊ ထို အရိယ အင်္ဂဂိက–မင်္ဂဟူသည် အဘယ်နည်း။ (တနည်း) သေယျထိဒံ၊ ဆို ရှစ်ပါးသော အင်္ဂါတို့ဟူသည် အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ သိမြင်တတ်သော သဘောလည်းကောင်း။ သမ္မာ သင်္ကပ္ပော၊ သမယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌ ကောင်းစွာ ကြံစီစေတတ် တင်ပေးတတ်သော သဘောလည်းကောင်း။ သမ္မာဝါစာ၊ ကောင်းစွာ ပြောဆိုကြောင်း သဘောလည်းကောင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာပြုလုပ်ကြောင်း သဘောလည်းကောင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးကြောင်း သဘောလည်းကောင်း။သမ္မာဝါယာမော၊ ကောင်းစွာ အားထုတ်ကြောင်း သဘောလည်းကောင်း။ သမ္မာသတိ၊ ကောင်းစွာ အမှတ်ရတတ်သော သဘောလည်းကောင်း။ သမ္မာသမာဓိ၊ စိတ်ကို ကောင်းစွာထားကြောင်း သဘောလည်းကောင်းတည်း။ ပဋ္ဌသိခ။ (ယံ၊ အကြင် ဗြဟ္မစရိယ–သည်။) ကေန္တ နိဗ္ဗိဒါယ။ပ။သံဝတ္တတိ။ တံ ဗြဟ္မဲစရိယံ၊ ထို ဗြဟ္မစရိယ–ဟူသည်။ ဣဒံ ဓေါ၊ ဤသည်ပင်တည်း။ (ဤ အရိယ အင်္ဂဂိက–မင်္ဂပင်တည်း။)

အမှာ။ ။အယ မေဝ အရိယော–စသည်တို့၏အနက်ကို ဝိနယ မဟာဝဂ်၊ ဓမ္မစက္ကပဝတ္တန သုတ္တ ဝဏ္ဏနာ၊ သာရတ္ထ (၁၇၀–၁၇၁)ကိုလည်းကောင်း၊ မူလပဏ္ဏာသ၊ ဓမ္မဒါယာဒ သုတ္တဋ္ဌကထာ (၁၀၈)၊ ဋီကာ (၁၉၆–၁၉၇)ကိုလည်းကောင်း ကြည့်၍ပေးပါသည်။ ထို ပဏ္ဏာသ–ဋီကာ၌ သမ္မာဒိဋ္ဌိနှင့် သမ္မာသတိကို သုဒ္ဓကတ္တာ့သာဓန၊ သမ္မာသင်္ကပ္ပောကို ဟေတုကတ္တာ့သာဓန၊ ကြင်းပုဒ်တို့ကို ကရဏသာဓန ဝစနတ္ထ–ပြုထားပါသည်။

၃၃၀။ ပဋ္ဌသိခ။ ယေ သာဝကာ၊ တို့သည်။ မေ၊ ၏။ သဗ္ဗေနသဗ္ဘံ။ သာသနံ၊ ဤဆုံးအမတော်ကို။ (သီလ သမာဓိ ပညာ–သိက္ခာ သုံးပါးဖြင့် သိမ်းယူအပ်သော မဂ္ဂင်ရှစ်ပါးကို။) အာဇာနန္တိ၊ သိကုန်၏။ တေ၊ ထို သာဝက–တို့သည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝေါတရား မရှိသော။ (အာသဝေါတရားတို့၏ အာရုံမဟုတ်သော။) စေတောဝိမုတ္တိံ၊ ကိလေသာတို့မှ လွတ်သော အရဟတ္တဖိုလ်သမာဓိကိုလည်းကောင်း။ ပညာဝိမုတ္တိံ၊ ကိလေသာတို့မှ လွတ်သော အရဟတ္တဖိုလ် ပညာကိုလည်းကောင်း။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်

ထင်ထင် တွေ့မြင်အပ်သော သဘောဟူသော ပစ္စက္ခအတ္တဘောဌ်ပင်။ ဝါ၊ ပစ္စုပ္ပန်ဘဝဌ်ပင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသော ဉာဏ်ဖြင့်သိ၍။ သစ္ဆိကတ္ဝာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရန္တိ၊ နေနိုင်ကုန်၏။

ယေ။ပ။န အာဇာနန္တိ တေ။ ပဉ္ဆန်၊ ငါးပါးကုန်သော။ သြရမ္ဘာ-ဂိယာနံ၊ အောက်ကာမဘုံ၏ အစိုးအပ္ပဲးဖြစ်ကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ သြပပါတိကာ၊ ဥပပါတ် ပဋိသန္ဓေ ရှိကုန်သည်။ ဝါ၊ ဥပပါတ် ပဋိသန္ဓေ နေကုန်သည်။ (ဟုတ္ဝာ။) တတ္ထ၊ ထိုပြဟ္မဉ့်ဘုံ၌။ ပရိနိဗ္ဗာယိနော၊ ပရိနိဗ္ဗာန် စံလေ့ရှိကုန်သည်။ တသ္မာ လောကာ၊ ထို ပြဟ္မဉ့်လောကမှ။ (ထို ပြဟ္မဉ့်ဘုံမှ။) အနာဝတ္တိဓမ္မာ၊ ပြန်လှည့်ခြင်းသဘော မရှိကုန်သည်။ ဟောန္တိ။

ယေ။ပ။အပ္ပေကစ္စေ၊ အချို့သာဝက-တို့သည်။ တီဏ္ဍံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ရာဂဒေါသမောဟာနံ၊ တို့၏။ တနုတ္တာ၊ နည်းပါးကုန်သည်၏ အဖြစ်ကြောင့်။ သကဒါဂါမိနော၊ သကဒါဂါမ်တို့သည်။ ဟောန္တိ။ သကိဒေဝ၊ တကြိမ်သာ။ ဣမံ လောကံ၊ ဤ ကာမလောကသို့။ (ဤ ကာမဘုံသို့။) အာဂန္တွာ၊ ပြန်လာ၍။ ဒုက္ခဿ၊ တဘူမက ဝဋ်ဒုက္ခ၏။ အန္တံ၊ အဆုံးကို။ ကရိဿန္တိ၊ ပြုနိုင်ကြလိမ့်မည်။

ယေ။ပ။တီဏ္ဍံ သံယောဇနာနံ။ ပရိက္ခယာ၊ ကြောင့်။ သောတာ-ပန္နာ၊ အရိယမဂ်သို့ ရောက်သူတို့သည်။ ဝါ၊ သောတာပန်တို့သည်။ အဝိနိပါတဓမ္မာ၊ အပါယ်လေးပါးတို့၌ ဖောက်ဖောက်ပြန်ပြန် ကျခြင်းသဘော မရှိကုန်သည်။ နိယတာ၊ မဂ္ဂဓမ္မ နိယာမဖြင့် မြဲကုန်သည်။ သမ္ဗောဓိပရာယဏာ၊ အထက်မဂ် သုံးပါးဟူသော အလွန်ရောက်ထိုက်သော တရားရှိကုန်သည်။ ဝါ၊ အထက်မဂ်သုံးပါးဟူသော လဲလျောင်းရာ ရှိကုန်သည်။ ဟောန္တိ။ ပဥ္စသိခ။ ဣတိ၊ ဤသို့လျှင်။ သဗ္ဗေသံယေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဣမေသံ ကုလပုတ္တာနံ၊ တို့၏။ ပဗ္ဗဇ္ဇာ၊ သည်။ အမောဃာ၊ အကျိုးမပြီး အချည်းနှီးမဖြစ်။ ဝါ၊ အကျိုးရှိ၏။ အဝဉ္ဈာ၊ မမြုံ။ (အကျိုးကို ပြီးစေတတ်၏-ဟူလို။) သဖလာ၊ အကျိုးနှင့်တကွဖြစ်၏။ သဥဒြယာ၊ အတိုးအပ္ပဲးနှင့်တကွဖြစ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဘဂဝါ။ ဣဒံ၊ ဤ စကားတော်ကို။ (သရာမဟံ ပဉ္စသိခ။ အဟံ တေန သမယေန။ပ။သဥဒြယာ-ဟူသော စကားတော်ကို။) အဝေါစ၊ မိန့်တော်

မူပြီ။ အတ္တာမနော၊ မိမိစိတ်ရှိသည်။ (နှစ်သက်ဝမ်းမြောက်သည်။ ဟုတ္တာ။) ပဋ္ဌသိခေါ၊ ဃော။ ဂန္ဓဗ္ဗပုတ္တော၊ ဂန္ဓဗ္ဗ-နတ်သားသည်။ ဘဂဝတော၊ ၏။ ဝါ၊ သည်။ ဘာသိတံ၊ မိန့်တော်မူအပ်ဃော စကား တော်ကို။ အဘိနန္ဒိတ္ဘာ၊ စိတ်ဖြင့် လွန်စွာနှစ်သက်၍။ အနုမောဒိတ္ဘာ၊ နှုတ်ဖြင့် အဖန် ဖန်ဝမ်းမြောက်၍။ (သာဓု သာဓု-ဟု သာဓုခေါ်၍။) ဘဂဝန္တံ၊ ကို။ အဘိဝါဒေတ္ဘာ၊ ရှိသေစွာရှိခိုး၍။ ပဒက္ခိဏံ၊ အရှိအသေကို။ ကတ္ဘာ၊ ပြု၍။ တတ္ထေဝ၊ ထိုအရပ်၌ပင်။ အန္တရဓာယိ၊ ကွယ်ပျောက်ပြီ။ [မိမိ၏ နေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားသည် ဟု-ဆိုလိုသည်။] ဣတိ၊ သို့။ (သုတံ၊ နာယူမှတ်သား ဆောင်ထားအပ်ပါပြီ။) [၉ဝံ မေ သုတံ-မှ သုတံ-သို့ ပြန်လှည့်သည်။]

ဆဋ္ဌံ၊ ခြောက်ခုမြောက်ဖြစ်သော။ မဟာဂေါဝိန္ဒသုတ္တံ၊ မဟာဂေါဝိန္ဒ-သုတ်တော်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

၇-မဟာသမယသုတ္တ

၃၃၁။ ဧဝံ မေ သုတံ၊ [မဟာပဒါနသုတ် အစအတိုင်း ပေးပါ။ "မဟာပဒါနသုတ္တံ" နေရာဝယ် "မဟာသမယသုတ္တံ" ဟု ဆိုရုံသာထူး၏။] ဧကံ သမယံ ဘဂဝါ။ သက္ကေသု၊ သက္ကာ–ဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၌။ ဝါ၊ သက္ကာတိုင်း၌။ [သက္ကာ-ဟု ဗဟုဝုစ်နာမည်ဖြင့် ထင်ရှားသောတိုင်း၌–ဟူလို။] ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ္ထုမ္ဖြို၌။ ဝါ၊ ကပိလဝတ္ထုမ္ဖြို၏ အနီးဖြစ်သော။ မဟာဝနေ၊ တောကြီးထဲ၌။ မဟတာ၊ မျှားစ္ဆာသော။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။ သဗ္ဗေဟေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ အရဟန္တေဟိ၊ ယခုမှ ရဟန္တာဖြစ်ကုန်သော။ ပဉ္စ–မတ္တေဟိ၊ သန်းငါးလီ အတိုင်းအရှည်ရှိကုန်သော။ ဘိက္ခုသတေဟိ၊ ရဟန်းအပေါင်းတရာတို့နှင့်။ သဒ္ဓိံ၊ အတူ။ ဝိဟရတိ၊ နေတော်မူ၏။ ဒသဟိ စ လောကဓာတူဟိ၊ တသောင်းသော လောကဓာတ်တို့မှလည်း။ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ကိုလည်းကောင်း။ ဒဿနာယ၊ ဖူးမြင်ခြင်းငှာ။ ယေဘုယ်ျန၁၊ များသောအားဖြင့်။ သန္နိပတိတာ၊ စည်းဝေးရောက်လာကြကုန်သည်။ ဟောန္တိ။

အထ ခေါ၊ ၌။ (မြတ်စွာဘုရား၏ သက္ကာတိုင်း ကပိလဝတ်မြို့အနီးဟောကြီးထဲဝယ် ရဟန္တာငါးရာနှင့်အတူ နေတော်မူရာ ထို့အခါ၌။) စတုန္နံ၊ လေးယောက်ကုန်သော။ သုဒ္ဓါဝါသကာယိကာနံ၂၊ သုဒ္ဓါဝါသ ဗြဟ္မာ–အပေါင်းသို့ ကပ်ရောက်ကုန်သော။ ဝါ၊ သုဒ္ဓါဝါသ–ဘုံ၌ နေကုန်သော။ ဒေဝတာနံ၊ ဗြဟ္မာတို့၏။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ (ကိ။) "အယံ ဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ပ။မယမ္ပိ၊ ငါတို့သည်လည်း။ ယေန ဘဂဝါ (အတ္ထိ။) တေန၊ မြတ်စွာဘုရားရှိရာ ထို့အရပ်သို့။ ယံနူန ဥပသင်္ကမေယျာမ၊ အကယ်၍သွားကြရပါမူ ကောင်းလေစ့ဆဲ။

၁။ ယေဘုယ်ျန။ ။များသောအားဖြင့် ရောက်လာကြသည်။ အနည်းငယ်သော အသညသတ်ဗြဟ္မာများ, အရူပါဝစရဗြဟ္မာများနှင့် အနီးအပါးဝယ် သမာပတ်ဝင်စားနေကြသော နတ်ဗြဟ္မာများ မရောက်လာကြပါ။

၂။ သုဒ္ဓါဝါသကာယိကာနံ။ ။သုဒ္ဓါဝါသကာယံ ဥပပန္နာ သုဒ္ဓါဝါသကာ–ယိကာ၊ ဤသို့ ဋီကာ၌ သဒ္ဒတ္ထ–ဖွင့်သည်။ အဋ္ဌကထာ၌မူ "သုဒ္ဓါဝါသိနံ" ဟု အဓိပ္ပာယတ္ထ–ဖွင့်ထား၏။

ဥပသက်မိတ္ဆာ၊ သ္ဆားပြီး၍။ ဘဂဝတော၊ ၏။ သန္တိကေ၊ အထံ၌။ ပစ္စေကံ၊ အသီးအသီး တပုဒ်စိဖြစ်သော။ ဂါထံ၊ ကို။ ယံနူန ဘာသေ-ယျာမ၊ အကယ်၍ ရွတ်ဆိုကြရပါမူ ကောင်းလေစ္ဆ။'' ဣတိ၊ ဤသို့ အကြံ ဖြစ်ပြီ။

၃၃၂။ အထ ခေါ၊ ၌။ (အကြံဖြစ်ရာ ထိုအခါ၌။) တာ ဒေဝတာ၊ ထို ဗြဟ္မာတို့သည်။ (ပါတုရဟေသုံ-၌ စပ်။) သေယျထာပိ နာမ၊ ဥပမာ-မည်သည်ကား။ ဗလဝါ၊ အားရှိသော။ (အားကောင်းသော။) ပုရိသော၊ သည်။ သမိဥ္ဇိတံ၊ ကွေးထားအပ်သော။ ဗာဟံ၊ လက်မောင်းကို။ ပသာ-ရေယျ (သေယျထာပိ) ဝါ၊ ဆန့်တန်းလိုက်သကဲ့သို့လည်းကောင်း။ ပသာ-ရိတံ၊ ဆန့်တန်းထားအပ်သော။ ဗာဟံ၊ ကို။ သမိဥ္ဇေယျ (သေယျထာပိ) ဝါ၊ ကွေးလိုက်သကဲ့သို့လည်းကောင်း။ ဧဝမေဝ၊ ဤ့အတူပင်။ သုဒ္ဓါ-ဝါသေသု၊ သုဒ္ဓါဝါသ-ဘုံ၌ နေကုန်သော။ ဒေဝေသု၊ ဗြဟ္မာတို့၌။ အန္တရဟိတာ၊ ကွယ်ပျောက်ခဲ့ကုန်သည် (ဖြစ်၍)။ ဘဂဝတော၊ ၏။ ပုရ-တော၊ ရှေ့တော်၌။ ပါတုရဟေသုံ၊ ထင်ရှားဖြစ်ကုန်ပြီ။ အထ ခေါ၊ ၌။ (မြတ်စွာဘုရား၏ ရှေ့တော်သို့ရောက်ပြီးရာ ထိုအခါ၌။) တာ ဒေဝတာ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတ္ဆာ၊ ရှိခိုးပြီး၍။ ဧကမန္တံ၊ သင့်တင့်ယျောက်ပတ် တခုသောအရပ်အဖို့၌။ အဋ္ဌံသု၊ တည်ကုန်ပြီ။ ဧကမန္တံ၊ ၌။ ဌိတာ၊ တည်ပြီးသော။ ဧကာ၊ တယောက်သော။ ဒေဝတာ၊ ဗြဟ္မာ သည်။ ဘဂဝကော၊ ၏။ သန္တိကေ၊ ၌။ ဣမံ ဂါထံ၊ ကို။ အဘာသိ၊ ရွတ်ဆိုပြီ။ (ကိံ။) ''မဟာသမယော ပဝနသ္မိံ။ပ။ဒက္ခိတာယေ အပရာဇိတ-သံဃ'' နွှိ၊-ဟူ၍။ (အဘာသိ။)

''ပဝနသ္မိံ၊ ကပိလဝတ်ပြည်၏အနီး ဤတောအုပ်ကြီး၌။ မဟာသမ-ယော၊ များစွာသော နတ်ဗြဟ္မာအပေါင်းသည်။ ဝါ၊ ကြီးကျယ်သော နတ်ဗြဟ္မာအစည်းအဝေးသည်။ (ဟောတိ၊ ဖြစ်ပါ၏။) ဒေဝကာယာ၊ နတ် ဗြဟ္မာအပေါင်းတို့သည်။ သမာဂတာ၊ ညီညာဖြဖြ ရောက်လာကြပါပြီ။ (မယံ၊ တပည့်တော်တို့သည်)။ အပရာဇိတသံဃံ၊ တစုံတယောက်သည် မရှုံးစေအပ် မရှုံးစေနိုင် (မိမိတို့က-သာ အောင်အပ် အောင်နိုင်) သော ရဟန္တာသံဃာကို။ ဒက္ခိတာယေ၊ မျက်မှောက်ထင်ထင် ဖူးမြင်ခြင်းငှာ။ ဣမံ ဓမ္မသမယံ၊ ဤ ဟရားပြည့်အောင်း နတ်ဗြဟ္မာအပေါင်းသို့။ အာဂတာ၊ လာခဲ့ကြကုန်သည်။ အမှ၊ ဖြစ်ပါကုန်၏။''

အထ ခေါ၊ ၌။ (ပထမ-ဗြဟ္မာ၏ ဂါထာရွတ်ပြီးရာ ထိုအခါ၌။) အပရာ၊ အခြားသော။ ဒေဝတာ၊ ဗြဟ္မာသည်။ပ။

"တတြ၊ ထို နတ်ပြဟ္မာအပေါင်းတို့ စည်းဝေးရာအရပ်၌။(ထို နတ်ပြဟ္မာအစည်းအဝေးကြီး၌။)ဘိက္ခဝေါ၊ ရဟန္တာဖြစ်စ ငါးရာသောရဟန်းတို့သည်။ သမာဒဟံသု၊ လောကုတ္တရာသမာဓိဖြင့် မိမိစိတ်ကို ကောင်းစွာ အာရုံ၌ ထားကြပါကုန်ပြီ။ အတ္တာဇနာ၊ မိမိ၏။ စိတ္တံ၊ စိတ်ကို။ ဥဇုကံ၊ ဖြောင့်မတ်အောင်။ အကံသု၊ ပြုကြပါကုန်ပြီ။ သာရထိ၊ ရထားထိန်းသည်။(ရထားကို ထိန်းသိမ်းအုပ်ချုပ် မောင်းနှင်သူသည်။) နေတ္တာနိ၊ ကြိုးတို့ကို၊ (အညီအမျှ ကောင်းစွာ သွားနေကြသောမြင်းတို့၌ ချည်ထားအပ်သော ကြိုးတို့ကို။) ဂဟေတွာ၊ ကိုင်ရုံသာကိုင်၍။(တိဋ္ဌတိ)ဣဝ၊ တည်နေသကဲ့သို့။ (ဧဝံ၊ ဤ။ အတူ။) ပဏ္ဍိတာ၊ လောကုတ္တရာပညာရှိကြသော ငါးရာသောရဟန်းတို့သည်။ ဣန္ဒြိယာနိ၊ စက္ခုစသား ခြောက်ပါးသောဣန္ဒြေတို့ကို။ ရက္ခန္တိ၊ ဆင်ခြင်ပေ-ကွာဖြင့် ကောင်းစွာစောင့်ရှောက်တော်မူကြပါကုန်၏"။ပ။

"ခီလံ၊ ရာဂ ဒေါသ မောဟ–မည်လျင်း ငြောင့်တံသင်းကို။ ဆေတ္တွာ၊ မင်္ဂလေးရပ်ဖြင့် ပယ်ဖြတ်ပြီး၍လည်းကောင်း။ ပလိဃံ၊ ရာဂ ဒေါသ မောဟ-ခေါ်မည် တံခါးကျည်ကို။(တံခါးမင်းတုပ်=မင်းတုန်းကို။)ဆေတ္တွာ၊မင်္ဂလေး ရပ်ဖြင့် ပယ်ဖြတ်ပြီး၍လည်းကောင်း။ ဣန္ဒခီလံ၊ ရာဂ ဒေါသ မောဟ-တည်းဟူသော တံခါးတိုင်ကို။ ဥိဟစ္စ၊ မင်္ဂလေးသွယ်ဖြင့် နုတ်ပယ်ပြီး၍ လည်းကောင်း။ အနေဇာ၊ တုန်လှုပ်တတ်သော တဏှာမရှိကုန်သော။ သုဒ္ဓါ၊ ကိလေသာတို့မှ စင်ကြယ်ကြကုန်သော။ ဝိမလာ၊ ကိလေသာအညစ်အကြေး မရှိကုန်သော။ စက္ခုမတာ၊ ဗုဒ္ဓ ဓမ္မ သင်္ဃနှင့် ဒီဗ္ဗ ပညာ ငါးဖြာသော မျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည်။ သုဒန္တာ၊ ကောင်းစွာ ဆုံးမ အပ်ပြီးကုန်သော။ တေ သုသုနာဂါ၊ ရဟန္တာဖြစ်ပြီး၍ မကြာသေးသော ထို ရဟန္တာငယ်တို့သည်။ စရန္တိ၊ အရပ်လေးမျက်နှာတို့၌ အပိတ်အပင် အဆီးအတားမရှိ လှည့်လည်တော်မူနိုင်ကြကုန်၏"။ပ။

"ယေကေစိ၊ အကြင်အမှတ်မရှိ အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂတာသေ[1]၊ ယုံမှားမရှိ သောဉာဏ်ဖြင့် လေးလေးမြတ်မြတ် ဆည်းကပ်ကြကုန်ပြီ။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ အပါယဘူမိံ၊ အပါယ်လေးဘုံသို့။ န ဂမိဿန္တိ၊ ရောက်ကြလိမ့်

၁။ ဂတာသေ။ ။ဂတာသေ–၌ ဂတာ-ပုဒ်ရင်း၊"သေ"ကား"ဂါထာပူရဏ"အက္ခရာငှာ လာထားသောနိပါတ်။ ဤကား၌ လောကီ သရဏကုံ လောကုတ္တရာသရဏကုံ နှစ်မျိုးဖြင့် အနက် ယောဇနာပုံ ဖွင့်သော်လည်း ဤ၌ လွယ်ကူအောင် ပေးထားပါသည်။

မည် မဟုတ်။(ရောက်ကြတော့မှာ မဟုတ်။)မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ခန္ဓာကိုယ်ကို။ ပဟာယ၊ စွန့်ပယ်ရသည်ရှိသော်။ ဒေဝကာယံ၊ နတ်အပေါင်းကို။ ဝါ၊ နတ်တို့၏ခန္ဓာကိုယ်ကို။ ပရိပူရေဿန္တိ၊ ပြည့်စေကြကုန်လိမ့်မည်။"

ဒေဝတာသန္ဓိပါတ

ပန၊ ကား။ ဓမ္မဝိစယသမ္မောဇ္ဈင်္ဃ၊ ၏။ "အတ္ထိ ဘိက္ခဝေ။ပ။ သံဝတ္တတီ"တိ၊ ဟူ၍။ ဝေံ၊ သို့။ ဥပ္ပဇ္ဇတေ၊ သည်။ ဟောတိ။ [အနက် လွယ်ပြီ။] အပိစ၊ သေး။ (ပါဠိတော်။ပ။ ကား။) ပရိပုစ္ဆကတာ၊ ခန္ဓာ-အစရှိသည်တို့၌ သက်ဝင်၍ မေးမြန်းတတ်သူ၏ အဖြစ်လည်းကောင်း။ [ပရိပုစ္ဆကတာတိ ပရိယောဂါဟေတ္ဝာ ပုစ္ဆကဘာဝေါ။—ဋီကာ။] ဝတ္ထု-ဝိသဒကိရိယာ၊ အဇ္ဈတ် ဗာဟိ နှစ်လိသော ဝတ္ထု သန့်ရှင်းမှုကိုပြုခြင်းလည်း ကောင်း။ ဣန္ဒြိယသမတ္တပဋိပါဒနာ၊ သဒ္ဓါ စသော ဣန္ဒြေတို့၏ ညီမျှကုန် သည်၏အဖြစ်ကို ပြီးစေခြင်းလည်းကောင်း။ ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ၊ ပညာ မရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းလည်းကောင်း။ ပညဝန္တပုဂ္ဂလသေဝနာ၊ ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းလည်းကောင်း။ ဂမ္ဘီရဉာဏစရိယ-ပစ္စဝေက္ခဏာ၊ နက်နဲသော ခန္ဓာ-အစရှိသည်တို့၌ဖြစ်သော ဉာဏ်၏အထူး အပြားကို ဆင်ခြင်ခြင်းလည်းကောင်း။ တဒဓိမုတ္တတာ၊ ထို ဓမ္မဝိစယ-သမ္မောဇ္ဈင် ဖြစ်ခြင်း၌ စွဲစွဲမြဲမြဲ သက်ဝင်သူ၏အဖြစ်လည်းကောင်း။ ဤတို့ သတ္တ ဓမ္မာ ဓမ္မဝိစယသမ္မောဇ္ဈင်္ဃ ဥပ္ပာဒဲယ သံဝတ္တန္တိ။ တတ္ထ၊ ထို ခုနစ် ပါးတို့တွင်။ ပရိပုစ္ဆကတာတိ၊ ကား။ ခန္ဓာဒတု။ပ။ ဝိပဿနာနံ၊ ခန္ဓာ, ဓာတ်, အာယတန, ဤန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, ဈာန်, သမထ, ဝိပဿနာ-တရား တို့၏။ အတ္ထသန္နိဿိတပရိပုစ္ဆာဗဟုလတာ၊ အနက်အဓိပ္ပာယ်ကို မှီသော အကြောင်းအရာကို သက်ဝင်၍ မေးမြန်းခြင်း၏ များသည်၏အဖြစ်တည်း။ ဝါ၊ အနက်အဓိပ္ပာယ်ကိုမှီသော အကြောင်းအရာကို များသော သက်ဝင်၍ မေးမြန်းခြင်းရှိသူ၏ အဖြစ်ကည်း။ ["ဓမ္မဝိစယသမ္မောဇ္ဈင်"ဟူသည် ခန္ဓာ-စသောဓမ္မတို့ကို စိစစ်တတ်သောဉာဏ်ပညာတည်း။ ထို့ကြောင့်-ခန္ဓာ, ဓာတ်-စသည်တို့၏ အနက်အဓိပ္ပာယ်ကိုမှီသော အကြောင်းအရာကို သက်ဝင်၍မေး မြန်းခြင်းသည် ဓမ္မဝိစယသမ္မောဇ္ဈင်၏ တိုးပွားကြောင်းဖြစ်၏။]

ဝတ္ထုဝိသဒကိရိယာတိ၊ ကား။ အဇ္ဈတ္တိကဗာဟိရာနံ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော။ ဝတ္ထူနံ၊ ဝတ္ထုတို့၏။ ဝိသဒဘာဝကရဏံ၊ သန့်ရှင်းကုန်သည်၏အဖြစ်ကို ပြုခြင်းတည်း။ ဟိ၊ ခဲ့။ (တနည်း)ဟိ(ယသ္မာ)၊ ကြောင့်။ ယဒါ၊ ၌။ အဿ၊ ထို ယောဂီပုဂ္ဂိုလ်၏။ ကေသနခလောမာနိ၊ ဆံပင်, လက်သည်း ခြေသည်း, အမွေးတို့သည်။ ဒီဃာနိ၊ ရှည်ကုန်သည်။ ဟောန္တိ။ သဇီရံ ဝါ၊ ကိုယ်သည်မူလည်း။ ဝါ၊ ကိုယ်ကိုမူလည်း။ ဥဿန္နဒေါသတ္တေဝ၊ များသော သလိပ်, သည်းခြေ, လေဟူသော အပြစ်ရှိသည်

လည်းကောင်း။ သေဒမလမက္ခိတဥ္စ၊ ချေး အညစ်အကြေးတို့သည် လိမ်းကျံ အပ်သည်လည်းကောင်း။ (ဟောတိ။) တဒါ၊ ၌။ အဇ္ဈတ္တိကံ၊ ကိုယ်တွင်း သန္တာန်၌ဖြစ်သော။ ဝတ္ထု၊ ဝတ္ထုသည်။ အဝိသဒံ၊ မသန့်ရှင်းသည်။ အ-ပရိသုဒ္ဓံ၊ မစင်ကြယ်သည်။ ဟောတိ။ ပန၊ ကား။ ယဒါ၊ ၌။ စီဝရံ၊ သည်။ ဇိဏ္ဏံ၊ ဆွေးမြေ့သည်။ (ဟောင်းနွမ်းသည်။) ကိလိဋ္ဌံ၊ ညစ်နွမ်းသည်။ ဒုဂ္ဂန္ဓံ၊ မကောင်းသော အနံ့ရှိသည်။ ဟောတိ။ သေနာသနံ ဝါ၊ ကျောင်း အိပ်ရာနေရာသည် မူလည်း။ ဥက္လာပံ၊ စွန့်ပစ်အပ်သော အမှိုက်အပေါင်းရှိ သည်။ (အမှိုက်ရှုပ်နေသည်။) ဟောတိ။ တဒါ၊ ၌။ ဗာဟိရံ၊ သော။ ဝတ္ထု၊ သည်။ အဝိသဒံ အပရိသုဒ္ဓံ ဟောတိ။ တသ္မာ၊ ကြောင့်။ ကေသာဒိ-ဆေဒနေန၊ ဆံပင်အစရှိသည်တို့ကို ရိတ်ဖြတ်ခြင်းအားဖြင့် လည်းကောင်း။ ဥဒ္ဓံဝိရေစနအဓောဝိရေစနာဒီဟိ၊ အထက်သို့ပျို့အန်စေခြင်း, အောက်သို့သက် လျှောစေခြင်း အစရှိသည်တို့ဖြင့်။ ဝါ၊ အထက်သို့ပျို့အန်ကြောင်းဆေး, အောက်သို့သက်လျှောကြောင်း ဆေးစားခြင်း အစရှိသည်တို့ဖြင့်။သရီရသလ္လ-ဟုက ဘာဝကရဏေန၊ ကိုယ်၏ ပေါ့ပါးသည်၏ အဖြစ်ကို ပြုခြင်းအားဖြင့် လည်းကောင်း။ [သလိပ်, သည်းခြေ, လေ-စသော အပြစ်တို့ကို ကင်းဆိတ် အောင် ပြုခြင်းကို ဆိုလိုသည်။] ဥစ္ဆာဒနနဟာပနေန စ၊ ချေး အစရှိသည် တို့ကိုပွတ်တိုက်ခြင်း,ရေချိုးခြင်းအားဖြင့် လည်းကောင်း။[နဟာပန၌ ကာရိုက် ဝင်၏၊ မကောင်း။ "နဟာယန" ဟု ရှိမှ ကောင်းသည်။] အဇ္ဈတ္တိကဝတ္ထု၊ ကိုယ်တွင်းသန္တာန်၌ဖြစ်သော ဝတ္ထုကို။ ဝိသဒံ၊ သန့်ရှင်းစင်ကြယ်အောင်။ ကာတဗ္ဗံ၊ ၏။ သူစိကမ္မဓောဝနရဇနပရိဘဏ္ဍကရဏာဒီဟိ၊ သက်နံးချုပ်ခြင်း ဟူသော အပ်အမှုကိုပြုခြင်း,ဖွပ်လျှော်မှုကို ပြုခြင်း, ဆိုးမှုကို ပြုခြင်း, မြေးကြီး စသည်ကို ပြေပြစ်အောင်ပြုခြင်း-အစရှိသည်တို့ဖြင့်။ ဗာဟိရဝတ္ထု၊ ပြင်ပ သန္တာန်၌ဖြစ်သော ဝတ္ထုကို။ ဝိသဒံ။ ကာတဗ္ဗံ၊ ၏။

ဟိ၊ မှန်။ အဇ္ဈတ္တိကဗာဟိရဝတ္ထုသို့၊ သည်။ အဝိသဒေ၊ မသန့် ရှင်းလတ်သော်။ ဥပ္ပန္နေသု၊ ကုန်သော။ စိတ္တစေတသိကေသု၊ တို့၌။ ဉာဏမိ၊ သည်လည်း။ အဝိသဒံ အပရိသုဒ္ဓံ ဟောတိ။ (ကော ဝိယ၊ အဘယ်ကဲ့သို့နည်း။) အပရိသုဒ္ဓါနိ၊ မစင်ကြယ်ကုန်သော။ ဒီပကပလ္လ-ဝဋ္ဌိတေလာနိ၊ ဆီမီးခွက်, မီးစာ, ဆီ-တို့ကို။ နိဿာယ၊ ၍။ ဥပ္ပန္ဓ-

---

၁။ သေဒမလမက္ခိတံ။ ။သေဒမလမက္ခိတန္တိ သေဒေန စေဝ ဇလ္လိကာသခ်ါ-တေန သရီရမလေန စ မက္ခိတံ။ စ-သဒ္ဒေန အညမ္ပိ သရီရဿ, စိတ္တဿ စ ပိဋ္ဌာဝဟံ (နှိပ်စက်ခြင်းကို ဆောင်နိုင်သော အပြစ်ကို) သင်္ဂဏှာတိ။—ဋီကာ။

ဒီပသိခါယ၊ ဖြစ်သော ဆီမီးလုံး၏။ သြဘာသေဝ၊ အရောင်သည်။ (အဝိသဒေါ အပရိသုဒ္ဓေါ။ ဟောတိ) ဝိယ၊ ဖြစ်သကဲ့သို့တည်း။ [ဥပမာန-ဝါကျကို အတွင်းသွင်း၍လည်း ပေးနိုင်သည်။] ပန၊ အန္ဓယ-ကား။ အဇ္ဈတ္တိကဗာဟိရဝတ္ထုမှိ၊ သည်။ ဝိသဒေ၊ လတ်သော်။ ဥပပ္ဇန္တေသု၊ ကုန်သော။ စိတ္တစေတသိကေသု၊ တို့၌။ ဉာဏမှိ ဝိသဒံ ဟောတိ။ (ကော ဝိယ၊ နည်း။) ပရိသုဒ္ဓါနိ၊ ကုန်သော။ ဒီပကပလ္လဝဋ္ဋိတေလာနိ၊ တို့ကို။ နိဿာယ၊ ၍။ ဥပပ္ဇန္တဒီပသိခါယ၊ ၏။ သြဘာသေဝ၊ သည်။ (ဝိသဒေါ ပရိသုဒ္ဓေါ။ ဟောတိ) ဝိယ၊ သို့တည်း။ တေန ဝုတ္တံ "ဝတ္ထုဝိသဒ-ကိရိယာ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဃ ဥပ္ပာဒါယ သံဝတ္တတီ" တိ။

ဣန္ဒြိယသမတ္တပဋိပါဒနာ နာမ၊ မည်သည်။ သဒ္ဓါဒီနံ၊ ကုန်သော။ ဣန္ဒြိယာနံ၊ တို့၏။ သမဘာဝကရဏံ၊ ညီမျှကုန်သည်၏အဖြစ်ကို ပြုခြင်းတည်း။ ဟိ၊ ခဲ့။ (တနည်း) ဟိ(ယသ္မာ)၊ ကြောင့်။ အာဿ၊ ထိုယောဂီ-ပုဂ္ဂိုလ်၏။ သဒ္ဓိန္ဒြိယံ၊ သည်။ ဗလဝံ၊ အားရှိသည်။ သစေ ဟောတိ၊ အံ့။ ဣတရာနိ၊ သဒ္ဓိန္ဒြေ-မှတပါးသော ဣန္ဒြေတို့သည်။ မန္ဒာနိ၊ နုံကုန်သည်။ (သစေ ဟောန္တိ၊ ကုန်အံ့။) တဒေဝ၊ ထိုသို့ ဖြစ်ခြင်းကြောင့်။ ဝီရိယိန္ဒြိယံ၊ သည်။ (ယဉ်လျက်ပါဇသော ဝီရိယိန္ဒြေသည်။) ပဂ္ဂဟကိစ္စံ၊ သမ္မယုတ်တရားတို့ကို ချီးမြှောက်ခြင်းကိစ္စကို။ (ကာတုံ နု သက္ကောတိ။) သတိန္ဒြိယံ၊ သည်။ ဥပဋ္ဌာနကိစ္စံ၊ အာရုံ၌ ကပ်၍တည်ခြင်း ကိစ္စကို။ (ကာတုံ နု သက္ကောတိ။) သမာဓိန္ဒြိယံ၊ သည်။ အဝိက္ခေပကိစ္စံ၊ မပျံ့လွင့်ခြင်းကိစ္စကို။ (ကာတုံ နု သက္ကောတိ။) ပညိန္ဒြိယံ၊ သည်။ ဒဿနကိစ္စံ၊ သိမြင်ခြင်းကိစ္စကို။ (ကာတုံ နု သက္ကောတိ။) တာသမာ၊ ကြောင့်။ တံ၊ ထိုလွန်သောသဒ္ဓါကို။ (ဟာပေတဗ္ဗံ-၌ စပ်။) ဓမ္မသဘာဝပစ္စဝေက္ခဏေန၊ ပစ္စည်းပစ္စယုပ္ပန်တရားသဘောကို ဆင်ခြင်ခြင်း အားဖြင့် သော်လည်းကောင်း။ ယထာ၊ အကြင် အခြင်းအရာအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်၏။ (တံ၊ ထို သဒ္ဓိန္ဒြေသည်။) ဗလဝံ၊ သည်။ ဇာတံ၊ ဖြစ်၏။ တထာ၊ ထို အခြင်းအရာအားဖြင့်။ အမနသိကာရေန ဝါ၊ နှလုံးမသွင်းခြင်းအားဖြင့် သော်လည်းကောင်း။ ဟာပေတဗ္ဗံ၊ ယုတ်လျော့စေထိုက်၏။ စ၊ ဆက်။ ဇာတော၊ ဤ လွန်နေသောသဒ္ဓါကို လျော့စေရာ၌။ ဝက္ကလိတ္ထေရဝတ္ထု၊ သည်။ နိဒဿနံ၊ ညွှန်ပြကြောင်း ဥဒါဟရဏ်တည်း။ [ဝက္ကလိတ္ထေရ-ဝတ္ထုသည် ဓမ္မပဒအဋ္ဌကထာ၊ ဘိက္ခု-ဝဂ်၌ ပါသည်။]

ပန၊ ကား။ ဝီရိယိန္ဒြိယံ၊ သည်။ ဗလဝံ၊ သည်။ သစေ ဟောတိ။ အထ၊ ထိုသို့ဖြစ်လတ်သော်။ သဒ္ဓိန္ဒြိယံ၊ သည်။ အဓိမောက္ခကိစ္စံ၊ သဒ္ဓါဓိမောက္ခ-

ကိစ္စကို။ ကာတုံ နသက္ကောတိ။ ဣတရာနိ၊ သဒ္ဓိန္ဒြေ-မှတပါးသော ဣန္ဒြေတို့သည်။ ဣတရကိစ္စဘေဒံ၊ သဒ္ဓါဓိမောက္ခ-ကိစ္စမှတပါးသော ကိစ္စအထူးအပြားကို။ ကာတုံ နသက္ကောန္တိ)။ တသ္မာ၊ ကြောင့်။ တံ၊ ထို ဝီရိယိန္ဒြေကို။ ပဿဒ္ဓါဒိဘာဝနာယ၊ ပဿဒ္ဓိ အစရှိသည်တို့ကို ပွားစေခြင်းအားဖြင့်။ ဟာပေတဗ္ဗံ။ တတြပိ၊ ထိုသို့ လျော့စေရာ၌လည်း။ သောဏတ္ထေရဝတ္ထု၊ ကို။ ဒဿေတဗ္ဗံ၊ ပြထိုက်၏။ [သောဏတ္ထေရ-ဝတ္ထုသည် ဝိနည်း မဟာဝဂ္ဂ၊ စမ္မက္ခန္ဓက-၌ ပါ၏။] ဧဝံ၊ လျှင်။ သေသေသုပိ၊ ကြွင်းသော ဣန္ဒြေတို့တွင်လည်း။ ဧကဿ၊ တပါးသောဣန္ဒြေ၏။ ဗလဝဘာဝေ၊ အားရှိသည်၏အဖြစ်သည်။ သတိ၊ သော်။ ဣတရေသံ၊ အခြားသော ဣန္ဒြေတို့၏။ အတ္တနော၊ မိမိ၏။ ကိစ္စေသု၊ တို့၌။ အသမတ္ထတာ၊ မစွမ်းနိုင်ကုန်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ။

ပန၊ ဆက်။ ဧတ္ထ၊ ဤ ဣန္ဒြေတို့တွင်။ ဝိသေသတော၊ အားဖြင့်။ သဒ္ဓါပညာနံ၊ သဒ္ဓိန္ဒြေ, ပညိန္ဒြေ-တို့၏လည်းကောင်း။ သမာဓိဝီရိယာနဉ္စ၊ တို့၏လည်းကောင်း။ သမတံ၊ ညီမျှကုန်သည်၏အဖြစ်ကို။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ ဟိ၊ ချဲ။ (တနည်း)ဟိ(ယသ္မာ)၊ ကြောင့်။ ဗလဝသဒ္ဓေါ၊ အားကြီးသောသဒ္ဓါရှိသော၊ မန္ဒပညော၊ နုံ့သော-ပညာရှိသော ပုဂ္ဂိုလ်သည်။ မုဒ္ဓပ္ပသန္နော၊ အချည်းအနှီးအားဖြင့် ကြည်ညိုတတ်သည်။ (ဉာဏ်မရှိသည်ဖြစ်၍ ကြည်ညိုတတ်သည်)။ ဟောတိ။ [ယော ဗလဝတိယာ သဒ္ဓါယ သမန္နာဂတော အညာဏော (ဉာဏ်ကားမရှိ။) သော မုဒ္ဓပ္ပသန္နော ဟောတိ၊ နအဝေစ္စပ္ပသန္နော။ တထာ ဟိ အဝတ္ထုသ္မိံ ပသီဒတိ သေယျထာပိ တိတ္ထိယသာဝကာ။-ဋ္ဌီကာ။ ဤပုဒ်၏ပုဒ်ပြီးပုံကို ဝိဂ္ဂဟ-နှင့်တက္ခ သမ္မောဟဝိနောဒနီဘာသာဋ္ဌီကာ၊ သတိပဋ္ဌာနဝိဘင်း၊ ဓမ္မာနုပဿနာနိဒ္ဒေသ-အဖွင့်၌ ပြထားသည်။] အဝတ္ထုသ္မိံ၊ ကြည်ညိုဖွယ်မဟုတ်သော ဝတ္ထု၌။ ပသီဒတိ၊ ကြည်ညိုတတ်၏။ ဗလဝပညော၊ အားကြီးသော ပညာရှိသော။ မန္ဒသဒ္ဓေါ၊ နုံ့သောသဒ္ဓါရှိသော ပုဂ္ဂိုလ်သည်။ ကေရာဋ္ဌိကပက္ခံ၊ ကောက်ကျစ် စဉ်းလဲခြင်းရှိသူ၏ အဖို့သို့။ ဘဇတိ၊ ကပ်ရောက်တတ်၏။ [ဤပုဒ်၏ အဓိပ္ပာယ်ကို လည်း သမ္မောဟဝိနောဒနီဘာသာဋ္ဌီကာ၊ ဓမ္မာနုပဿနာနိဒ္ဒေသ-အဖွင့်၌ပင် ပြခဲ့ပြီ။] (ကော ဝိယ၊ အဘယ်ကဲ့သို့နည်း။) ဘေသဇ္ဇသမုဋ္ဌိတော[၁]၊ ဆေးမှား

၁။ ဘေသဇ္ဇသမုဋ္ဌိတော။ပ။ဟောတိ။ ။သဒ္ဓါဟိနာယ ပညာယ (ယုတ်လျော့သော သဒ္ဓါရှိသောပညာဖြင့်။) အတိဓာဝန္တော "ဒေယျဝတ္ထုပရိစ္စာဂေန ဝိနာ (လှူထိုက်သောဝတ္ထုပစ္စည်းနှင့်ကင်း၍။ ဝါ၊ ပစ္စည်းမစွန့်လှူပဲ။) စိတ္တုပ္ပာဒမတ္တေနပိ (လှူလိုသော

ကြောင့် ထကြွဖြစ်ပေါ်လာသော။ ရောဂေါ၊ ရောဂါသည်။အတေကိစ္ဆော၊ ဆေးကုခြင်းငှာမထိုက်သည်။ ဝါ၊ ကုစားဖို့ရန် မလွယ်ကူသည်။ (ကုစား၍ မရသည်။) ဟောတိ ဝိယ၊ သို့တည်း။ စိတ္တုပ္ပာဒမတ္တေနေဝ၊ စိတ်၏ဖြစ်ကာမျှဖြင့်ပင်။ကုသလံ၊သည်။ဟောတိ။ ဣတိ၊သို့။ အတိဓာဝိတ္ဝာ၊လွန်အောင်ပြေးသွား၍။ (ရပ်သင့်သောအပိုင်းအခြား၌ မရပ်ပဲ လွန်သွား၍။) ဒါနာဒီနိ၊ ဒါန–အစရှိသော လှူဖွယ်တို့ကို။ အကရောန္တော၊ မပြုပဲ။ နိရယေ၊ ၌။ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ ဥဘိန္နံ၊ သဒ္ဓါပညာ နှစ်ဖြာတို့၏။ သမတာယ၊ ညီမျှကုန်သည်၏ အဖြစ်သည်။ (သတိ၊ သော်။) ဝတ္ထုဿိ ယေဝ၊ ကြည်ညိုထိုက်သော ဝတ္ထု၌သာ။ ပသီဒတိ၊ ၏။

ပန၊ ကား။ ဗလဝသမာဓိ ံ၊ အားကြီးသော သမာဓိရှိသော။ မန္ဒဝိရိယံ၊ နုံသောဝိရိယ–ရှိသော ပုဂ္ဂိုလ်ကို။ သမာဓိဿ၊ ၏။ ကောသဇ္ဇပက္ခတ္တာ၊ ကောသဇ္ဇ–အဖို့ရှိသည်၏အဖြစ်ကြောင့်။ ကောသဇ္ဇံ၊ သည်။ ဝါ၊ က။ အဘိဘဝတိ၊ လွှမ်းမိုး၍ဖြစ်၏။ ဗလဝဝိရိယံ၊ အားကြီးသောဝိရိယ-ရှိသော၊ မန္ဒသမာဓိ ံ၊ နုံသောသမာဓိရှိသော ပုဂ္ဂိုလ်ကို။ ဝိရိယဿ၊ ၏။ ဥဒ္ဓစ္စ-ပက္ခတ္တာ၊ ဥဒ္ဓစ္စ–အဖို့ရှိသည်၏အဖြစ်ကြောင့်။ ဥဒ္ဓစ္စံ၊ သည်။ အဘိဘဝတိ။ [ဤအဓိပ္ပာယ်ကိုရည်ရွယ်၍ ''သမာဓိလွန်တော့ ကောသဇ္ဇ, ဝိရိယလွန်တော့ ဥဒ္ဓစ္စ''ဟု ပြောကြသည်။] ပန၊ အန္ဓယ–ကား။ ဝိရိယေန၊ နှင့်။ သံယောဇိတော၊ ယှဉ်စေအပ်သော။ သမာဓိ၊ သည်။ ကောသဇ္ဇေ၊ ၌။ ပတိတုံ၊ ကျခြင်းငှာ။ ဝါ၊ ကျခွင့်ကို။ န လဘတိ။ သမာဓိနာ၊ နှင့်။ သံယောဇိတံ၊ သော။ ဝိရိယံ၊ သည်။ ဥဒ္ဓစ္စေ၊ ၌။ ပတိတုံ၊ ငှာ။ န လဘတိ။ တဿ၊ ကြောင့်။ တဒုဘယံ၊ ထို သဒ္ဓါပညာ, သမာဓိဝိရိယ–နှစ်ပါးစုံကိုလည်း။ [တဒုဘယန္တိ သဒ္ဓါပညာဒ္ဒယံ, သမာဓိဝိရိယဒ္ဒယဉ္စ။–ဋီကာ။] သမံ၊ ညီမျှအောင်။ ကာတဗ္ဗံ၊ ၏။ ဟိ၊ အကျိုးကား။ ဥဘယသမတာယ၊ သဒ္ဓါပညာ, ဝိရိယသမာဓိ နှစ်ပါးစုံ၏ ညီမျှသည်၏အဖြစ်သည်။ (သတိ၊ သော်။) အပ္ပနာ၊ အပ္ပနာဈာန်သည်။ ဟောတိ။

စိတ်ဖြစ်ကာမျှဖြင့်လည်း။) ဒါနမယံ ပုညံ ဟောတိ'' ဤတိအာဒီနိ ပရိကပ္ပေတိ ဟေတု-ပတိရူပကေဟိ ဝတ္ထိတော (အတုအယောင်ဖြစ်သော အကြောင်းတို့သည် လှည့်ပတ်အပ်သည်ဖြစ်၍ကြံစည်တတ်၏။) ဒေဝဘူတော စ (ဤသို့ဖြစ်သူသည်လည်း။) သုက္ခတက္ကဝိလုတ္တစိတ္တော (အခြောက်တိုက် ကြံစည်ခြင်းသည် လုယူအပ်သော စိတ်ရှိသည်ဖြစ်၍။) ပဏ္ဍိတာနံ ဝစနံ နာဒိယတိ သညတ္တိ ံ နဂစ္ဆတိ။ တေနာဟ ''ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတီ''တိ။–ဋီကာ။

အပိစ၊ စိုးစဉ်းအနည်းငယ် ဆိုဖွယ်ရှိသေး၏။ သမာဓိကမ္မိကဿ၊ သမာဓိ အလုပ်ရှိသော ယောဂီပုဂ္ဂိုလ်၏။ ဗလဝတီပိ၊ အားရှိသည်လည်းဖြစ်သော။ သဒ္ဓါ၊ သဒ္ဓါသည်။ ဝဋ္ဌတိ၊ သင့်၏။ ဧဝံ၊ ဤသို့သဒ္ဓါအားရှိလတ်သော်။ [ဧဝန္တိ ဧဝံ သန္တေ၊ သဒ္ဓါယ ထောကံ ဗလဝဘာဝေ သတီတိ အတ္ထော။-ဋီကာ။] သဒ္ဒဟန္တော[၁]၊ သဒ္ဓါဖြင့် ယုံကြည်သော။ ဩကပ္ပေန္တော[၁]၊ သဒ္ဓါဖြင့် သက်ဝင်သော ယောဂီပုဂ္ဂိုလ်သည်။ အပ္ပနံ၊ လောကီအပ္ပနာသို့။ ပါပုဏိဿတိ၊ လတ္တံ့။ ပန၊ ဆက်။ သမာဓိပညာသု၊ တို့တွင်။ သမာဓိ-ကမ္မိကဿ၊ ၏။ ဧကဂ္ဂတာ၊ သည်။ ဗလဝတီ၊ အားရှိသည်။ (သမာနာ။) ဝဋ္ဌတိ၊ ၏။ ဟိ၊အကျိုးကား။ ဧဝံ၊ဤသို့ ဧကဂ္ဂတာအားရှိလတ်သော်။ သော၊ ထို သမာဓိ ကမ္မိက ပုဂ္ဂိုလ်သည်။ အပ္ပနံ၊ သို့။ ပါပုဏာတိ၊ ၏။ဝိပဿနာ-ကမ္မိကဿ၊ ဝိပဿနာအလုပ်ရှိသော ယောဂီပုဂ္ဂိုလ်၏။ ပညာ၊ သည်။ ဗလဝတီ၊ သည်။ (သမာနာ။) ဝဋ္ဌတိ၊ ၏။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤသို့ ပညာအား ရှိလတ်သော်။ သော၊ ထို ဝိပဿနာကမ္မိက ပုဂ္ဂိုလ်သည်။ လက္ခဏပ္ပဋိဝေဓံ၊ အနိစ္စ-အစရှိသောလက္ခဏာကို ထိုးထွင်းရှိသိခြင်းသို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ ပန၊ ဆက်။ ဥဘိန္နံ၊ သမာဓိ ပညာ-နှစ်ပါးစုံတို့၏။ သမတာယပိ၊ ညီမျှကုန်သည်၏အဖြစ်သည်လည်း။ (သတိ။) အပ္ပနာ၊ သည်။ ဟောတိယေဝ၊ ဖြစ်တော့သည်သာ။

ပန၊ ဆက်။ သတိ၊ သတိသည်။ သဗ္ဗတ္ထ၊ အလုံးစုံသော လီနဥဒ္ဓစ္စ-အဖို့ရှိ သောငါးပါးသောဣန္ဒြေတို့၌။ [သဗ္ဗတ္ထာတိ လီနုဒ္ဓစ္စပက္ခိကေသု ပဥ္စသု ဣန္ဒြိ-ယေသု။-ဋီကာ။] ဗလဝတီ၊ သည်။ (သမာနာ။) ဝဋ္ဌတိ။ ဟိ၊ မှန်။ (တနည်း) ဟိ (ယသ္မာ)၊ ကြောင့်။ သတိ၊ သည်။ စိတ္တံ၊ ကို။ (ရက္ခတိ-၌ စပ်။) ဥဒ္ဓစ္စပက္ခိကာနံ၊ ဥဒ္ဓစ္စ-အဖို့၌ ဖြစ်ကုန်သော။ သဒ္ဓါဝီရိယပညာနံ၊ တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဥဒ္ဓစ္စပါတတော၊ ဥဒ္ဓစ္စ-၌ ကျရောက်ခြင်းမှ လည်းကောင်း။ ကောသဇ္ဇပက္ခိကေန၊ ကောသဇ္ဇ-အဖို့၌ဖြစ်သော။ သမာဓိနာ၊ ကြောင့်။ ကောသဇ္ဇပါတတော စ၊ ကောသဇ္ဇ-၌ ကျရောက်ခြင်းမှလည်း ကောင်း။ ရက္ခတိ၊ စောင့်ရှောက်၏။ တသ္မာ၊ ကြောင့်။ သာ၊ ထို သတိ ကို။ သဗ္ဗဗျဥ္ဇနေသု၊ အလုံးစုံသော ဟင်းကောင်း ဟင်းလျာတို့၌။

၁။ သဒ္ဒဟန္တော ဩကပ္ပေန္တော။ ။သဒ္ဒဟန္တောတိ "ပထဝီ ပထဝီတိ မနသိ-ကရဏမတ္တေန ကထံ ဈာနုပ္ပတ္တီ"တိ အစိန္တေတွာ "အဒ္ဓါ သမ္မာသမ္မုဒ္ဓေန ဝုတ္တဝိဓိ ဣဇ္ဈိဿတီ"တိ သဒ္ဒဟန္တော သဒ္ဓံ ဇနေန္တော။ ဩကပ္ပေန္တောတိ အာရမ္မဏံ အနု-ပဝိသိတွာ ဝိယ အဓိမုစ္စနဝသေန အဝကပ္ပေန္တော ပက္ခန္ဒန္တော။-ဋီကာ။

လောဏဓူပနံ၊ ဆား, ကရဝေး, ဇီယာ, မဆလာ-စသော အထုံကို။ (ဣစ္ဆိတပ္ပံ) ဝိယ၊ အလိုရှိထိုက်သကဲ့သို့ လည်းကောင်း။ သဗ္ဗရာဇကိစ္စေသု၊ အလုံးစုံသော မင်း၏ကိစ္စတို့၌။ သဗ္ဗကမ္မိကအမစ္စော၊ အလုံးစုံသောအမှုဋ္ဌာန်ကျမ်းကျင်သောအမတ်ကို။ (ဣစ္ဆိတဗ္ဗော) ဝိယ စ၊ ကဲ့သို့လည်းကောင်း။ (တထာ၊ တူ။) သဗ္ဗတ္ထ၊ အလုံးစုံသော လိင်္ဂဉဒ္ဓစ္စ-အဖို့ရှိသော ငါးပါးသော ဣန္ဒြေတို့၌။ ဣစ္ဆိတဗ္ဗော၊ ၏။ တေန၊ ကြောင့်။ "သတိ စ ပန သဗ္ဗတ္ထိကာ။ပ။ ဟောတီ" တိ၊ ဟူ၍။ အာဟ၊ ရှေး အဋ္ဌကထာဌ်ဆိုပြီ။

သတိ စ ပန၊ သတိကိုကား။ သဗ္ဗတ္ထိကာ၊ ဟူ၍။ [ဤပုဒ်၏ အနက်ကို ဥဒ္ဒေသဝါရကထာအဖွင့်၌ အဓိပ္ပာယ်နှင့်တကွ ရေးခဲ့ပြီ။] ဘဂဝတာ ဝုတ္တာ။ ကိံ ကာရဏာ၊ အဘာယ်အကြောင်းကြောင့်။ (သဗ္ဗတ္ထိကာ ဘဂဝတာ။ ဝုတ္တာ၊ နည်း။) ဟိ (ယသ္မာ)၊ ကြောင့်။ စိတ္တံ၊ ကုသိုလ်စိတ်သည်။ သတိပဋိသရဏံ၊ သတိ-ဟူသော လဲလျောင်းရာရှိ၏။ သတိ စ၊ သည်လည်း။ အာရက္ခပစ္စုပဋ္ဌာနာ၊ စောင့်ရှောက်တတ်သောတရားဟု ယောဂိတို့ဉာဏ်အား ရှေးရှုထင်လာ၏။ သတိ-ယာ၊ နှင့်။ ဝိနာ၊ ကင်း၍။ စိတ္တာဿ၊ ကို။ ပဂုဟနိဂ္ဂဟော၊ ချီးမြှောက်ခြင်း နှိပ်ခြင်းသည်။ န ဟောတိ။ (တသ္မာ သဗ္ဗတ္ထိကာ ဘဂဝတာ ဝုတ္တာ။)

ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ နာမ၊ မည်သည်။ ခန္ဓာဒီဘေဒေ၊ ခန္ဓာ-အစရှိသော အပြားဌ်။ အနောဂါဠှပညာနံ၊ သက်ဝင်သောပညာ မရှိကုန်သော။ ဒုမ္မေဓပုဂ္ဂလာနံ၊ ပညာမရှိသော ပုဂ္ဂိုလ်တို့ကို။ "အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇနာ၊ ရှောင်ကြဉ်ခြင်းတည်း။ ပညဝန္တပုဂ္ဂလသေဝနာ နာမ၊ မည်သည်။ သမပညာသလက္ခဏပရိဂ္ဂါဟိကာယ၊ အတိုက္ပ ငါးဆယ်သောလက္ခဏာတို့ကို ပိုင်းခြားရှုယူတတ်သော။ ဥဒယဗ္ဗယပညာယ၊ ဖြစ်ခြင်းပျက်ခြင်းကို အပြားအားဖြင့်သိတတ်သော ပညာနှင့်။ သမန္နာဂတပုဂ္ဂလသေဝနာ၊ ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းတည်း။ [ပညာသလက္ခဏာအရ-ကို ဝိသုဒ္ဓိမဂ်၊ မဂ္ဂါ-မဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ ဥဒယဗ္ဗယဉာဏကထာ-၌ကြည့်ပါ။] ဂမ္ဘီရ-ဉာဏာစရိယပစ္စဝေက္ခဏာ နာမ၊ ဖြစ်ပုံမည်သည်။ ဂမ္ဘီရေသု၊ နက်နဲကုန်သော ခန္ဓာဒီသု၊ ခန္ဓာ-အစရှိသောတရားတို့၌။ ပဝတ္တာယ၊ဖြစ်သော။ ဂမ္ဘီရ-ပညာယ၊ နက်နဲသောပညာ၏။ ဘေဒပစ္စဝေက္ခဏာ၊ အထူးအပြားကို ဆင်ခြင်ခြင်းတည်း။ [ဂမ္ဘီရဉာဏ-ကို "ဂမ္ဘီရပညာ" ဟု ဖွင့်၍၊ စရိယ-ကို "ပဘေဒ" ဟု ဖွင့်သည်။] တဒဓိမုတ္တတာ နာမ၊ မည်သည်။ ဌာနနိသဇ္ဇာဒီသု၊ တို့၌။

ဓမ္မဝိစယသမ္မောဇ္ဈင်္ဂသမုဋ္ဌာပနတ္ထံ၊ ဓမ္မဝိစယသမ္မောဇ္ဈင်္ဂကို ဖြစ်စေခြင်းအကျိုး ငှာ။ နိန္နပေါဏပဗ္ဘာရစိတ္တတာ၊ ညွတ်ယိမ်း ကိုင်းရှိုင်းသောစိတ်ရှိသူ၏ အဖြစ်တည်း။ ပန၊ ဆက်။ ဧဝံ၊ သို့။ ဥပ္ပန္နဿ၊ သော။ အဿ၊ ထို့၊ ဓမ္မဝိစယ-သမ္မောဇ္ဈင်္ဂ၏။ အရဟာတ္တမဂ္ဂေန၊ ကြောင့်။ ဘာဝနာပါရိပူရိ၊ သည်။ ဟောတိ၊ ဣတိ ပဇာနာတိ။

ဝီရိယသမ္မောဇ္ဈင်္ဂဿ၊ ၏။ ''အတ္ထိ ဘိက္ခဝေ ။ပ။ ဧဝပုလ္လာယ ဘာဝ-နာယ ပါရိပူရိယာ သံဝတ္တတိ''တိ၊ ဟူ၍။ ဧဝံ၊ သို့။ ဥပ္ပါဒေါ။ ဟောတိ၊ ၏။ [သာဓကပါဠိ၏အနက်ကို ရွေး ဓမ္မာနုပဿနာ နိဝရဏပဗ္ဗ-အဖွင့်၌ ရေး ခဲ့ပြီ။] အပိ စ၊ သေး။ အပါယဘယ်ပစ္စဝေက္ခဏတာ၊ အပါယ်ဘေးကို ဆင်ခြင်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ အာနိသံသဒဿာဝိတာ၊ ဝီရိယသမ္မော ဇ္ဈင်္ဂ၏အကျိုးကို ရှုလေ့ရှိသူ၏ အဖြစ်လည်းကောင်း။ ဂမနဝီထိပစ္စဝေက္ခဏ-တာ၊ သဗ္ဗညုဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, မဟာသာဝက-တို့သည် သွားအပ်သောလမ်း ကို ဆင်ခြင်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ ပိဏ္ဍပါတာပစာယနတာ၊ ဆွမ်း ကို အတုံ့ပြန်၍ ပူဇော်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ ဒါယဇ္ဇမဟတ္တ-ပစ္စဝေက္ခဏတာ၊ အမွေခံအဖြစ်၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ သတ္ထုမဟတ္တပစ္စဝေက္ခဏတာ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏မြတ်သည်၏အဖြစ်ကိုဆင်ခြင်ခြင်းရှိသူ၏အဖြစ်လည်းကောင်း။ ဇာတိမဟတ္တပစ္စဝေက္ခဏတာ၊ အမျိုးဇာတ်၏မြတ်သည်၏အဖြစ်ကို ဆင်ခြင် ခြင်းရှိသူ၏အဖြစ်လည်းကောင်း။သပြဟ္မစာရိမဟတ္တပစ္စဝေက္ခဏတာ၊ သီတင်း သုံးဖော်တို့၏ မြတ်ကုန်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်းရှိသူ၏ အဖြစ်လည်း ကောင်း။ ကုသီတပုဂ္ဂလပရိဝဇ္ဇနတာ၊ ပျင်းရိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း ရှိသူ၏အဖြစ်လည်းကောင်း။ အာရဒ္ဓဝီရိယ ပုဂ္ဂလသေဝနတာ၊ အားထုတ်အပ် သော ဝီရိယရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ တဒဓိမုတ္တတာ၊ ထို ဝီရိယသမ္မောဇ္ဈင်၌ စွဲစွဲမြဲမြဲ သက်ဝင်သူ၏ အဖြစ်လည်း ကောင်း။ ဣတိ၊ သို့။ ကောဒသဓမ္မာ ဝီရိယသမ္မောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ။

ထတ္ထ၊ ထို တဆဲ့ တပါးတို့တွင်။ (အပါယဘယံ ပစ္စဝေက္ခန္တဿာပိ-စသည် ၌ စပ်။)[တတ္ထ၊ တို့၌။ (ဝိတ္ထာရော ဧဝံ ဝေဒိတဗ္ဗော။)ဟု ဆရာတို့ပေးတော်မူ ကြ၏။] နိရယေသု၊ ငရဲတို့၌။ ပဉ္စဝိဓဗန္ဓနကမ္မကာရဏာတော၊ ငါးပါးအပြား ရှိသောနှောင်ဖွဲ့မှုဟူသော ညှဉ်းပန်းနှိပ်စက်ရာအခါမှ။ [ကာရဏာ-သဒ္ဒါသည် ညှဉ်းဆဲခြင်းအနက်ကို ဟော၏။ ပဉ္စဝိဓဗန္ဓနကမ္မ-ကို အဂုံတို့ရ၊ တိကနိပါတ၊

ပဋ္ဌမပဏ္ဏာသက၊ ဒေဝဒူတဝဂ်၊ ဒေဝဒူတ-သုတ်၌ ရှုပါ။]ပဋ္ဌာယ၊ ၍။ မဟာ ဒုက္ခံ၊ ကြီးစွာသောဆင်းရဲကို။ အနုဘဝနကာလေပိ၊ ခံစားရာအခါ၌လည်း ကောင်း။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်တို့၏ပေါင်းစုရာအမျိုး၌။ ဇာလခိပန-ကုမိနာဒီဟိ၊ ပိုက်ကွန်ပစ်ခြင်း မြုံးချခြင်း အစရှိသည်တို့ဖြင့်။ ဂဟိတကာလေပိ၊ ဖမ်းယူအပ်ရာ အခါ၌လည်းကောင်း။ ပါဇနကဏ္ဍကာဒိပဟာရတုန္နဿ၊ နှင်တံ သံဆူး အစရှိသည်တို့ဖြင့် ပုတ်ခတ်အပ် ထိုးဆွအပ်သော တိရစ္ဆာန်၏။ သကဋဝဟနာဒီကာလေပိ၊ လှည်းကိုဆောင်ရာရာ အစရှိသောအခါ၌ လည်းကောင်း။ ပေတ္တိဝိသယေ၊ ပြိတ္တာတို့၏ ဖြစ်ရာအရပ်၌။ ဝါ၊ ပြိတ္တာဘုံ ၌။ အနေကာနိပိ ဝဿသဟဿာနိ၊ များစွာသော နှစ်ပေါင်းအထောင်တို့ပတ်လုံး။ ကေ ဗုဒ္ဓန္တရမ္ပိ၊ နှစ်ဆူသောဘုရားရှင်တို့၏ တခုသောအကြားပတ်လုံးလည်း။ ခုပ္ပပါသာဟိ၊ ဆာလောင်ခြင်း မွတ်သိပ်ခြင်းတို့ကြောင့်။ အာတုရီဘူတကာလေပိ၊နာကျင်ခြင်းရှိသည်ဖြစ်၍ဖြစ်ရာအခါ၌လည်းကောင်း။ ကာလကဉ္ဇိကအသုရေသု၊ ကာလကဉ္ဇိက-အသုရာတို့၌။သဋ္ဌိဟတ္ထအသီတိဟတ္ထ-ပ္ပမာဏေန၊ အတောင်ခြောက်ဆယ် အတောင်ရှစ်ဆယ် အတိုင်းအရှည်ရှိသော။ အဋ္ဌိစမ္မမတ္တေနေဝ၊ အရိုး အရေမျှသာရှိသော။ အတ္တဘာဝေန၊ အတ္တဘောဖြင့်။ ဝါတာတပါဒိ ဒုက္ခာနုဘဝနကာလေပိ၊ ဖလ မနပ္ပူ အစရှိသည်တို့ကြောင့်ဖြစ်သော ဆင်းရဲကိုခံစားရရာ အခါ၌လည်းကောင်း။ ဝိရိယသမ္မော-ဇ္ဈင်္ဂံ၊ ကို။ ဥပ္ပာဒေတုံ နု သက္ကာ။ ဘိက္ခု၊ အမောင်ရဟန်း။ အယမေဝ၊ ဤ လူစင်စစ်၌ ရဟန်းဖြစ်ခိုက် အခါသည်သာ။ တေ၊ သင်၏။ ဝိရိယ-ကရဏာယ၊ ဝီရိယ-ကို ပြုခြင်း၏။ ကာလော၊ အခါကောင်းတည်း။ ဣတိ ဧဝံ၊ ဤသို့။ အပါယဘယံ၊ ကို။ ပစ္စဝေက္ခန္တဿာပိ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏လည်း။ ဝိရိယသမ္မောဇ္ဈင်္ဂါ၊ သည်။ ဥပ္ပဇ္ဇတိ။

ကုသီတေန၊ စက်ဆုပ်အပ်စွာ အရာရာ၌ ဆုပ်နစ်တတ်သော ပုဂ္ဂိုလ်သည်။ ဝါ၊ ပျင်းရိသော ပုဂ္ဂိုလ်သည်။ နဝလောကုတ္တရမဓမ္မံ၊ သည်။ ဝါ၊ ကို။ လဒ္ဓုံ၊ ရခြင်းငှာ၊ နု သက္ကာ၊ မတတ်ကောင်း။ အာရဒ္ဓဝီရိယေနေဝ၊ အားထုတ်အပ်သော ဝီရိယ ရှိသော ဂို့လ်သည်သာ။ (နဝလောကုတ္တရမဓမ္မံ လဒ္ဓုံ။) သက္ကာ၊ တတ်ကောင်း၏။ အယံ၊ ဤ ကိုးပါးသော လောကုတ္တရာတရားကို ရခြင်းသည်။ ဝီရိယဿ၊ ၏။ အာနိသံသော၊ အကျိုးတည်း။ ဣတိ ဧဝံ၊ သို့။ အာနိသံသဒဿာဝိနောပိ၊ ဝီရိယ-၏အကျိုးကို ရှုလေ့ရှိသောပုဂ္ဂိုလ်၏ သန္တာန်၌လည်း။ (ဝီရိယသမ္မောဇ္ဈင်္ဂါ)ဥပ္ပဇ္ဇတိ။ သဗ္ဗဗုဒ္ဓ-ပစ္စေကဗုဒ္ဓမဟာသာဝကေဟိ၊ အလုံးစုံသော သဗ္ဗညုဘုရားရှင်, အလုံးစုံသော

ပစ္စေကဗုဒ္ဓါ, အလုံးစုံသော မဟာသာဝက-တို့သည်။ ဂတမဂ္ဂေါ၊ သွားအပ်ပြီးသောလမ်းကို။ တေ၊ သင်သည်။ ဂန္ဆဗ္ဗော၊ သွားထိုက်၏။ သော စ၊ ထိုလမ်းသည်လည်း။ ဝါ၊ ကိုလည်း။ ကုသိတေန၊ ပျင်းရိသူသည်။ ဂန္တုံ၊ သွားခြင်းငှာ။ နာ သက္ကာ၊ ကောင်း။ ဣတိ ဧဝံ၊ သို့။ ဂမနဝီထိ[1]၊ သွားအပ်သွားထိုက်သော လောကုတ္တရာလမ်းခရီးကို။ ပစ္စဝေက္ခန္တဿာပိ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏ သန္တာန်၌လည်း။ (ဝိရိယသမ္မောဇ္ဈင်္ဂေါ)ဥပ္ပဇ္ဇတိ။

ယေ၊ အကြင်လူတို့သည်။ တံ၊ သင့်ကို။ ပိဏ္ဍပါတာဒီဟိ၊ ဆွမ်းအစရှိသော ဝတ္ထုတို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ ပြုစု လုပ်ကျွေးကြကုန်၏။ ဣမေ မနုဿာ၊ တို့သည်။ တေ၊ သင်၏။ နေဝ ဉာတကာ၊ ဆွေမျိုးတို့လည်း မဟုတ်ကုန်။ နဒါသကမ္မကာရာ၊ ကျွန်တို့လည်း မဟုတ်ကုန်, အလုပ်သမားတို့လည်း မဟုတ်ကုန်။ တံ၊ သင့်ကို။ နိဿာယ၊ မှီ၍။ ဇီဝိဿာမ၊ အသက်မွေးကုန်အံ့။ ဣတိပိ၊ ဤသို့ ကြံ၍လည်း။ တေ၊ အား။ ပဏိဓာနိ၊ မွန်မြတ်ကုန်သော။ စိဝရာဒီနိ၊ သင်္ကန်းအစရှိသော ဝတ္ထုတို့ကို။ နာ ဒေန္တိ၊ ပေးလှူကြကုန်သည် မဟုတ်။ အထ ခေါ၊ အဟုတ်ကား။ အတ္တာနေဝ၊ ၏။ ကာရာနံ၊ ပြုအပ်သော ကောင်းမှုတို့၏။ မဟပ္ဖလတံ၊ များသောအကျိုးရှိကုန်သည်၏ အဖြစ်ကို။ ပစ္စာသီသမာနာ၊ တောင့်တကုန်သည်။ (ဟုတ္တာ။)ဒေန္တိ၊ ကုန်၏။ သတ္ထာရာပိ၊ သည်လည်း။ "အယံ၊ ဤ ငါ၏သားတော်ဖြစ်သော ရဟန်းသည်။ ဣမေ ပစ္စယေ၊ ဤပစ္စည်းတို့ကို။ ဘုဉ္ဇတ္ဝာ၊ ဘုဉ်းပေး သုံးဆောင်ပြီး၍။ ကာယ-ဒဋ္ဌိဗဟုလော၊ များသောကိုယ်၏ တောင့်တင်းခိုင်မာအောင် ပြုခြင်းရှိသည်။ ဝါ၊ ကိုယ်၏ တောင့်တင်းခိုင်မာအောင် ပြုခြင်း၌ များသောအလေ့အလာရှိသည်။ (ဟတ္ထာ။) သုခံ၊ စွာ။ ဝိဟရိဿတိ၊ နေနိုင်လိမ့်မည်။"[ကာယ-ဒဋ္ဌိဗဟုလောတိ ယထာ တထာ ကာယဿ ဒဋ္ဌိကမ္မပ္ပသုတော။-ဋီကာ။] ဣတိ ဧဝံ၊ သို့။ သမ္မဿတာ၊ ကောင်းစွာ မြော်မြင်တော်မူသည်။(ဟုတ္ထာ။) တုယ္ဟံ၊ သင့်အား။ ပစ္စယာ၊ တို့ကို။ နာ အနုညာတာ၊ ခွင့်ပြုတော်မူအပ်ကုန်သည် မဟုတ်။

အထ ခေါ၊ အဟုတ်ကား။ "အယံ၊ ဤ ငါ၏သားတော်ဖြစ်သော ရဟန်းသည်။ ဣမေ၊ ဤပစ္စည်းတို့ကို။ ပရိဘုဉ္ဇမာနော၊ ဘုဉ်းပေးသုံးဆောင်

၁။ ဂမနဝီထိ"။ ။ဂမနဝီထိန္တိ သပ္ပုမ္ဘာဝံ(မင်္ဂ၏ရှေ့အဖို့၌ဖြစ်သော ဝိပဿနာနှင့်တကွဖြစ်သော။) နိမ္မာနရတိမိပဋိပဒံ(နိမ္မာန်ရာဂ်ကြောင်းအကျင့်။) သဟဝိပဿနာယ အရိယမဂ္ဂပဋိပါဋိ(ဝိပဿနာနှင့်တကွဖြစ်သော အရိယာမဂ်အစဉ်။) သဏ္ဌာဝိသုဒ္ဓိပရမ္မရာဝါ၊ သာဟိ ဘိက္ခုနော ဝဋ္ဋနိယျာနာယ (ဝဋ်မှလွတ်မြောက်ခြင်းငှာ။) ဂန္ထမ္မပဋိပဒါ(သွားထိုက်သောအကျင့်တည်း။)ဣတိ ကတ္ဝာ ဂမနဝီထိ နာမ။-ဋီကာ။

လျက်။ သမဏဓမ္မံ၊ ကို။ ကတ္ဘာ၊ ၍။ ဝဋ္ဌဒုက္ခတော၊ ဝဋ္ဌဆင်းရဲမှ။ မုစ္စိဿတိ၊ လွတ်မြောက်လိမ့်မည်။'' ဣတိ၊ ဤသို့။ (သမ္ပဿတာ၊ ကောင်းစွာမြော်မြင်တော်မူသည်။ ဟုတ္ဘာ။) တေ၊ သင့်အား။ ပစ္စယာ၊ တို့ကို။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်ကုန်ပြီ။ သော တွံ၊ ထိုသင်သည်။ ဒါနိ၊ ၌။ ကုသီတော၊ ပျင်းရိသည်။ (ဟုတ္ဘာ။) ဝိဟရန္တော၊ နေလတ်သော်။ တံ ပိဏ္ဍံ၊ ထိုဆွမ်းကို။ ဝါ၊ ထိုဆွမ်းကိုမှတ်သား၍ လေးပါးသောပစ္စည်းကို။ န အပစာယိဿသိ၊ အတုံ့ပြန်၍ ပူဇော်နိုင်လိမ့်မည်မဟုတ်။ ဟိ၊ မှန်။ အာရဒ္ဓဝီရိယဿေဝ၊ အားထုတ်အပ်သော ဝီရိယ-ရှိသော ပုဂ္ဂိုလ်၏သာ။ ပိဏ္ဍပါတာပစာယနံ နာမ၊ ဆွမ်းကို အတုံ့ပြန်၍ ပူဇော်ခြင်းမည်သည်။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ ပိဏ္ဍပါတာပစာယနံ၊ ဆွမ်းကို အတုံ့ပြန်၍ ပူဇော်ခြင်းကို။ ပစ္စဝေက္ခန္တဿာပိ၊ ၏လည်း။ (ဝီရိယသမ္ဗောဇ္ဈင်္ဂေါ) ဥပ္ပဇ္ဇတိ။ (ကဿ ဝိယ၊ အဘယ်ပုဂ္ဂိုလ်၏ကဲ့သို့နည်း။) အယျမိတ္တတ္ထေရဿ ဝိယ၊ အယျမိတ္တ-ထေရ်၏ကဲ့သို့တည်း။

ကိရ၊ ခဲ့။ ထေရော၊ အယျမိတ္တ-ထေရ်သည်။ ကဿကလေဏေ နာမ၊ ကဿက-လိုဏ်မည်သောအရပ်၌။ ပဋိဝသတိ၊ နေ၏။ တဿ စ၊ ထို အယျ-မိတ္တ-ထေရ်၏လည်း။ ဂေါစရဂါမေ၊ ဆွမ်းခံရွာ၌။ ဧကာ၊ တယောက်သော။ မဟာဥပါသိကာ၊ ဥပါသိကာမကြီးသည်။ ထေရံ၊ ကို။ ပုတ္တံ၊ သားကို။ ကတ္ဘာ၊၍။ ပဋိဇဂ္ဂတိ၊ပြုစုလုပ်ကျွေး၏။သာ၊ထို ဥပါသိကာမကြီးသည်။ ဧကဒိဝသံ၊ တနေ့သ၌။ အရညံ၊ တောသို့။ ဂစ္ဆန္တီ၊ သွားခါနီးလတ်သော်။ ဓီတရံ၊သမီးကို။အာဟ၊ ပြောပြီ။ (ကိံ၊နည်း)''အမ္မ၊ ချစ်သမီး။ အသုကသ္မိံ ဌာနေ၊ထိုမည်သော အရပ်၌။ ပုရာဏတဏ္ဍုလာ၊အဟောင်းဖြစ်သော ဆန်တို့သည်။(နှစ်ချို့ဆန်တို့သည်။ အတ္ထိ၊ ရှိကုန်၏။) အသုကသ္မိံ (ဌာနေ)၊ ၌။ သပ္ပိ၊ ထောပတ်သည်။ (အတ္ထိ။) အသုကသ္မိံ (ဌာနေ)၊ ၌။ ခီရံ၊ နို့ရည်သည်။ (အတ္ထိ။) အသုကသ္မိံ (ဌာနေ)၊ ၌။ ဖာဏိတံ၊ တင်လဲသည်။ (အတ္ထိ။) တဝ၊ သင်ချစ်သမီး၏။ ဘာတိကဿ၊ မောင်တော်ဖြစ်သော။ အယျမိတ္တဿ၊ အယျမိတ္တ- ထေရ်၏။ အာဂတကာလေ၊ ကြွလာရာအခါ၌။ ဘတ္တံ၊ ဆွမ်းကို။ ပစိတ္ဘာ၊ ချက်၍။ ခီရသပ္ပိဖာဏိတေဟိ၊ နို့ရည်, ထောပတ်, တင်လဲ-တို့နှင့်။ သဒ္ဓိံ၊ တက္ဘ။ ဒေဟိ၊ လှူလိုက်လော့။ တွဉ္စ၊ သင်ချစ်သမီးသည်လည်း။ ဘုဉ္ဇေယျာသိ၊ စားလော့။ အဟံ ပန၊ ငါမိခင်သည်ကား။ ဟိယျော၊ ယမန်နေ့က။ (မနေ့ညနေက။) ပက္ကပါရိဝါသိကဘတ္တံ၊ ချက်အပ်ပြီးသော တညဉ့်ပတ်လုံး တည်နေစေအပ်ပြီးသော ထမင်းကြမ်းကို။ ကဉ္ဇိယေန၊ ပုံးရည်နှင့်

တက္ခ။ ဘုတ္တာ၊ စားပြီးသည်။ အမှီ၊ ဖြစ်၏။ '' ဣတိ၊ ဤသို့ ပြောပြီ။ အမှ၊ မိခင်၊ ဒိဝါ၊ နေ့၌။ ကိံ၊ အဘယ်ကို။ ဘုဉ္ဇိဿသိ၊ အုံနည်း။ ဣတိ၊ ဤသို့၊ မေးပြီ။ အမှ၊ ချစ်သမီး။ သာကပဏ္ဏံ၊ ဟင်းရွက်ကို။ ပက္ခိပိတ္ဝာ၊ ထည့်၍။ ကဏတဏ္ဍုလေဟိ၊ ကျိုးပြတ်သော ဆန်တို့ဖြင့်။ ဝါ၊ ဆန်ကဲ့ တို့ ဖြင့်။ အမ္မိလယာဂုံ၊ ချဉ်သောယာဂုကို။ ဝါ၊ ဗျုံးစပ်ယာဂုကို။ ပစိတ္ဝာ၊ ကျို၍။ ထပေဟိ၊ ထားလိုက်လော့။ ဣတိ၊ ဤ သို့ပြောပြီ။

ထေရော၊ သည်။ စိဝရံ၊ ကို။ ပါရုပိတ္ဝာ၊ ရုံ၍။ ပတ္တံ၊ ကို။ နီဟရန္တော၀၊ သပိတ်အိတ်မှ ထုတ်စဉ်ပင်။ တံ သဒ္ဒံ၊ ထို မှာနေသံကို။ သုတ္ဝာ၊ ကြားရ၍။ အတ္တာနံ၊ မိမိကို။ သြ၀ဒိ၊ ဆုံးမပြီ။ (ကိံ။) "မဟာဥပါသိကာ၊ သည်။ ကဉ္စိယေန၊ ပုံးရည်ဖြင့်။ ပါရိ၀ါသိကဘတ္တံ၊ ကို။ ဘုဉ္ဇ ကိရ၊ စားသတတ်။ ဒိ၀ါပိ၊ နေ့အခါ၌လည်း။ ကဏပဏ္ဏမိဿယာဂုံ၊ ဆန်ကဲ့, ဟင်းရွက်တို့ဖြင့် ကျိချက်အပ်သော ချဉ်သောယာဂုကို။ ဝါ၊ ဗျုံးစပ်ယာဂုကို။ ဘုဉ္ဇိဿတိ ကိရ၊ စားလတ္တံ့တဲ့။ တုယ္ဟံ၊ သင်၏။ အတ္ထာယ ပန၊ အကျိုးငှာကား။ ပုရာဏတဏ္ဍုလာဒီနိ၊ အဟောင်းဖြစ်သော ဆန်–အစရှိသည်တို့ကို။ ဝါ၊ နှစ် ချို့ဆန် အစရှိသည်တို့ကို။ အာစိက္ခတိ၊ ပြောနေ၏။ တံ၊ သင့်ကို။ နိဿာယ ပန၊ မှီ၍ကား။ သော၊ ဤ ဥပါသိကာမကြီးသည်။ ခေတ္တံ၊ လယ်ကို။ နေ၀ (ပစ္စာသီသတိ)၊တောင့်တသည် မဟုတ်။ ဝတ္ထုံ၊ယာကို။ န (ပစ္စာသီသတိ)။ ဘတ္တံ၊ ထမင်း ကို။ န (ပစ္စာသီသတိ)။ ဝတ္ထံ၊ အ၀တ်ကို။ န ပစ္စာသီသတိ။ ပန၊ အဟုတ်ကား။ တိဿော၊ ကုန်သော။ သမ္ပတ္တိယော၊ လူ့စည်းစိမ်, နတ်စည်းစိမ်, နိဗ္ဗာန်စည်းစိမ် တို့ကို။ ပတ္ထယမာနာ၊ တောင့်တလျက်။ ဒေတိ၊ လူ့ရွာ၏။ တုံ၊ သင်သည်။ ဧတိဿာ၊ ဤ ဥပါသိကာမကြီးအား။ တာ သမ္ပတ္တိယော၊ ထိုစည်းစိမ်တို့ကို။ ဒါတုံ၊ ငှာ။ သက္ခိဿသိ[1]၊ စွမ်းနိုင်လတ္တံ့လော။ န သက္ခိဿသိ၊ စွမ်းနိုင်မည်မဟုတ်ချေ။ ဣတိ၊ ဤသို့ မေးပြီ။

ပန၊ ဆက်။ အယံ ပိဏ္ဍပါတော၊ ဤ ဆွမ်းသည်။ (န သက္ကာ–၌ ပဓာန စပ်။) ဝါ၊ ကို။ (ဂဏှိတုံ–၌ အပဓာန စပ်။) တယာ၊ သင်သည်။ သရာဂေန၊ ရာဂနှင့်တကွဖြစ်သည်။ သဒေါသေန၊ ဒေါသနှင့်တကွဖြစ်သည်။ သမောဟေန၊ မောဟနှင့်တကွဖြစ်သည်။ (ဟုတ္ဝာ။) ဂဏှိတုံ၊ ခံယူ

၁။ သက္ခိဿသိ ။ဒါတုံ့ သက္ခိဿသိတိ ''တယိ ကတေန ဒါနမယေန, ဝေယျာ-ဝစ္စမယေန စ ပုညကမ္မေန ခေတ္တဝိသေသဘာဂူပဂမနေန အပရာပရံ ဒေ၀မနုဿ-သမ္ပတ္တိယော, အန္တေ နိဗ္ဗာနသမ္ပတ္တိဉ္စ ဒါတုံ သက္ခိဿသိ'' တိ ထေရော အတ္တာနံ ပုစ္ဆတိ။–ဋီကာ။

ခြင်းငှာ။ နသက္ကာ၊ မဘတ်ကောင်း။ (တနည်း) နသက္ကာ ဂဏ္ဌိတုံ၊ မခံယူကောင်း။'' ဣတိ၊ သို့။ (အတ္တာနံ၊ ကို။ သြဝဒိ၊ ပြီ။ ဣတိ၊ ဤသို့ ဆုံးမပြီး၍။) ပတ္တံ၊ ကို။ ထဝိကာယ၊ သပိတ်အိတ်၌။ ပက္ခိပိတ္ဝာ၊ ပြန်ထည့်၍။ ဂဏ္ဌိကံ၊ တပ်အပ်ပြီးသော အနားပတ်သီးကို။ မုဉ္ဇိတ္ဝာ၊ ဖြည်၍။ နိဝတ္တိတ္ဝာ၊ ပြန်နစ်၍။ ကဿကလေဏမေဝ၊ သို့သာ။ ဂန္တာ၊ ၍။ ပတ္တံ၊ ကို။ ဟေဋ္ဌာမဉ္ဇေ၊ ညောင်စောင်းအောက်၌ လည်းကောင်း။ စီဝရံ၊ ကို။ စီဝရဝံသေ၊ သက်နှင်းတန်း ဝါး၌လည်းကောင်း။ ဌပေတ္ဝာ၊ ထားပြီး၍။ ''အရဟတ္တံ၊ သို့။ အပါပုဏိတ္ဝာ၊ မရောက်မူ၍။ ဝါ၊ မရောက်မချင်း။ နနိက္ခမိဿာမိ၊ လိုဏ်မှမထွက်တော့အံ့။'' ဣတိ၊ သို့။ ဝီရိယံ၊ ကို။ အဓိဋ္ဌဟိတ္ဝာ၊ ဆောက်တည်၍။ နိသီဒိ၊ ပြီ။ ဒီဃရတ္တံ၊ ရှည်စွာသော ညဉ့်ပတ်လုံး။ အပ္ပမတ္တော၊ မမေ့မလျော့သည်။ ဟုတ္ဝာ၊ ၍။ နိဝုတ္ထဘိက္ခု၊ နေသောရဟန်းသည်။ ဝိပဿနံ၊ ကို။ ဝဇ္ဇေတ္ဝာ၊ တိုးပွားစေ၍။ ပုရေ-ဘတ္တမေဝ၊ ဆွမ်း၏ ရှေးအဖို့၌ပင်။ ဝါ၊ နံနက်အခါ၌ပင်။ အရဟတ္တံ၊ သို့။ ပတ္ဝာ၊ ၍။ ဝိကသမာနံ၊ ပွင့်သော။ ပဒုမံ ဣဝ၊ ပဒုမ္မာကြာကဲ့သို့။ မဟာခီဏာသဝေါ၊ မြတ်သော ရဟန္တာပုဂ္ဂိုလ်သည်။ (ဟုတ္ဝာ။) သိတံ၊ ပြုံးမှုကို။ ကရောန္တောဝ၊ ပြုလျက်သာ။ နိသီဒိ၊ ထိုင်နေပြီ။ [သိတံ ကရောန္တော ဝါတိ ''အကိစ္ဆေနေဝ မယာ ဝဋ္ဌဒုက္ခံ သမတိက္ကန္တ'' နှိ ပစ္စဝေက္ခဏာဝသာနေ သဉ္ဇာတပါမောဇ္ဇဝသေန သိတံ ကရောန္တော ဧဝ။-ဋီကာ။]

လေဏဒ္ဒါရေ၊ လိုဏ်တံခါးအနီး၌။ ရုက္ခမှိ၊ သစ်ပင်၌။ အဓိဝတ္ထာ၊ စိုးအုပ်နေသော။ ဒေဝတာ၊ နတ်သည်။ နမော တေ ပုရိသာဇည။ပ။ မာရိသာတိ၊ ဟူ၍။ ဥဒါနံ၊ ဥဒါန်းကို။ ဥဒါနေတ္ဝာ၊ မြွက်ဆို၍။ ''ဘန္တေ၊ ရား။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိဋ္ဌာနံ၊ ဝင်ကုန်သော။ တုမှာဒိသာနံ၊ အရှင်ဘုရားကဲ့သို့ ရှုအပ်ကုန်သော။ အရဟန္တာနံ၊ ရဟန္တာတို့အား။ ဘိက္ခံ၊ ဆွမ်းကို။ ဒတ္ဝာ၊ ပေးလှူ၍။ မဟလ္လကိတ္ထိယော၊ ကြီးသော မိန်းမတို့သည်။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စိဿန္တိ၊ လွတ်မြောက်ကြပါကုန်လိမ့်မည်။'' ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ပြီ။

မာရိသာ၊ ဒုက္ခကင်းကွာ စိတ်ချမ်းသာသည့် ရဟန္တာသခင် အရှင်မြတ်ဘုရား။ ယဿ တေ၊ အကြင်အရှင်၏။ အာသဝါ၊ အာသဝေါ တရားတို့သည်။ ခီဏာ၊ ကုန်ပါကုန်ပြီ။ (သော တွံ၊ ထို အရှင်သည်။) ဒက္ခိဏေယျော၊ အလှူခံခြင်းကိုထိုက်သည်။ အသိ၊ ဖြစ်ပါပေ၏။

ပုရိသာဇည၊ ယောက်ျားအာဇာနည် ပီသတော်မူသော အရှင်ဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောက်ျား မြတ်ဖြစ်တော်မူသော အရှင်ဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ [ဆရာတို့ကား-ယဿကို ရှေဝါကျ၏ အနိယမအဖြစ်ဖြင့် ပေးတော်မူကြသည်။]

ထေရော၊ သည်။ ဥဋ္ဌဟိတွာ၊ ထ၍။ ဒွါရံ၊ တံခါးကို။ ဝိဝရိတွာ၊ ဖွင့်၍။ ကာလံ၊ အချိန်ကို။ သြလောကေန္တော၊ ကြည့်လတ်သော်။ "ပါတောယေဝ၊ စောသေးသည်သာ။" ဣတိ၊ သို့။ ဥတွာ၊ သိ၍။ ပတ္တစီဝရံ၊ ကို။ အာဒါယ၊ ယူ၍။ ဂါမံ၊ သို့။ ပါဝိသိ၊ ပြီ။

ဒါရိကာပိ၊ သတို့သမီးသည်လည်း။ ဘတ္တံ၊ ဆွမ်းကို။ သမ္ပာဒေတွာ၊ ပြီးစီးစေ၍။ "ဣဒါနိ၊ ယခုအခါ၌။ မေ၊ ငါ၏။ ဘာတာ၊ မောင်တော် သည်။ အာဂမိဿတိ၊ လာလိမ့်မည်။ ဣဒါနိ၊ ၌။ မေ၊ ၏။ ဘာတာ။ သည်။ အာဂမိဿတိ၊ မည်။" ဣတိ၊ ဤသို့တွေး၍။ ဒွါရံ၊ ကို။ သြလော-ကယမာနာ၊ ကြည့်လျက်။ နိသီဒိ၊ ထိုင်နေပြီ။ သာ၊ ထို သတို့သမီးသည်။ ထေရေ၊ သည်။ ဃရဒွါရံ၊ အိမ်တံခါးသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ သပ္ပိဖာဏိတယောဇိတဿ၊ ထောပတ်, တင်လဲတို့ဖြင့် ရောစပ်အပ်သော။ ခီရပိဏ္ဍပါတဿ၊ နွားနို့ဆွမ်းဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ ဟတ္ထေ၊ လက်၌။ ထပေသိ၊ ထားပြီ။ ထေရော၊ သည်။ "သုခံဟောတူ"တိ၊ ဟူ၍။ ဝါ၊ ချမ်းသာခြင်း ဖြစ်ပါစေသတည်းဟူ၍။ (ချမ်းသာပါစေဟူ၍။)အနုမောဒနံ၊ အနုမောဒနာကို။ ကတွာ။ ၍။ ပက္ကာမိ၊ ဖဲသွားပြီ။ သာပိ၊ ထို သတို့သမီးသည်လည်း။ တံ၊ ထို ထေရ်ကို။ သြလောကယမာနာ၊ ကြည့်လျက်။ အဋ္ဌာသိ၊ ရပ်တည်ပြီ။ ဟိ၊ ကြည့်သင့် ၏။ ထေရဿ၊ ၏။ တဒါ၊ ထိုအခါ၌။ အတိဝိယ၊ အလွန်အကဲသာလျှင်။ ဆဝိဝဏ္ဏော၊ အရေအဆင်းသည်။ ပရိသုဒ္ဓေါ၊ ထက်ဝန်းကျင် စင်ကြယ် သည်။အဟောသိ၊ပြီ။ ဣန္ဒြိယာနိ၊ စက္ခု-စသော ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ၊ အထူးသဖြင့် ကြည်လင်ကုန်ပြီ။ မုခံ၊ မျက်နှာသည်။ ဗန္ဓနာ၊ အညှာမှ။ ပဝုတ္တတာလပက္ကံ ဝိယ၊ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့။ အတိဝိယ၊ အလွန် အကဲသာလျှင်။ ဝိရောစိတ္ထ၊ တင့်တယ်ပြီ။

မဟာဥပါသိကာ၊ သည်။ အရညာ၊ တောမှ။ အာဂန္တွာ၊ လာ၍။ "အမ္မ၊ ချစ်သမီး။ တေ၊ သင်၏။ ဘာတိကော၊ မောင်တော်သည်။ အာဂတော ကိံ၊ လာ၏လော။" ဣတိ၊ သို့။ ပုစ္ဆိ၊ မေးပြီ။ သာ၊ ထို

သတ္တိသမီးသည်။ သဗ္ဗံ၊ ဧသော။ တံ ပဝတ္တိံ၊ ထိုဖြစ်ပုံကို။ အာရောစေသိ၊ ပြောပြပြီ။ ဥပါသိကာ၊ဥပါသိကာမသည်။ ''အင်္ဂ၊ယနေ့။ မေ၊ငါ၏။ ပုတ္တာဿ၊ ၏။ပဗ္ဗဇိတကိစ္စံ၊ ရဟန်းကိစ္စသည်။မတ္ထကံ၊ အပြီးအဆုံးသို့။ပတ္တံ၊ ရောက်ပြီ။'' ဣတိ၊ သို့။ ဥ တ္ဝာ၊ ၍။ ''အမ္မ၊ ချစ်သမီး။ တေ၊ သင်၏။ ဘာတာ၊ မောင်တော်သည်။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနာတော်၌။ အဘိရမတိ၊ အလွန်မွေ့လျော်၏။ နု ဥဣတိ၊ မပျင်းရိ။'' ဣတိ၊ ဤသို့။ အာဟ၊ ပြောပြီ။

[ပိဏ္ဍပါတာ ပစာ ယနတာ-၏အကျယ်ကို ပြပြီး၍ ဒါယဇ္ဇမဟတ္တ-ပစ္စဝေက္ခဏတာ-စ သည်တို့၏ အကျယ်ကို ပြလိုသောကြောင့် ''မဟန္တံ ခေါ ပနေတံ'' စသည်ကိုမိန့်။]

ပန၊ ကား။ ယဒိဒံ (ယာနိ+ဣမာနိ) သတ္တအရိယဓနာနိ နာမ၊ ဤအရိယဥစ္စာ ခုနစ်ဖြာတို့မည်သည်။ (အတ္ထိ၊ ရှိကုန်၏။) ဧတံ၊ ဤအရိယ-ဥစ္စာ ခုနစ်ဖြာသည်။ မဟန္တံ၊ ကြီးကျယ်မြင့်မြတ်သော။ သတ္ထု၊ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဒါယဇ္ဇံ၊အမွေတော်တည်း။] တံ၊ ထို အရိယ-ဥစ္စာ ခုနစ်ဖြာဟူသော အမွေကို။ ကုသီတေန၊ ပျင်းရိသူသည်။ ဂဟေတုံ၊ ယူခြင်းငှာ။ နု သက္ကာ၊ မတတ်ကောင်း။ ဟိ၊ ဥပမာဆောင် ထင်အောင် ပြအံ့။ ဝိပ္ပဋိပန္နံ၊ ဖောက်ဖောက်ပြန်ပြန် ကျင့်သော။ ပုတ္တံ၊ ကို။ မာတာပိတရော၊ မိဘတို့သည်။ ''အယံ၊ ဤသူသည်။ အမှာကံ၊ တို့၏။ အပုတ္တော၊ သားမဟုတ်။'' ဣတိ၊ ဤသို့ ကြေငြာ၍။ ပရိဗာဟိရံ၊ သား အဖြစ်မှ အပ--ကို။ (သူစိမ်း ပြင်ပ-ကို။) ကရောန္တိ၊ ကုန်၏။ သော၊ ထို သားသည်။ ဓနသံ၊ ကို မိဘတို့၏။ အစ္ဆယေန၊ ကွယ်လွန်ရာ အခါ၌။ ဒါယဇ္ဇံ၊ အမွေကို။ နု လဘတိ ယထာ၊ မရသကဲ့သို့။ ဧဝံ၊ တူ။ ကုသီ-တောပိ၊ ပျင်းရိသော ပုဂ္ဂိုလ်သည်လည်း။ ဣဒံ အရိယဓနဒါယဇ္ဇံ၊ ဤ အရိယဥစ္စာ ခုနစ်ဖြာဟူသော အမွေကို။ နု လဘတိ၊ မရ။ အာရဒ္ဓဝီရိ-ယော၀၊ အာ ထုတ်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်သည်သာ။ [(ဣဒံ အရိယဓနဒါယဇ္ဇံ) လဘတိ။ ဣတိ၊ သို့။ ဒါယဇ္ဇမဟတ္တံ၊ အမွေ၏ မြင့်မြက် သည်၏အဖြစ်ကို။ ပစ္စဝေက္ခတောပိ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏ သန္တာန်၌လည်း။ (ဝီရိယသမ္ပယောဇ္ဈင်္ဂါ) ဥပပဇ္ဇတိ။

ပန၊ ကား။ ဧတေ၊ သင်၏။ သတ္ထာ၊ သည်။ မဟာ၊ ကြီးကျယ်မြင့်မြတ်၏။ ဟိ၊ ခဲ့။ ဧဝံ၊ သင်၏။ သတ္ထုနော၊ ၏။ မာတုကုစ္ဆိသ္မိံ၊ မယ်တော်ဝမ်း၌။ ပဋိသန္ဓိဂ္ဂဟဏကာလေပိ၊ ပဋိသန္ဓေ ယူတော်မူရာ အခါ၌လည်း

ကောင်း။ အဘိနိက္ခမနေပိ၊ တောသို့ ရှေးရှုထွက်တော်မူရာ အခါ၌လည်း ကောင်း။ အဘိသမ္မောဓိယမို့၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍သိတော် မူရာ အခါ၌လည်းကောင်း။ ဓမ္မစက္ကပဝတ္တနယမကပါဋိဟာရိယဒေဝေါ-ရောဟနအာယုသင်္ခါရဝေါဿဇ္ဇနေသုပိ၊ဓမ္မစက္ကကို လည်စေတော်မူရာအခါ, ရေ မီး-အစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူရာအခါ, တာဝတိံသာ နတ်ပြည်မှ သက်ဆင်းတော်မူရာအခါ, အာယုသင်္ခါရကို လွှတ်တော်မူရာ အခါတို့၌လည်းကောင်း။ ပရိနိဗ္ဗာနကာလေပိ၊ ပရိနိဗ္ဗာန် စံတော်မူရာအခါ ၌လည်းကောင်း။ ဒဿဿဟာသိလောကဓာတု၊ တသောင်းအတိုင်းအရှည်ရှိ သော လောကဓာတ်သည်။ အကမ္ပိတ္ထ၊ တုန်လှုပ်ရလေပြီ။ တေ၊ အား။ (ယုတ္တံ-၌ စပ်။) ဝါ၊ သည်။ (ဘဝိတုံ-၌ စပ်။) ဧဝရူပဿ၊ သော။ သတ္ထု၊ ၏။ သာဿနေ၊ ၌။ ပဗ္ဗဇိတ္ဝာ၊ ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်၍။ ကုသိတေန၊ ပျင်းရိသူသည်။ ဘဝိတုံ၊ ငှာ။ ယုတ္တံ နု၊ သင့်ပါအံ့လော။ ဣတိ ဧဝံ၊ သို့။ သတ္ထုမဟတ္တံ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်ကို။ ပစ္စဝေက္ခတောပိ၊ ၌လည်း။ (ဝိရိယ-သမ္မောဇ္ဈင်္ဂါ) ဥပပဗ္ဗတိ။

တုံ၊ သင်သည်။ ဇာတိယာပိ၊ အမျိုးဇာတ်အားဖြင့်လည်း။ ဣဒါနိ၊ ရဟန်းပြုပြီးရာ ယခုအခါ၌။ လာမကဇာတိကော၊ ယုတ်ညံ့သူ၏အဖြစ်ဟူသော ဇာတ်ရှိသူသည်။ နု (အသိ)၊ မဟုတ်တော့။ အသမ္ဘိန္နဿယ၊ အခြားဇာတ်တို့ နှင့် မရောမစပ်သော။ မဟာသမုတပဝေဏိယာ၊ မဟာသမုတမင်း၏ အဆက် အားဖြင့်။ အာဂတဥက္ကာကရာဇဝံသေ၊ လာသော ဥက္ကာက-မင်း၏ အနွယ် ၌။ ဇာတော၊ ဖြစ်သည်။ အသိ၊ ဖြစ်၏။ သုဒ္ဓေါဒန မဟာရာဇဿ စ၊ သုဒ္ဓေါဒန မဟာရာဇ်၏လည်းကောင်း။ မဟာမာယာဒေဝိယာ စ၊ မဟာ-မာယာဒေဝီ၏လည်းကောင်း။ နတ္ထာ၊ မြေးတော်ဖြစ်သော။ ရာဟုလ-ဘဒ္ဒဿ၊ ရာဟုလာမင်းသား၏။ ကနိဋ္ဌော၊ ညီတော်တည်း။ တယာ နာမ၊ အသင်မည်သူသည်။ ဧဝရူပေန၊ သော။ ဇိနပုတ္တေန၊ ဘုရားသားတော် သည်။ ဟုတ္ဝာ၊ ၍။ ဝါ၊ လျက်။ ကုသိတေန၊ သူသည်။ ဝိဟရိတုံ၊ နေ ခြင်းငှာ။ နု ယုတ္တံ၊ မသင့်။ ဣတိ ဧဝံ၊ သို့။ ဇာတိမဟတ္တံ၊ အမျိုးဇာတ် ၏ မြင့်မြတ်သည်၏အဖြစ်ကို။ ပစ္စဝေက္ခတောပိ၊ ၌လည်း။ (ဝိရိယသမ္မော-ဇ္ဈင်္ဂါ) ဥပပဗ္ဗတိ။

သာရိပုတ္တ မဟာမောဂ္ဂလ္လာနာ စေဝ၊ အရှင်သာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလ္လာန်တို့သည် လည်းကောင်း။ အသိတိ၊ ရှစ်ကျိပ်သော။ မဟာ

သာဝကာ စ၊ မဟာသာဝက-တို့သည် လည်းကောင်း။ ဝီရိယေနေဝ၊ ဖြင့်သာ။ လောကုတ္တရဓမ္မံ၊ ကို။ ပဋိဝိဇ္ဈိံသု၊ ထိုးထွင်း၍ သိကြကုန်ပြီ။ တုံ၊ သည်။ ဧတေသံ သဗြဟ္မစာရီနံ၊ ဤ သီတင်းသုံးဖော်တို့၏။ မဂ္ဂံ၊ လမ်းကို။ ပဋိပဇ္ဇသိ၊ သွားသလော။ နပ္ပဋိပဇ္ဇသိ၊ မသွားသလော။ ဣတိ ဧဝံ၊ သို့။ သဗြဟ္မစာရိမဟတ္တံ၊ သီတင်းသုံးဖော်တို့၏ မြင့်မြတ်ကုန်သည်၏ အဖြစ်ကို။ ပစ္စဝေက္ခတောပိ (ဝီရိယသမ္မောဇ္ဈင်္ဂေါ)။ ဥပ္ပဇ္ဇတိ၊ ၏။

ကုစ္ဆိံ၊ ဝမ်းကို။ ပူရေတွာ၊ ပြည့်စေ၍။ ဌိတအဇဂရသဒိသေ၊ တည်သော စပါးကြီးမြွေနှင့်တူကုန်သော။ ဝိဿဋ္ဌကာယိကစေတသိကဝီရိယေ၊ စွန့်လွှတ်အပ်သော ကာယိကဝီရိယ, စေတသိကဝီရိယ-ရှိကုန်သော။ ကုသီတပုဂ္ဂလေ၊ ပျင်းရိသော ပုဂ္ဂိုလ်တို့ကို။ ပရိဝဇ္ဇန္တဿာပိ၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ အာရဒ္ဓဝီရိယေ၊ အားထုတ်အပ်သော ဝီရိယ-ရှိကုန်သော။ ပဟိတတ္တေ၊ ကိုယ်နှင့်အသက် မင့်ကွက်ပဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သော။ ပုဂ္ဂလေ၊ တို့ကို။ သေဝန္တဿာပိ၊ မှီဝဲဆည်းကပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ ဌာနနိသဇ္ဇာဒီသု၊ တို့၌။ ဝီရိယုပ္ပာဒနတ္ထံ၊ ဝီရိယကို ဖြစ်စေခြင်းအကျိုးငှာ။ နိန္နပေါဏပဗ္ဘာရစိတ္တဿာပိ၊ ညွှတ်ယိမ်းကိုင်းရှိုင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ လည်းကောင်း။ (ဝီရိယသမ္မောဇ္ဈင်္ဂေါ) ဥပ္ပဇ္ဇတိ။ ပန၊ ဆက်။ ဧဝံ၊ သို့။ ဥပ္ပန္နဿ၊ သော။ အဿ၊ ထို ဝီရိယသမ္မောဇ္ဈင်၏။ အရဟတ္တမဂ္ဂေန၊ ကြောင့်။ ဘာဝနာပါရိပူရိ၊ သည်။ ဟောတိ ဣတိ ပဇာနာတိ။

ပီတိသမ္မောဇ္ဈင်္ဂဿ၊ ၏။ "အတ္ထိ ဘိက္ခဝေ။ပ။ပါရိပူရိယာ သံဝတ္တတိ။" ဣတိ ဧဝံ၊ သို့။ ဥပ္ပာဒေါ ဟောတိ။ တတ္တ၊ ထို အတ္ထိ ဘိက္ခဝေ-အစရှိသော ပါဋ္ဌ၌။ ပီတိယေဝ၊ ရှေး ရှေး ပီတိသည်ပင်။ ပီတိသမ္မောဇ္ဈင်္ဂ ဌာနီယာ၊ နောက်နောက် ပီတိသမ္မောဇ္ဈင်၏ တည်ရာဖြစ်ကုန်သော။ ဝါ၊ တည်တတ်သော ပီတိသမ္မောဇ္ဈင်ရှိကုန်သော။ဓမ္မာ နာမ၊ တို့မည်၏။ တဿာ၊ ထိုပီတိကို။ ဥပ္ပာဒကမနသိကာရော၊ ဖြစ်စေတတ်သော နှလုံးသွင်းခြင်းဟူသော အကျင့်သည်။ ယောနိသောမနသိကာရော နာမ၊ မည်၏။ [ယထာ သာ ဥပ္ပဇ္ဇတိ၊ ဧဝံ ပဋိပတ္တိ တဿာ ဥပ္ပာဒကမနသိကာရော။-ဋီကာ။]

အပိစ၊ သေး။ ဗုဒ္ဓာနုဿတိ၊ ဘုရား၏ဂုဏ်တော်ကို အဖန်ဖန်အမှတ်ရခြင်းလည်းကောင်း။ ဓမ္မာနုဿတိ၊ ကရားတော်၏ဂုဏ်တော်ကို အဖန်ဖန်အမှတ်ရခြင်းလည်းကောင်း။ သံဃာနုဿတိ၊ အရိယာသံဃာ၏ဂုဏ်တော်ကိုအဖန်ဖန်အမှတ်ရခြင်းလည်းကောင်း။ သီလာနုဿတိ၊ မိမိသီလ၏ အခဏ္ဍ-အစရှိသော

ဂုဏ်ကို အဖန်ဖန်အမှတ်ရခြင်း လည်းကောင်း။ စာဂါနုဿတိ၊ မိမိစွန့်ကြဲခြင်း၏ဂုဏ်ကို အဖန်ဖန်အမှတ်ရခြင်းလည်းကောင်း။ ဒေဝတာနုဿတိ၊ နတ်တို့၏ သဒ္ဓါအစရှိသည်ကို သက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါအစရှိသည်ကို အဖန်ဖန်အမှတ်ရခြင်းလည်းကောင်း။ ဥပသမာနုဿတိ၊ နိဗ္ဗာန်၏ငြိမ်းအေးခြင်းဂုဏ်ကို အဖန်ဖန်အမှတ်ရခြင်းလည်းကောင်း။ လူခပုဂ္ဂလပရိဝဇ္ဇနတာ၊ ကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း ရှိသူ၏ အဖြစ်လည်းကောင်း။ သိနိဒ္ဓပုဂ္ဂလသေဝနတာ၊ ပြေပြစ်ညက်ညောသောပုဂ္ဂိုလ်ကို မှီဝဲခြင်းရှိသူ၏ အဖြစ် လည်းကောင်း။ ပသာဒနီယသုတ္တန္တပစ္စဝေက္ခဏတာ၊ ကြည်ညိုဖွယ်ကောင်းသော သုတ္တန်တို့ကို ဆင်ခြင်ခြင်းရှိသူ၏အဖြစ်လည်းကောင်း။ တဒဓိမုတ္တတာ၊ ထို ပီတိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရန် စွဲစွဲမြဲမြဲ သက်ဝင်သူ၏ အဖြစ်လည်းကောင်း။ ဣတိ၊ သို့။ ဧကာဒသ ဓမ္မာ ပီတိသမ္ဗောဇ္ဈင်္ဂသ ဥပ္ပာဒါယ သံဝတ္တန္တိ။

ဟိ၊ ချဲ့။ ဗုဒ္ဓဂုဏေ၊ ဘုရားရှင်၏ ဂုဏ်တော်တို့ကို။ အနုဿရန္တဿာပိ၊ အဖန်ဖန် အမှတ်ရသော ပုဂ္ဂိုလ်၏လည်း။ ယာဝ ဥပစာရာ၊ ဥပစာရဘာဝနာတိုင်အောင်။ သကလသရီရံ၊ အလုံးစုံသောကိုယ်ကို။ ဖရမာနော၊ ဖြန့်လျက်။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဥပ္ပဇ္ဇတိ။ [ဗုဒ္ဓါနုဿတိ-စသည်တို့သည် အပ္ပနာတိုင်အောင် မဆောင်နိုင်သောကြောင့် "ယာဝ ဥပစာရာ" ဟု ဆိုသည်။] ဓမ္မသံဃဂုဏေ၊ တရားတော်၏ဂုဏ် အရိယာသံဃာတော်၏ ဂုဏ်တို့ကို။ အနုဿရန္တဿာပိ၊ ၏သန္တာန်၌လည်းကောင်း။ ဒီဃရတ္တံ၊ ရှည်စွာသော ညဉ့်ပတ်လုံး။ အက္ခဏ္ဍံ၊ မကျိုး မပြတ်သည်ကို။ ကတ္ဒာ၊ ၍။ ရက္ခိတံ၊ စောင့်ထိန်းအပ်သော။ စတုပါရိသုဒ္ဓိသီလံ၊ ကို။ ပစ္စဝေက္ခန္တဿာပိ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ ဂိဟိနော၊ လူဝတ်ကြောင်ဖြစ်၍။ (အက္ခဏ္ဍံ ကတ္ဒာ ရက္ခိတံ။) ဒသသီလံ၊ ဆယ်ပါးသီလ ကိုသော်လည်းကောင်း။ ပဉ္စသီလံ၊ ကိုသော်လည်းကောင်း။ ပစ္စဝေက္ခန္တဿာပိ၊ ၌လည်းကောင်း။ ဒုဗ္ဘိက္ခဘယာဒီသု၊ ဒုဗ္ဘိက္ခဘေးဖြစ်ရာ အစရှိသော အခါတို့၌။ ပဏီတံ၊ မွန်မြတ်သော။ ဘောဇနံ၊ ကို။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဖော်တို့အား။ ဒတ္ဒာ၊ ပေးလှူပြီး၍။ "ဧဝံ နာမ၊ ဤသို့မည်သော ပဏီတဘောဇဉ်ကို။ အဒမှာ၊ ပေးလှူခဲ့ကုန်ပြီ။" ဣတိ၊ သို့။ စာဂံ၊ စွန့်ကြဲခြင်းကို။ ပစ္စဝေက္ခန္တဿာပိ၊ ၌လည်းကောင်း။ ဂိဟိနောပိ၊ လူဝတ်ကြောင်ဖြစ်၍လည်း။ ဧဝရူပေ၊ သော။ ကာလေ၊ ဒုဗ္ဘိက္ခ-အခါ၌။ သီလဝန္တာနံ၊ သီလရှိသောပုဂ္ဂိုလ်တို့အား။ ဒိန္နဒါနံ၊လှူအပ်သောအလှူကို။ ပစ္စဝေက္ခန္တဿာပိ၊ ၌လည်းကောင်း။

ယေဟိ ဂုဏေဟိ၊ အကြင် သဒ္ဓါ-အစရှိသောဂုဏ်တို့နှင့်။ သမန္နာ-ဂတာ၊ ကုန်သော။ ဒေဝတာ၊ တို့သည်။ ဒေဝတ္တံ၊ နတ်၏ အဖြစ်သို့။ ပတ္တာ၊ ရောက်ကုန်ပြီ။ တထာရူပါနံ၊ ကုန်သော။ ဂုဏာနံ၊ ဂုဏ်တို့၏။ အတ္တနိ၊ မိမိ၌။ အတ္ထိတံ၊ ရှိကုန်သည်၏ အဖြစ်ကို။ ပစ္စဝေက္ခန္တသာပိ၊ ဥလည်းကောင်း။ သမာပတ္တိယာ၊ စျာန်သမာပတ်ဖြင့်။ ဝိက္ခမ္ဘိတာ၊ ခွာအပ်ပြီးကုန်သော။ ကိလေသာ၊ တို့သည်။ (သမုဒါစရန္တိ–ဉ် စပ်။) [သမ္မောဟ-ဝိနောဒနီ အဋ္ဌကထာ၊ သတိပဋ္ဌာန-ဝိဘင်း၌ "ဝိက္ခမ္ဘိတေ ကိလေသေ" ဟု ရှိ၏။ ပစ္စဝေက္ခန္တသာ-ဉ် စပ်ပါ။] သဋ္ဌိပိ (ဝသာနိ)၊ အနှစ်ခြောက်ဆယ်တို့ပတ်လုံးလည်းကောင်း။ သတ္တတိပိ ဝသာနိ၊ အနှစ်ခုနစ်ဆယ်တို့ပတ်လုံးလည်းကောင်း။ န သမုဒါစရန္တိ၊ ကောင်းစွာ အထက်အထက်၌ မဖြစ်ကုန်။ ဣတိ၊ သို့။ ပစ္စဝေက္ခန္တသာပိ၊ ဥလည်းကောင်း။ စေတိယ-ဒဿနပေါဓိဒဿနဏေရဒဿနေသု၊ စေတီတော်ကို ဖူးမြော်ခြင်း, ပေါဓိပင်ကို ဖူးမြော်ခြင်း, ထေရ်ကြီးကို ဖူးမြော်ခြင်းတို့၌။ အသက္ကစ္စကိရိယာယ၊ မရှိမသေ မလေးမစားပြုခြင်းသည်။ (သံသူစိတ–ဉ် စပ်။) သံသူစိတလူခ-ဘာဝေ၊ ထင်စွာပြအပ်သော ကြမ်းတမ်းသူ၏ အဖြစ်ရှိကုန်သော။ ဗုဒ္ဓါ-ဒီသု၊ ဘုရားအစရှိသော ရတနာသုံးပါးတို့၌။ ပသာဒသိနေဟာဘာဝေန၊ ကြည်ညိုခြင်းတည်းဟူသော အစေး၏မရှိခြင်းကြောင့်။ ဂဒြဘပိဋ္ဌေ၊ မြည်း၏ကျောက်ကုန်း၌။ ရဇသဒိသေ၊ မြူမှုန်နှင့်တူကုန်သော။ လူခပုဂ္ဂလေ၊ ခြောက်ကပ်သော ပုဂ္ဂိုလ်တို့ကို။ ပရိဝဇ္ဇေန္တသာပိ၊ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ ဗုဒ္ဓါဒီသု၊ တို့၌။ ပသာဒဗဟုလေ၊ များသော ကြည်ညိုခြင်းရှိကုန်သော။ မုဒုစိတ္တေ၊ နူးညံ့သောစိတ်ရှိကုန်သော။ သိနိဒ္ဓ-ပုဂ္ဂလေ၊ ပြုပြစ်ညက်ညောသော ပုဂ္ဂိုလ်ကို့ကို။ '(စိုစိုဖတ်ဖတ် သဒ္ဓါအားစးကပ်သော ပုဂ္ဂိုလ်တို့ကို။) သေဝန္တသာပိ၊ ဥလည်းကောင်း။ ရတ-နတ္တယဂုဏပရိဒီပကေ၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို ထင်ရှားပြတတ်ကုန်သော။ ပသာဒနိယသုတ္တန္တေ၊ ကြည်ညိုဖွယ်ကောင်းသော သုတ္တန်တို့ကို။ ပစ္စဝေက္ခန္တသာပိ၊ ဥလည်းကောင်း။ ဌာနနိသဇ္ဇာဒီသု၊ တို့၌။ ပိတိ-ဥပ္ပါဒနတ္ထံ၊ ပိတိကို ဖြစ်စေခြင်းအကျိုးငှာ။ နန္ဒပေါဏပဗ္ဘာရစိတ္တသာပိ၊ ဥလည်းကောင်း။ (ပိတ့်သမ္ဘောဇ္ဈင်္ဂါ) ဥပ္ပဇ္ဇတိ။ ဧဝံ၊ သို့။ပ။ ပဇာနာတိ။

ပဿဒ္ဓိသမ္ဘောဇ္ဈင်္ဃ၊ ၏။ "အတ္ထိ ဘိက္ခဝေ။ပ။ ပါရိပူရိယာ သံဝတ္တတိ" တိ ဧဝံ ဥပ္ပါဒေါ ဟောတိ။ အပိစ၊ သည်သာမက–သေး။ ပဏီတဘောဇနသေဝနတာ၊ မွန်မြတ်သောဘောဇဉ်ကို မှီဝဲရခြင်းရှိသူ၏ အဖြစ်လည်း

ကောင်း။ ဥတုသုခသေဝနတာ၊ မိမိနှင့်လျောက်ပတ်၍ ချမ်းသာစေတတ်သော ဥတုကို မှီဝဲရခြင်းရှိသူ၏အဖြစ်လည်းကောင်း။ ဣရိယာပထသုခသေဝနတာ၊ မိမိနှင့်လျောက်ပတ်၍ ချမ်းသာစေတတ်သောဣရိယာပုထ်ကို မှီဝဲရခြင်းရှိသူ၏အဖြစ်လည်းကောင်း။ မဇ္ဈတ္တပယောဂတာ၊ အလယ်အလတ်၌တည်သော သဘောရှိသော ပယောဂ-ရှိသူ၏အဖြစ်လည်းကောင်း။ သာရဒ္ဓကာယပုဂ္ဂလ-ပရိဝဇ္ဇနတာ၊ ပူပန်ခြင်းနှင့်တကွဖြစ်သောကိုယ်ရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းရှိသူ၏အဖြစ်လည်းကောင်း။ ပဿဒ္ဓကာယပုဂ္ဂလသေဝနတာ၊ ငြိမ်းအေးသောကိုယ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်းရှိသူ၏အဖြစ်လည်းကောင်း။ တဒဓိမုတ္တ-တာ၊ ထို ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရန် စွဲစွဲမြဲမြဲ သက်ဝင်သူ၏အဖြစ်လည်းကောင်း။ ဣတိ သတ္တ ဓမ္မာ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပာဒါယ သံဝတ္တန္တိ။

ဟိ၊ ချဲ။ ပဏီတံ၊ မွန်မြတ်သော။ သိနိဒ္ဓံ၊ စေးစေးကပ်ကပ်ဖြစ်သော။ (အဆီအစေးရှိသော။) [သိနိဟ-ဓာတ်+တ-ပစ္စည်း။] သပ္ပာယဘောဇနံ၊ လျောက်ပတ်သောဘောဇဉ်ကို။ ဘုဥ္ဇန္တဿာပိ၊ စားရသောပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ သီတုဏ္ဍေသု၊ အအေးအပူဖြစ်ကုန်သော။ ဥတူသု စ၊ ဥတုတို့တွင်လည်းကောင်း။ ဌာနာဒီသု၊ ကုန်သော။ ဣရိယာပထေသု စ၊ တို့တွင်လည်းကောင်း။ သပ္ပာယံ၊ လျောက်ပတ်သော။ ဥတုဥ္ဇ၊ ဥတုကိုလည်းကောင်း။ [နောက် ဣရိယာပထံနှင့်တွဲရအောင်"သပ္ပာယံ"ပါ၌က ကောင်း၏။ သမ္မောအဌကထာ၌လည်း"သပ္ပာယံ"ဟုရှိသည်။] (သပ္ပာယံ၊ သော။) ဣရိယာပထဥ္ဇ၊ ဣရိယာပုထ်ကိုလည်းကောင်း။ သေဝန္တဿာပိ၊ ၌လည်းကောင်း။ ပဿဒ္ဓိ၊ သည်။ ဥပ္ပဇ္ဇတိ။ ပန၊ ဆက်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ မဟာပုရိသဇာတိကော၊ ယောကျားမြတ်၏အဖြစ်ဟူသော သဘောရှိသည်။ (ဟုတွာ။) သဗ္ဗဥတုဣရိယာပထက္ခမောဝ၊ အလုံးစုံသောဥတု အလုံးစုံသောဣရိယာပုထ်၌. ခံနိုင်ရည်ရှိသည်သာ။ ဟောတိ၊ ၏။ [သမ္မောအဌ-ကထာ၌"သဗ္ဗ။ပ။ က္ခမောဝ"ဟု"ဝ"ပါသည်၊ ကောင်း၏။] တံ၊ ထို မဟာပုရိသဇာတိက-ပုဂ္ဂိုလ်ကို။ သန္ဓာယ၊ ၍။ ဧတံ၊ ဤ ဥတုသုခသေဝနတာ, ဣရိယာပထသုခသေဝနတာ-ဟူသော စကားကို။ နဝုတ္တံ၊ ဆိုအပ်သည် မဟုတ်။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ သဘာဂဝိသဘာဂတာ၊ သဘာဂ-၏အဖြစ်, ဝိသဘာသဂ-၏အဖြစ်သည်။ အတ္ထိ။ တဿေဝ၊ ထိုပုဂ္ဂိုလ်၏သာ။ (သာမည။) ဝိသဘာဂေ၊ ဝိသဘာဂ-ဖြစ်ကုန်သော။ ဥတုဣရိယာပထေ၊ တို့ကို။ ဝဇ္ဇေတွာ၊ ရှောင်ကြဉ်၍။ သဘာဂေ၊ သဘာဂ-ဖြစ်ကုန်သော။ (ဥတုဣရိယာပထေ၊ တို့ကို။) သေဝန္တဿာပိ၊ ၏သန္တာန်၌လည်းကောင်း။ (ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ) ဥပ္ပဇ္ဇတိ။

အတ္တနော စ၊ မိမိ၏လည်းကောင်း။ ပရဿ စ၊ ၏လည်းကောင်း။ ကမ္မဿကတာပစ္စဝေက္ခဏာ၊ ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ခြင်းကို။ မဇ္ဈတ္တပယောဂေါ၊ မဇ္ဈတ္တပယောဂ–ဟူ၍။ ဝုစ္စတိ၊ ၏။ ဣမိနာ–မဇ္ဈတ္တပယောဂေန၊ ဤ မဇ္ဈတ္တပယောဂ–ကြောင့်။ (ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ) ဥပ္ပဇ္ဇတိ။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ လေဌုဒဏ္ဍာဒီဟိ၊ ခဲ, တုတ် အစရှိသည်တို့ဖြင့်။ ပရံ၊ သူတပါးကို။ ဝိဟေဌယမာနော၊ ညှဉ်းဆဲလျက်။ ဂိစရတိ၊ လှည့်လည်တတ်၏။ ဧဝရူပံ၊ သော။ သာရဒ္ဓကာယံ၊ ပူပန်ခြင်းနှင့်တကွဖြစ်သော ကိုယ်ရှိသော။ ပုဂ္ဂလံ၊ ကို။ ပရိဝဇ္ဇေန္တဿာပိ၊ ရှောင်ကြဉ်သောပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း။ သံယတပါဒပါဏိံ၊ စောင့်စည်းအပ်သောခြေ လက် ရှိသော။ ပဿဒ္ဓကာယံ၊ ငြိမ်သက်သော ကိုယ်ရှိသော။ ပုဂ္ဂလံ၊ ကို။ သေဝန္တဿာပိ၊ ၌လည်းကောင်း။ ဌာနနိဇ္ဇာဒီသု၊ တို့၌။ ပဿဒ္ဓိဥပ္ပာဒနတ္ထာယ၊ ပဿဒ္ဓိ–ကို ဖြစ်စေခြင်းအကျိုးငှာ။ နိန္နပေါဏပဗ္ဗာရစိတ္တဿာပိ၊ ၌လည်းကောင်း။ (ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ) ဥပ္ပဇ္ဇတိ။ ပန၊ ဆက်။ ဧဝံ၊ သို့။ ဥပ္ပန္နဿ။ပ။ပဇာနာတိ။

သမာဓိသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ "ဘိက္ခဝေ၊ တို့။ သမထနိမိတ္တံ၊ နောက်နောက် သမထ၏အကြောင်းဖြစ်သော ရှေးရှေးသော သမထသည်လည်းကောင်း။ အဗျဂ္ဂနိမိတ္တံ၊ နောက်နောက် အဗျဂ္ဂ–၏အကြောင်းဖြစ်သော ရှေးရှေးသော အဗျဂ္ဂ–သည်လည်းကောင်း။ (နောက်နောက် သမာဓိ၏အကြောင်းဖြစ်သော အထူးထူးအပြားပြား အာရုံမရှိသော ရှေးရှေးသော သမာဓိသည်လည်းကောင်း။) အတ္ထိ၊ ၏။ တတ္ထ၊ ထို သမထနိမိတ္တ, အဗျဂ္ဂ–နိမိတ္တ–၌။ပ။အာဟာရော၊ တည်း။" ဣတိ ဧဝံ၊ ဥပ္ပာဒေါ ဟောတိ။ တတ္ထ၊ ထို အတ္ထိ ဘိက္ခဝေ သမထနိမိတ္တံ အဗျဂ္ဂ နိမိတ္တံ–ဟူသောပါဌ်၌။ သမထောဝ၊

၁။ အဗျဂ္ဂနိမိတ္တံ။ ။ဗျဂ္ဂ–၌ "ဝိ+အဂ္ဂ" ဟုပုဒ်ဖြတ်။ ဝိဝိဓံ အဂ္ဂံ (အာရမ္မဏံ) ဗျဂ္ဂံ၊ နတ္ထိ ဗျဂ္ဂံ ယဿာတိ အဗျဂ္ဂေါ။ အထူးထူးအပြားပြား အာရုံမရှိသောကြောင့် မပျံ့လွင့်သော သမာဓိ၊ ထို သမာဓိသည်ပင် နောက်နောက်သမာဓိ၏ အကြောင်းဖြစ်သောကြောင့် အဗျဂ္ဂနိမိတ္တ-မည်၏။ ထို့ကြောင့်–သမထနိမိတ္တံ အဗျဂ္ဂနိမိတ္တံ-အရ သမာဓိချည်းရသောကြောင့် "ပရိယာယ်" ဟု မှတ်ပါ။ [နာနာရမ္မဏေ ပရိဗ္ဘမနေန ဝိဝိဓံ အဂ္ဂံ တေဿာတိ ဗျဂ္ဂေါ၊ ဝိက္ခေပေါ။ တထာ ဟိ သော အနဝဋ္ဌာနရသော၊ ဘန္တိတာပစ္စုပဋ္ဌာနော စ စုတ္တော၊ ကေဂ္ဂတာဘာဝတော ဗျဂ္ဂပဋိပက္ခောတိ အဗျဂ္ဂေါ၊ သမာဓိ။ သော ဧဝ နိမိတ္တန္တိ ပုဗ္ဗေ ဝိယ ဝတ္တဗ္ဗံ။ တေနာဟ "အဝိက္ခေပဋ္ဌေန စ အဗျဂ္ဂနိမိတ္တ" နွှိ။–ဋီကာ။]

ရှေးရှေး သမထသည်ပင်။ သမထနိမိတ္တံ၊ နောက်နောက်သမထ၏အကြောင်း၏အဖြစ်ကြောင့် သမထနိမိတ်မည်၏။ (သမထောဝ၊ သည်ပင်။) အဝိက္ခေ-ပဋ္ဌေန စ၊ အထူးထူးအပြားပြားပစ်လွှင့်ခြင်းမရှိသည်၏ အဖြစ်ကြောင့်လည်း။ အဗျဂ္ဂနိမိတ္တံ၊ မည်၏။ [စာအုပ်တို့၌ "အဗျဂ္ဂနိမိတ္တန္တိ" ဟုရှိ၏၊ ဣတိ-သဒ္ဒါ ပိုဟန်တူသည်။ သမ္မောအဋ္ဌကထာ-၌လည်း မပါ။]

အပိစ၊ သေး။ ဝတ္ထုဝိသဒကိရိယတာ၊ အဇ္ဈတ် ဗာဟီ နှစ်လီသော ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုခြင်းရှိသူ၏အဖြစ်လည်းကောင်း။ ဣန္ဒြိယသမတ္တ-ပဋိပါဒနတာ၊ သဒ္ဓါ-စသောဣန္ဒြေတို့၏ ညီမျှကုန်သည်၏အဖြစ်ကို ပြီးစေခြင်းရှိသူ၏အဖြစ်လည်းကောင်း။ နိမိတ္တကုသလတာ၊ နိမိတ်၌ကျွမ်းကျင်သူ၏ အဖြစ်လည်းကောင်း။ သမယေ၊ ချီးမြှောက်သင့်ရာအခါ၌။ စိတ္တဿ၊ ကို။ ပဂ္ဂဟဏတာ၊ ချီးမြှောက်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ သမယေ၊ နှိပ်သင့်ရာအခါ၌။စိတ္တဿ၊ ကို။ နိဂ္ဂဟဏတာ၊ နှိပ်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ သမယေ၊ ရွှင်စေသင့်ရာအခါ၌။ (စိတ္တဿ၊ကို။) သမ္ပဟံသနတာ။ ကောင်းစွာအပြားအားဖြင့် ရွှင်လန်းစေခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ သမယေ၊ လျစ်လျူရှုသင့်ရာ အခါ၌။ (စိတ္တဿ။) အဇ္ဈုပေက္ခနတာ၊ အသင့်အားဖြင့် ရှုခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ အသမာဟိတပုဂ္ဂလပရိဝဇ္ဇနတာ၊ မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ သမာဟိတပုဂ္ဂလသေဝနတာ၊ တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ စျာနဝိမောက္ခပစ္စဝေက္ခဏတာ၊ စျာန်ဝိမောက္ခ-တို့ကို ဆင်ခြင်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ ဟဒဓိမုတ္တ-တာ၊ ထို သမာဓိသမ္မောဇ္ဈင်၌ စွဲစွဲမြဲမြဲ သက်ဝင်သူ၏အဖြစ်လည်းကောင်း။ ဣတိ ဧကာဒသ ဓမ္မာ သမာဓိသမ္မောဇ္ဈင်္ဂဿ ဥပ္ပာဒါယ သံဝတ္တန္တိ။ တဘ္ထ၊ ထို တဆယ့်တပါးသော တရားတို့တွင်။ ဝတ္ထုဝိသဒကိရိယတာ စ၊ ကိုလည်းကောင်း။ ဣန္ဒြိယသမတ္တပဋိပါဒနတာ စ၊ ကိုလည်းကောင်း။ ဝုတ္တနယေနေဝ၊ သာ။ ဝေဒိတဗ္ဗာ။

နိမိတ္တကုသလတာ နာမ၊ မည်သည်။ ကသိဏနိမိတ္တဿ၊ ကသိုဏ်းနိမိတ်ကို။ ဥဂ္ဂဟဏကုသလတာ၊ သင်ယူခြင်း၌ ကျွမ်းကျင်သူ၏ အဖြစ်တည်း။ သမယေ စိတ္တဿ ပဂ္ဂဏှနတာတိ၊ ကား။ ယသ္မိံ သမယေ ၌။ အတိသိထိလ-ဝီရိယတာဒီဟိ၊ အလွန်လျော့သော ဝီရိယ - ရှိသူ၏အဖြစ် အစရှိသည်တို့ကြောင့်။ လီနံ၊ တွန့်ဆုတ်သော။ စိတ္တံ၊ သည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ စိတ်၏တွန့်ဆုတ်ရာ ထိုအခါ၌။ ဓမ္မဝိစယ ဝီရိယ ပီတိ သမ္မောဇ္ဈင်-

သမုဋ္ဌာပနေန၊ ဓမ္မာဝိစယသမ္မောဇ္ဈင်, ဝီရိယသမ္မောဇ္ဈင်, ပီတိသမ္မောဇ္ဈင်ကို ထ,ကြ,ဖြစ်ပေါ်စေခြင်းအားဖြင့်။ တဿ၊ ထို တွန့်ဆုတ်သောစိတ်ကို။ ပဂ္ဂ-ဏှန်၊ ချီးမြှောက်ခြင်းသည်။ (ဟောတိ။) သမယေ စိတ္တဿ ပဂ္ဂဏှနတာတိ၊ ကား။ ယသ္မိံ သမယေ၊ ၌။ အစ္စာရဒ္ဓဝီရိယတာဒီဟိ၊ အလွန်အားထုတ်အပ်သော ဝီရိယ-ရှိသူ၏အဖြစ် အစရှိသည်တို့ကြောင့်။ [စာအုပ်တို့၌ "အာရဒ္ဓ" ဟုရှိ၏။ သမ္မောအဋ္ဌကထာ၌ "အစ္စာရဒ္ဓ" ဟုရှိသည်၊ ကောင်း၏။] ဥဒ္ဓတံ၊ ပျံ့လွင့်သော။ စိတ္တံ၊ သည်။ ဟောတိ။ တသ္မိံ သမယေ၊ စိတ်၏ ပျံ့လွင့်ရာ ထိုအခါ၌။ ပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္မောဇ္ဈင် သမုဋ္ဌာပနေန၊ ပဿဒ္ဓိသမ္မောဇ္ဈင်, သမာဓိသမ္မောဇ္ဈင်, ဥပေက္ခာသမ္မောဇ္ဈင်ကို ထူထောင် ထ,ကြ,စေခြင်းအားဖြင့်။ တဿ၊ ထိုပျံ့လွင့်သောစိတ်ကို။ နိဂ္ဂဏှန်၊ နှိပ်ခြင်းသည်။ ဟောတိ၊ ၏။

သမယေ သမ္ပဟံသနတာတိ၊ ကား။ ယသ္မိံ သမယေ၊ ၌။ စိတ္တံ၊ သည်။ ပညာပယောဂမန္ဒတာယ ဝါ၊ ပညာ လုံ့လ-၏ နုံ့သည်၏အဖြစ်ကြောင့် သော်လည်းကောင်း။ ဥပသမသုခါနဓိဂမေန ဝါ၊ ငြိမ်းအေးခြင်းသုခကို မရခြင်းကြောင့်သော်လည်းကောင်း။ နိရဿာဒံ၊ မသာယာအပ်သည်။ ဝါ၊ သာယာခြင်းမရှိသည်။ ဟောတိ။ တသ္မိံ သမယေ၊ နိရဿာဒ-စိတ်ဖြစ်ရာ ထိုအခါ၌။ အဋ္ဌ သံဝေဂဝတ္ထုပစ္စဝေက္ခဏေန၊ ရှစ်ပါးသော သံဝေဂဝတ္ထုကို ဆင်ခြင်ခြင်းအားဖြင့်။ သံဝေဇေတိ၊ တိတ်လန့်စေရ၏။ ဇာတိ ဇရာ ဗျာဓိ မရဏာနိ၊ ဟူကုန်သော၊ စတ္တာရိ၊ လေးပါးတို့လည်းကောင်း။ ပဥ္ဇမံ၊ မြောက်သော။ အပါယဒုက္ခံ၊ အပါယ်ဆင်းရဲလည်းကောင်း။ အတီတေ၊ အတိတ်၌။ ဝဋ္ဌမူလကံ၊ ဝဋ္ဌလျှင် အရင်းခံရှိသော။ ဒုက္ခံ၊ လည်းကောင်း။ အနာဂတေ၊ ၌။ ဝဋ္ဌမူလကံ၊ သော။ ဒုက္ခံ၊ လည်းကောင်း။ ပစ္စုပ္ပန္နေ၊ ၌။ အာဟာရပရိယေဋ္ဌိမူလကံ၊ အာဟာရ-ကို ရှာရခြင်းလျှင် အရင်းခံရှိသော။ ဒုက္ခံ၊ လည်းကောင်း။ ဣတိ၊ သို့။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ သံဝေဂဝတ္ထူနိ နာမ၊ ထိတ်လန့်ခြင်း၏ တည်ရာအကြောင်းတို့ မည်၏။ စ၊ အဖို့တပါး ကား။ ရတနတ္တယဂုဏာနုဿရဏေန၊ ရတနာသုံးပါး၏ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းဖြင့်။ ပသာဒံ၊ ကြည်လင်ခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ အယံ၊ ဤ ရတနာသုံးပါး၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းကို။ "သမယေ သမ္ပဟံသနတာ" တိ၊ ဟူ၍။ ဝုစ္စတိ။

သံဝေဂဝတ္ထု ရှစ်ပါး။ ။အဋ္ဌကထာ၌ ပြအပ်သော ဇာတိ, ဇရာ, ဗျာဓိ, မရဏ-စသော ဒုက္ခတို့သည် သံသရာ၌ ကျင်လည်နေသူဟူသမျှတို့ မကင်းနိုင်ကြ

သော ထိတ်လန့်ခြင်း၏ အကြောင်းဝတ္ထုများ ဖြစ်ရကား သူတော်ကောင်းများ သတိထားဖွယ် ကောင်းလှ၍ အောက်ပါလင်္ကာကို ပြပါသည်။

[ဆောင်] အမိဝမ်းခေါင်း၊ ဆယ်လညောင်းမျှ၊ အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်။ လူ့ပြေလူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့။ ဆိုင်ဆိုင် ဒုက္ခ၊ ခံပြီးမှလည်း၊ များလှပါယ်ရွာ၊ ရောက်ကြရှာ၏။ အတီတာရှေး၊ ဤဝင့်ဘေးနှင့်၊ နောင်ရေးနာဂတ်၊ ဒုက္ခထပ်လိမ့်။ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ ထို ဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊ မသက်သာသည်၊....ရှစ်ဖြာသံဝေ ရကြောင်းတည်း။

သမယေ အဇ္ဈုပေက္ခနတာ နာမ၊ မည်သည်ကို။ (ဧဝံ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗာ။) ယသ္မိံ သမယေ၊ ၌။ သမ္မာပဋိပတ္တိ၊ မဖောက်မပြန် မှန်ကန်သောအကျင့်ကို။ အာဂမ္မ၊ ရှေးရှုရောက်၍။ ဝါ၊ စွဲ၍။ အလီနံ၊ တွန့်လည်းမတွန့်ဆုတ်သော။ အနုဒ္ဓဋံ၊ ပျံ့လည်း မပျံ့လွင့်သော။ အနိရဿာဒံ၊ နိရဿာဒ–လည်း မဟုတ်သော။ (မသာမယာခြင်းရှိသည်လည်း မဟုတ်သော။) အာရမ္မဏေ၊ ၌။ သမပ္ပဝတ္တံ၊ အညီအမျှဖြစ်သော။ သမထဝိထိပဋိပန္နံ၊ သမထလမ်းသို့ သွားနေသော။ စိတ္တံ၊ သည်။ ဟောတိ။ တဒါ၊ ထို အခါ၌။ အယံ၊ ဤယောဂီပုဂ္ဂိုလ်သည်။ [စာအုပ်တို့၌ "တဒါဿ" ဟု ရှိ၏၊ ဥပမာန၌ "သာရထိ" ဟု ပဋမန္တ-ရှိသောကြောင့် "တဒါ ယံ (တဒါ+အယံ)" ဟုရှိသော သမ္မောအဌကထာ–အတိုင်းသာ ကောင်းသည်။] သမပ္ပဝတ္တေသု၊ အညီအမျှဖြစ်ကုန်သော။ အဿေသု၊ မြင်းတို့၌။ သာရထိ၊ ရထားထိမ်းသည်။ ဗျာပါရံ၊ ဗျာပါရသို့။ (လွန်သောမြင်း၏ ကြိုးကိုဆွဲထား၍ နောက်ကျသောမြင်းကို "ကြိမ်ဖြင့် တို့ပေးရခြင်း" ဟူသော ဗျာပါရသို့။) နအာပဇ္ဇတိ ဝိယ၊ မရောက်သကဲ့သို့။ (ဧဝံ၊ တူ။) ပဂ္ဂဟနိဂ္ဂဟသံပဟံသနေသု၊ ချီးမြှောက်ခြင်း, နှိပ်ခြင်း, ကောင်းစွာအပြားအားဖြင့် ရှင်လန်းစေခြင်းတို့၌။ ဗျာပါရံ နအာပဇ္ဇတိ။ အယံ၊ ဤ ပဂ္ဂဟ, နိဂ္ဂဟ, သံပဟံသန–တို့၌ ဗျာပါရသို့ မရောက်ခြင်းကို။ "သမယေ အဇ္ဈုပေက္ခနတာ" တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဥပစာရံ ဝါ၊ ဥပစာရ စျာန်သို့သော်လည်းကောင်း။ အပ္ပနံ ဝါ၊ အပ္ပနာ စျာန်သို့သော် လည်းကောင်း။ အပ္ပတ္တာနံ၊ မရောက်ကုန်သော။ ဝိက္ခိတ္တစိတ္တာနံ၊ အထူးထူးအပြားပြား ပစ်လွှတ်အပ်သော စိတ်ရှိကုန်သော။ ဝါ၊ ပျံ့လွင့်သောစိတ်ရှိကုန်သော။ ပုဂ္ဂလာနံ၊ တို့ကို။ အာရကာ၊ ဝေးစွာ။

ပရိဝဇ္ဇနံ၊ ရှောင်ကြဉ်ခြင်းသည်။ အသမာဟိတပုဂ္ဂလပရိဝဇ္ဇတာ နာမ၊ မည်၏။ ဥပစာရေန ဝါ၊ ဥပစာရ စျာန်ဖြင့်သော်လည်းကောင်း။ အပွနာယ ဝါ၊ အပွနာ စျာန်ဖြင့်သော်လည်းကောင်း။ သမာဟိတာနံ၊ ကောင်းစွာ အာရုံ၌ထားအပ်သော စိတ်ရှိကုန်သော။ ဝါ၊ တည်ကြည်သော စိတ်ရှိကုန်သော။ (ပုဂ္ဂလာနံ၊ တို့ကို။)သေဝနာ၊ မှီဝဲခြင်းသည်။ ဘဇနာ၊ ဆည်းကပ်ခြင်းသည်။ ပယိရုပါသနာ၊ အနီးသို့ ချဉ်းကပ်ခြင်းသည်။ သမာဟိတပုဂ္ဂလ-သေဝနတာ နာမ၊ မည်၏။ ဌာနနိသဇ္ဇာဒီသု၊ တို့၌။ သမာဓိဥပ္ပာဒနတ္ထံ ယေဝ၊ သမာဓိကို ဖြစ်စေခြင်းအကျိုးငှာသာလျှင်။ နိန္နပေါဏပဗ္ဘာရစိတ္တတာ၊ ညွှတ်ယိမ်း ကိုင်းရှိုင်းသောစိတ် ရှိသူ၏အဖြစ်သည်။ တဒဓိမုတ္တတာ နာမ၊ မည်၏။ ဧသ(ဧသော သမာဓိသမ္မောဇ္ဈင်္ဂေါ)၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ပန၊ ဆက်။ ဧဝံ၊ သို့။ပ။ ပဇာနာတိ။

ဥပေက္ခာသမ္မောဇ္ဈင်္ဂဿ၊ ၏။ ''ဘိက္ခဝေ၊ တို့။ ဥပေက္ခာသမ္မောဇ္ဈင်္ဌာ-နီယာ၊ ဥပေက္ခာသမ္မောဇ္ဈင်၏ တည်ရာအကြောင်းဖြစ်ကုန်သော။ ဝါ၊ ဝါ၊ တည်တတ်သော ဥပေက္ခာသမ္မောဇ္ဈင် ရှိကုန်သော၊ ဓမ္မာ အတ္ထိ။ တတ္ထ၊ ထိုတရားတို့၌။ပ။ အာဟာရော၊ တည်း။'' ဣတိ ဧဝံ ဥပ္ပာဒေါ ဟောတိ။ တတ္ထ၊ ထိုအတ္ထိ ဘိက္ခဝေ ဥပေက္ခာသမ္မောဇ္ဈင်္ဌာနီယာ ဓမ္မာ-ဟူသောပါဌ်၌။ ဥပေက္ခာဝ၊ ရှေးရှေး ဥပေက္ခာသည်ပင်။ ဥပေက္ခာသမ္မော-ဇ္ဈင်္ဌာနီယာ၊ နောက်နောက် ဥပေက္ခာသမ္မောဇ္ဈင်၏ တည်ရာဖြစ်ကုန်သော။ ဝါ၊ တည်တတ်သော ဥပေက္ခာသမ္မောဇ္ဈင် ရှိကုန်သော။ ဓမ္မာ နာမ၊ တရားတို့မည်၏။ အပိစ၊ သေး။ သတ္တမဇ္ဈတ္တတာ၊ သတ္တဝါတို့အပေါ်ဝယ် အလယ်အလတ်၌ တည်သောသဘောရှိသူ၏ အဖြစ်လည်းကောင်း။ ဝါ၊ သတ္တဝါတို့၌ လျစ်လျူရှုတတ်သူ၏ အဖြစ်လည်းကောင်း။ သခ်ါရမဇ္ဈတ္တတာ၊ သခ်ါရတို့အပေါ်ဝယ် အလယ်အလတ်၌တည်သော သဘောရှိသူ၏အဖြစ်လည်းကောင်း။ ဝါ၊ လည်းကောင်း။ သတ္တသခ်ါရကေလာယနပုဂ္ဂလပရိ-ဝဇ္ဇနတာ၊ သတ္တဝါသခ်ါရတို့ကို မက်မောတတ်သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ သတ္တသခ်ါရမဇ္ဈတ္တပုဂ္ဂလသေဝနတာ၊ သတ္တဝါသခ်ါရတို့အပေါ်ဝယ် အလယ်အလတ်၌တည်သော သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းရှိသူ၏ အဖြစ်လည်းကောင်း။ ဝါ၊ သတ္တဝါသခ်ါရတို့၌ လျစ်လျူရှုတတ်သောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း ရှိသူ၏ အဖြစ်လည်း ကောင်း။ တဒဓိမုတ္တတာ၊ ထို ဥပေက္ခာသမ္မောဇ္ဈင်၌ စွဲစွဲမြဲမြဲ သက်ဝင်သူ၏ အဖြစ်လည်းကောင်း။ ဣတိ ပဥ္ဇ ဓမ္မာ ဥပေက္ခာသမ္မောဇ္ဈင်္ဂဿ ဥပ္ပာဒါယ သံဝတ္တန္တိ။

တတ္ထ၊ ထိုငါးပါးသောတရားတို့တွင်။ "တုံ၊ သည်။ အတ္တနော၊ ၏။ ကမ္မေန၊ ကံကြောင့်။ အာဂန္ဆာ၊ ဤလူ့ဘဝသို့ လာ၍။ အတ္တနော၀၊ မိမိ၏ပင်။ ကမ္မေန၊ ကြောင့်။ ဂမိဿသိ၊ (နောက်ဘဝသို့) သွားရလတ္တံ့။ သောပိ၊ဤ ပုဂ္ဂိုလ်သည်လည်း။ အတ္တနော၀၊ ပင်။ ကမ္မေန အာဂန္ဆာ အတ္တနော၀ ကမ္မေန ဂမိဿတိ။ တုံ၊ သည်။ ကံ၊ အဘယ် ပုဂ္ဂိုလ်ကို။ ကေလာယသိ၊ မြတ်နိုးသနည်း။" [ကေလေ-ဓာတ်၊ မမာယန–အနက်ဟော။] ဤတိ ဧ၀ံ၊ သို့။ ကမ္မသကတာပစ္စ၀ေက္ခဏေန စ၊ ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ခြင်းလည်းကောင်း။ (ဤတိ-ဠ္ဍစပ်။)ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ သတ္တော ယေ၀၊ သတ္တ၀ါသည်ပင်။ နတ္ထိ။ သော တုံ၊ ထိုသင်သည်။ ကံ၊ အဘယ်သူ့ကို။ ကေလာယသိ၊ မြတ်နိုးသနည်း။ ဤတိ ဧ၀ံ၊သို့။နိဿတ္တ(တာ)ပစ္စ၀ေက္ခဏေန စ၊သတ္တ-မဟုတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း လည်းကောင်း။ ["နိဿတ္တတာပစ္စ၀ေက္ခ-ဏေန"ဟု တာ–သဒ္ဒါပါလျှင် ကောင်း၏။] ဤတိ၊ သို့။ ဒ္ဒိဟိ၊ ကုန်သော။ အာကာရေဟိ၊ကမ္မသကတာပစ္စ၀ေက္ခဏ, နိဿတ္တ(တာ)ပစ္စ၀ေက္ခဏ ဟူသော အကြောင်းတို့ကြောင့်။ သတ္တမဇ္ဈတ္တတံ၊ သတ္တ၀ါတို့၌ လျစ်လျူရှုတတ်သူ၏ အဖြစ်ကို။ သမုဒ္ဒါ၀ေတိ၊ ဖြစ်စေ၏။

"ဤဒံ စိ၀ံ၊ သည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ၀ဏ္ဏ၀ိကာရ-တဥ္စေ၀၊ အဆင်း၏ ဖောက်ပြန်သည်၏ အဖြစ်သို့လည်းကောင်း။ ဇိဏ္ဏ-ဘာ၀ဥ္စ၊ ဟောင်းနွမ်းသည်၏ အဖြစ်သို့လည်းကောင်း။ ဥပဂန္ဆာ၊ ကပ်ရောက်၍။ ပါဒပုဥ္ဆနစောဒ္ဒကံ၊ ခြေသုတ် အ၀တ်သည်။ ဟုတ္ဝာ၊ ၍။ ယဒ္ဒိကောဒ္ဒိယာ၊ · တောင်၀ှေးစွန်းဖြင့်။ ဆဒ္ဒနီယံ၊ စွန့်ပစ် ထိုက်သည်။ ဘ၀ိဿတိ။ ပန၊ ဆက်။ အဿ၊ ထို သက်နှံး၏။ သာမိကော၊ သည်။ သစေ ဘ၀ေယျ၊ အကယ်၍ဖြစ်အံ့။ (ဧ၀ံ သတိ၊ သော်။) အဿ၊ ထို သက်နှံးအား။ ဧ၀ံ၊ သို့။ ဝိနဿိတုံ၊ ပျက်စီးခြင်းငှာ။ ၀ါ၊ ပျက်စီးခွင့်ကို။ န ဒဒေယျ၊ မပေးရာ။" ဤတိ ဧ၀ံ၊ သို့။ အဿာမိကဘာ၀-ပစ္စ၀ေက္ခဏေန စ၊ အရှင်မဟုတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းလည်းကောင်း။ "ဤဒံ၊ ဤသက်နှံးသည်။ အနဒ္ဓနီယံ၊ ရှည်သောအဓွန့်ကို မခံ့သည်။ ၀ါ၊ ရှည်သောအဓွန့်သို့ မရောက်သည်။ တာ၀ကာလိကံ၊ ထို သုံးဆောင်ရာ ကာလမျှသာ ရှိသည်။ ၀ါ၊ အခိုက်အတန့်သည်။ (ဟောတိ။)" ဤတိ ဧ၀ံ၊ သို့။ တာ၀ကာလိက ဘာ၀ပစ္စ၀ေက္ခဏေန စ၊ တာ၀ကာလိက၏ အဖြစ်ကို ဆင်ခြင်ခြင်းလည်းကောင်း။ ဤတိ၊ သို့။ ဒ္ဒိဟေ၀၊ နှစ်ပါးပင်

ဖြစ်ကုန်သော။ အာကာရေဟိ၊ အဿာမိကဘာဝပစ္စဝေက္ခဏ, တာဝကာ-လိကဘာဝပစ္စဝေက္ခဏ-ဟူသော အကြောင်းတို့ကြောင့်။ သန်ါရမဇ္ဈတ္တတံ၊ သန်ါရတို့၌ လျစ်လျူရှုတတ်သူ၏ အဖြစ်ကို။ သမုဋ္ဌာပေတိ၊ ၏။ [ရှေး အကြောင်းနှင့် နှစ်မျိုးချင်း တူသောကြောင့် "ဒ့ဳဟေဝ" ဟု ဧဝ-သဒ္ဒါ ထည့်သည်။] စ၊ ဆက်။ စိဝရေ၊ ဍ္ဍ။ (ယောဇနာ၊ အနက်အဓိပ္ပာယ်ကို ယှဉ်စေခြင်းကို။ ကတာ) ယထာ၊ ပြုအပ်သကဲ့သို့။ ဧဝံ၊ တူ။ ပတ္တာ-ဒီသုပိ၊ သပိတ်အစရှိသော ပစ္စည်းတို့၌လည်း။ ယောဇနာ ကာတဗ္ဗာ။

သတ္တသန်ါရကေလာယနပုဂ္ဂလပရိဝဇ္ဇနတာတိ ဇ္ဈော၊ ဍ္ဍ။ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော။) ယော ပုဂ္ဂလော၊ သည်။ (သာမည-ကတ္တား။) ဂိဟီ ဝါ၊ လူဝတ်ကြောင်သည်မူလည်း။ (ဝိသေသ-ကတ္တား။) အတ္တနော၊ ၏။ ပုတ္တ-ဓိတာဒိကေ၊ သားသမီးအစရှိသူတို့ကို။ မမာယတိ၊ ငါ့ဥစ္စာဟုပြု၏။ ဝါ၊ မြတ်နိုး၏။ ပဗ္ဗဇိတော ဝါ၊ ရဟန်းသည်မူလည်း။ အတ္တနော၊ ၏။ အန္တေဝါသိကသမာနုပဇ္ဈာယကာဒ့ဳကေ၊ အနီးနေတပည့်, တူသောဥပဇ္ဈာယ် ရှိသော သီတင်းသုံးဖော် အစရှိသူတို့ကို။ မမာယတိ၊ ၏။ သဟဇ္ဈော-နေဝ၊ မိမိလက်ဖြင့်သော။ နေသံ၊ ထို အန္တေဝါသိက, သမာနုပဇ္ဈာယက-စသူတို့၏။ ကေသဉ္ဆေဒနသူစိကမ္မစီဝရဓောဝနရဇနပတ္တပစာနဒီနံ၊ ဆံကို ရိတ်ဖြတ်မှု, အပ်ချုပ်မှု, သင်္ကန်းကိုဖွပ်လျော်မှု, သင်္ကန်းဆိုးမှု, သပိတ် ဖုတ်မှု အစရှိသော အမှုတို့ကို။ ကရောတိ၊ ၏။ မုဟုတ္တမ္ပိ၊ တမုဟုတ်မျှ လည်း။ အပဿန္တော၊ မမြင်လတ်သော်။ "အသုကော၊ ထိုမည်သော။ သာမဏေရော၊ သည်။ ကုဟိံ၊ အဘယ်မှာနည်း။ အသုကော၊ သော။ ဒဟရော၊ ရဟန်းငယ်သည်။ ကုဟိံ၊ နည်း။" ဣတိ၊ သို့။ ဘန္တမိဂေါ ဝိယ၊ တုန်လှုပ်သော သမင်သည် ကဲ့သို့။ ဣတော စိတော စ၊ ဤမှ ဤမှ လည်း။ ဩလောကေတိ၊ ကြည့်ရှု ရှာဖွေ၏။ အညေန၊ အခြားသူသည်။ ကေသဉ္ဆေဒနာဒီနံ၊ ဆံကိုရိတ်ခြင်း အစရှိသော အမှုတို့၏။ အတ္ထာယ၊ ငှာ။ "မုဟုတ္တံ၊ တမုဟုတ်လောက်။ အသုကံ၊ ထိုမည်သော သာမဏေကို။ ဝါ၊ ထိုမည်သော ရဟန်းငယ်ကို။ ပေသေထ၊ စေလွှတ်ပါကုန်။" ဣတိ၊ သို့။ ယာစိယမာနော ပိ၊ တောင်းအပ်ပါသော်လည်း။ "အမ္မေပိ၊ ငါတို့သည်လည်း။ ဝါ၊ ငါတို့သော်မူလည်း။ တံ၊ ထို သာမဏေကို။ ဝါ၊ ထို ရဟန်းငယ်ကို။ အတ္တနော၊ ၏။ ကမ္မံ၊ အလုပ်ကို။ န ကာရေမ၊ မပြုစေရက်ပါကုန်။ တုမ္ဟေ၊ သင်တို့သည်။ နံ၊ ထို သာမဏေကို။ ဝါ၊ ထို ရဟန်းငယ်ကို။ ဂဟေတ္ဝာ၊ ခေါ်၍။ ကိလမေဿထ၊ ပင်ပန်းစေကြကုန်လတ္တံ့။" ဣတိ၊

ဤသို့ပြော၍။ နဒေတိ၊ မပေး။ အယံ၊ ဤ ပုဂ္ဂိုလ်သည်။ သတ္တကေလာ-ယနော နာမ၊ သတ္တဝါကို မြတ်နိုးသူမည်၏။

ကောင်း၊ ငါ့ဉစ္စာဟုလည်းကောင်း မစဲယ္ယုတော့။] ဘိက္ခဝေ၊ တို့။ ဧဝမ်ပိ၊ ဤအခြင်းအရာအားဖြင့်လည်း။ (ဤနည်းအားဖြင့်လည်း။) ။ပ။ ဝိဟရတိ။

အာနာပါနပဗ္ဗံ၊ ဝင်လေ ထွက်လေကိုပြဆိုရာအပိုင်းသည်။

နိဋ္ဌိတံ၊ ပြီးပြီ။

ကာယာနုပဿနာ ဣရိယာပထပဗ္ဗ

၃၇၅။ ဘိက္ခဝေ၊ တို့။ ပုန စ၊ာ် တဖန်လည်း။ အပရံ၊ တမျိုးကား။ (တမျိုးသော ကာယာနုပဿနာ–သတိပဋ္ဌာန်ကား။) ဘိက္ခု၊ သည်။ ဂစ္ဆန္တော ဝါ၊ သွားစဉ်မူလည်း။ "ဂစ္ဆာမိ၊ သွား၏။ (သွားသည်၊ သွားတယ်။)" ဣတိ၊ ဤသို့။ ပဇာနာတိ၊ ခဲ့ခဲ့ခြားခြား အပြားအားဖြင့်သိ၏။ ဋ္ဌိတော ဝါ၊ ရပ်သည်။ (သမာနော) ဝါ၊ ဖြစ်စဉ်မူလည်း။ "ဋ္ဌိတော ဝါ၊ ရပ်နေသည်။ အမို့၊ ဖြစ်၏။ (ရပ်သည်၊ ရပ်တယ်။)" ဣတိ၊ သို့။ ပဇာနာတိ။ နိသိန္နော ဝါ၊ ထိုင်သည်။ (သမာနော) ဝါ၊ ဖြစ်စဉ်လည်း။ "နိသိန္နော ဝါ၊ ထိုင်သည်။ အမို့၊ ဖြစ်၏။ (ထိုင်သည်၊ ထိုင်တယ်။)" ဣတိ၊ သို့။ ပဇာနာတိ။ [ဋ္ဌိတော, နိသိန္နော-တို့၌ (တ) ပစ္စည်းက လက္ခဏ- အနက်ကို မဟောနိုင်သောကြောင့် "သမာနော" ဟု ထည့်ရသည်။] သယာနော ဝါ၊ လျောင်းစဉ်မူလည်း။ "သယာနော၊ လျောင်းသည်။ အမို့။) လျောင်းသည်၊ လျောင်းတယ်။ အိပ်သည်၊ အိပ်တယ်။)" ဣတိ၊ သို့။ ပဇာနာတိ။

ဝါ ပန၊ သည်သာ မက-သေး။ (တနည်း) ဝါ ပန၊ ဣရိယာပထ-ကို ဆင်ခြင်ပုံမှတပါး ကာယ-ကို ဆင်ခြင်ပုံကား။ ယထာ, ယထာ၊ အကြင် အကြင်အခြင်းအရာအားဖြင့်။ အဿ၊ ထိုရဟန်း၏။ ကာဒ့ယာ၊ ကိုယ်သည်။ (ရုပ်အပေါင်းသည်။) ပဏိဟိတော၊ ရှေးရှုထားအပ်သည်။ ဟောတိ။ တထာ တထာ၊ ထိုထို ကာယ-ကို ရှေးရှုထားအပ်တိုင်းသော အခြင်းအရာ အား ဖြင့်။ နံ၊ ထို ကာယ-ကို။ (ရုပ်အပေါင်းကို။) ပဇာနာတိ။

၁။ ပုန စပရံ။ ။ပုန စ ပရန္တိ ပုန စ အပရံ၊ ယထာဝုတ္တ အာနာပါန ကမ္မဋ္ဌာန-တော ဘိယျောပိ အညံ ကာယာနုပဿနာ ကမ္မဋ္ဌာနံ ကထေမိ၊ သုဏာထာတိ ဝါ အမိပွာယော။ (ဘုရားရှင်၏ အလိုတော်တည်း။) အမိပွာယောဟု ဆိုသောကြောင့် အနက်အဓိပ္ပာယ်ကိုသာ သိပါ။ အနက်ပေးရာ၌မူ ထည့်၍ ပေးဖွယ်မလိုပါ၊ သို့ရာတွင် ထည့်ပေးလျှင်လည်း အပြစ်မရှိပါ။ [ယထာ ယထာ ဝါ ပနသ-နှင့်စပ်၍ မှတ်ဖွယ်ကို အဋ္ဌကထာဋီကာ–၌ ကြည့်ပါ။]

ဣတိ၊ ဤသို့လျှင်။ အဇ္ဈတ္တံ ဝါ၊မိမိ၏မူလည်း။ ကာယေ၊ ကိုယ်၌။ (ရုပ် အပေါင်း၌။) ကာယာနုပဿီ၊ ရုပ်အပေါင်းကို အဖန်ဖန် ရှုလေ့ရှိသည်။ (ဟုတ္ထာ) ဝိဟာရတိ ။ပ။ ဝါ ပန၊ သည်သာ မက-သေး။ "ကာယော၊ သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှု-ကို ပြုသော ရုပ်အပေါင်းမျှသည်သာ။ အတ္ထိ၊ ရှိ၏။" ဣတိ၊ ဤသို့။ အဿ၊ ၏။ သတိ၊ သည်။ ယာဝ ဒေဝ ဉာဏမတ္တာယ၊ ငှာ ။ပ။ ပေါတိ ။ပ။ ကာယေ၊ သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှု-ကို ပြုသော ရုပ်အပေါင်း၌။ ကာယာနုပဿီ၊ ရုပ်အပေါင်းကို အဖန်ဖန်ရှုလေ့ရှိသည်။ (ဟုတ္ထာ) ဝိဟာရတိ။

ဣရိယာပထပဗ္ဗံ၊ ဣရိယာပုထ်ကို ပြဆိုရာအပိုင်းသည်။
နိဋ္ဌိတံ၊ ပြီ။

ကာယာနုပဿနာ သမ္မာနုပဗ္ဗ

၃၇၆။ ဘိက္ခဝေ၊ ဘိက္ခုတို့။ ပုန စ၊ ကဖန်လည်း။ အပရံ၊ တမျိုး ကား။ (တမျိုးသော-ကာယာနုပဿနာ သတိပဋ္ဌာန်ကား။) ဘိက္ခု၊ သည်။ အဘိက္ကန္တေ၊ ရှေသို့သွားခြင်း၌ လည်းကောင်း။ ဝါ၊ ရှေတိုးခြင်း၌လည်း ကောင်း။ ပဋိက္ကန္တေ၊ နောက်ဆုတ်ခြင်း၌ လည်းကောင်း။ သမ္မာနကာရီ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ဉာဏ်ဖြင့် ရှေသွားမှု နောက်ဆုတ် မှုကိုပြုလေ့ရှိသည်။ ဝါ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သောဉာဏ်ကို အသုံးပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာလောကိတေ၊ ရှေးရှုကြည့်ခြင်း၌ လည်းကောင်း။ ဝါ၊ ရှေကိုကြည့် ခြင်း၌လည်းကောင်း။ ဝိလောကိတေ၊ ရှေးရှုမဟုတ်သောဘေးစောင်းအရပ်ကို ကြည့်ခြင်း၌လည်းကောင်း။ ဝါ၊ စောင်းရှုကြည့်ခြင်း၌လည်းကောင်း။ သမ္မာ-နကာရီ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သောဉာဏ်ဖြင့် ရှေးရှု ကြည့်မှု စောင်းရှုကြည့်မှုကို ပြုလေ့ရှိသည်။ ဝါ၊ ကောင်းစွာ အပြားအား ဖြင့် သိတတ်သော ဉာဏ်ကို အသုံးပြုလေ့ရှိသည်။ ဟောတိ။

သမိဉ္ဇိတေ၊ လက်ခြေတို့ကို ကွေးခြင်း၌ လည်းကောင်း။ ပသာရိတေ၊ လက်ခြေတို့ကို ဆန့်တန်းခြင်း၌လည်းကောင်း။ သမ္မာနကာရီ၊ ကောင်းစွာ အပြားအားဖြင့်သိသောဉာဏ်ဖြင့် ကွေးမှု ဆန့်မှုကို ပြုလေ့ရှိသည်။ ဝါ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သောဉာဏ်ကို အသုံးပြုလေ့ ရှိသည်။ ဟောတိ။

သံဃာဠိပတ္တစီဝရဓာရဏော။ သင်္ဃန်းကြီး, သပိတ်, ကေသီ, သင်းပိုင်-သင်္ဃန်းတို့ကို ဝတ် ရုံ သုံးစွဲခြင်းဟူသော ဆောင်ခြင်း၌။ သမ္မဇာနကာရီ၊ ကောင်းစွာအပြားအားဖြင့် သိသောဉာဏ်ဖြင့် ဝတ် ရုံ သုံးစွဲမှုကို ပြုလေ့ရှိသည်။ ဝါ၊ ကောင်းစွာ အပြားအားဖြင့်သိတတ်သောဉာဏ်ကို အသုံးပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အသိတေ၊ စားဖွယ်ဟူသမျှကို စားခြင်း၌ လည်းကောင်း။ ပိတေ၊ သောက်ဖွယ် ဟူသမျှကို သောက်ခြင်း၌လည်းကောင်း။ ခါယိတေ၊ ခဲဖွယ် ဟူသမျှကို ခဲခြင်း၌လည်းကောင်း။ (စားခြင်း၌လည်းကောင်း။)သာယိတေ၊ သာယာဖွယ်ဟူသမျှကို သာယာခြင်း၌လည်းကောင်း။ ဝါ၊ လျက်ခြင်း၌လည်းကောင်း။ သမ္မဇာနကာရီ၊ ကောင်းစွာအပြားအားဖြင့် သိသောဉာဏ်ဖြင့် စားမှု,သောက်မှု,ခဲမှု,သာယာမှု-ကို ပြုလေ့ရှိသည်။ ဝါ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ဉာဏ်ကိုအသုံးပြုလေ့ရှိသည်။ ဟောတိ။

ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးစွန့်မှု,ကျင်ငယ်စွန့်မှု၌။ သမ္မဇာနကာရီ၊ ကောင်းစွာ အပြားအားဖြင့် သိသောဉာဏ်ဖြင့် ကျင်ကြီးစွန့်မှု, ကျင်ငယ်စွန့်မှုကို ပြုလေ့ရှိသည်။ ဝါ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သောဉာဏ်ကို အသုံးပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဂတေ၊ သွားခြင်း၌လည်းကောင်း။ ဌိတေ၊ ရပ်ခြင်း၌လည်းကောင်း။ နိသိန္နေ၊ ထိုင်ခြင်း၌လည်းကောင်း။ သုတ္တေ၊ အိပ်ခြင်း၌ လည်းကောင်း။ (အိပ်ပျော်ခါနီး၌လည်းကောင်း။) ဇာဂရိတေ၊ နိုးခြင်း၌ လည်းကောင်း။ ဘာသိတေ၊ စကားပြောခြင်း၌လည်းကောင်း။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်ဖြစ်ခြင်း၌လည်းကောင်း။ (တိတ်တိတ်နေခြင်း၌လည်းကောင်း။) သမ္မဇာန-ကာရီ၊ ကောင်းစွာ အပြားအားဖြင့်သိသောဉာဏ်ဖြင့် သွားမှု,ရပ်မှု,ထိုင်မှု, အိပ်မှု,နိုးမှု,ပြောမှု,တိတ်တိတ်နေမှုကို ပြုလေ့ရှိသည်။ ဝါ၊ သည်။ ဟောတိ။ ။ပ။ ဝါ ပန၊ သည်သာမက-သေး။ ဝါ၊ ကိစ္စမှုတပါး ကာယ-ကိုဆင်ခြင်ပုံကား။ ကာယော၊ ရွှေတိုးမှု,နောက်ဆုတ်မှု-စသည်ကိုပြုသော ရုပ်အပေါင်းမျှသည်သာ။ အတ္ထိ။ ဣတိ ဝါ၊ သော်လည်း။ အဿ၊ ၏။ပ။ ပစ္စုပဋ္ဌိတာဟောတိ။ပ။ ဇဝမိ၊ ဤသို့လည်း။ ဝါ၊ ဤ နည်းအားဖြင့်လည်း။ ဘိက္ခု။ ကာယေ၊ ရွှေတိုးမှု,နောက်ဆုတ်မှု-စသည်တို့ကိုပြုသော ရုပ်အပေါင်းမျှ၌။ ကာယာနုပဿီ၊ ရုပ်အပေါင်းမျှကို အဖန်ဖန်ရှုလေ့ရှိသည်။ (ဟုတ္ထ)ဝိဟရတိ။

သမ္မဇာနပဗ္ဗံ၊ သမ္မဇာန-ကိုပြဆိုရာ အပိုင်းသည်။

နိဋ္ဌိတံ၊ ပြီ။

ကာယာနုပဿနာ ပဋိကူလ မနသိကာရပဗ္ဗ

၃၇၇။ ဘိက္ခဝေ၊ တို့။ ပုန စ။ပ။ ပါဒတလာ၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက် ဆံဖျားတိုင်အောင်လည်းကောင်း။ ကေသမတ္ထကာ၊ ဆံထိပ်မှ။ (ဆံဖျားမှ။) အဓော၊ အောက် ခြေဖဝါးတိုင်အောင်လည်းကောင်း။ တစ-ပရိယန္တံ၊ အရေဟူသော အဆုံး အပိုင်းအခြားရှိသော။ နာနပ္ပကာရဿ၊ အထူးထူးသော အပြားရှိသော။ အသုစိနော၊ မစင်မကြယ် ရှံစဖွယ်ဖြင့်။ ပူရံ၊ ပြည့်သော။ ဣမမေဝ ကာယံ၊ ဤကိုယ်ကိုပင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ (ကိံ၊ အဘယ်သို့ ဆင်ခြင်သနည်း။)

"ဣမသို့ ကာယေ၊ ဤကိုယ်၌။ ကေသာ၊ ဆံပင်တို့သည်လည်းကောင်း။ လောမာ၊ မွေးညင်းတို့သည်လည်းကောင်း။ နခါ၊ ခြေသည်း လက်သည်းတို့သည်လည်းကောင်း။ ဒန္တာ၊ သွားတို့သည်လည်းကောင်း။ တစော၊ အရေသည်လည်းကောင်း။ မံသံ၊ အသားသည်လည်းကောင်း။ နှာရှ၊ အကြောသည်လည်းကောင်း။ အဋ္ဌိ၊ အရိုးသည်လည်းကောင်း။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီသည်လည်းကောင်း။ ဝက္ကံ၊ အညှို့သည် လည်းကောင်း။ ဟဒယံ၊ နှလုံးသားသည် လည်းကောင်း။ ယကနံ၊ အသည်းသည် လည်းကောင်း။ ကိလောမကံ၊ အမြှေးသည်လည်းကောင်း။ ပိဟကံ၊ အဖျဉ်းသည်လည်းကောင်း။ (သရက်ရွက်ဟု ခေါ်အပ်သော ဝမ်းလျာအသားတည်း။) ပပ္ဖာသံ၊ အဆုတ်သည်လည်းကောင်း။ အန္တံ၊ အူမ, သည်လည်းကောင်း။ အန္တဂုဏံ၊ အူသိမ်သည်လည်းကောင်း။ ဥဒရိယံ၊ အစာသစ်သည်လည်းကောင်း။ ကရီသံ၊ အစာဟောင်းသည်လည်းကောင်း။ (ကျင်ကြီးသည်လည်းကောင်း။) မတ္ထ-လုင်္ဂံ၊ ဦးနှောက်သည်လည်းကောင်း။ ပိတ္တံ၊ သည်းခြေသည်လည်းကောင်း။ သေမှံ၊ သလိပ်သည်လည်းကောင်း။ ပုဗ္ဗော၊ ပြည်သည်လည်းကောင်း။ လောဟိတံ၊ သွေးသည်လည်းကောင်း။ သေဒေါ၊ ချေးသည်လည်းကောင်း။ မေဒေါ၊ အဆီခဲသည်လည်းကောင်း။ အဿု၊ မျက်ရည်သည်လည်းကောင်း။ ဝသာ၊ ဆီကျည်သည်လည်းကောင်း။ ခေဋ္ဌော၊ တံတွေးသည်လည်းကောင်း။ သိဃ်ာဏိကာ၊ နှပ်သည် လည်းကောင်း။ လသိကာ၊ အစေးသည် လည်းကောင်း။ မုတ္တံ၊ ကျင်ငယ်သည်လည်းကောင်း။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ, ငါသူတပါးလားလားမဟုတ် စက်ဆုပ်ဖွယ်သာ ထင်ရှားရှိကုန်သည်တကား။" ဣတိ၊ ဤသို့ ဆင်ခြင်၏။

အမှာ။ ။ဤကောင္ဌာသတို့နှင့်စပ်၍ သိဖွယ်များကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၌လည်းကောင်း ကြည့်ပါ။ ကေသာ-စသည်တို့၏ အနက်ကျယ်ကို ရုပ်ပုံရှင်ကျင့်ဝတ်၌ ပြထားပြီ။

ဘိက္ခဝေ၊ တို့။ ဒေသယျထာပိ၊ ကား။ ဥဘတော မုခါ၊ အထက် အောက် နှစ်ဘက်၌ အဝ, ရှိသော။ ပုတော၌၊ အိတ်သည်။ နာနာ ဝိဟိတဿ၊ အထူးထူးသော အပြားရှိသော။ ဓညဿ၊ ဥစ္စာ၏ အစီး အပွားဖြစ်သော စပါး, ဆန်, နှမ်း, ပဲ-ဖြင့်။ ပူရ၊ ပြည့်သည်။ (အဿ၊ ဖြစ်ရာ၏။) [ပရိကပ္ပ-စကားဖြစ်၍ "အဿ"ဟု ထည့်သည်။] သေယျထိဒံ၊ အဘယ် ဓည-တို့ဖြင့်နည်း။ (အဘယ်ဓည-တို့ဖြင့် ပြည့်နေသနည်း-ဟူလို။) သာလိနံ၊ သလေးတို့ဖြင့်လည်းကောင်း။ ဝိဟီနံ၊ ဆောက်တို့ဖြင့်လည်းကောင်း။ မုဂ္ဂါနံ၊ ပဲနောက်တို့ဖြင့်လည်းကောင်း။ မာသာနံ၊ ပဲကြီးတို့ဖြင့်လည်းကောင်း။ တိလာနံ၊ နှမ်းတို့ဖြင့်လည်းကောင်း။ တဏ္ဍုလာနံ၊ ဆန်တို့ဖြင့်လည်းကောင်းတည်း။

တမေနံ၊ ထိုအိတ်ကို။ စက္ခုမာ၊ စက္ခုပဋိဃ-ရှိသော။ (မျက်စိကောင်းသော။) ပုရိသော၊ ယောကျ်ားသည်။ မုဉ္ဆိတွာ၊ ဖြေ၍။ ပစ္စဝေက္ခေယျ၊ ဆင်ခြင်ရာ၏။ (ကိံ။) "ဣမေ၊ ဤဟာတို့သည်။ သာလိ၊ သလေးတို့တည်း။ ဣမေ၊ ဤဟာတို့သည်။ ဝိဟီ၊ ကောက်တို့တည်း။ပ။ တဏ္ဍုလာ၊ တို့တည်း။" ဣတိ၊ ဤသို့ ဆင်ခြင်ရာ၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ၊ ဤ့အတူသာလျှင်။ပ။မုတ္တန္တိ။ပ။

ဝါ ပန၊ သော။ ကာယော၊ ဆံပင်-အစရှိသော ကောဋ္ဌာသ-အပေါင်းသည်သာ။ အတ္ထိ။ပ။ဝေမို့ ခေါ ဘိက္ခု။ ကာယော၊ ဆံပင်-အစရှိသော ကောဋ္ဌာသ—အပေါင်း၌။ ကာယာနုပဿီ၊ ဆံပင်-အစရှိသော ကောဋ္ဌာသ-အပေါင်းကို အဖန်ဖန်ရှုလေ့ရှိသည်။ (ဟုတ္ထာ) ဝိဟရတိ။

ပဋိကူလမနသိကာရပဗ္ဗံ၊ စက်ဆုပ်ဖွယ် အခြင်းအရာကို
နှလုံးသွင်းပုံ အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

ကာယာနုပဿနာဓာတုမနသိကာရပဗ္ဗံ

၃၇၈။ ဘိက္ခဝေ။ပ။ဣမမေဝ ကာယံ၊ ဤကိုယ်ကိုပင်။ ယထာဌိတံ၊ အကြင်အကြင် တည်နေသည့်အတိုင်း။ ယထာပဏိဟိတံ၊အကြင်အကြင် ရှေးရှုထားအပ်သည့်အတိုင်း။ ဓာတုသော၊ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ။ (ကိံ။) "ဣမသ္မိံ ကာယေ၊ ၌။ ပထဝီဓာတု၊ ပထဝီဓာတ်သည် လည်းကောင်း။ အာပေါဓာတု၊ သည်လည်းကောင်း။ တေဇောဓာတု၊ သည်လည်းကောင်း။ ဝါယောဓာတု၊ သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။" ဣတိ၊ ဤသို့ ဆင်ခြင်

၏။ [ဓာတ်ကြီးလေးပါး၏သဘောနှင့် လက္ခဏာ–စသည်ကို သင်္ဂြိုဟ်ဘာသာ-ဋီကာ၊ ရုပ်ပိုင်း၌ ပြထားပြီ။]

ဘိက္ခဝေ။ သေယျထာပိ၊ ကား။ ဒက္ခော၊ ကျွမ်းကျင်သော။ ဂေါဃာတကော ဝါ၊ နွားသတ်သမားသည် သော်လည်းကောင်း။ ဂေါ-ဃာတကန္တေဝါသီ ဝါ၊ နွားသတ်သမား၏ တပည့်သည်သော်လည်းကောင်း။ ဂါဝိံ၊ နွားမကို။ ဝဓိတ္ဝာ၊ သတ်၍။ စတုမဟာပထေ၊ လေးခုသော လမ်းမကြီးတို့၏ ဆုံရာအရပ်၌။ (လမ်းဆုံလမ်းမ လမ်းလေးခွ၌။) ဗိလသော၊ အစုအစုအားဖြင့်။ ဝါ၊ အတွဲအတွဲ။ ဝိဘဇိတ္ဝာ၊ ဝေဖန်၍။ နိသိန္နော၊ ထိုင်နေသည်။ အဿ သေယျထာပိ၊ ဖြစ်ရာသကဲ့သို့။ ဧဝမေဝ။ပ။ကာယေ၊ ပထဝီဓာတ်, အာပေါဓာတ်–အစရှိသော ဓာတ်တို့၏အပေါင်း၌။ ကာယာ-နုပဿီ၊ ပထဝီဓာတ်, အာပေါဓာတ်–စသော ဓာတ်အပေါင်းကို အဖန်ဖန် ရှုလေ့ရှိသည်။ (ဟုတ္ဝာ။) ဝိဟရတိ။ပ။ကာယော၊ ပထဝီဓာတ်, အာပေါ-ဓာတ်–စသော ဓာတ်အပေါင်းသည်သာ။ အတ္ထိ၊ ရှိ၏။ ဣတိ၊ သို့။ပ။ ဝိဟရတိ။

ဓာတုမနသိကာရပဗ္ဗံ၊ ဓာတ်လေးပါးကို နှလုံးသွင်းပုံအပိုင်းသည်။

နိဋ္ဌိတံ၊ ပြီးပြီ။

ကာယာနုပဿနာ နဝသိဝထိကပဗ္ဗ

၃၇၉။ ပုန စ။ပ။သေယျထာပိ၊ ကား။ သိဝထိကာယ၊ သင်္ချိုင်း၌။ (သုသာန်၌။) ဆဋ္ဌိတံ၊ စွန့်ပစ်အပ်သော။ (မြေ၌မမြှုပ်ပဲ ပစ်ထားအပ်သော။) ဧကာဟမတံ ဝါ၊ သေပြီး၍ တရက်ရှိသည်မူလည်း ဖြစ်သော။ ဒွီဟမတံ ဝါ၊ သေပြီး၍ နှစ်ရက်ရှိသည်မူလည်း ဖြစ်သော။ တီဟမတံ ဝါ၊ သေပြီး၍ သုံးရက်ရှိသည်မူလည်း ဖြစ်သော။ ဥဒ္ဓုမာတကံ၊ (သေသည်မှ အထက် နှစ်ရက်သုံးရက်ကူးသဖြင့်) ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းဖြစ်သော။ ဝိနီလကံ၊ ဖြူနီသဘော ရောနှောစပ်တွဲ ညိုမဲမဲပုပ် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းဖြစ်သော။ ဝိပုဗ္ဗကဇာတံ၊ ပြည်တစိုစို ပေါက်ကွဲယိုလျက် စက်ဆုပ်ဖွယ်ရာ မသာလောင်းလည်းဖြစ်သော။ သရီရံ၊ သူသေကောင်ကို။ ပဿေယျ၊ မြင်ရာ၏။

၁။ ဗိလသော။ ။ဗိလပုဒ်နောင်ဝိစ္ဆာ "သော" ပစ္စည်းသက်၍ "ဗိလသော" ဟုဖြစ်၏။ ထို့ကြောင့် "ဗိလံ ဗိလံ ကတ္ဝာ" ဟု ဋီကာဖွင့်သည်။ ဗိလ–၌လည်း ဋီကာအလို "ဗိလ" ဟု ဗိ-၌ ဤ-ဒီဃဖြင့် ရှိရမည်။

သော၊ ထို ရဟန်းသည်။ ဣမမေဝ ကာယံ၊ ဤ မိမိ၏ခန္ဓာကိုယ်ကို ပင်။ ဥပသံဟရတိ၊ ဉာဏ်ဖြင့်ကပ်၍ ဆောင်၏။ (ကိံ၊ အာဘယ်သို့ ကပ်၍ဆောင်သနည်း။) "အယမ္ပိ ကာယော၊ ဤ ငါ၏ခန္ဓာကိုယ်သည်လည်း။ ဧဝံ ဓမ္မော၊ ဤသို့ ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်သဘောရှိ၏။ [ဤ သူ သေကောင်ပုပ်ကဲ့သို့ ပုပ်ခြင်းသဘောရှိ၏။] ဧဝံဘာဝီ၊ ဤသို့ဖြစ်လိမ့်မည်။ [ဤသို့ ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်သဘော ဖြစ်လိမ့်မည်။] ဧဝံအနတီတော၊ ဤစက်ဆုပ်ဖွယ်သဘောကို မလွန်မြောက်နိုင်။ [ဤသို့ ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်သဘောကို မလွန်မြောက်နိုင်။]" ဣတိ၊ ဤသို့ ဉာဏ်ဖြင့်ကပ် ဆောင်၏။ [ဥဒ္ဓုမာတကံ-ကိုကြည့်၍ ဧဝံ ဓမ္မော-စသည်ကို အနက်ပေးပါသည်။ ဝိနီလကံ၊ ဝိပုဗ္ဗကံ-တို့ကိုကြည့်၍လည်း အနက်ဆိုပါဦး။]

ဣတိ။ပ။ကာယေ၊ ဥဒ္ဓုမာတက-စသော အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ-အခြင်းအရာအပေါင်း၌။ ကာယာနုပဿီ၊ ဥဒ္ဓုမာတက စသော အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ-အခြင်းအရာအပေါင်းကို အဖန်ဖန် ရှုလေ့ရှိသည်။ (ဟုတ္ထ) ဝိဟရတိ။ပ။ကာယေ၊ ဥဒ္ဓုမာတက-စသော အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ-အခြင်းအရာအပေါင်းသည်သာ။ အတ္ထိ၊ ရှိ၏။ပ။ဝိဟရတိ။

ပုန စ။ပ။ သေယျထာပိ၊ ကား။ သိဝထိကာယ၊ ၌။ ဆဍ္ဍိတံ၊ အပ်သော။ ကာကေဟိ ဝါ၊ ကျီးတို့သည်သော်လည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ ကုလလေဟိ ဝါ၊ စွန်တို့သည်သော်လည်း။ ခဇ္ဇမာနံ၊ သော။ ဂိဒ္ဓေဟိ ဝါ၊ လင်းတတို့သည်သော်လည်း။ ခဇ္ဇမာနံ၊ သော။ ကင်္ကေဟိ ဝါ၊ ငှက်ကြီးတုံးစပ်တို့သည်သော်လည်း။[ရှေးက ဘုံမတီးငှက်တို့သည်သော်လည်း-ဟု ပေး၏။] ခဇ္ဇမာနံ၊ သော။ သုနခေဟိ ဝါ၊ ခွေးတို့သည်သော်လည်း။ ခဇ္ဇမာနံ၊သော။ ဗျဂ္ဃေဟိ ဝါ၊ ကျားတို့သည်သော်လည်း။ ခဇ္ဇမာနံ၊ သော။ ဒီပိဟိ ဝါ၊ သစ်တို့သည်သော်လည်း။ ခဇ္ဇမာနံ၊ သော်။ သိင်္ဂါလေဟိ ဝါ၊တောခွေးတို့သည်သော်လည်း။ (မြေခွေးတို့သည်သော်လည်း။)ခဇ္ဇမာနံ၊ သော။ ဝိဝိဓေဟိ၊ အထူးထူး အပြားပြား များကုန်သော။ ပါဏကဇာတေဟိ ဝါ၊ပိုးမျိုးတို့သည်သော်လည်း။ခဇ္ဇမာနံ၊သော။ သရီရံ ပဿေယျ။

သော၊ သည်။ ဣမမေဝ ကာယံ၊ ကိုပင်။ ဥပသံဟရတိ။(ကိံ။)"အယမ္ပိ ကာယော၊ ဤ ငါ၏ကိုယ်သည်လည်း။ ဧဝံ ဓမ္မော၊ ဤသို့သဘောရှိ၏။ [ဤသူသေကောင်းကဲ့သို့ ကျီး စွန်-စသော သတ္တဝါတို့ ခဲစားခံရခြင်း သဘောရှိ၏။] ဧဝံ ဘာဝီ၊ ဤသို့ဖြစ်လိမ့်မည်။ (ဤသူသေကောင်ကဲ့သို့ ကျီး စွန်-စသည်တို့ ခဲစားခံရခြင်းသဘော ဖြစ်လိမ့်မည်။)ဧဝံအနတီတော၊ ဤသဘော

ကို မလွန်မြောက်နိုင်။ (ဤသူသေကောင်ကဲ့သို့ ကျီး စွန်–စသည်တို့ ခဲစားခံရခြင်းသဘောကို မလွန်မြောက်နိုင်။)''ဣတိ၊ ဤသို့ကပ်ဆောင်၏။ပ။

ပုန စ။ပ။ သိဝထိကာယ၊ ဠ္ဍ။ ဆဋ္ဌီတံ၊ သော။ အဋ္ဌိကသင်္ခလိကံ၊ သံကွင်းချင်းဆက်သကဲ့သို့ အရိုးချင်းဆက်နေသော အရိုးစုဖြစ်သော။ သမံသလောဟိတံ၊ အသားအသွေးနှင့် တကွဖြစ်သော။ (အသားရောအသွေးရော အနည်းငယ်ကြွင်းကျန်နေသေးသော။)နှာရုသမ္မန္ဒံ၊ အကြောတို့ဖြင့် ဖွဲ့စပ်အပ်သော။ (အကြောတို့ဖြင့် ဖွဲ့တွယ်နေသေးသော။)သရီရံ၊ သူသေကောင်ကို။ ပဿေယျ၊ မြင်ရာ၏။ပ။ ''အယမ္ပိ ကာယော၊ သည်လည်း။ဧဝံ ဓမ္မော၊ ဤသို့ သဘောရှိ၏။ [အသားအသွေး ကျန်နေသေးလျက် အကြောတို့ဖြင့် ဖွဲ့တွယ်နေသော ဤအရိုးစု သူသေကောင်ကဲ့သို့ သဘောရှိ၏။] ။ပ။

ပုန စ။ပ။ သိဝထိကာယ။ ဆဋ္ဌိတံ၊ သော။ အဋ္ဌိက သင်္ခလိကံ၊ သော။ နို မံသလောဟိတမက္ခိတံ၊ အသားမရှိသည်ဖြစ်၍ သွေးတို့ဖြင့် လိမ်းကျံအပ်သော။ (အသားကုန်ပြီး၍၊ သွေးမခြောက်သေးသော။) နှာရုသမ္မန္ဒံ၊ သော။ သရီရံ ပဿေယျ။ပ။ [ဧဝံ ဓမ္မော–စသည်ကို ဖော်ဆိုပါ။]

ပုန စ။ ပ။ သိဝထိကာယ၊ ဠ္ဍ။ ဆဋ္ဌိတံ၊ သော။ အဋ္ဌိကသင်္ခလိကံ၊ သော။ အပဂတမံသလောဟိတံ၊ ကင်းသော အသားအသွေးရှိသော။(အသားအသွေး ကင်းစင်နေသော။) နှာရုသမ္မန္ဒံ၊ သော။ သရီရံ ပဿေယျ။ပ။

ပုန စ။ပ။ (သိဝထိကာယ၊ ဠ္ဍ။ ဆဋ္ဌိတာနိ။ ကုန်သော။ အပဂတ–သမ္မန္ဓာနိ၊ ကင်းသော အဆက်ရှိကုန်သော။ (အဆက်ပြုတ်နေကုန်သော။) ဒိသာ ဝိဒိသာ၊ ရွေးရှု ဖြစ်သောအရပ် အထောင့်မျက်နှာ အရပ်တို့၌။ ဝိက္ခိတ္တာနိ၊ အထူးထူးအပြားပြား ပစ်ချထားအပ်ကုန်သော။ [တမင်ပစ်ချထားအပ်သည်မဟုတ်၊ ''ဖရိဖရဲ ပြန့်ကျဲနေကုန်သော''ဟု ဆိုလိုသည်။] အဋ္ဌိကာနိ၊ အရိုးတို့ကို။ အညေန၊ တပါးသော အရပ်မျက်နှာ အဖို့၌။ ဟတ္ထဋ္ဌိကံ၊ လက်ရိုးကိုလည်းကောင်း။ အညေန၊ ဠ္ဍ။ ပါဒဋ္ဌိကံ၊ ခြေရိုးကိုကိုလည်းကောင်း။ အညေန၊ ဠ္ဍ။ ဂေါပ္ဖကဋ္ဌိကံ၊ ဖမျက်ရိုးကိုလည်းကောင်း။ (ခြေမျက်စိရိုးကိုလည်းကောင်း။)အညေန၊ ဠ္ဍ။ ဇင်္ဃဋ္ဌိကံ၊ ခြေသလုံးရိုးကိုလည်းကောင်း။ အညေန၊ ဠ္ဍ။ဥရုဋ္ဌိကံ၊ ပေါင်ရိုးကိုလည်းကောင်း။ အညေန၊ ဠ္ဍ။ ကဋိဋ္ဌိကံ၊ ခါရိုးကိုလည်းကောင်း။ (တင်ပါးရိုးကိုလည်းကောင်း။) [ခါးဆစ်ရိုးတို့သည် ပိဋ္ဌိဋ္ဌိက–ခေါ် ကျောရိုးဠ္ဍ ပါဝင်၏။] အညေန၊ ဠ္ဍ။ ဖာသုကဋ္ဌိကံ၊ နံရိုးကိုလည်းကောင်း။ အညေန၊ ဠ္ဍ။ ပိဋ္ဌိဋ္ဌိကံ၊ကျောက်ကုန်း

ရိုးကိုလည်းကောင်း။ အညေန၊ ၌။ ခန္ဓဋ္ဌိကံ၊ ပခုံးရိုးကိုလည်းကောင်း။ အညေန၊ ၌။ ဂဝဋ္ဌိကံ၊ လည်ပင်းရိုးကိုလည်းကောင်း။ အညေန၊ ၌။ ဟနုကဋ္ဌိကံ၊ မေးရိုးကိုလည်းကောင်း။ အညေန၊ ၌။ ဒန္တဋ္ဌိကံ၊ သွားရိုးကိုလည်းကောင်း။ အညေန၊ ၌။ သီသကဋ္ဌာဟံ၊ ဦးခေါင်းခွံကိုလည်းကောင်း။ ပဿေယျ။ [အဋ္ဌိကာနိ အပဂတသမ္ဗန္ဓာနိ ဒိသာ ဝိဒိသာ ဝိက္ခိတ္တာနိ-ကို "အညေန ဟတ္ထဋ္ဌိကံ။ပ။ အညေန သီသကဋ္ဌာဟံ" ဟု သရုပ်ဖော်၏။] ။ပ။

ပုန စ။ပ။သိဝထိကာယ၊ ၌။ ဆဋ္ဌိတံ၊ သော။ သရီရံ၊ ကို။ [ထို သရီရ-ကို သရုပ်ဖော်လို၍ အဋ္ဌိကာနိ သေတာနိ သခ်ဝဏ္ဏ ပဋိဘာဂါနိ-စသည်ကို ဟောတော်မူသည်။] သေတာနိ၊ ဖြူကုန်သော။ သခ်ဝဏ္ဏ-ပဋိဘာဂါနိ၊ ခရုသင်း၏ အဆင်းနှင့် တူသော အဖိုရှိကုန်သော။ [ခရုသင်း အဆင်းနှင့်တူကုန်သော ခရုသင်းအဆင်းလို ဖြစ်နေကုန်သော-ဟူလို။]အဋ္ဌိ-ကာနိ၊ တို့ကို။ ပဿေယျ။ပ။

ပုဥ္ဇကိတာနိ[၁]၊ အစုအပုံအဖြစ်ဖြင့် ရောပြွမ်း အပ်ကုန်သော။ (ဟိုတပုံ ဒီတပုံအားဖြင့် အရိုးစု အရိုးပုံတွေ ဖြစ်နေကုန်သော။) တေရောဝဿိကာနိ၊ တနှစ်၏ ဟိုဘက်သို့ ရောက်ပြီးကုန်သော။ ဝါ၊ တနှစ်ကျော် ကုန်သော။ အဋ္ဌိကာနိ။ ပဿေယျ။ပ။ပူတီနိ၊ ပုပ်ဆွေးခြင်း ရှိကုန်သော။ ဝါ၊ ပုပ်ဆွေးကုန်သည်ဖြစ်၍။ စုဏ္ဏက ဇာတာနိ၊ ဖြစ်သော မှုန့်မှုန့် ညက်ညက်၏ အဖြစ်ရှိကုန်သော။ ဝါ၊ မှုန့်မှုန့်ညက်ညက် ဖြစ်နေကုန်သော။ တကယ် အမှုန့်မဖြစ်စေကာမူ အစိတ်စိတ် အမှာမှာ ဖြစ်နေကုန်သော-ဟု ဆိုလိုသည်။] အဋ္ဌိကာနိ ပဿေယျ။ပ။ဝိဟရတိ။ [ပေယျာလမြှုပ်ထားသော ပုဒ်တို့၏ အနက်ကို ဖော်ဆိုပါ။]

၁။ ပုဥ္ဇကိတာနိ။ ။ကဏ္ဏကိတာနိ—ပုဒ်ကိုမှီ၍ အနက်ပေးပါသည်။ ကဏ္ဏ-ကိတာနိ-၏ အဖွင့်ကို ပါရာဇိကဏ်ဘာသာဋီကာ၊ စတုတ္ထအုပ်၊ စာမျက်နှာ ၂၄၃-၌ ပြထားပြီ။

မှတ်ချက်။ ။ဤ ကာယာနုပဿနာ နိဒ္ဒေသ—၌ အာနာပါနပဗ္ဗ-မှ စ၍ ဤ နဝသိဝထိက ပဗ္ဗ—တိုင်အောင် ကမ္မဋ္ဌာန်းကိုးမျိုးရှိရာ အာနာပါန-နှင့် ပဋိကူလ-မနသိကာရ-သည်သာ အပ္ပနာကို ဆောင်နိုင်သော ကမ္မဋ္ဌာန်းဖြစ်၏။ နဝသိဝထိက-တို့ကို ခန္ဓာကိုယ်၏အပြစ်ကို အဖန်ဖန်ရှုမြင်တတ်သော ဉာဏ်ဖြစ်ဖို့ရာ ဟောအပ်၏။ အာနာပါန-နှင့် ပဋိကူလ မနသိကာရ—မှ တပါး ကျန်ကမ္မဋ္ဌာန်း ၁၂—ပါးသည် ဥပစာရ — သမာဓိကိုသာ ဆောင်နိုင်သော ကမ္မဋ္ဌာန်းများဖြစ်၏ ဟု အဋ္ဌကထာ မိန့်သည်။

နဝသိဝထိကပဗ္ဗံ၊ ကိုးမျိုးသော သန်ချိုင်း၌တည်သော အလောင်းနှင့် စပ်သော အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီ။
စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ကာယာနုပဿနာ၊ ကိုယ်ကို အဖန်ဖန် ရှုပုံတို့သည်။ နိဋ္ဌိတာ၊ ကုန်ပြီ။

ဝေဒနာနုပဿနာ

၃၈၀။ ဘိက္ခဝေ၊ တို့။ ကထဥ္ဇပန၊ အဘယ် အပြားအားဖြင့်။ (အဘယ်နည်းဖြင့်။)ဘိက္ခု၊ သည်။ ဝေဒနာသု၊ ဝေဒနာတို့၌။(ခံစားမှု သဘော-တို့၌။)ဝေဒနာနုပဿီ၊ ဝေဒနာကို အဖန်ဖန်ရှုလေ့ရှိသည်။ (ခံစားမှုသဘော-ကို အဖန်ဖန်ရှုလေ့ရှိသည်။ ဟုတ္ဌာ။) ဝိဟရတိ၊ နည်း။ ဘိက္ခဝေ။ ဣဓ၊ ဤသာသာနာတော်၌။ ဘိက္ခု။ သုခံ၊ သုခဖြစ်သော။ (ချမ်းသာသော၊ ကောင်းသော။)ဝေဒနံ ဝါ၊ ကိုမူလည်း။ ဝေဒယမာနော၊ ခံစားလတ်သော်။ "သုခံ ဝေဒနံ၊ ကို။ ဝေဒယာမိ၊ ခံစား၏။" ဣတိ၊ ဤသို့။ ပဇာနာတိ။ ဒုက္ခံ၊ သော။ (ဆင်းရဲသော၊ မကောင်းသော။)။ပ။ အဒုက္ခမသုခံ၊ အဒုက္ခမသုခ-ဖြစ်သော။ (မဆင်းရဲမချမ်းသာသော၊ မဆိုးမကောင်းသော။) ။ပ။

နဝသိဝထိက-တို့ကို အပ္ပနာဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းစာရင်း၌ အဋ္ဌကထာ မသွင်းခြင်းမှာ ဤ နေရာ၌ ဥပမာန-အဖြစ်ဖြင့် ပြထားအပ်သောကြောင့် တကယ်ရှုဖွယ် မလိုသည့် အတွက် အပဓာနအဖြစ်ဖြင့် ပြထားခြင်းဖြစ်သည်။

သိဝထိက-ရှုကောင်း။ ။ထိုသို့ပြသဖြင့် သိဝထိက-တို့ကို လုံးလုံး မရှုကောင်း ဟုကား မမှတ်ထိုက်ပေ။ မှန်၏၊ သိဝထိက-ကိုးမျိုးတွင် ပထမ သိဝထိက-သည် ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗကဇာတ အသုဘကမ္မဋ္ဌာန်း၌ ပါဝင်၏။ ဒုတိယ သိဝထိက-သည် ဝိက္ခာယိတက အသုဘ-၌ ပါဝင်၏။ ကြွင်းသော သိဝထိက-တို့သည် အဋ္ဌိက-ကမ္မဋ္ဌာန်း၌ ပါဝင်၏။

ဈာန်လည်းရနိုင်။ ။ထို့ကြောင့် "ဒသ အသုဘာ ကာယဂတာ သတိ စ ပဌမဇ္ဈာနိကာ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟ စကားအရ "ဈာန်ရနိုင်သော ကမ္မဋ္ဌာန်း" ဟု မှတ်ပါ။ အဋ္ဌကထာ၌ "ဥပစာရကမ္မဋ္ဌာနာနိ" ဟု ဆိုထားခြင်းမှာ အသက်ရှိသော မိမိခန္ဓာကိုယ်၌ အသုဘရှုပွားလျှင် ဈာန်မရနိုင်သည်ကို ရည်ရွယ်၍ ဆိုထားသည်။

အသုဘပွား၍ တရားထူးရ။ ။ကောဋ္ဌာသ-ကမ္မဋ္ဌာန်းဖြင့် တရားထူးရသော ပုဂ္ဂိုလ်များ၊ အသုဘ ဘာဝနာဖြင့် တရားထူးရသော ပုဂ္ဂိုလ်များ ကျမ်းစာတို့၌ ပြထားပုံကို သတိပြု၍ စနစ်တကျ ပွားများလျှင် ရာဂ ကို ပယ်ခွာ၍ ကိလေသာ ငြိမ်းအေးနိုင်ကြောင်းကို သတိပြုပါ။

သာမိသံ၊ ကိလေသာဖြင့် သုံးသပ်အပ်သော ကာမဂုဏ်နှင့် တကွဖြစ်သော။ သုခံ၊သော။ ဝေဒနံ ဝါ၊ဧဟသိတ-သောမနဿ ဝေဒနာကိုမူလည်း။ (ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ-စသော ကာမဂုဏ်နှင့်စပ်၍ဖြစ်သော ဝမ်းမြောက်မှု။) ။ပ။နိရာမိသံ၊ တဏှာဖြင့်သုံးသပ်အပ်သော ကာမဂုဏ်ဟူသော အာမိသ-မရှိသော။သုခံ၊သော။ဝေဒနံ ဝါ၊နေက္ခမ္မသိတ-သောမနဿ ဝေဒနာကိုမူလည်း။ (ကာမဂုဏ်မှထွက်မြောက်ကြောင်းဖြစ်သော အကျင့်၌မှီသော သောမနဿ ဝေဒနာကိုမူလည်း။)။ပ။

သာမိသံ၊ သော။ ဒုက္ခံ၊ သော။ ဝေဒနံ ဝါ၊ ဧဟသိတ-ဒေါမနဿ ဝေဒနာကိုမူလည်း။ (ကာမဂုဏ်တည်းဟူသော အိမ်၌မှီသော ဒေါမနဿ ဝေဒနာကိုမူလည်း။) ။ပ။ နိရာမိသံ၊ သော။ ဒုက္ခံ၊ သော။ ဝေဒနံ ဝါ၊ နေက္ခမ္မသိတ-ဒေါမနဿ ဝေဒနာကိုမူလည်း။ (ကာမဂုဏ်မှ ထွက်မြောက်ကြောင်း အကျင့်၌မှီသော ဒေါမနဿ-ဝေဒနာကိုမူလည်း။)။ပ။ သာမိသံ၊ သော။ အဒုက္ခမသုခံ၊ သော။ ဝေဒနံ ဝါ၊ ဧဟသိတ-ဥပေက္ခာဝေဒနာကိုမူလည်း။ (ကာမဂုဏ်တည်းဟူသော အိမ်၌မှီသော ဥပေက္ခာဝေဒနာကိုမူလည်း။) ။ပ။ နိရာမိသံ၊ သော။ အဒုက္ခမသုခံ၊ သော။ ဝေဒနံ ဝါ၊ နေက္ခမ္မသိတ-ဥပေက္ခာဝေဒနာကိုမူလည်း။ (ကာမဂုဏ်မှထွက်မြောက်ကြောင်း အကျင့်၌မှီသော ဥပေက္ခာဝေဒနာကိုမူလည်း။)။ပ။

ဣတိ၊ ဣဿိလျှင်။ အဇ္ဈတ္တံ ဝါ၊ မိမိ၏ မူလည်း။ ဝေဒနာသု၊ တို့၌။ ဝေဒနာနုပဿီ ဝိဟရတိ။ပ။ဝါ ပန၊သည်သာမက-သေး။ ''ဝေဒနာ၊ဝေဒနာသည်သာ။ (ခံစားမှု သဘောမျှသည်သာ။) အတ္ထိ၊ရှိ၏။'' ဣတိ၊ဣဿိ။အဿ၊ ထို ရဟန်း၏။ သတိ၊ သတိသည်။ပ။ဝိဟရတိ။ [ပေယျာလ-မြုပ်ထားသော ပုဒ်တို့၏အနက်ကို အာနာပါနပဗ္ဗ-အဆုံးနားအတိုင်း ဖော်ဆိုပါ။]

ဝေဒနာ နုပဿနာ၊ ဝေဒနာကို အဖန်ဖန်ရှုပုံသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

စိတ္တာနုပဿနာ

၃၈၁။ ကထဉ္စ။ပ။သရာဂံ[1]၊ ရာဂနှင့်တကွဖြစ်သော။ စိတ္တံ ဝါ၊ စိတ်ကို မူလည်း။ [လောဘမူစိတ် ရှစ်ပါးကို ဆိုသည်။] ''(မေ၊ ၏။) စိတ္တံ၊ သည်။ သရာဂံ၊ ရာဂ-နှင့်တကွဖြစ်၏။'' ဣတိ၊ သို့။ ပဇာနာတိ။ ဝိတရာဂံ၊

၁။ သရာဂံ ဝိတရာဂံ။ ။စိတ်ကို ''အနိစ္စ, ဒုက္ခ အနတ္တ''ဟု သုံးသပ်ကြောင်း ဝိပဿနာ ပြသောဒုက်ဖြစ်၍ ဝိတရာဂ-အရ လောကုတ္တရာ မရုပ်ကို သတိပြုပါ၊ နောက်၌လည်း နည်းတူ။

ကင်းသော ရာဂ-ရှိသော။ (ရာဂ-ကင်းနေသော။) စိတ္တံ ဝါ၊ ကိုမူလည်း။ [လောကီကုသိုလ် အဗျာကတ-စိတ်ကို ဆိုသည်။] "(မေ၊ ၏။) စိတ္တံ၊ သည်။ ဝီတရာဂံ၊ ကင်းသော ရာဂ - ရှိ၏။" ဣတိ၊ သို့။ ပဇာနာတိ။ သဒေါသံ၊ ဒေါသ-နှင့် တကွဖြစ်သော။ စိတ္တံ ဝါ၊ ကိုမူလည်း။ [ဒေါသမူ စိတ်ကို ဆိုသည်။]။ပ။ဝီတဒေါသံ၊ ကင်းသော ဒေါသရှိသော။ (ဒေါသ-ကင်းနေသော။) စိတ္တံ ဝါ၊ ကိုမူလည်း။ [လောကီကုသိုလ် အဗျာကတ-စိတ်ကို ဆိုသည်]။ပ။သမောဟံ၊ မောဟနှင့် တကွဖြစ်သော။ စိတ္တံ ဝါ၊ ကိုမူလည်း။ [မောဟမူစိတ်ကို ဆိုသည်။]။ပ။ဝီတမောဟံ၊ သော။ စိတ္တံ ဝါ၊ ကိုမူလည်း။ [လောကီကုသိုလ် အဗျာကတ-စိတ်ကို ဆိုသည်။]

သံခိတ္တံ၊ ထိနမိဒ္ဓ-ကြောင့် ကျုံ့နေသော။ (တွန့်ဆုတ်နေသော။)စိတ္တံ ဝါ၊ ကိုမူလည်း။ [အကုသိုလ် သသင်္ခါရိက-စိတ် ငါးခု။] "(မေ၊ ငါ၏။) စိတ္တံ၊ သည်။ သံခိတ္တံ၊ ပြီ။" ဣတိ၊ သို့။ ပဇာနာတိ။ ဝိက္ခိတ္တံ၊ အထူးထူး အပြားပြား ပစ်လွှတ်အပ်သော။ (ပျံ့လွင့်နေသော။) စိတ္တံ ဝါ။[ဥဒ္ဓစ္စ-သဟဂတ်စိတ်။] ။ပ။ မဟဂ္ဂတံ၊ ကာမာဝစရထက် မြတ်သည်၏အဖြစ်သို့ ရောက်သော။ စိတ္တံ ဝါ၊ ကိုမူလည်း။ (ရူပါဝစရ အရူပါဝစရ-စိတ်ကိုမူလည်း။ မေ၊ ၏။) စိတ္တံ၊ သည်။ မဟဂ္ဂတံ၊ မြတ်သည်၏အဖြစ်သို့ ရောက်ပြီ။ပ။အမဟဂ္ဂတံ၊ မဟဂ္ဂုတ်မဟုတ်သော။ (မြတ်သည်၏အဖြစ်သို့ မရောက်သော။) စိတ္တံ ဝါ၊ ကိုမူလည်း။ [ကာမာဝစရ-စိတ်ကို ဆိုသည်။]

သဥတ္တရံ၊ မိမိထက် လွန်မြတ်သောတရားနှင့် တကွဖြစ်သော။ စိတ္တံ ဝါ၊ ကိုမူလည်း။ [ကာမာဝစရစိတ်ကိုဆိုသည်။] ။ပ။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သောတရား .မရှိသော။ စိတ္တံ ဝါ။ [ရူပါဝစရ အရူပါဝစရ-စိတ်ကို ဆိုသည်။] (တနည်း) သဥတ္တရံ စိတ္တံ ဝါ။ [ကာမာဝစရ, ရူပါဝစရ-စိတ်။] အနုတ္တရံ စိတ္တံ ဝါ။ [အရူပါဝစရစိတ်။ (လောကုတ္တရာစိတ်မရပုံကိုသတိပြု။)]

သမာဟိတံ၊ အာရုံ၌ကောင်းစွာထားအပ်သော။ စိတ္တံ ဝါ။ [ဥပစာရ-သမာဓိနှင့်ယှဉ်သော ကာမာဝစရ, အပ္ပနာသမာဓိနှင့်ယှဉ်သော ရူပ အရူပ-စိတ်။] ။ပ။ အသမာဟိတံ၊ အာရုံ၌ ကောင်းစွာမထားအပ်သော။ စိတ္တံ ဝါ၊

၁။ **သမောဟံ**။ ။"သရာဂ, သဒေါသ, သမောဟ"ဟု သီးခြားဆိုထားသော ကြောင့် သမောဟ-အရ မောဟမူဒွေကိုသာယူသည်၊သို့ရာတွင် မောဟ-က အကုသိုလ် ဆယ့်နှစ်ပါးလုံး၌ ယှဉ်သောကြောင့် အကုသိုလ်စိတ် ဆယ့်နှစ်ပါးလုံးကိုလည်း ယူနိုင်ပါ၏။

[ကြွင်း-လောကီစိတ်အားလုံး။] ဝိမုတ္တံ၊ တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ-တို့ဖြင့် ကိလေသာတို့မှလွတ်သော။ စိတ္တံ ဝါ၊ ကိုမူလည်း။ [ကာမာဝစရကုသိုလ် ကြိယာစိတ်, မဟဂ္ဂုတ်စိတ်။] အဝိမုတ္တံ၊ တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ-တို့ဖြင့် ကိလေသာတို့မှ မလွတ်သေးသော။ စိတ္တံ ဝါ။ [ကြွင်း-လောကီစိတ်။] ။ပ။ ဝိဟရတိ။

စိတ္တာနုပဿနာ၊ စိတ်ကို အဖန်ဖန်ရှုပုံသည်။
နိဋ္ဌိတာ၊ ပြီးပြီ။

ဓမ္မာနုပဿနာ နိဝရဏပဗ္ဗ

၃၈၂။ ဘိက္ခဝေ၊ တို့။ ကထဉ္စ ပန၊ ဖြင့်။ ဘိက္ခု။ ဓမ္မေသု၊ ရုပ်နာမ်တရားတို့၌။ ဓမ္မာနုပဿီ၊ ရုပ်နာမ်တရားကို အဖန်ဖန်ရှုလေ့ရှိသည်။ (ဟုတ္ထ။) ဝိဟရတိ၊ နည်း။ပ။ဘိက္ခု။ ပဉ္စသု၊ ငါးပါးကုန်သော။ နိဝရဏေသု၊ နိဝရဏ-ဖြစ်ကုန်သော။ ဓမ္မေသု၊ နာမ်တရားတို့၌။ ဓမ္မာနုပဿီ၊ နာမ်တရားကို အဖန်ဖန်ရှုလေ့ရှိသည်။ (ဟုတ္ထာ) ဝိဟရတိ။ပ။

ဘိက္ခဝေ။ပ။အတ္ထိတ္တံ၊ မိမိသန္တာန်၌။ သန္တံ၊ ထင်ရှားရှိသော။ (မပြတ် မပြတ် ဖြစ်ခြင်း၏အစုမ်းအားဖြင့် ထင်ရှားရှိသော။) ကာမစ္ဆန္ဒံ ဝါ၊ ကာမစ္ဆန္ဒ-ကိုမူလည်း။ "မေ၊ ငါ၏။ အတ္ထိတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ ကာမစ္ဆန္ဒော၊ သည်။ အတ္ထိ၊ ရှိ၏။" ဣတိ၊ သို့။ ပဇာနာတိ။ အတ္ထိတ္တံ၊ ၌။ အသန္တံ၊ ထင်ရှားမရှိသော။ (အတော်ကြာအောင် မဖြစ်ခြင်းကြောင့် ဖြစ်စေ၊ မင်္ဂဖြင့် ပယ်အပ်ပြီးသောကြောင့် ဖြစ်စေ-မဖြစ်သော။)ကာမစ္ဆန္ဒံ ဝါ၊ ကိုမူလည်း။ "မေ၊ ၏။ အတ္ထိတ္တံ၊ ၌။ ကာမစ္ဆန္ဒော၊ သည်။ နတ္ထိ၊ မရှိ။" ဣတိ၊ သို့။ ပဇာနာတိ။ ယထာ စ၊ အကြင်အကြောင်းကြောင့်လည်း။ (သုဘနိမိတ်၌ မသင့်မလျော်နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့်လည်း။) အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ကာမစ္ဆန္ဒဿ၊ ၏။ ဥပ္ပာဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထို ကာမစ္ဆန္ဒ-ဖြစ်ခြင်း၏ အကြောင်းကိုလည်း။ ပဇာနာတိ။ ယထာ စ၊ အကြင်အကြောင်းကြောင့်လည်း။ (အသုဘနိမိတ်၌ သင့်လျော်အောင် နှလုံးသွင်းမှုကြောင့်လည်း။) ဥပ္ပန္နဿ၊ ဖြစ်သော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ-ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ [တဒင်္ဂ-ပဟာန် ဝိက္ခမ္ဘန-ပဟာန်ဖြင့် ပယ်ခြင်းကို ယူပါ။] တဉ္စ၊ ထို အကြောင်းကိုလည်း။ (ထို ကာမစ္ဆန္ဒ-ကို ပယ်ခြင်း၏

အကြောင်းကိုလည်း။) ပဇာနာတိ။ ယထာ စ၊ အကြင်အကြောင်းကြောင့် လည်း။ (အကြင် အရိယမဂ်-ဟူသော အကြောင်းကြောင့်လည်း။)ပဟီနဿ၊ ပယ်အပ်ပြီးသော။ ကာမစ္ဆန္ဒဿ၊ ၏။ အာယတိ ံ၊ နောင်အခါ၌။ အနုပ္ပာ-ဒေါ၊ မဖြစ်ခြင်းသည်။ ဟောတိ။ တဉ္စ၊ ထို အကြောင်းကိုလည်း။ (ထို ပယ်အပ်ပြီးသောကာမစ္ဆန္ဒ-၏ နောင်အခါမဖြစ်ခြင်း၏ အကြောင်းဖြစ်သော အရိယမဂ်ကိုလည်း။) ပဇာနာတိ။ [နောက်နိဒ္ဒေသ-တို့၌ ဤသို့ အပြည့် အစုံပေးပါ။ ထူးရာ၌သာ ရေးပါမည်။]

သန္တံ ဝါ အတ္ထိတ္တံ ဗျာပါဒံ။ပ။ယထာ စ၊ ကြောင့်လည်း။ (ပဋိဃ-နိမိတ်၌ မသင့်မလျော် နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့်လည်း။) အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပာဒေါ ဟောတိ။ တံ စ၊ ကိုလည်း။ (ထိုဗျာပါဒ-၏ ဖြစ်ခြင်း၏ အကြောင်းကိုလည်း။)။ပ။ ယထာ စ၊ ကြောင့်လည်း။ (မေတ္တာ စေတောဝိမုတ္တိ-၌ သင့်လျော်အောင် နှလုံးသွင်းခြင်း ဟူသော အကြောင်းကြောင့်လည်း။) ။ပ။ ပဟာနံ ဟောတိ။ တဉ္စ၊ ထို ဗျာပါဒ-ကို ပယ်ခြင်း၏ အကြောင်းကိုလည်း။ပ။ယထာ စ၊ ကြောင့်လည်း။ (အကြင် အရိယမဂ်ဟူသော အကြောင်းကြောင့်လည်း။)။ပ။အနုပ္ပာဒေါ ဟောတိ။ တဉ္စ၊ ကိုလည်း။ (ပယ်အပ်ပြီးသော ဗျာပါဒ-၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း။) ပဇာနာတိ။

သန္တံ ဝါ အတ္ထိတ္တံ ထိနမိဒ္ဓံ။ပ။ယထာ စ၊ ကြောင့်လည်း။ (မသင့်မလျော် နှလုံးသွင်းခြင်းကြောင့်ဖြစ်သော အရုတိ, တန္ဒီ-စသော အကြင်အကြောင်း ကြောင့်လည်း။)။ပ။ ဥပ္ပာဒေါ ဟောတိ။ပ။ယထာ စ၊ ကြောင့်လည်း။ (သင့်လျော်အောင် နှလုံးသွင်းခြင်းကြောင့် ဖြစ်သော အာရမ္ဘဝတ်စသော အကြင်အကြောင်းကြောင့်လည်း။)။ ပ ။ပဟာနံ ဟောတိ။ ပ ။ယထာ စ၊ ကြောင့်လည်း။ (အကြင် အရိယမဂ်ဟူသော အကြောင်းကြောင့်လည်း။) ။ပ။အနုပ္ပာဒေါ ဟောတိ။ပ။

သန္တံ ဝါ အတ္ထိတ္တံ ဥဒ္ဓစ္စကုက္ကုစ္စံ။ပ။ယထာ စ၊ ကြောင့်လည်း။(မသင့်မလျော် နှလုံးသွင်းခြင်းကြောင့် ဖြစ်သော စိတ်၏ မငြိမ်သက်ခြင်းဟူသော အကြင်အကြောင်းကြောင့်လည်း။) ။ပ။ဥပ္ပာဒေါ ဟောတိ။ပ။ယထာ စ၊ ကြောင့်လည်း။(သင့်လျော်အောင် နှလုံးသွင်းခြင်းကြောင့်ဖြစ်သော သမာဓိ ဟု ဆိုအပ်သော စိတ်၏ ငြိမ်းအေးခြင်းဟူသော အကြင်အကြောင်းကြောင့် လည်း။)။ပ။ပဟာနံ ဟောတိ။ပ။

သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ။ပ။ယထာ စ၁၊ ကြောင့်လည်း။ (မသင့်မလျော် နှလုံးသွင်းခြင်းကြောင့် ဖြစ်သော ဝိစိကိစ္ဆာဌာနီယဓမ္မ – ဟူသော အကြောင် အကြောင်းကြောင့်လည်း။)။ပ။ဥပ္ပာဒေါ ဟောတိ။ပ။ယထာ စ၊ ကြောင့်လည်း။ (သင့်လျော်အောင် နှလုံးသွင်းခြင်းကြောင့် ဖြစ်သော ကုသိုလ်တရားဟူသော အကြောင်အကြောင်းကြောင့်လည်း။)။ပ။ပဟာနံ ဟောတိ။ပ။

ဣတိ အဇ္ဈတ္တံ ဝါ။ပ။ဓမ္မာ၊ သတ္တဝါမဟုတ် အသက်မဟုတ်သော သဘောတရားတို့သည်သာ။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ သို့။ သတိ။ပ။နိဝရဏေသု။ [ပေယျာလ–မြှုပ်ထားသော ပုဒ်တို့၏အနက်ကို အာနာပါနပဗ္ဗ အဆုံးနားကို နည်းမှီးဆိုပါ။]

နိဝရဏပဗ္ဗံ၊ နိဝရဏကို ပြဆိုရာအပိုင်းသည်။

နိဋ္ဌိတံ၊ ပြီးပြီ။

ဓမ္မာနုပဿနာ ခန္ဓပဗ္ဗ

၃၀၃။ ပုန စ။ပ။ပဋ္ဌသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်၏ အကြောင်းဖြစ်သော ခန္ဓာဖြစ်ကုန်သော။ ဝါ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဖြစ်ကုန်သော။ ဓမ္မေသု၊ တရားအစုတို့၌။ ဓမ္မာနုပဿီ၊ တရားအစုကို အဖန်ဖန်ရှုလေ့ရှိသည်။ (ဟုတ္ဝာ) ဝိဟရတိ။ပ။ ဣတိ၊ ဤတရားအပေါင်းသည်။ (ဖောက်ပြန်ခြင်း သဘောရှိသော ဤတရားအပေါင်းသည်။) ရူပံ၊ ရုပ်တည်း။ ဣတိ၊ အဝိဇ္ဇာ, တဏှာ, ကမ္မ, အာဟာရ–ဟူသော ဤအကြောင်းသည်။ ရူပဿ၊ ၏။ သမုဒယော၊ ကြွင်းသော အကြောင်းနှင့် ပေါင်းမိလတ်သော် ဖြစ်ကြောင်းတည်း။ ဣတိ၊ ဤအဝိဇ္ဇာ, တဏှာ, ကမ္မ, အာဟာရ–အကြောင်းတို့၏ ချုပ်ခြင်းသည်။ ရူပဿ၊ ၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသို့ ရောက်ကြောင်းတည်း။ (ချုပ်ကြောင်းတည်း။)

ဣတိ၊ ဤတရားအပေါင်းသည်။ (ခံစားခြင်းသဘောရှိသော ဤတရားအပေါင်းသည်။) ဝေဒနာ၊ တည်း။ ဣတိ၊ အဝိဇ္ဇာ,တဏှာ,ကမ္မ,ဖဿ–ဟူသော ဤတရားအပေါင်းသည်။ ဝေဒနာယ၊ ၏။ သမုဒယော၊ တည်း။ ဣတိ၊ အဝိဇ္ဇာ,တဏှာ,ကမ္မ,ဖဿ–တို့၏ ချုပ်ခြင်းသည်။ ဝေဒနာယ၊ ၏။ အတ္ထင်္ဂမော၊ တည်း။

၁။ ယထာ စ။ပ။အနုပ္ပါဒေါ။ ။အဋ္ဌကထာ၌ ဤဝါကျဝယ် ဆိုင်ရာမဂ်ကို အတိအကျ ဖွင့်ပြသော်လည်း နိဝရဏာ ၅-ပါးကို မဂ်အားလုံးကပင် အပိုင်းအခြားအားဖြင့် ပယ်နိုင်သောကြောင့် "အရိယမဂ်" ဟု သာမည-ပေးလိုက်ပါသည်။

ဣတိ၊ ဤတရားအပေါင်းသည်။ (သိမှတ်ခြင်းသဘောရှိသော ဤတရားအပေါင်းသည်။)သညာ၊ တည်း။ [ဖြစ်ကြောင်း ချုပ်ကြောင်း ဝေဒနာနှင့်တူ၏။]။ပ။ ဣတိ၊ ဤတရားအပေါင်းသည်။ (စေ့ဆော်ပြုလုပ်ခြင်းသဘောရှိသော ဤတရားအပေါင်းသည်။)သခ်ါရာ၊ တို့တည်း။[ဖြစ်ကြောင်း ချုပ်ကြောင်းတို့ ဝေဒနာနှင့်တူပြီ။]။ပ။

ဣတိ၊သည်။(သိခြင်းသဘောရှိသော ဤတရားအပေါင်းသည်။)ဝိညာဏံ၊ တည်း။ ဣတိ၊ အဝိဇ္ဇာ,တဏှာ,ကမ္မ,နာမရူပ-ဟူသော ဤတရားအပေါင်းသည်။ ဝိညာဏဿ၊ ၏။ သမုဒယော၊ တည်း။ ဣတိ၊ အဝိဇ္ဇာ,တဏှာ,ကမ္မ,နာမရူပ-ဟူသော ဤအကြောင်းတို့၏ ချုပ်ခြင်းသည်။ ဝိညာဏဿ၊ ၏။ အတ္ထင်္ဂမော၊ တည်း။ ဣတိ၊ ဤသို့ အဖန်ဖန်ရှုလျက်နေ၏။ပ။ "ဓမ္မာ၊ သတ္တဝါမဟုတ် အသက်မဟုတ်သော နာမ်ရုပ်အစုတို့သည်သာ။ အတ္ထိ၊ ရှိကုန်၏။"။ပ။ ဥပါဒါနက္ခန္ဓေသု။

ခန္ဓပဗ္ဗံ၊ ခန္ဓာကိုပြဆိုရာအပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

ဓမ္မာနုပဿနာ အာယတနပဗ္ဗ

၃၈၄။ ပုန စ။ပ။ ဆသု၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကဗာဟိရေသု၊ ကိုယ်တွင်းသန္တာန် ကိုယ်ပသန္တာန်၌ဖြစ်ကုန်သော။ အာယတနေသု၊ အာယ-တန-မည်ကုန်သော။ ဓမ္မေသု၊ ရုပ်တရား နာမ်တရားတို့၌။ ဓမ္မာနုပဿီ၊ ရုပ်တရား နာမ်တရား-ဟု အဖန်ဖန်ရှုလေ့ရှိသည်။ (ဟုတ္ဒာ)ဝိဟရတိ။ပ။

စက္ခုဉ္စ၊ စက္ခုပသာဒ-ရုပ်ကိုလည်း။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ (ဟုတ်မှန်သောသဘောအားဖြင့်ခွဲခွဲခြားခြား သိ၏။) ရူပေ စ၊ ဗဟိဒ္ဓ-ရူပါရုံတို့ကိုလည်း။ ပဇာနာတိ။ တဒုဘယံ၊ စက္ခုပသာဒ-နှင့် ရူပါရုံ ထို နှစ်ပါးစုံကို။ ပဋိစ္စ၊ စွဲ၍။ (အကြောင်းပြု၍။) ယဉ္စ သံယောဇနံ၊ အကြင် ဆယ်ပါးသော သံယောဇဉ်သည်လည်း။ ဥပ္ပဇ္ဇတိ။ တဉ္စ၊ ထို ဆယ်ပါးသော သံယောဇဉ်ကိုလည်း။ ပဇာနာတိ။ ယထာ စ၊ အကြင် အကြောင်းကြောင့်လည်း။ (အကြင်ဣဋ္ဌာရုံ, အနိဋ္ဌာရုံ- အစရှိသည်တို့၌ မသင့်မလျော် နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့်လည်း။)အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သံယောဇနဿ၊ ဆယ်ပါးသော သံယောဇဉ်၏။ ဥပ္ပာဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ။ တဉ္စ၊ ထို အကြောင်းကိုလည်း။ (ထို သံယောဇဉ် ဆယ်ပါး ဖြစ်

ခြင်း၏ အကြောင်းကိုလည်း။) ပဇာနာတိ။ ယထာ စ၊ ကြောင့်လည်း။ (ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ သင့်လျော်အောင် နှလုံးသွင်းခြင်းဟူသော အကြောင်အကြောင်းကြောင့်လည်း။) ဥပ္ပန္နဿ၊ ဖြစ်သော။ (မဂ်ဖြင့် မပယ်အပ် သေးသောကြောင့်ဖြစ်စေ၊ မပြတ်မလပ်ဖြစ်ခြင်း၏အစွမ်းကြောင့်ဖြစ်စေဖြစ်သော။) သံယောဇနဿ၊ ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ။ တဉ္စ၊ ကိုလည်း။ (ထို ဖြစ်သော သံယောဇဉ်ကို ပယ်ခြင်း၏အကြောင်းကိုလည်း။) ပဇာနာတိ။ ယထာ စ၊ အကြင် အရိယမဂ်ဟူသော အကြောင်းကြောင့်လည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ သံယောဇနဿ၊ ၏။ အာယတိ ံ၊ ၌။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ဟောတိ။ တဉ္စ၊ ကိုလည်း။ (ထို ပယ်အပ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း။) ပဇာနာတိ။

[အမှာ။ ။နောက်နောက် ဝါကျများ၌ ဤနည်းမှီ၍ဆိုပါ။ မနဉ္စ၊ ဘဝင်စိတ်ကိုလည်း။ ဓမ္မေ စ၊ ဓမ္မာရုံတို့ကိုလည်း။– ဟုဆိုပါ။]

အာယတန ပဗ္ဗံ၊ အာယတနကို ပြဆိုရာ အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ဓမ္မာနုပဿနာ ဗောဇ္ဈင်္ဂပဗ္ဗ

၃၀၅။ ပုန စ။ပ။ သတ္တသု၊ ကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်-မည်ကုန်သော။ (သစ္စာလေးပါးကို သိကြောင်း တရားအပေါင်း၏ အစိတ်အပိုင်းဖြစ်ကုန်သော။) ဓမ္မေသု၊ နာမ်တရားတို့၌။ ဓမ္မာနုပဿီ(ဟုတ္ဝာ)ဝိဟရတိ။ပ။

အတ္ထိတ္တံ၊ မိမိသန္တာန်၌။ သန္တံ၊ ထင်ရှားရှိသော။ (ရဟန်း၏အစွမ်းအားဖြင့် ထင်ရှားရှိသော။) [ရရှိနေသော–ဟူလို။] သတိသမ္ဗောဇ္ဈင်ံ ဝါ၊ သတိသမ္ဗောဇ္ဈင်ကိုမူလည်း။။ ‘‘မေ၊ ဝါ၏။ အတ္ထိတ္တံ၊ ကိုယ်တွင်းသန္တာန်၌။ သတိ-သမ္ဗောဇ္ဈင်္ဂေါ၊ သည်။ အတ္ထိ၊ ရှိနေ၏။’’ဣတိ၊ သို့။ ပဇာနာတိ။ အတ္ထိတ္တံ၊ ၌။ အသန္တံ၊ သော။ (မရဟန်း၏အစွမ်းအားဖြင့် ထင်ရှားမရှိသော။) သတိသမ္ဗောဇ္ဈင်ံ ဝါ၊ ကိုမူလည်း။ ‘‘မေ၊ ၏။ အတ္ထိတ္တံ၊ ၌။ သတိသမ္ဗော-ဇ္ဈင်္ဂေါ၊ သည်။ နတ္ထိ၊ မရှိ။’’ဣတိ၊ သို့။ ပဇာနာတိ။

ယထာ စ၊ ကြောင့်လည်း။ (အကြင် ယောနိသောမနသိကာရ-ဟူသော အကြောင်းကြောင့်လည်း။) ။ပ။ ဥပ္ပါဒေါ ဟောတိ။ တဉ္စ၊ ကိုလည်း။ (ထို မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းကိုလည်း။) ပဇာနာတိ။ ယထာ စ၊ ကြောင့်လည်း။ (အကြင် အရဟတ္တ-မဂ်ဟူသော

အကြောင်းကြောင့်လည်း။) ဥပ္ပန္နဿ၊ သော။ သတိသမ္မောဇ္ဈင်္ဂဿ၊ ကို။ ဘာဝနာယ၊ ဖြစ်စေခြင်း၏။ ဝါ၊ တိုးပွားစေခြင်း၏။ ပါရိပူရိ၊ ထက်ဝန်းကျင်ပြည့်စုံသည်။ ဟောတိ။ တဥ္စ၊ ကိုလည်း။ (ထိုဖြစ်ပြီးသော သတိ-သမ္မောဇ္ဈင်ကို တိုးပွားစေခြင်း၏ ထတ်ဝန်းကျင်ပြည့်စုံဖို့ရန် အကြောင်းကိုလည်း။ ပဇာနာတိ။ပ။ [နောက်ဝါကျတို့၌ အနက်လွယ်ပြီ။]

ဗောဇ္ဈင်္ဂပဗ္ဗံ၊ ဗောဇ္ဈင်ကိုပြဆိုရာအပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

ဓမ္မာနုပဿနာ သစ္စပဗ္ဗ

၃၈၆။ ဘိက္ခဝေ၊ တို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တမျိုးသော ဓမ္မာနုပဿနာကား။ ဘိက္ခု၊ သည်။ စတူသု၊ ကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာမည်ကုန်သော။ (အရိယာတို့ ထိုးတွင်း၍သိထိုက်သော အမှန်သဘောဖြစ်ကုန်သော။) ဓမ္မေသု၊ ရုပ်တရား နာမ်တရားတို့၌။ ဓမ္မာနုပဿီ (ဟုတ္ဝာ)ဝိဟရတိ။ပ။

"ဣဒံ၊ ဤတဏ္ဍာကြဉ်ထား တေဘူမက-တရားသည်။ ဒုက္ခံ၊ ဒုက္ခတည်း။" ဣတိ၊ သို့။ ယထာဘူတံ၊ အကြင်အကြင် ထင်ရှားဖြစ်သည့်အတိုင်း။ ဝါ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ ပဇာနာတိ။ "အယံ၊ ဤတဏ္ဍာသည်။ ဒုက္ခ-သမုဒယော၊ ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် ဒုက္ခ၏ဖြစ်ကြောင်းတည်း။" ။ပ။ "အယံ၊ ဤ နိဗ္ဗာန်သည်။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ချုပ်ရာ ချုပ်ကြောင်းတည်း။" ပ။ "အယံ၊ ဤ မဂ္ဂင်ရှစ်ပါး မြတ်တရားသည်။ ဒုက္ခနိရောဓဂါမိနီ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားတတ်သော့။ ဝါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ ပဋိပဒါ၊ အကျင့်တည်း။" ဣတိ၊ သို့။ ယထာဘူတံ ပဇာနာတိ။

ပဌမဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီ။

ဒုက္ခသစ္စ နိဒ္ဒေသ

၃၈၇။ ဘိက္ခဝေ၊ တို့။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာဟူသည်။ ကတမဥ္စ၊ အဘယ်နည်း။ ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲကြောင်းတည်း။ ဇရာပိ၊ အိုရခြင်းသည်လည်း။ ဒုက္ခာ၊ တည်း။ မရဏမ္ပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ တည်း။ သောကပရိဒေဝဒုက္ခဒေါမ-

နဿုပါယာသာပိ၊ ဝမ်းနည်းရခြင်း, ငိုကြွေးရခြင်း,ကိုယ်ဆင်းရဲရခြင်း,စိတ်-ဆင်းရဲရခြင်း, ပြင်းစွာပူပန်ရခြင်းတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကြောင်းတို့တည်း။ အပိုယေဟိ၊ မချစ်အပ် မနှစ်သက်အပ်သော သတ္တဝါသင်္ခါရ-တို့နှင့်။ သမ္ပယောဂေါပိ၊ အတူမကဲ့ ယှဉ်တွဲရခြင်းသည်လည်း။ (တွေ့ဆုံ ပေါင်းသင်းရခြင်းသည်လည်း။) ဒုက္ခော၊ တည်း။ ပိယေဟိ၊ ချစ်အပ် နှစ်သက်အပ်သော သတ္တဝါသင်္ခါရ-တို့နှင့်။ ဝိပ္ပယောဂေါပိ၊ အစဉ်အမြဲ မယှဉ်တွဲရခြင်းသည်လည်း။ (ကွေကွင်း ခွဲခွာရခြင်းသည်လည်း။) ဒုက္ခော၊ တည်း။

ယံ (ယေန)၊အကြောင် လောဘတရားဖြင့်။[ကရိဏ်းအနက်၌ ပထမာဝိဘတ်သက်။] ဣစ္ဆံ၊ မရနိုင်သော ဝတ္ထုကို (အရာကို) အလိုရှိသောပုဂ္ဂိုလ်သည်။ န လဘတိ၊ မရ။ တမ္ပိ၊ ထို့မရနိုင်သောဝတ္ထုကို အလိုရှိကြောင်းလောဘသည်လည်း။ ဒုက္ခံ၊ ဆင်းရဲကြောင်းပေတည်း။ (တနည်း) ယမ္ပိစ္ဆံ၊ အကြောင် အလိုကိုလည်း။ န လဘတိ၊ မရ။ တမ္ပိ၊ ထို မရအပ်သော အလိုသည်လည်း။ ဒုက္ခံ၊ ဘည်း။ (တနည်း) ဣစ္ဆံ၊ အလိုရှိအပ်သောဝတ္ထုကို။ ယမ္ပိ န လဘတိ၊ အကြောင်လည်း မရ။ တမ္ပိ၊ ထို အလိုရှိအပ်သောဝတ္ထုကို မရခြင်းသည်လည်း။ ဒုက္ခံ၊ တည်း။ [ပုဒ်စဉ် ၃၉၀-၌ အဋ္ဌကထာ ဋီကာ-အဖွင့်ကို ကြည့်၍ အနက်ပေးပါသည်။] သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်၏အာရုံဖြစ်သော လောကီခန္ဓာတို့သည်။ ဒုက္ခာ၊ တို့တည်း။

၃၈၈။ ဘိက္ခဝေ၊ တို့။ ဇာတိ၊ ဇာတိ-ဟူသည်။ ကတမာ စ၊ အဘယ်နည်း။ [ဇာတိပိ ဒုက္ခာ-၌ ဇာတိ-ဟူသည် အဘယ်နည်း-ဟူလို။] တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့သည်။ (ဇာတိ-ဝယ် ဖြစ်ခြင်းကြိယာ-၌ စပ်။) ဝါ၊ ထိုထို သတ္တဝါတို့၏။ တမ္ဟိ တမ္ဟိ သတ္တနိကာယေ၊ ထိုထို သတ္တဝါအပေါင်း၌။ ယာ ဇာတိ၊ အကြောင် ဖြစ်ခြင်းသည်။ (ယာ) သဉ္ဇာတိ၊ အကြောင် ကောင်းစွာဖြစ်ခြင်းသည်။ [အဋ္ဌကထာ-နည်း။] (တနည်း) ယာ ဇာတိ၊ အကြောင် အာယတန-မစုံခင် ဖြစ်ခြင်းသည်။ (ယာ) သဉ္ဇာတိ၊ အကြောင် အာယတန-ပြည့်စုံသော ဖြစ်ခြင်းသည်။ [ဋီကာ-နည်း။] (ယာ) ဩက္ကန္တိ၊ အကြောင် သက်ရောက်ခြင်းသဘောသည်။ [ဥခွံအတွင်း သားအိမ်အတွင်းသို့ ဝင်ရောက်သကဲ့သို့ ဖြစ်ခြင်းသည်။ ဤပုဒ်ဖြင့် အဏ္ဍဇ, ဇလာဗုဇ-သတ္တဝါတို့၏ ဇာတိကိုရည်ရွယ်သည်။] (ယာ) အဘိနိဗ္ဗတ္တိ၊ အကြောင် အထင်အရှားဖြစ်ခြင်းသည်။ [သံသေဒဇ, ဩပပါတိက-သတ္တဝါတို့ကို ရည်ရွယ်သည်။] ခန္ဓာနံ၊ ခန္ဓာတို့၏။ (ယော) ပါတုဘာဝေါ၊ အကြောင် ထင်ရှား

ဖြစ်ခြင်းသည်။ အာယတနာနံ၊ အာယတနတို့ကို။ (ယော) ပဋိလာဘော၊ အကြင်ရခြင်းသည်။ (အတ္ထိ။) ဘိက္ခဝေ။ အယံ၊ ဤ ဆိုအပ်ပြီးသော သဘောကို။ ဇာတိ၊ ဇာတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ [ဇာတိ-စသော ၄-ပုဒ်ဖြင့် သမ္မုတိသဘောကို မိန့်တော်မူသည်။ ခန္ဓာနံ ပါတုဘာဝေါ၊ အာယတနံ ပဋိလာဘော-ဖြင့် ပရမတ္ထသဘောကို မိန့်တော်မူသည်။]

၃၈၉။ ဘိက္ခဝေ။ ဇရာ၊ ဟူသည်။ ကတမာ စ၊ နည်း။ တေသံ တေသံ သတ္တာနံ၊ တို့၏။ တမ္ပိ တမ္ပိ သတ္တနိကာယေ၊ ၌။ ယာ ဇရာ၊ အကြင် ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသည်။ (ယာ) ဇီရဏတာ၊ အကြင် ဆွေးမြေ့ယိုယွင်း အိုမင်းခြင်း အခြင်းအရာသည်။ ဝါ၊ အကြင် ဆွေးမြေ့ယိုယွင်း အိုမင်းသူ၏ အမူအရာသည်။ (ယံ) ခဏ္ဍိစ္စံ၊ အကြင် ကျိုးသောသွားရှိသူ၏ အဖြစ်သည်။ (ယံ) ပါလိစ္စံ၊ အကြင် ဖြူသောဆံပင်ရှိသူ၏ အဖြစ်သည်။ (ယာ) ဝလိတ္တစတာ၊ အကြင် တွန့်သောအရေရှိသူ၏ အဖြစ်သည်။ [ဋီကာနည်း။](တနည်း)(ယာ)ဝလိတ္တစတာ၊ အကြင် အရေ၌ အတွန့်ရှိသူ၏ အဖြစ်သည်။ [အဋ္ဌကထာနည်း။] အာယုနော၊ အသက်၏။ (ယာ) သံဟာနိ၊ အကြင် ဆုတ်ယုတ်ခြင်းသည်။ ဣန္ဒြိယာနံ၊ စက္ခု-စသား ငါးပါးသော ဣန္ဒြေတို့၏။ (ယော) ပရိပါကော၊ အကြင် ရင့်ကျက်ခြင်းသည်။ (အတ္ထိ။) ဘိက္ခဝေ။ အယံ၊ ဤ ဆိုအပ်ပြီးသော သဘောကို။ ဇရာ၊ ဇရာ-ဟူ၍။ ဝုစ္စတိ။

၃၉၀။ ကတမဉ္စ။ပ။တမှာ တမှာ သတ္တနိကာယာ၊ မှ။ ယာ စုတိ၊ အကြင် ရွှေ့လျောခြင်းသည်။ (ယာ) စဝနတာ၊ အကြင် ရွှေ့လျောခြင်း အခြင်းအရာသည်။ ဝါ၊ အကြင် ရွှေ့လျောသူ၏အမူအရာသည်။ (ယော) ဘေဒေါ၊ အကြင် ပျက်ခြင်းသည်။ (ယံ) အန္တရဓာနံ၊ အကြင် ပျောက်ကွယ်ခြင်းသည်။(ယော) မစ္စု၊ အကြင်သေခြင်းသည်၊ (ယံ) မရဏံ၊ အကြင် အသက်ကိုစွန့်ခြင်းသည်။ [ဋီကာနည်း။] (တနည်း) (ယံ) မစ္စုမရဏံ၊ အကြင် သေခြင်းဟူသော မရဏသည်၊ (အကြင် သေခြင်းဟုဆိုအပ်သော တဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းသည်။) [အဋ္ဌကထာနည်း။] (ယာ) ကာလကိရိယာ၊ အကြင် သေချိန်ကိုပြုခြင်းသည်။ ခန္ဓာနံ၊ ခန္ဓာတို့၏။ (ယော) ဘေဒေါ၊ အကြင် ပျက်ခြင်းသည်။ ကဠေဝရဿ၊ ကိုယ်ကောင်ကို။ (ယော) နိက္ခေပေါ၊ အကြင် ပစ်ချရခြင်းသည်။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ (ယော) ဥပစ္ဆေဒေါ၊ အကြင် ပြတ်ခြင်းသည်။ (အတ္ထိ။) ဘိက္ခဝေ။ အယံ၊ ဤ ဆိုအပ်ပြီးသော သဘောကို။ မရဏံ၊ မရဏ-ဟူ၍။ ဝုစ္စတိ။

၃၉၁။ ကတမော စ။ပ။အညတရညတရေန၊ အမှတ်မထား တပါး ပါးသော။ ဗျသနေန၊ ပျက်စီးခြင်းသည်။ သမန္နာဂတာသာ၊ ပြင်းစွာ အစဉ်လိုက်အပ်သော ပုဂ္ဂိုလ်၏။ အညတရညတရေန၊ သော။ ဒုက္ခဓမ္မေန၊ ဒုက္ခ၏အကြောင်းသည်။ [ဓမ္မ-သဒ္ဒါ ဟေတု-၏ ပရိယာယ်။] ဖုဋ္ဌဿ၊ တွေ့ထိနှိပ်စက်အပ်သော ပုဂ္ဂိုလ်၏။ ဃော သောကော၊ အကြင် ဝမ်းနည်းခြင်းသည်။ (ယာ) သောစနာ၊ အကြင် ဝမ်းနည်းခြင်း ဟူသော အခြင်းအရာသည်။ (ယံ) သောစိတတ္တံ၊ အကြင် ဝမ်းနည်းသောပုဂ္ဂိုလ်၏ အဖြစ်သည်။ ဝါ၊ အကြင် ဝမ်းနည်းသော အဖြစ်သည်။ (ယော) အန္တော သောကော၊ အကြင် ကိုယ်တွင်း၌ ဝမ်းနည်းခြင်းသည်။ (ယော) အန္တော ပရိသောကော၊ အကြင် ကိုယ်တွင်း၌ ထက်ဝန်းကျင်ဝမ်းနည်းခြင်းသည်။ (အတ္ထိ) ဘိက္ခဝေ။ အယံ၊ ဤဆိုအပ်ပြီးသော သဘောကို။ သော ကော၊ သောက-ဟူ၍။ ဝုစ္စတိ။

၃၉၂။ ကတမော စ။ပ။ဖုဋ္ဌဿ၊ ၏။ ယော အာဒေဝေါ၊ အကြင် ညှဉ်းပြီ၍ ညှဉ်းပြီ၍ ငိုကြွေးကြောင်း အသံသည်။ (ယော) ပရိဒေဝေါ၊ အကြင် ထိုထိုဂုဏ်ကို ပြောဆို၍ ပြောဆို၍ ငိုကြွေးကြောင်းအသံသည်။ (ယာ) အာဒေဝနာ၊ အကြင် ညှဉ်းပြီ၍ ညှဉ်းပြီ၍ ငိုကြွေးခြင်းဟူသော အခြင်းအရာသည်။ (ယာ) ပရိဒေဝနာ၊ အကြင် ထိုထိုဂုဏ်ကို ပြောဆို၍ ပြောဆို၍ ငိုကြွေးခြင်းဟူသော အခြင်းအရာသည်။ (ယံ) အာဒေဝိတတ္တံ၊ အကြင် ညှဉ်းပြီ၍ ညှဉ်းပြီ၍ ငိုကြွေးသောပုဂ္ဂိုလ်၏ အဖြစ်သည်။ (ယံ) ပရိဒေဝိတတ္တံ၊ အကြင် ထိုထိုဂုဏ်ကို ပြောဆို၍ ပြောဆို၍ ငိုကြွေးသော ပုဂ္ဂိုလ်၏ အဖြစ်သည်။ (အတ္ထိ။) ဘိက္ခဝေ။ အယံ၊ ဤ ဆိုအပ်ပြီးသော သဘောကို။ ပရိဒေဝေါ၊ ဟူ၍။ ဝုစ္စတိ။

၃၉၃။ ကတမဉ္စ။ပ။ကာယိကံ၊ ကာယပသာဒ-ဟူသော် မြဲရာရှိသော။ [နိဿယဘူတော ကာယော ဇာတော အတ္ထိတိ ကာယိကံ။] ဝါ၊ ကိုယ်၌ ဖြစ်သော။ ယံ ဒုက္ခံ၊ အကြင်ဒုက္ခ-သည်။ (အကြင် သည်းမခံအပ် သည်းမခံနိုင်သော သဘောသည်။) ကာယိကံ၊ သော။ "(ယံ) အသာတံ၊ အကြင် မသာယာအပ်သော သဘောသည်။ ဝါ၊ အကြင် သာယာတတ်သော သုခ၏ ဆန့်ကျင်ဘက် သဘောသည်။ ကာယသမ္ဖဿဇံ၊ ကာယဒွါရ၌ ဖြစ်သော သမ္ဖဿ-ကြောင့် ဖြစ်သော။ ဒုက္ခံ- သော။ အသာတံ၊ သော။ (ယံ) ဝေဒယိတံ၊ အကြင် ခံစားတတ်သော သဘောသည်။ (အတ္ထိ။) ဘိက္ခဝေ။ အယံ၊ ဤဆိုအပ်ပြီးသော သဘောကို။ ဒုက္ခံ၊ ဒုက္ခဟူ၍။ ဝုစ္စတိ။

၃၉၄။ ကတမဉ္စ။ပ။စေတသိကံ့၊ စိတ်၌ဖြစ်သော။ ယံ ဒုက္ခံ၊ သည်။ စေတသိကံ၊ သော။ (ယံ) အာသဝတံ၊ သည်။ မနောသမ္ဖဿဇံ၊ စိတ်၌ ဖြစ်သော သမ္ဖဿ-ကြောင့် ဖြစ်သော။ ဒုက္ခံ၊ သော။ အာသဝတံ၊ သော။ (ယံ) ဝေဒယိတံ၊ သည်။ (အတ္ထိ။)။ပ။

၃၉၅။ ကတမော စ။ပ။ဒုက္ခဓမ္မေန၊ သည်။ ဖုဋ္ဌဿ၊ ၏။ ယော အာယာသော၊ အကြင် စိတ်၏ပင်ပန်းခြင်းသည်။ (ယော) ဥပါယာသော၊ အကြင် စိတ်၏လွန်စွာပင်ပန်းခြင်းသည်။ (ယံ) အာယာသိတတ္တံ၊ အကြင် စိတ်ပင်ပန်းခြင်းရှိသူ၏ အဖြစ်သည်။ (ယံ) ဥပါယာသိတတ္တံ၊ အကြင် စိတ်၏ လွန်စွာပင်ပန်းခြင်းရှိသူ၏ အဖြစ်သည်။ (အတ္ထိ။)။ပ။

၃၉၆။ ဘိက္ခဝေ၊ တို့။ အပိုယောဟိ၊ မချစ်မနှစ်သက်အပ်သော သတ္တဝါ သန်ဓါရ-တို့နှင့်။ သမ္ပယောဂေါ၊ အတူမကဲ့ ယှဉ်တွဲရခြင်းဟူသော။ (ပေါင်း သင်း နေထိုင်ရခြင်းဟူသော။) ဝါ၊ ပေါင်းသင်းနေထိုင်ရခြင်းကြောင့် ဖြစ်သော။ ဒုက္ခော၊ ဒုက္ခဟူသည်။ ကတမော စ၊ နည်း။ ဣဓ၊ ဤ လောကဌ်။ အာဿ၊ ထိုပုဂ္ဂိုလ်၏။ ဝါ၊ ထို ပုဂ္ဂိုလ်သည်။ အနိဋ္ဌာ၊ အလို မရှိအပ်ကုန်သော။ ဝါ၊ မရှာမြီးအပ်ကုန်သော။ အကန္တာ၊ စိတ်၌ မဝင် မရောက်ကုန်သော။ (စိတ်မဝင်စား ကုန်သော။) (တနည်း) အကန္တာ၊ မနှစ်သက်အပ်ကုန်သော။ အမနာပါ၊ စိတ်ဖြင့် မရောက်အပ်ကုန်သော။ ဝါ၊ မမြတ်နိုးအပ်ကုန်သော။ (တနည်း) အမနာပါ၊ စိတ်ကို မတိုးပွားစေတတ်ကုန်သော။ ယေ တေ ရူပါ၊ အကြင် ရူပါရုံတို့သည် လည်းကောင်း။ ။ပ။ (ယေ တေ) ဓမ္မာ၊ အကြင် ဓမ္မာရုံတို့သည်လည်းကောင်း။ ဟောန္တိ၊ ရှိကုန်၏။

ဝါ ပန၊ သံ့ည်သာမက-သေး။ အာဿ၊ ထို ပုဂ္ဂိုလ်၏။ အနတ္ထကာမာ၊ ကြီးပွားခြင်း၏ဆန့်ကျင်ဘက် ပျက်စီးခြင်းကိုလိုလားကုန်သော။ဝါ၊မကြီးပွားခြင်းကို လိုလားကုန်သော။ အဟိတကာမာ၊ စီးပွားမဲ့ကိုလိုလားကုန်သော။ ဝါ၊စီးပွားကို မလိုလားကုန်သော။ အဖာသုကကာမာ၊ မချမ်းသာခြင်းကို လိုလားကုန်သော။ ဝါ၊ ချမ်းသာခြင်းကို မလိုလားကုန်သော။ အယောဂက္ခေမကာမာ၊ ယောဂလေးပါးတို့ဖြင့် ဘေးတို့၏ကုန်ရာနိဗ္ဗာန်ကို မလိုလားကုန်သော။ ဝါ၊ ယောဂလေးပါးတို့ဖြင့် ဘေးတို့၏မကုန်ခြင်းကို လိုလားကုန်သော။ ယေ တေ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ရှိကုန်၏။

တေဟိ၊ ထို သတ္တဝါသန်ဓါရ-တို့နှင့်။ သဒ္ဓိံ၊ အတူ။ ယာ သင်္ကတိ၊ အကြင် သွားခြင်းသည်။ (ယော) သမာဂမော၊ အကြင် လာသူတို့နှင့်

ပေါင်းဆုံခြင်းသည်။ (ယံ)သမောဓာနံ၊ အကြင် ထိုင်ခြင်းရပ်ခြင်း-စသော ဣရိယာပုထ်တို့၌ ပေါင်းဆုံခြင်းသည်။ (ယော) မိဿီဘာဝေါ၊ အကြင် အလုံးစုံသောကိစ္စတို့၌ ရောနှောသည်၏အဖြစ်သည်။ (အတ္ထိ။) အယံ၊ ဤသို့ ပေါင်းဆုံရခြင်း စသည်ကို။ အပိုယေဟိ၊ တို့နှင့်။ သမ္ပယောဂေါ၊ သော။ ဒုက္ခော၊ ဟူ၍။ ဝုစ္စတိ။

၃၉၇။ ပိယေဟိ၊ ချစ်အပ် နှစ်သက်အပ်သော သတ္တဝါသင်္ခါရ-တို့နှင့်။ ဝိပ္ပယောဂေါ၊ ကွဲကွင်းရခြင်းဟူသော။ ဝါ၊ ကွဲကွင်းရခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ ဒုက္ခဟူသည်။ ကတမော စ၊ နည်း။ ဣဓ၊ ၌။ အဿ၊ ၏။ ဝါ၊ သည်။ ဣဋ္ဌော၊ အလိုရှိအပ်ကုန်သော။ ဝါ၊ ရှာမှီးအပ်ကုန်သော။ ကန္တော၊ စိတ်၌ ဝင်ရောက်ကုန်သော။ (တနည်း) ကန္တော၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်ဖြင့်ရောက်အပ်ကုန်သော။ ဝါ၊ မြတ်နိုးအပ်ကုန်သော။ (တနည်း) မနာပါ၊ စိတ်ကို တိုးပွားစေတတ်ကုန်သော။ ယေ တေ ရူပါ၊ တို့သည်လည်ကောင်း။ပ။ ဟောန္တိ။

ဝါ ပန၊ သေး။ အဿ၊ ၏။ အတ္ထကာမော၊ ကြီးပွားခြင်းကို လိုလားကုန်သော။ ဟိတကာမော၊ စီးပွားကိုလိုလားကုန်သော။ ဖာသုကကာမော၊ ချမ်းသာကိုလိုလားကုန်သော။ ယောဂက္ခေမကာမော၊ ယောဂ-လေးပါးတို့ဖြင့် ဘေးတို့၏ကုန်ရာနိဗ္ဗာန်ကို လိုလားကုန်သော။ ဝါ၊ ယောဂ-လေးပါးတို့ဖြင့် ဘေးတို့၏ကုန်ခြင်းကို လိုလားကုန်သော။ မာတာ ဝါ၊ အမိသော်လည်း ဖြစ်သော။ ပိတာ ဝါ၊ အဖ-သော်လည်းဖြစ်သော။ ဘာတာ ဝါ၊ ညီအစ်ကိုသော်လည်းဖြစ်သော။ ဘဂိနီ ဝါ၊ အမ နှမ-သော်လည်းဖြစ်သော။ မိတ္တာ ဝါ၊ မိတ်ဆွေသော်လည်းဖြစ်ကုန်သော။ အမစ္စော ဝါ၊ ထိုထိုပြုဖွယ်ကိစ္စတို့၌ တကွဖြစ်ဖက် အဖော်သော်လည်းဖြစ်ကုန်သော။ ဉာတီ ဝါ၊ ဆွေမျိုးသော်လည်း ဖြစ်ကုန်သော။ သာလောဟိတာ ဝါ၊ သွေးသားစပ်သူသော်လည်း ဖြစ်ကုန်သော။ [သစ္စ-ဝိဘင်းအတိုင်း ပေးလိုက်ပါသည်။ ဤပါဠိတော်၌-ဉာတိသာလောဟိတာ ဝါ၊ ဆွေမျိုး သွေးသားစပ်သူသော်လည်း ဖြစ်ကုန်သော။-ဟု သမာသ်ရှိ၏။]ယေ တေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ။

တေဟိ၊ ထိုသတ္တဝါ သင်္ခါရ-တို့နှင့်။ ယာ အသင်္ကတိ၊ အကြင် သွားခြင်းမပေါင်းဆုံရခြင်းသည်။ (ယော) အသမာဂမော၊ အကြင် လာသူတို့နှင့် မပေါင်းဆုံရခြင်းသည်။ (ယံ)အသမောဓာနံ၊ အကြင်ရပ်ခြင်း ထိုင်ခြင်း-အစရှိသော ဣရိယာပုထ်တို့၌ မပေါင်းဆုံရခြင်းသည်။ (ယော) အမိဿီ-

ဘာဝေါ၊ အကြင် အလုံးစုံသောကိစ္စတို့၌ မရောနှောသည်၏အဖြစ်သည်။ (မရောနှောရခြင်းသည်။ အတ္ထိ။) အယံ၊ ဤ မပေါင်းဆုံရခြင်း-စသည်ကို။ ပိယေဟိ၊ တို့နှင့်။ ဝိပ္ပယောဂေါ၊ သော။ ဒုက္ခော၊ ဟူ၍။ ဝုစ္စတိ။

၃၉၈။ ဘိက္ခဝေ၊ တို့။ ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊ ယမ္ပိစ္ဆံ နလဘတိ် တမ္ပိ ဒုက္ခ-ဟူသည်။ ကတမဉ္စ၊ နည်း။ ဘိက္ခဝေ။ ဇာတိဓမ္မာနံ၊ ပဋိသန္ဓေနေရခြင်း သဘောရှိကုန်သော။ [ဓမ္မ-သဒ္ဒါ သဘာဝ-ဝါစက။] သတ္တာနံ၊ သတ္တဝါတို့၏။ ဧဝံ၊ ဤသို့။ ဣစ္ဆာ၊ အလိုသည်။ ဝါ၊ လိုလား တောင့်တတတ်သော တဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (ကိံ၊ အဘယ် သို့ဖြစ်သနည်း။) "မယံ၊ တို့သည်။ ဇာတိဓမ္မာ၊ ပဋိသန္ဓေနေရခြင်း သဘော ရှိကုန်သည်။ နအဿာမ၊ မဖြစ်ကြပါမူ။ အဟောဝတ၊ သြဉ်.... ကောင်းလေစ့။ (ကောင်းမှာပဲနော်။) နော၊ ငါတို့၏ (အထံသို့)။ ဇာတိ စ၊ ပဋိသန္ဓေ နေရခြင်းသည်လည်း။ နအာဂစ္ဆေယျ၊ မလာပါမူ။ (အဟော) ဝတ၊ စ့။" ဣတိ၊ ဤသို့ လိုလားတောင့်တမှု ဖြစ်ရာ၏။ ဧတံ၊ ဤဇာတိ သဘောမရှိခြင်း, ဇာတိ၏မလာခြင်းကို။ ဣစ္ဆာယ၊ လိုလားတောင့်တခြင်း ဖြင့်။ နခေါ ပတ္တုံ၊ မရောက်အပ် မရောက်နိုင်။ ဝါ၊ မရအပ် မရနိုင်။ ဣဒမ်ပိ၊ ဤ ဇာတိသဘောမရှိခြင်း ဇာတိ၏ မလာခြင်းကို တောင့်တမှု သည်လည်း။ ယမ်ပိစ္ဆံ နလဘတိ တမ်ပိ ဒုက္ခံ၊ ယမ်ပိစ္ဆံ နလဘတိ တမ်ပိ ဒုက္ခ-မည်၏။ ဇရာဓမ္မာနံ၊ အိုရခြင်းသဘောရှိကုန်သော။ သတ္တာနံ၊ တို့၏။ပ။ ဗျာဓိဓမ္မာနံ၊ မကျန်းမမာ ဖျားနာရခြင်း သဘောရှိကုန်သော။ သတ္တာနံ၊ တို့၏။ပ။မရဏဓမ္မာနံ၊ သေရခြင်းသဘောရှိကုန်သော။ သတ္တာနံ၊ တို့၏။ပ။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသဓမ္မာနံ၊ ဝမ်းနည်းရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲရခြင်း, စိတ်ဆင်းရဲရခြင်း, ပြင်းစွာပူပန်ရခြင်း-သဘောရှိကုန်သော။ သတ္တာနံ၊ တို့၏။ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ။ (ကိံ။) "မယံ၊ တို့သည်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ရှိကုန်သည်။ နအဿာမ၊ မဖြစ်ကြပါမူ။ အဟော ဝတ၊ စ့။ နော၊ တို့၏ (အထံသို့)။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ စ၊ ဝမ်းနည်းရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲရခြင်း, စိတ်ဆင်းရဲရခြင်း, ပြင်းစွာပူပန်ရခြင်း-တို့သည်လည်း။ နအာဂစ္ဆေယျုံ၊ မလာပါကုန်မူ။ (အဟော) ဝတ၊ စ့။" ဣတိ၊ ဤသို့ လိုလားတောင့်တမှု ဖြစ်ရာ၏။ ဧတံ၊ ဤ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-သဘောမရှိခြင်း, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-တို့၏ မလာခြင်းကို။ ဣစ္ဆာယ၊ ဖြင့်။

နာ ခေါ် ပတ္တာပ္ပံ၊ နိုင်။ ဣဒမ်ပိ၊ ဤသာက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-သဘောမရှိခြင်း, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါ-ယာသ-တို့၏ မလာခြင်းကို တောင့်တမှုသည်လည်း။ ယမ်ပိစ္ဆံ နာ လာဘတိ တမ်ပိ ဒုက္ခံ၊ ယမ်ပိစ္ဆံ နာ လာဘတိ တမ်ပိ ဒုက္ခ-မည်၏။

၃၉၉။ ဘိက္ခဝေ။ သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။ ပဉ္စ၊ ကုန် သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ-ဖြစ်ကုန်သော။ ဒုက္ခာ၊ ဒုက္ခ-တို့ဟူသည်။ ကတမေ စ၊ အာဘယ်တို့နည်း။ သေယျထိဒံ၊ ထို ပဉ္စဥပါ-ဒါနက္ခန္ဓာ-ဟူသည် အာဘယ်နည်း။ ရူပုပါဒါနက္ခန္ဓာ၊ ရူပုပါဒါနက္ခန္ဓာ လည်းကောင်း။ (ရုပ်ဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာလည်း ကောင်း။)။ပ။ဝိညာဏုပါဒါနက္ခန္ဓာ၊လည်းကောင်းတည်း။ ဣဒမေ၊ ဤခန္ဓာ တို့ကို။ သံခိတ္တေန၊ အားဖြင့်။ ပဉ္စ၊ ကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ကုန်သော။ ဒုက္ခာ၊ ဒုက္ခတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဘိက္ခဝေ။ ဣဒံ၊ ဤဆိုအပ် ပြီးသော ဇာတိ-အစရှိသည်ကို။ ဒုက္ခံ၊ သော။ အရိယသစ္စံ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သမုဒယသစ္စ နိဒ္ဒေသ

၄၀၀။ ဘိက္ခဝေ။ ဒုက္ခသမုဒယံ၊ သော။ အရိယသစ္စံ၊ ဟူသည်။ ကတမဉ္စ၊ နည်း။ ယာယံ တဏှာ၊ အကြင်တဏှာသည်။ ပေါနောဘဝိကာ၊ တဖန် ဘဝကိုပြုခြင်း အလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်တတ် တပ်မက်တတ်သော ရာဂ-နှင့်တကွ အနက်အားဖြင့် တခုတည်းအဖြစ်သို့ ရောက်၏။ [တဏှာ-အရ လောဘ၊ ရာဂ-အရလည်း လောဘ ဤသို့ အရတူသောကြောင့် "ရာဂ-နှင့် အနက်တူ၏"ဟု ဆိုသည်။] (တနည်း) နန္ဒီရာဂ သဟဂတာ၊ နှစ်သက်ခြင်း တပ်မက်ခြင်း သဘောနှင့် တကွဖြစ်၏။ [တဏှာဖြစ်လျှင် နှစ်သက်ခြင်းသဘော တပ်မက်ခြင်းသဘော ပါလာ၏၊-ဟူလို။] တတြတတြာဘိနန္ဒိနီ၊ ထိုထိုအတွက်ဘော၏ ဖြစ်ရာဘဝ၌ အလွန် နှစ်သက်တတ်၏။ (တနည်း) တတြတတြာ ဘိနန္ဒိနီ၊ ရူပ, သဒ္ဒ-စသော အာရုံတို့တွင် ထိုထိုအာရုံ၌ လွန်စွာနှစ်သက်တတ်၏။ သေယျထိဒံ၊ ထို တဏှာ ဟူသည် အာဘယ်နည်း။ ကာမတဏှာ၊ ငါးဖြာအာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ ကာမ ရူပ အရူပ ဘဝ-၌ တပ်မက်တတ်သော တဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ အတ္တသည် အဖြစ်မမြဲ သေလျှင် ပြတ်စဲ၏ဟု ယူဆတတ်သော ဥစ္ဆေဒ-ဒိဋ္ဌိ၌ ဖြစ်သော တဏှာလည်းကောင်းတည်း။

ပန၊ ဆက်ဦးအံ့။ ဘိက္ခဝေ။ သာ သော တဏှာ၊ ထိုတဏှာသည်။ (ပေါနော ဘဝိကာ နန္ဒီရာဂ သဟဂတာ-စသည်ဖြင့် ဆိုအပ်သော ထိုကဲ့သို့သော ဤတဏှာသည်။) ဥပပဇ္ဇမာနာ၊ ဖြစ်လတ်သော်။ ကတ္ထ၊ အဘယ်၌။ ဥပပဇ္ဇတိ၊ ဖြစ်သနည်း။ [ထိုတဏှာသည် တကယ်လို့ ဖြစ်မည်ဆိုလျှင် ဘယ်မှာ ဖြစ်သနည်း၊-ဟူလို။] နိဝိသမာနာ၊ သက်ဝင်တည်နေလတ်သော်။ ကတ္ထ၊ ၌။ နိဝိသတိ၊ သက်ဝင် တည်နေသနည်း။ လောကေ၊ သင်္ဓိရလောက၌။ ယံ၊ အကြင်အာရုံသည်။ ပိယရူပံ၊ ချစ်အပ်သည်၏အဖြစ်ဟူသော သဘောရှိ၏။ သာတရူပံ၊ သာယာအပ်သည်၏အဖြစ်ဟူသော သဘောရှိ၏။ သော တဏှာ၊ သည်။ ဥပပဇ္ဇမာနာ၊ လတ်သော်။ တတ္ထ၊ ဤ ပိယရူပ သာတရူပ အာရုံ၌။ ဥပပဇ္ဇတိ၊ ၏။ နိဝိသမာနာ၊ လတ်သော်။ တတ္ထ၊ ၌။ နိဝိသတိ၊ ၏။

လောကေ၊ သင်္ဓိရလောက၌။ ပိယရူပံ၊ ချစ်အပ်သည်၏အဖြစ်ဟူသော သဘောရှိသော အာရုံဟူသည်။ သာတရူပံ၊ သာယာအပ်သည်၏အဖြစ်ဟူသော သဘောရှိသော အာရုံဟူသည်။ ကိဉ္စ၊ အဘယ်နည်း။ စက္ခု၊ စက္ခုပသာဒ-သည်။ (မျက်စိသည်။) လောကေ၊ ၌။ ပိယရူပံ၊ ချစ်အပ်သည်၏အဖြစ်ဟူသော သဘောရှိ၏။ သာတရူပံ၊ သာယာအပ်သည်၏အဖြစ်ဟူသောသဘောရှိ၏။ သော တဏှာ၊ သည်။ ဥပပဇ္ဇမာနာ၊ လတ်သော်။ တတ္ထ၊ ဤ ပိယရူပ သာတရူပ-ဖြစ်သော စက္ခု၌။ ဥပပဇ္ဇတိ။ နိဝိသမာနာ၊ လတ်သော်။ တတ္ထ၊ ၌။ နိဝိသတိ။

အမှာ။ ။သောတ, ဃာန, ဇိဝှာ, ကာယ, မန-တို့ လှယ်ပြီ။ "ရူပါ၊ ရူပါရုံတို့သည်။ စက္ခုဝိညာဏ်၊ စက္ခု ဝိညာဉ်သည်။ စက္ခုသမ္ဖဿော၊ စက္ခုဋ္ဌမိသော သမ္ဖဿသည်။ စက္ခုသမ္ဖဿဇာ၊ စက္ခုဋ္ဌမိသော သမ္ဖဿ-ကြောင့်ဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။" ဟု ဆိုပါ။

ရူပသညာ၊ ရူပါရုံ၌ဖြစ်သော သညာ-သည်။ပ။ဓမ္မသညာ၊ ဓမ္မာရုံ၌ဖြစ်သော သညာ-သည်။ပ။ရူပသဉ္စေတနာ၊ ရူပါရုံ၌ဖြစ်သော သဉ္စေတနာ-သည်။ [ရူပါရုံကိုအာရုံပြုသော စေတနာ - စေတသိက်တည်း။] ။ပ။ ရူပတဏှာ၊ ရူပါရုံ၌ဖြစ်သော တဏှာသည်။ပ။ရူပဝိတက္ကော၊ ရူပါရုံ၌ဖြစ်သော ဝိတက်သည်။ပ။ရူပဝိစာရော၊ ရူပါရုံ၌ဖြစ်သော ဝိစာရ - သည်။ပ။ဓမ္မဝိစာရော၊ ဓမ္မာရုံဖြစ်သော ဝိစာရ-သည်။ ပိယရူပံ၊ ၏။ သာတရူပံ၊ ၏။ သော တဏှာ၊ သည်။ ဥပပဇ္ဇမာနာ၊ လတ်သော်။ တတ္ထ၊ ဤ ပိယရူပ သာတရူပ-ဖြစ်သော ဓမ္မဝိစာရ-၌။ ဥပပဇ္ဇတိ။ပ။ဘိက္ခဝေ။ ဣဒံ၊ ဤ တရားအပေါင်းကို။ ဒုက္ခသမုဒယံ၊ သော။ အရိယသစ္စံ၊ ဟူ၍။ ဝုစ္စတိ။

နိရောဓသစ္စနိဒ္ဒေသ

၄၀၁။ ဘိက္ခဝေ။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော။ ဝါ၊ ဒုက္ခ၏ ချုပ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ ဟူသည်။ ကတမဉ္စ၊ နည်း။ တဿာ ယေဝ တဏှာယ၊ ထိုတဏှာ၏ပင်။ ယော အသေသဝိရာဂနိရောဓော၊ အကြင် အကြွင်းမရှိသည်ဖြစ်၍ မတပ်မက်ရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ (ယော) စာဂေါ၊ အကြင်စွန့်လွှတ်ရာ နိဗ္ဗာန်သည်။ (ယော) ပဋိနိဿဂ္ဂေါ၊ အကြင် နောက်ထပ်မဖြစ်သောအားဖြင့် စွန့်လွှတ်ရာ နိဗ္ဗာန်သည်။ (ယော) အနာလယော၊ အကြင်မငြိကပ်ရာ နိဗ္ဗာန်သည်။ (အတ္ထိ။) [ဤဝါကျ၏ နိယမ-ကို နောက်၌ "ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ" ဟု ဟောတော်မူလိမ့်မည်။]

ပန၊ ဆက်ဦးအံ့။ ဘိက္ခဝေ။ သာ သော တဏှာ၊ ထို တဏှာကို။ ပဟီယမာနာ၊ ပယ်အပ်သော်။ ကတ္ထ၊ အဘယ်၌။ (အဘယ်တရား၌။) ပဟီယတိ၊ ပယ်အပ်သနည်း။ နိရုဇ္ဈမာနာ၊ ချုပ်လတ်သော်။ ကတ္ထ၊ ၌။ နိရုဇ္ဈတိ၊ ချုပ်ဘနည်း။ လောကေ၊ ၌။ ယံ၊ အကြင် အာရုံသည်။ ပိယရူပံ၊ ၏။ သာတရူပံ၊ ၏။ သော တဏှာ၊ သည်။ ပဟီယမာနာ၊ အပ်သော်။ တတ္ထ၊ ဤ ပိယရူပ သာတရူပ-ဖြစ်သော အာရုံ၌။ ပဟီယတိ၊ အပ်၏။ နိရုဇ္ဈမာနာ၊ လတ်သော်။ တတ္ထ၊ ဤ ပိယရူပ သာတရူပ-ဖြစ်သော အာရုံ၌။ နိရုဇ္ဈတိ၊ ၏။

အမှာ။ ။ကို့ဥ လောကေ ပိယရူပံ-မှစ၍ ရူပပိစာရော လောကေ ။ပ။ တတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ-တိုင်အောင် သမုဒယသစ္စနိဒ္ဒေသ-အတိုင်းပေးပါ။

ဣဒံ၊ ဤ နိဗ္ဗာန်ကို။ ဒုက္ခနိရောဓော၊ သော။ အရိယသစ္စံ၊ ဟူ၍။ ဝုစ္စတိ။

မဂ္ဂသစ္စနိဒ္ဒေသ

၄၀၂။ ဘိက္ခဝေ။ ဒုက္ခနိရောဓဂါမိနီ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ ပဋိပဒါ၊ အကျင့်ဖြစ်သော။ အရိယသစ္စံ၊ ဟူသည်။ ကတမဉ္စ၊ နည်း။ အရိယော၊ ကိလေသာတို့မှဝေးကွာသော။ ဝါ၊ မြင့်မြတ်ဖြူစင်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအင်္ဂါရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်ပင်တည်း။ သေယျထိဒံ၊ ထို အရိယ အဋ္ဌင်္ဂိက-မဂ်ဟူသည် အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ-လည်းကောင်း။ပ။ သမ္မာသမာဓိ၊ သမ္မာသမာဓိ-လည်းကောင်းတည်း။

ဘိက္ခဝေ။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ-ဟူသည်။ ကတမာ စ၊ နည်း။ ဘိက္ခဝေ။ ဒုက္ခေ၊ ဒုက္ခသစ္စာဌ်။ ယံ ဉာဏံ၊ အကြင် သိတတ်သော ဉာဏ်သည်။ ဒုက္ခ-သမုဒယေ၊ ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာဌ်။ (ယံ) ဉာဏံ၊ သည်။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ဌ်။ (ယံ)ဉာဏံ၊ သည်။ ဒုက္ခနိရောဓ-ဂါမိနိယာ၊ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ ပဋိပဒါယ၊ အကျင့်ဌ်။ (ယံ) ဉာဏံ (အတ္ထိ)၊ ဘိက္ခဝေ။ အယံ၊ ဤသစ္စာလေးပါးဌ် သိတတ်သောဉာဏ်ကို။ (သစ္စာလေးပါးဌ် ပါဝင်သောဉာဏ်ကို။) သမ္မာဒိဋ္ဌိ၊ ဟူ၍။ ဝုစ္စတိ။

ကတမော စ။ပ။ နေက္ခမ္မသင်္ကပ္ပော၊ ကာမ-မှ ထွက်မြောက်တတ်သော အကြံလည်းကောင်း။ အဗျာပါဒသင်္ကပ္ပော၊ ဗျာပါဒ-၏ ဆန့်ကျင်ဘက်ဖြစ်သော အကြံလည်းကောင်း။ (ဗျာပါဒ-မှ ထွက်မြောက်တတ်သော အကြံလည်းကောင်း။) အဝိဟိံသာသင်္ကပ္ပော၊ ဝိဟိံသာ၏ ဆန့်ကျင်ဘက်ဖြစ်သော အကြံလည်းကောင်း။ (ဝိဟိံသာ-မှ ထွက်မြောက်တတ်သော အကြံလည်းကောင်း။)ဘိက္ခဝေ။ အယံ၊ ဤ သင်္ကပ္ပ-သုံးပါးကို။ သမ္မာသင်္ကပ္ပော၊ ဟူ၍။ ဝုစ္စတိ။

ကတမော စ။ပ။ နေက္ခမ္မသင်္ကပ္ပော၊ ကာမ-မှ ထွက်မြောက်တတ်သော အကြံလည်းကောင်း။ အဗျာပါဒသင်္ကပ္ပော၊ ဗျာပါဒ-၏ ဆန့်ကျင်ဘက်ဖြစ်သော အကြံလည်းကောင်း။ (ဗျာပါဒ-မှ ထွက်မြောက်တတ်သော အကြံလည်းကောင်း။) အဝိဟိံသာသင်္ကပ္ပော၊ ဝိဟိံသာ၏ ဆန့်ကျင်ဘက်ဖြစ်သော အကြံလည်းကောင်း။ (ဝိဟိံသာ-မှ ထွက်မြောက်တတ်သော အကြံလည်းကောင်း။)ဘိက္ခဝေ။ အယံ၊ ဤ သင်္ကပ္ပ-သုံးပါးကို။ သမ္မာသင်္ကပ္ပော၊ ဟူ၍။ ဝုစ္စတိ။

ကတမာ စ။ပ။ မုသာဝါဒါ၊ မုသာဝါဒ-မှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းလည်းကောင်း။ ဝါ၊ ရှောင်ကြဉ်ကြောင်း ဝိရတိလည်းကောင်း။ ပိသုဏာယ၊ ညီညွတ်သူတို့ကိုကွဲပြားအောင် ချေမှုန်းတတ်သော။ ဝါ၊ ကုန်းတိုက်ကြောင်းဖြစ်သော။ ဝါစာယ၊ မှ။ ဝေရမဏီ၊ လည်းကောင်း။ ဖရုသာယ၊ ကြမ်းတမ်းသော။ ဝါစာယ၊ မှ။ ဝေရမဏီ၊ လည်းကောင်း။ သမ္ဖပ္ပလာပါ၊ စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော စကားမှ။ ဝေရမဏီ၊ လည်းကောင်းတည်း။ ဘိက္ခဝေ။ အယံ၊ ဤ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းကို။ ဝါ၊ ဤ ရှောင်ကြဉ်ကြောင်း ဝိရတိကို။ သမ္မာဝါစာ ဝုစ္စတိ။

ကတမော စ။ပ။ ပါဏာတိပါတာ၊ မှ။ ဝေရမဏီ၊ လည်းကောင်း။ အဒိန္နာဒါနာ၊ မှ။ ဝေရမဏီ၊ လည်းကောင်း။ ကာမေသု မိစ္ဆာစာရာ၊ မှ။ ဝေရမဏီ၊ လည်းကောင်းတည်း။ ဘိက္ခဝေ။ အယံ၊ ဤ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းကို ။ပ။

ကတမော စ။ပ။ လောဓ၊ ဤသာသနာတော်ဌ်။ အရိယသာဝကော၊ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ သာဝက-သည်။ မိစ္ဆာအာဇီဝံ၊ ယုတ်ညံ့သော အသက်မွေးမှုကို။ ပဟာယ၊ ပယ်စွန့်၍။ သမ္မာ အာဇီဝေန၊ မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်သော ကောင်းသော အသက်မွေးမှုဖြင့်။

ဝါ၊ အပြစ်မရှိသော အသက်မွေးမှုဖြင့်။ ဇီဝိတံ၊ အသက်ကို။ (အသက်မွေးမှုကို။) ကပ္ပေတိ၊ ပြု၏။ ဘိက္ခဝေ။ အယံ၊ ဤ တရားသဖြင့် အသက်မွေးမှုကို။ပ။

ကတမော စ။ပ။ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အနုပ္ပန္နာနံ၊ ဤဘဝ၌ မဖြစ်ကုန်သေးသော။ ဝါ၊ အာရုံအသစ်ကြောင့် မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်မာကုန်သော။ ဝါ၊ မိမိကိန်းရာ သတ္တဝါကို အပါယ်လေးပါးသို့ ကျရောက်စေတတ်ကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနုပ္ပာဒါယ၊ မဖြစ်ခြင်းငှာ။ ဆန္ဒံ၊ ဆန္ဒ-ကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ဝီရိယ-ကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြောက်၏။ ပဒဟတိ၊ ပြင်းစွာအားထုတ်၏။ (အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်တမ်း အားထုတ်၏။) ဥပ္ပန္နာနံ၊ ဖြစ်ဖူးကုန်သော။ပ။ဓမ္မာနံ၊ တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ ။ပ။ ဥပ္ပန္နာနံ၊ ဖြစ်ဖူးကုန်သော။ ကုသလာနံ။ ဓမ္မာနံ၊ တို့၏။ ဌိတိယာ၊ တည်ခြင်းငှာ။ အသမ္မောသာယ၊ မပျောက်ပျက်ခြင်းငှာ။ ဘိယျောဘာဝါယ၊ လွန်စွာဖြစ်ခြင်းငှာ။ (တိုး၍ တိုး၍ ဖြစ်ခြင်းငှာ။) ဝေပုလ္လာယ၊ ကြီးကျယ်ကုန်သည်၏ အဖြစ် အကျိုးငှာ။ (အဆက်မပြတ် ဖြစ်သောအားဖြင့် အသားကျလျက် အားရှိပါးရှိ ဖြစ်ခြင်းငှာ။) ဘာဝနာယ၊ ဘာဝနာ၏။ (တိုးပွားစေခြင်း၏။) ပါရိပူရိယာ၊ ထက်ဝန်းကျင် ပြည့်စုံခြင်းငှာ။ ဆန္ဒံ ဇနေတိ။ပ။အယံ၊ ဤ ဝီရိယ-ကို။ပ။

ကတမာ စ။ပ။အဘိဇ္ဈာ ဒေါမနသံ။ [ပုဒ်စဉ် ၃၇၃-၌ အနက်ရေးခဲ့ပြီ။] အယံ၊ ဤ သတိကို ။ပ။

ကတမော စ။ပ။စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ [မဟာသုဒဿနသုတ် ပုဒ်စဉ် ၂၆၁-၌ အနက်ရေးခဲ့ပြီ။] အယံ၊ ဤ သမာဓိကို။ပ။ဘိက္ခဝေ။ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါး မြတ်တရားကို။ ဒုက္ခနိရောဓဂါမိနီ၊ သော။ ပဋိပဒါ၊ သော။ အရိယသစ္စံ၊ ဟူ၍။ ဝုစ္စတိ။

၄၀၃။ ဤ နိဂုံးဝါကျ၌ အနက်ထူးမရှိတော့၊ ရှေး၌ပေးခဲ့ပြီ။

သစ္စပဗ္ဗံ၊ သစ္စာကို ပြဆိုရာ အပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

ဓမ္မာနုပဿနာ၊ တရားသဘောတို့ကို အဖန်ဖန်ရှုပုံတို့သည်။
နိဋ္ဌိတာ၊ ပြီးကုန်ပြီ။

၄၀၄။ ဘိက္ခဝေ။ ယော ဟိ ကောစိ၊ ဧကြင် အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်သည်။ [ရဟန်းဖြစ်စေ ရဟန်းမ ဖြစ်စေ ဥပါသကာဖြစ်စေ ဥပါသိကာဖြစ်စေ။] စတ္တာရော။ ဣမေ သတိပဋ္ဌာနေ၊ တို့ကို။ ဧဝံ၊ ဤ အောက်၌ ဆိုအပ်ပြီးသော ဘာဝနာအစဉ်အားဖြင့်။ (ပွားမျှားပုံ ပွားမျှားနည်းအားဖြင့်။) သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ ဘာဝေယျ၊ မိမိသန္တာန်၌ ဖြစ်စေအံ့။ ဝါ၊ ပွားစေအံ့။ တဿ၊ ထိုပုဂ္ဂိုလ်သည်။ ဒွိန္နံ၊ နှစ်မျိုးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ ဝါ၊ အကျိုးတို့တွင်။ အညတရံ၊ တမျိုးသော။ ဖလံ၊ ကို။ ပါဋိကင်္ခံ၊ အလိုရှိထိုက်၏။ ဝါ၊ ကေန် ဖြစ်လိမ့်မည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စက္ခ-အတ္တဘောဌာပင်။ (မျက်မှောက် ဘဝဌာပင်။) အညာ၊ အရဟတ္တဖိုလ်ကိုသော် လည်းကောင်း။ ဥပါဒိသေသေ၊ ဥပါဒါန် အကြွင်းအကျန်သည်။ သတိ ဝါ၊ ရှိသေးလျှင်လည်း။ အနာဂါမိတာ၊ အနာဂါမ်၏ အဖြစ်ကိုသော် လည်းကောင်း။ (ပါဋိကင်္ခံ၏။)

ဘိက္ခဝေ။ သတ္တဝဿာနိ၊ တို့သည်။ တိဋ္ဌန္တု၊ တည်ရှိပါစေကုန်ဦး။ (ထားလိုက်ပါဦး။)။ပ။ ဧကံ ဝဿံ၊ တနှစ်ပတ်လုံး။ပ။သတ္တ မာသာနိ၊ ခုနစ်လတို့ပတ်လုံး။ပ။အဒ္ဓမာသံ၊ တလထက်ဝက် ဆယ့်ငါးရက်ပတ်လုံး။ပ။ အဒ္ဓမာသော၊ သည်။ တိဋ္ဌတု ။ပ။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး ။ပ။ ဣတိ၊ ဤသို့ မှတ်အပ်၏။ [ရှေးနိဿယ-၌ "ဣတိ တာသ္မာ၊ ထို့သို့ မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင် အရဟတ္တဖိုလ်သည်လည်းကောင်း၊ အနာဂါမ်သည်လည်းကောင်း ဤအကျိုး ၂-ပါးတွင် တပါးပါးကို အလိုရှိအပ်သည်၏ အဖြစ်ကြောင့်သာလျှင်" ဟု အနက်ပေး၍ နောက်ဝါကျ၌ ဆက်ထားသည်။]

၄၀၅။ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ ။ပ။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ" တိ၊ ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ ။ပ။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ-ဟူ၍။ ဣတိ၊ သို့။ ယံ တံ၊ အကြင် စကားကို။ မယာ။ ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။ တေံ၊ ဤစကားကို။ (ဤ ကောယနော။ပ။ သတိပဋ္ဌာနာ-ဟူသောစကားကို။ ဝုတ္တံ-၌ စပ်။) ဣဒံ၊ ဤအနက်အဓိပ္ပာယ်ကို။ (ကတမေ စတ္တာရော-အစ အနာဂါမိတာ-အဆုံးရှိသော ဤအနက်အဓိပ္ပာယ်ကို။) ပဋ္ဌိစ္စ၊ ရည်ရွယ်တော်မူ၍။ ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။ ဣတိ၊ ဤသို့မိန့်တော်မူပြီ။

ဘဂဝါ၊ သည်။ ဣဒံ၊ ဤစကားတော်ကို။ (ဤ ဧကာယနော-အစ ဣဒ မေတံ ပဋိစ္စ မေတံ - အဆုံးရှိသော သတိပဋ္ဌာန-သုတ်တော်ကို။) အဝေါစ။ တေ ဘိက္ခူ၊ တို့သည်။ အတ္တမနာ၊ မိမိစိတ်ရှိကုန်သည်။ (နှစ်သက်ဝမ်းမြောက်ကုန်သည်။ ဟုတ္တာ။) ဘဂဝတော၊ ၏။ ဝါ၊ သည်။ ဘာသိတံ၊ ဟောတော်မူအပ်သော စကားတော်ကို။ (မဟာသတိပဋ္ဌာန-သုတ်တော်ကို။) အဘိနန္ဒုံ၊ ဧဝမေတံ ဘဂဝါ, ဧဝမေတံ သုဂတ-ဟု ဦးထိပ်တင်ထား လွန်လေးစားလျက် နှစ်သက်လက်ခံကြကုန်ပြီ။ ဣတိ၊ သို့။ (သုတံ၊ နာယ္ဃမှတ်သား ဆောင်ထားအပ်ပါပြီ။) [ဧဝံ မေ သုတံ-မှ ကိံ-၏ အမေးကို ဖြေသည်။] ဣတိ၊ မဟာသတိပဋ္ဌာန-သုတ်တော် အပြီးတည်း။ [ဣတိ-တလုံး အကျေကြံပါ။]

နဝမံ၊ ကိုးခုမြောက်ဖြစ်သော။ မဟာသတိပဋ္ဌာနသုတ္တံ၊
သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

၁၀-ပါယာသိသုတ္တ

၄၀၆။ ဧဝံ မေ သုတံ-ဧကံ သမယံ။ [ရှေးသုတ်များအတိုင်း အနက်ဆိုပါ။ သုတံ-၏ ကံကို "ပါယာသိသုတ္တံ" ဟု ထည့်ရုံသာထူး၏။] အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပ-သည်။ ကောသလေသု၊ ကောသလာ တိုင်း၌။ [ကောသလာ-ဟု ဗဟုဝုစ်နာမည်ဖြင့် ထင်ရှားသော တိုင်း၌-ဟူလို။] စာရိကံ၊ ဒေသစာရီကို။ စရမာနော၊ လှည့်လည်တော်မူလတ်သော်။ မဟတာ၊ အရေအတွက်အားဖြင့်များသော။ ဘိက္ခုသံဃေန၊ နှင့်။ ပဉ္စမတ္တေဟိ၊ သင်္ချာ-ငါးလီ အတိုင်းအရှည်ရှိကုန်သော။ ဘိက္ခုသတေဟိ၊ ရဟန်းအရာတို့နှင့်။ (တနည်း)ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ၊ အတူ။ ယေန၊ အကြင်အရပ်၌။ သေတဗျာ နာမ၊ သေတဗျ-မည်သော။ ကော-သလာနံ၊ ကောသလ-တိုင်း၏။ ဝါ၊ ကောသလ-တိုင်းသူ တိုင်းသားတို့၏။ နဂရံ(အတ္ထိ)။ တံ၊ သေတဗျ-မြို့ရှိရာ ထိုအရပ်သို့။ အဝသရိ၊ ရောက်တော်မူပြီ။ [မဟတာ။ပ။ဘိက္ခုသတေဟိ-ကို စာရိကံ စရမာနော-၌ စပ်၍လည်း အနက်ပေးနိုင်၏။] အာယသ္မာ ကုမာရကဿပေါ၊သည်။ တတြ သေတဗျာ-ယံ၊ ထိုသေတဗျ-မြို့၌။ သေတဗျံ၊ သေတဗျ-မြို့မှ။ဥတ္တရေန၊ မြောက်အရပ်၌။ သိံသပါဝနေ၊ ရင်းတိုက်တော၌။ ဝိဟရတိ။ ["ဥတ္တရေန သေတဗျံ" ၏ အဖွင့်ကို ဋီကာ၌ကြည့်ပါ။]

တေန ခေါ ပန သမယေန၊ ၌။ (အရှင်ကုမာရကဿပ-၏ သေတဗျ-မြို့မြောက်ဘက် ရင်းတိုက်တောဝယ် သီတင်းသုံးတော်မူရာ ထိုအခါ၌။) ရာဇညော၊ မင်းမျိုး မင်းနွယ်ဖြစ်သော။ ပါယာသိ၊ ပါယာသိမြို့စားသည်။ ဝါ၊ ပါယာသိ-ဘုရင်ခံသည်။ သတ္တုဿဒံ၊ တိရစ္ဆာန်သတ္တဝါ လူသတ္တဝါ တို့ဖြင့် ပေါများသော။ သတိဏကဋ္ဌောဒကံ၊ မြက်,ထင်း,သစ်သား,ရေ-တို့နှင့် တကွဖြစ်သော။ သဓညံ၊ စားသုံးဖို့ရန် ကောက်ပဲသီးနှံနှင့် တကွဖြစ်သော။ ရာဇဘောဂ္ဂံ၊ မင်းအထံမှရအပ်သော စည်းစိမ်ဖြစ်သော။ ပသေနဒိနာ၊

၁။ ရာဇညော။ ။အနဘိသိတ္တကရာဇာ။-၌။ ခတ္တိယဇာတိကော အဘိသေကံ အပ္ပတ္တော။-ဋီကာ။ ခတ္တိယဇာတိကော-ကိုထောက်၍ "မင်းမျိုးမင်းနွယ်" ဟု မှတ်ပါ။ သို့ရာတွင်-အဘိသိက်သွန်းအပ်သော မင်းမှာမူ မဟုတ်ပေ။ "ရညာ ပသေနဒိနာ ကောသလေန ဒိန္နံ" ကိုထောက်၍ သေတဗျ-မြို့ကို အပိုင်စားရသော ကောသလမင်း၏ လက်အောက်ခံဖြစ်သော ဘုရင်ခံဟု မှတ်ပါ။ [စော်ဘွားဟုလည်း ခေါ်ကြ၏။] ပါယာသိကား သူ၏နာမည်တည်း။

ပသေနဒိ-မည်သော။ ကောသလေန၊ ကောသလ-တိုင်း၏ အရှင်ဖြစ်သော။ ရညာ၊ မင်းသည်။ ဒိန္နံ၊ ပေးအပ်သော။ ဆုဇဒါယံ၊ မင်း၏အမွေဖြစ်သော။ ဗြဟ္မဒေယျံ၊ မြတ်သည်ဖြစ်၍ ပေးအပ်သော။ (မြတ်သည်၏အဖြစ်ဖြင့် ပေးအပ်သော။) သေတဗျံ၊ သေတဗ္ဗ-မြို့၌။ အဇ္ဈာဝသတိ၊ လွှမ်းမိုးအုပ်စိုးရ၍ သူတပါးနှင့်မဆက်ဆံသော အပိုင်းအခြားအားဖြင့် နေ၏။ [ဤ ပုဒ်တို့၏အဖွင့်ကို သိလက္ခန်ဘာသာဋီကာ၊ တတိယတဲ့၊ အမ္ဗဋ္ဌ-သုတ်၌ ပြထားပြီ။]

ပါယာသိဆုဇဉ်ထူး

၄၀၇။ တေန ခေါ ပန သမယေန၊ ၌။ ဆုဇညဿ၊ ၏သော။ ပါယာသိဿ၊ ၏။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ပါပကံ၊ မကောင်းသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာ-အယူသည်။ ဥပ္ပန္နံ၊ ဖြစ်နေသည်။ ဟောတိ။ (ကိံ၊ အဘယ်သို့ ဖြစ်နေသနည်း။) "ဣတိ ပိ၊ ဤ အကြောင်းကြောင့်လည်း။ ပရောလောကော၊ နောက်လောက-သည်။ (နောက်ဘဝ သည်။) နတ္ထိ၊ မရှိ။ ဩပပါတိကာ၊ ဥပပတ်ပဋိသန္ဓေ နေခြင်းရှိကုန်သော။ သတ္တာ။ နတ္ထိ၊ ကုန်။ သုကတဒုက္ကဋာနံ၊ ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်ကုန်သော။ ကမ္မာနံ၊ ကံတို့၏။ ဖလံ၊ အကျိုးရင်း အကျိုးဆက်သည်လည်းကောင်း။ ဝိပါကော၊ တူသောအကျိုးသည်လည်းကောင်း။ နတ္ထိ။" ဣတိ၊ ဤသို့ အယူဖြစ်၏။

သေတဗျာ၊ သေတဗ္ဗ-မြို့၌ နေကုန်သော။ ဗြာဟ္မဏဂဟပတိကာ၊ ဗြာဟ္မဏ, ဂဟပတိက-တို့သည်။ (ပုဏ္ဏား, သူကြွယ်-တို့သည်။) အဿောသုံ၊ ကြားကုန်ပြီ။ (ကိံ၊) "ဘော၊ အရှင်တို့။ ကုမာရကဿပေါ၊ ကုမာရကဿပ-မည်သော။ သမဏဿ ဂေါတမဿ၊ ၏။ သာဝကော၊ တပည့်ဖြစ်သော။ သမဏော၊ ရဟန်းမြတ်သည်။ ကောသလေသု။ပ။ဘိက္ခုသတေဟိ သဒ္ဓိံ။ သေတဗျံ၊ သို့။ အနုပဗ္ဗေါ၊ ရောက်လာသည်။ (ဟုတ္တာ) သေတဗျာယံ ။ပ။ ဝိဟရတိ ခလု၊ နေတော်မူသတဲ့။ တံ ခေါ ပန ဘဝန္တံ ကုမာရကဿပံ၊ ထို အရှင်ကုမာရကဿပ-၏။ ဧဝံ၊ သို့။ ကလ္လာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကောင်းစွာပြောဆိုအပ်သော ဂုဏ်သတင်းသည်။ အဗ္ဘုဂ္ဂတော၊ ပံ့.နှံ့.၍တက်ပြီ။ (ပံ့.နှံ့ပြီ။ ကိံ ။) 'ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပင်ကိုဉာဏ်ရှိ၏။ ဗျတ္တော၊ ထက်မြက်၏။ [သွက်လက်ထက်မြက်၏-ဟူလို။] မေဓာဝီ၊ အကြောင်းအားလျော်စွာ တခဏချင်းဖြစ်ပေါ်လာသော ပညာရှိ၏။ ဗဟုဿုတော၊ များစွာကြားနာအပ်ပြီးသော

ဘုရားစကားတော်ရှိ၏။ စိတ္တကထီ၊ဆန်းကြယ်သော စကားရှိ၏။ ဘလျာဏ-ပဋိဘာနော၊ ကောင်းသော ရှေးရှုထင်လာသော စကားရှိ၏။ ဝုဒ္ဓေါ စေဝ၊ အရွယ်အားဖြင့်လည်း ကြီး၏။ အရဟာ စ၊ ရဟန္တာလည်းဖြစ်၏။' (ဣတိ၊ ဤသို့ ပျံ့နှံ့နေ၏။) တထာရူပါနံ၊ ထိုသို့သဘောရှိကုန်သော။ အရဟတံ၊ ရဟန္တာတို့ကို။ ဒဿနံ၊ ဖူးမြင်ရခြင်းသည်။ သာဓု ခေါ ပန၊ စီးပွားချမ်းသာကို ပြီးစေတတ်သဖြင့် ကောင်းမြတ်သည်သာ။ ဟောတိ။'' ဣတိ၊ ဤသို့ ကြားကုန်ပြီ။

အထ ခေါ၊ ၌။ပ။သေတဗျာယ၊ မှ။ နိက္ခမိတ္ဝာ၊ ထွက်၍။ သဿ်သဿီ၊ လူစုလူဝေးဟူသော အပေါင်းအစုရှိကုန်သည်။ ဂဏီဘူတာ၊ အပေါင်းအစုဖြစ်၍ဖြစ်ကုန်သည်။ (ဂိုဏ်း အုပ်စုဖြစ်၍ ဖြစ်ကုန်သည်။) ဥတ္တရေန မုခါ၊ မြောက်အရပ်ဟူသော မျက်နှာရှိကုန်သည်။ (မြောက်အရပ်သို့ မျက်နှာမူကုန်သည်။ ဟုတ္ဝာ။) ယေန၊ ၌။ သိံသပါဝနံ (အတ္ထိ။ တံ၊ ယင်းတိုက်တောရှိရာ ထိုအရပ်သို့။) ဂစ္ဆန္တိ၊ သွားနေကုန်၏။

၄၀၈။ တေန ခေါ ပန။ပ။ဥပရိပါသာဒေ၊ ပြာသာဒ်၏ အထက်ထပ် ၌။ ဒိဝါသေယျံ၊ နေ့အခါဝယ် အိပ်နေရာသို့။ ဝါ၊ နေ့အခါဝယ် အိပ်ခြင်းသို့။ ဥပဂတော၊ ကပ်ရောက်သည်။ ဟောတိ။ ပါယာသိရာဇညော၊ သည်။ သေတဗျေ၊ကုန်သော။ ဗြာဟ္မဏဂဟပတိကေ၊ တို့ကို။ သေတဗျာယ၊ မှ။ နိက္ခမိတ္ဝာ၊ ၍။ သဿ်သဿီ၊ ရှိကုန်သည်ဖြစ်၍။ ဂဏီဘူတေ၊ ဖြစ်ကုန်သည်ဖြစ်၍။ ဥတ္တရေန မုခေ၊ ရှိကုန်သည်ဖြစ်၍။ ယေန၊ ၌။ သိံသပါ-ဝနံ (အတ္ထိ။ တံ၊ သို့။) ဂစ္ဆန္တေ၊ သွားနေသည်တို့ကို။ အဒ္ဒသာ၊ မြင်ပြီ။ ဒိသွာ၊ မြင်ခြင်းကြောင့်။ ခတ္တံ၊ အမတ်ကြီးကို။ အာမန္တေသိ၊ အမိန့်ရှိပြီ။ [ခေါ်၍မေးပြီ-ဟူလို။] (ကိံ)''ဘော ခတ္တေ၊ အို အမတ်ကြီး။ကိံ နု ခေါ၊ အဘယ့်ကြောင့်။ပ။ဂစ္ဆန္တိ၊ သွားနေကြသနည်း။'' ဣတိ၊ ဤသို့ အမိန့်ရှိပြီ။

ဘော၊ အရှင်။ ကုမာရကဿပေါ ။ပ။ သာဝကော၊ သော။ သမဏော၊ သည်။ အတ္ထိ၊ ရှိပါ၏။ (သော၊ ထို ရဟန်းမြတ်သည်။) ကောသလေသု။ပ။ ဝိဟရတိ။ သီတင်းသုံးနေပါ၏။ပ။ အဗ္ဘုဂ္ဂတော၊ ပျံ့နှံ့နေပါပြီ။ပ။ ဧတေ၊ ဤ ဗြာဟ္မဏ ဂဟပတိက-တို့သည်။ တံ ဘဝန္တံ ကုမာရကဿပံ၊ ထို အရှင် ကုမာရကဿပ-ကို။ဒဿနာယ၊ ဖူးမြင်ခြင်းငှာ။ (ဖူးမြင်ဖို့ရာ။)ဥပသင်္ကမန္တိ၊ သွားနေပါကုန်၏။ ဣတိ၊ ဤသို့ ပြောပြီ။ ဘော ခတ္တေ၊ အို အမတ်ကြီး။ တေနတိ၊ ထိုသို့ဖြစ်လျှင်။ (ဒီလိုဆိုလျှင်။) ယေန၊ ၌။ပ။ ဥပသင်္ကမ၊ သွားပါ။ ဥပသင်္ကမိတ္ဝာ၊ သွားပြီး၍။ပ။ ဧဝံ၊ သို့။ ဝဒေဟိ၊ ပြောပါလေ။

(ကိုဴ၊အဘယ်သို့ ပြောရမည်နည်း။)''ဘော၊ အရှင်တို့။ ပါယာသိရာဇညော ဇေဝံ။ အာဟာ၊ ပြောပါပြီ။(မှာလိုက်ပါသည်။ ့ကိုဴ။) 'ဘဝန္တော၊ အရှင်တို့သည်။ အာဂမေန္တု ကိရ၊ စောင့်ဆိုင်းကြပါဦးတဲ့။ ပါယာသိပိ ရာဇညော၊ သည်လည်း။ပ။ ဥပသင်္ကမိဿတိ ကိရ၊ သွားပါလိမ့်မည်တဲ့။ (လိုက်ပါလိမ့်မည်တဲ့။) သမဏော ကုမာရကဿပေါ၊ သည်။ သေတဗ္ဗျ၊ ကုန်သော။ ဗာလေ၊ နားမလည်ကုန်သော။ အဗျတ္တော၊ မထက်မြက်ကုန်သော။ ဗြာဟ္မဏ-ဂဟပတိကော၊ တို့ကို။ 'ဣတိပိ၊ ဤအကြောင်းကြောင့်လည်း။ပ။ ဝိပါကော၊ သည်။ အတ္ထိ။ ဣတိ၊ သို့။ ပုရာ သညာပေတိ၁၊ မကြာမီ နားလည်စေလိမ့်

၁။ ပုရာ သညာပေတိ။ ။ယာဝ နု သညာပေတိ။—အကြင်မျှလောက် မသိစေသေး။(တာဝ၊ ထို မသိစေသေးမီ။ ဥပသင်္ကမိဿတိ ကိရ၊ လိုက်ပါလိမ့်မည်တဲ့။) ဤသို့ အဋ္ဌကထာ—ဖွင့်၏။ အာပန္နာနမိပွေတတ္ထဝိသယေ အယံ ပုရာ သဒ္ဒပယောဂေါ-ရောက်လာမည့် အလိုမရှိအပ်သော အနက်၏အရာ၌ ဤ ပုရာ—သဒ္ဒါကို သုံးစွဲထားခြင်း ဖြစ်၏ဟု ဋီကာလည်းဖွင့်၏။ ဤအဖွင့်မျှားကိုကြည့်၍ ''ဗာလေ အဗျတ္တော၊ ကုန်သော။ဗြာဟ္မဏဂဟပတိကော၊ တို့ကို။ ဣတိပိ။ပ။ အတ္ထိ။ ဣတိ၊ သို့။ ပုရာ သညာပေတိ၊ နားမလည်စေသေးမီ။ ဝါ၊ နားလည်အောင် မပြောပြသေးမီ။ ပါယာသိဝိရာဇညော ။ပ။ဥပသင်္ကမိဿတိ ကိရ၊လိုက်ပါလိမ့်မည်တဲ့။''ဤသို့ ရှေဝါကျသို့ ပြန်လှည့်၍ အနက်ပေးရိုးရှိ၏၊ [သညာပေတိ-၌ ဝတ္တမာန် ''တိ'' သည် အနာဂတ် အနက်၌ သက်သည်။]

မိမိအယူ။ ။မိမိကား စိဝရာနိ ဥဒ္ဒရထ ပုရာ ဒေဝေါ ဝဿတိ—သင်္ကန်းတွေရှပ်ကြ၊ မကြာခင် မိုးရွာလိမ့်မည်။ ဓမ္မဥ္ဆ ဝိနယဥ္ဆ သံဂါယေထျာမ။ ပုရေ အဓမ္မော ဒိပ္ပတိ—ဓမ္မ, ဝိနယ-ကို သံဂါယနာ တင်ကြစို့။ မကြာမီ အဓမ္မတွေ ထွန်းကားလိမ့်မည်။ ဤ ဝါကျများကဲ့သို့ ဤ၌လည်း မြန်မာစကားချောအောင် ဝါကျအစဉ် အတိုင်း အနက်ပေးလိုက်ပါသည်။

ဆိုလိုရင်း။ ။အာဂမေန္တု၊ ကိရ-စသော ၃-ဝါကျ၏ ဆိုလိုရင်းမှာ—အရှင်တို့ စောင့်ကြပါဦးတဲ့။ ပါယာသိရာဇည-လည်း သမဏ ကုမာရ ကဿပ-ကို ဖူးမြင်ဖို့ရာ လိုက်ပါလိမ့်မတဲ့။ (တော်တော်ကြာ) သမဏ ကုမာရ ကဿပ—က နားမလည်တဲ့ ဗြာဟ္မဏ ဂဟပတိက—တို့ကို ပရလောက—ရှိကြောင်း, သြပပါတိက-သတ္တဝါများရှိကြောင်း, ကုသိုလ် အကုသိုလ်ကံ တို့၏ အကျိုး ရှိကြောင်း ပြောနေလိမ့်မည်—ဟူလို။ ဤ ပုရာ-စသော နောက်ဝါကျသည် မိမိသွားသင့်သည့်အကြောင်း အမတ်ကြီးနားလည်အောင် ပြောခြင်းသာဖြစ်၏။ ထိုအမတ်ကြီးက တဆင့်ပြောရမည့်စကား မဟုတ်ပါ။ တကယ်ပြောသောအခါ ထိုစကား မပါပုံကို သတိပြုပါ။ [ပုရာ-နှင့်စပ်၍ မှတ်ဖွယ်ကို ကစ္စည်းဘာသာဋီကာ၊ ဒုတိယတွဲ၊ ဝတ္တမာနာပစ္စုပ္ပန္နေ-သုတ် အဖွင့်၌လည်းကောင်း, ပါရာဇိကဏ်ဘာကာဋီကာ၊ ပထမတွဲ၊ သံဂါယနာ တင်ခန်း၌လည်းကောင်း ပြထားပြီ။]

မည်။ ဝါ၊ နားလည်အောင် ပြောပြလိမ့်မည်။ ဣတိ၊ ဤသို့ပြောပါပြီ။ ဣတိ၊ ဤသို့ပြောပါလေ။' ဣတိ၊ ဤသို့မိန့်ပြီ၊ [ဣတိနှစ်လုံးအကျေကြံပါ။] ဘော၊ အရှင်။ ဧဝံ၊ မှန်ပါ။ ဣတိ ဧခါ၊ လျှင်။ပ။ ဥပသင်္ကမိဿတိ'' တိ။

၄၀၉။ အထ ဧခါ။ပ။ ဗြာဟ္မဏဂဟပတိကေဟိ၊ တို့သည်။ ပရိဝုတော၊ ခြံရံအပ်သည်။ (ဟုတ္တွာ)။ပ။ဥပသင်္ကမိ၊ သွားပြီ။ပ။သမ္မောဒိ၊ ခမနီယ-စသည်သဘော မေးမြန်းပြောလျက် ရောနှောမိပြီ။ သမ္မောဒနိယံ၊ ပမ်း မြောက်သင့် ပမ်းမြောက်ထိုက်သော။ သာရဏီယံ၊ မပြတ် မပြတ် အမှတ် ရထိုက်သော။ ကထံ၊ စကားကို။ ဒိတိ သာရေတ္ဝာ၊ ပြီးဆုံးစေပြီး၍။ ဧက-မန္တံ၊ သင့်တင့်လျောက်ပတ် တခုသော အရပ်အဖို၌။ နိသီဒိ၊ ထိုင်နေပြီ။ သေတဗျာ၊ ကုန်သော။ ဗြာဟ္မဏ ဂဟပတိကာပိ၊ တို့သည်လည်း။ အပ္ပေ-ကစ္စေ၊ အချို့သူတို့သည်။ပ။နိသီဒိ သု။ပ။ အပ္ပေကစ္စေ။ ယေန၊ အကြင် ဘက်၌။ အာယသ္မာ ကုမာရကဿပေါ (အတ္ထိ)။ တေန၊ အရှင် ကုမာရ-ကဿပ-ရှိရာ ထိုဘက်သို့။ အဉ္ဇလိ၊ လက်အုပ်ကို။ ပဏာမေတ္ဝာ၊ ညွတ်စေ၍။ပ။နာမ ဂေါတ္တံ၊ နာမည်နှင့်အနွယ်ကို။ သာဝေတ္ဝာ၊ ကြားသိစေ၍။ (ကြားသိအောင် လျှောက်ထား၍။)။ပ။တုဏှီဘူတာ၊ ဆိတ်ဆိတ်ဖြစ်၍ ဖြစ်-ကုန်သည်။ (ဟုတ္တွာ) ကေမန္တံ နိသီဒိ သု။

နတ္ထိကဝါဒ

၄၁၀။ ကေမန္တံ။ပ။အဝေါစ။ (ကိံ။) ဘော ကဿပ၊ အရှင်ကဿပ။ ''အဟံ၊ ကျွန်ုပ်သည်။ [ဟိ-အနက်မရှိ။] ဧဝံ ဝါဒီ၊ ဤသို့ပြောလေ့ရှိပါ၏။ (ဤသို့ ဝါဒရှိပါ၏)၊ ဧဝံဒိဋ္ဌိ၊ ဤသို့ အယူရှိပါ၏။ (ကိံ၊ အဘယ် အယူဝါဒ-ရှိသနည်း။) 'ဣတိ ပိ။ပ။ဝိပါကော' တိ။'' ဣတိ၊ ဤသို့ပြော ပြီ။ ရာဇာ၊ မြို့စံးမင်း။ [ဘုရင်ခံမင်း-ဟုလည်း ပေးနိုင်၏။] အဟံ။ ဧဝံဝါဒိံ၊ ဤသို့ ပြောလေ့ရှိသူကို။ (ဤသို့ ဝါဒ-ရှိသူကို။) ဧဝံ ဒိဋ္ဌိံ၊ ဤသို့ အယူရှိသူကို။ န အဒ္ဒသံ ဝါ၊ မြင်လည်း မမြင်ဖူးပါ။ (တွေ့လည်း မတွေ့ဖူးပါ။) န အဿောသိံ ဝါ၊ ကြားလည်း မကြားဖူးပါ။ ကထံ ဟိ၊ အဘယ့်ကြောင့်။ ဧဝံ၊ သို့။ ဝဒေယျ နာမ၊ ပြောရသနည်း။ပ။ ဝိပါကော'' တိ။

---

(၁) စန္ဒိမ သူရိယ ဥပမာ

၄၁၁။ ရာဇာ။ တေနဟိ၊ ထိုသို့ဖြစ်လျှင်။ တွေ့၊ ဤ ပြဿနာ၌။ တညေဝ၊ သင့်ကိုသာ။ ပဋိပုစ္ဆိဿာမိ၊ ပြန်မေးပါမည်။ ယထာ၊ အကြင်

အခြင်းအရာအားဖြင့် (ဖြေဆိုလတ်သော်)။ ဗေ၊ သင်မြို့စားမင်းအား။ ခမေ့ယျ၊ နှစ်သက်ရာ၏။ တထာ၊ ထို့အခြင်းအရာအားဖြင့်။ နံ၊ ထို ပြဿနာကို။ ဗျာကရေ့ယျာသိ၊ ဖြေဆိုပါ။ ရာဇာ့ည။ တံ၊ ထို ပြောဆို အပ်မည့်စကားကို။ ကိံ မညသိ၊ အဘယ်သို့ မှတ်ထင်သနည်း။ ဣမေ စန္ဒိမသူရိယာ၊ ဤ လ, နေ-တို့သည်။ ဣမသ္မိံ ဝါ လောကေ၊ ဤလောက-၌သော်လည်း။ (ဟောန္တိ၊ ဖြစ်ကုန်သလော။) ပရသ္မိံ ဝါ၊ တပါးသော လောက၌သော်လည်း။ (ဟောန္တိ၊ လော။) ဗေ၊ ထို လ, နေ-တို့သည်။ ဒေဝါ ဝါ၊ နတ်တို့လော။ မနုဿာ ဝါ၊ လူတို့လော။ [နတ်တော့လား လူတော့လား။-ဟူလို။] ဣတိ၊ ပြီ။ ဘော ကဿပ။ ဣမေ စန္ဒိမသူရိယာ၊ တို့သည်။ ပရသ္မိံ လောကေ၊ တပါးသော လောက၌ပါတည်း။ (တပါးသော လောကက-ပါတည်း။) ဣမသ္မိံ၊ ဤလောက၌။ (ဤလောကက။) နု၊ မဟုတ်ပါကုန်။ ဗေ၊ တို့သည်။ ဒေဝါ၊ တို့ပါတည်း။ မနုဿာ၊ တို့သည်။ နု၊ ကုန်။ ဣတိ၊ ပြီ။ ရာဇာ့ည။ ဣမိနာပိ ပရိယာယေန၊ ဤအကြောင်းကြောင့်လည်း။ ဗေ၊ သင်၏ (အယူသည်)။ ဧဝံ၊ သို့။ ဟောတု၊ ဖြစ်ပါစေ။ (ကိံ၊ အဘယ်သို့ ဖြစ်ရမည်နည်း)။ "ဣတိပိ ။ပ။ ဝိပါကော အတ္ထိ။ ဣတိ၊ ဤသို့ ဖြစ်ပါစေ။" ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

၄၁၂။ ဘဝံ ကဿပေါ၊ အရှင်ကဿပ-သည်။ ဧဝံ၊သို့။ ကိစ္စာပိ အာဟ-အကယ်၍ကား၊ပြောပါပေ၏၊အထ ဧခါ၊ ထိုသို့ပင်ပြောပါသော်လည်း။ ဇာတ္ထ၊ ဤပြဿနာ၌။ ဧဝံ၊ သို့။ မေ၊ ကျွန်ုပ်၏(အယူသည်)။ ဟောတိ၊ ဖြစ်နေပါ၏။ "။ပ။ဝိပါကော" တိ။ ရာဇာ့ည။ ယေနပရိယာယေန၊ အကြင်အကြောင်း ကြောင့်။ တေ၊အသင်၏(အယူသည်)။ ဧဝံ ဟောတိ။ "။ပ။ဝိပါကော" တိ။ (သော၊ ထိုအကြောင်းသည်။) အတ္ထိ ပန၊ ရှိပါသလော၊ (ရှိပါသလား)။ ဣတိ၊ ပြီ။ ဘောကဿပ။ယေန ပရိယာယေန၊ကြောင့်။ မေ၊ ၏(အယူသည်)။ ဧဝံဟောတိ"။ပ။ ဝိပါကော" တိ။ (သော)ပရိယာယော၊ သည်။ အတ္ထိ၊ ရှိပါ၏။ ဣတိ၊ ပြီ။ [ဝါကျထုံးစံအတိုင်း သေသေချာချာ အနက်ပေးပါ။]

ရာဇာ့ည။ ယထာ ကထံ ဝိယ၊[1] အကြောင်း အဘယ်သို့ ရှိသနည်း။ [အကြောင်း ဘယ်လိုရှိသနည်း။-ဟူလို။] (ဟနည်း)ယထာ ကထံ ဝိယ၊

၁။ ယထာ ကထံ ဝိယ။ ။ဤပုဒ်၌ ရှေဝါကျတို့ကို လိုက်စေ၍ အနက်ပေးနိုင်၏။ဥပမာ-ရာဇာ့ည။ ယေန ပရိယာယေန၊ ကြောင့်။ တေ၊ ၏ (အယူသည်)။ ဧဝံ ဟောတိ။ (သော)ပရိယာယော၊ သည်။ ယထာ ကထံ၊ အဘယ်နည်းဖြင့်။

အဘယ်ကဲ့သို့ အကြောင်းရှိသနည်း။ [ဘယ်လိုအကြောင်းမျိုး ရှိသနည်း—ဟူလို။] ဣတိ၊ ပြီ။ [ယထာ-ကား အနက်မရှိ၊ နိပါတ်။]

ဘော ကဿပ။ ဣဓ၊ ဤ လောက၌။ မေ၊ ၏။ (ယေ) မိတ္တာမစ္စာ၊ အကြင် မိတ်ဆွေ, တကွဖြစ်ဖက် သူငယ်ချင်းတို့သည်။ (ယေ) ဉာတိသာ-လောဟိတာ၊ အကြင် ဆွေမျိုး သွေးသားစပ်သူတို့သည်။ ပါဏာတိပါတီ၊ သူတပါး၏အသက်ကို သတ်လေ့ရှိကုန်၏။ အဒိန္နာဒါယီ၊ မပေးအပ်သောဥစ္စာကို ယူလေ့ရှိကုန်၏။ ကာမေသုမိစ္ဆာစာရီ၊ ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်း ကျင့်လေ့ရှိကုန်၏။ မုသာဝါဒီ၊ မဟုတ်မမှန်သောစကားကို ပြောလေ့ရှိကုန်၏။ ပိသုဏာဝါစာ၊ ကုန်းတိုက်ကြောင်းစကား ရှိကုန်၏။ ဖရုသဝါစာ၊ ကြမ်းတမ်းသော စကားရှိကုန်၏။ သမ္ဖပ္ပလာပီ၊ စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကားကို ပြောလေ့ရှိကုန်၏။ အဘိဇ္ဈာလု၊ မျှားသော အဘိဇ္ဈာ-ရှိကုန်၏။ ဗျာပန္နစိတ္တာ၊ ဖောက်ပြန်ခြင်းသို့ ရောက်သောစိတ်ရှိကုန်၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူ ရှိကုန်၏။ တေ၊ ထိုသူတို့သည်။ အပရေန၊ တားဝါးသော။ သမယေန၊ အခါ၌။ အာဗာဓိကာ၊ (လွန်စွာနှိပ်စက်တတ်သော ဝိသဘာဂ-ဝေဒနာဟူသော) အနာရောဂါ ရှိကုန်သည်။ ဒုက္ခိတာ၊ လွန်စွာဖြစ်သော ဆင်းရဲခြင်းရှိကုန်သည်။ ဝါ၊ ဒုက္ခသို့ ရောက်ကုန်သည်။ ဗာဠှဂိလာနာ၊ ပြင်းထန်စွာ မကျန်းမာကုန်သည်။ ဟောန္တိ။

ယဒါ၊ အကြင်အခါ၌။ အဟံ ဇာနာမိ (ကိ)။ "ဒါနိ၊ ယခုအခါ၌။ ဣမေ၊ ၎င်းသူတို့သည်။ ဣမမှာ အာဗာဓာ၊ ၎င်း အနာရောဂါမှ။ န ဝုဋ္ဌဟိဿန္တိ၊ ထနိုင်ကြလိမ့်မည် မဟုတ်။" ဣတိ၊ ၎င်းသို့ သိပါ၏။ တေ၊ ထိုသူတို့ကို။ (ဝဒါမိ-၌ စပ်။) ဝါ၊ တို့သို့။ အဟံ ဥပသင်္ကမိတ္ဝာ ဧဝံ ဝဒါမိ။ (ကိ)။ "ဘော၊ အမောင်တို့။ ဧဝံ ဝါဒိနော၊ ၎င်းသို့ ပြောလေ့ရှိကုန်သော။ ဧဝံ ဒိဋ္ဌိနော၊ ၎င်းသို့ အယူရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ သန္တိ။ (ကိ၊ အဘယ်အယူဝါဒ-ရှိကုန်သနည်း။) 'ယေ တေ၊ အကြင်သူတို့သည်။ပ။မိစ္ဆာဒိဋ္ဌိ၊ ကုန်၏။ တေ၊ တို့သည်။ ကာယဿ၊ ဥပါဒိန္နက-ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းဟူသော။ မရဏာ၊ သေခြင်းမှ။ ပရံ၊ နောက်၌။ အပါယံ၊ သုခ-ဖြစ်ကြောင်း ကောင်းမှုမှ ကင်းသော။ ဒုဂ္ဂတိ၊ ဒုက္ခအပေါင်း၏ လဲလျောင်းရာဖြစ်သော။ ဝိနိပါတံ၊ ကင်းသော

အတ္ထိ၊ ရှိသနည်း။ ၎င်းသို့ ပေးရသည်။ အချို့နေရာ၌မူ တွဲဖက်ပုဒ်များအပြည့်အစုံ ပါသည်ကိုလည်း တွေ့ရ၏။ ဝိနယ မဟာဝဂ္ဂ-ပါဠိ၊ နှာ ၂၂၁-စသည်။ နိဿယ-၌မူ လွယ်ကူအောင်ပေးလိုက်ပါသည်။

အလိုရှိသည်ဖြစ်၍ ကျရောက်ရာဖြစ်သော။ နိရယံ၊ သာယာအပ်သော အဿာဒ-တရားတို့မရှိရာ ငရဲသို့။ ဥပပဇ္ဇိဿန္တိ၊ ကပ်ရောက်ကြပါလိမ့်မည်။'' ဣတိ၊ ဤသို့ ပြောလေ့ရှိကုန်၏။

ဘဝန္တော၊ အရှင်တို့သည်။ပ။မိစ္ဆာဒိဋ္ဌိ၊ ကုန်၏။ ဘဝတံ၊ အရှင်ဖြစ်ကုန်သော။ ဧတသံ သမဏဗြာဟ္မဏာနံ၊ တို့၏။ ဝစနံ၊ စကားသည်။ သစေ သစ္စံ၊ အကယ်၍ မှန်သည်ဖြစ်အံ့။ (၉ဝံ သတိ) ဘဝန္တော ။ပ။ ဥပပဇ္ဇိဿန္တိ၊ ကပ်ရောက်ကြရပါလိမ့်မည်။ ဘော၊ အမောင်တို့။ ကာယဿ။ပ။ သစေ ဥပပဇ္ဇေယျာထ၊ အကယ်၍ ကပ်ရောက်ကြရကုန်အံ့။ (၉ဝံ သန္တေသု။) ယေန၊ ယင်းသို့ ကပ်ရောက်ရခြင်းကြောင့်။ ဝါ၊ ယင်းသို့ ကပ်ရောက်ရလျှင်။ မေ၊ အား။ အာဝုန္တော၊ လာ၍။ အာရောစေယျာထ၊ ပြောကြပါကုန်။ (ကိံ၊ အဘယ်သို့ ပြောရမည်နည်း။) '။ပ။ဝိပါကော'တိ။ ဘဝန္တော၊ တို့သည်။ မေ၊ ၏။ သဒ္ဓါယိကာ၊ သဒ္ဓါ၏ ဖြစ်ရာတို့ပါတည်း။ ဝါ၊ ယုံကြည်ခြင်း၏ ဖြစ်ရာတို့ပါတည်း။ ပစ္စယိကာ၊ သဒ္ဓါ၏ မျှးရှုဖြစ်ခြင်းရှိသူတို့ပါတည်း။ ဝါ၊ ယုံကြည်ထိုက်သူတို့ပါတည်း။ ယံ၊ အကြင် အကြောင်းအရာကို။ (ငရဲဌဖြစ်သော အကြောင်းအရာကို။) ဘဝန္တော်ဟိ၊ တို့သည်။ ဒိဋ္ဌံ၊ တွေ့မြင်အပ်ပြီ။ တေံ၊ ဤ အကြောင်းအရာသည်။ (ငရဲဌ အရှင်တို့တွေ့မြင်အပ်သော ဤ အကြောင်းအရာသည်။) သာမံ၊ ကျွန်ုပ် ကိုယ်တိုင်။ ဒိဋ္ဌံ ယထာ၊ တွေ့မြင်အပ်သကဲ့သို့။ ဧဝံ၊ တူ။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။ ဣတိ၊ ဤသို့ပြောပါ၏။

တော၊ တို့သည်။ မေ၊ ၏။ (စကားကို။) ''သာဓု'' တိ၊ ကောင်းပါပြီ ဟု။ ပဋိဿုတ္ဝာ၊ ရှေးရှု နားထောင်၍။ (ဝန်ခံပြီးနောက်။) အာဝုန္တော၊ ၍။ နေဝ အာရောစေန္တိ၊ မပြောလာကြပါကုန်။ ဒုတံ• ပန၊ တမန်ကို လည်း။ န ပဟိဏန္တိ၊ မစေလွှတ်ကြပါကုန်။ ဘော ကဿပ ယေန။ပ။ ဝိပါကော'' တိ။ (သော) ပရိယာဂယာ၊ ထို အကြောင်းသည်။ (ထို ပရ-လောက-မရှိဟု ပြောဆိုခြင်း၏ အကြောင်းသည်။)အယမ္ပိ ဧဝါ၊ ဤသည်ပင် တည်း။ (ဤ ငရဲရောက်သူတို့အား သေသေချာချာ မှာထားပါလျက် ကိုယ်တိုင်လည်းလာမပြောခြင်း, တမန်ကိုလည်းမလွှတ်ခြင်းပင်တည်း။) [ပိ-ဖြင့် နောက်၌လာမည့် အကြောင်းပြချက်များကို ပေါင်းပါ။] ဣတိ၊ ဤသို့ ပြောပြီ။

(၂) စောရဥပမာ

၄၁၃။ တေန ဟိ။ပ။ဣဓ၊ ဤလောက၌။ တေ၊ သင် မြို့စားမင်း၏။ ပုရိသာ၊ အစေအပါး ယောကျ်ားတို့သည်။ အာဂုစာရိံ၊ မကောင်းမှုကို ကျင့်လေ့ရှိသော။ စောရံ၊ သူခိုးကို။ ဂဟေတွာ၊ ဖမ်းယူ၍။ ဒဿေယျုံ၊ ပြကုန်ရာ၏။ (ကိံ၊ အဘယ်သို့ လျှောက်၍ ပြကုန်သနည်း။) "ဘန္တေ၊ အရှင် မြို့စားမင်း။ အယံ၊ ဤသူသည်။ တေ၊ အရှင်၏။ အာဂုစာရီ၊ သော။ စောရော၊ ပါတည်း။ ဣမဿ၊ အား။ ဝါ၊ ၏ အပေါ်၌။ ယံ၊ အကြင်ဒဏ်ကို။ ဣစ္ဆသိ၊ ကပ်ဆောင်ခြင်း ပေးခြင်းငှာ အလိုရှိ၏။ တံ ဒဏ္ဍံ၊ ကို။ ပဏေဟိ၊ ကပ်ဆောင်တော်မူပါ။ (ပေးတော်မူပါ။)" ဣတိ၊ ဤသို့လျှောက်၍ ပြကုန်ရာ၏။

တေ၊ တို့ကို။ပ။ဝဒေယျာသိ၊ ပြောရာ၏။ (အမိန့် ပေးရာ၏။ ကိံ။) "ဘော၊ အမောင်တို့။ တေန ဟိ၊ လျှင်။ ဣမံ ပုရိသံ၊ ကို။ ဒဋ္ဌာယ၊ ခိုင်ခံ့သော။ ရဇ္ဇုယာ၊ ကြိုးဖြင့်။ ပစ္ဆာဗာဟံ၊ နောက်၌ လက်မောင်းရှိအောင်။ ဝါ၊ လက်မောင်းနောက်ပြန်။ ဂါဋ္ဌဗာဓနံ၊ တင်းကြပ်စွာ ဖွဲ့ချည်မှုကို။ ဗန္ဓိတွာ၊ ဖွဲ့ချည်၍။ [လက်ပြန်ကြိုးတုပ်၍–ဟူလို။] ခုရမုဏ္ဍံ၊ သင်ဓုန်းဖြင့် ခေါင်းတုံးမှုကို။ ကရိတွာ။ ခရဿရေန၊ ကြမ်းသောအသံ ရှိသော။ ပဏဝေန၊ ထက်စည်ဖြင့်။ ရထိကာယ၊ ရထားလမ်းတခုဖြင့်။ ရထိကံ၊ သို့။ သိဃ်ာဋ္ဌကေန၊ လမ်းဆုံတခုဖြင့်။ သိဃ်ာဋ္ဌကံ၊ သို့။ ပရိ–နေတွာ၊ လှည့်လည်ဆောင်ယူ၍။ [အခြားသူတို့ ဤ အလုပ်မျိုး မလုပ်ဝံ့အောင် လူများမြင်စေရန် လှည့်လည် ခေါ်ဆောင်၍။] ဒက္ခိဏေန၊ တောင်ဘက်ဖြစ်သော။ ဒွါရေန၊ တံခါးဖြင့်။ နိက္ခမိတွာ၊ ထွက်၍။ (ထုတ်၍။) နဂရဿ၊ ၏။ ဒက္ခိဏတော၊ တောင်အရပ်၌။ အာဃာတနေ၊ သုသာန်၌။ (သူခိုး ဒမြ သူပုန်တို့ကို ညှဉ်းဆဲ သတ်ဖြတ်ရာ သုသာန်၌။) သီသံ၊ ဦးခေါင်းကို။ ဆိန္ဒထ၊ ဖြတ်ကြကုန်။" ဣတိ၊ ဤသို့ ပြောရာ၏။

တေ ။ပ။ နိသီဒါပေယျုံ၊ ထိုင်နေစေကုန်ရာ၏။ သော စောရော၊ သည်။ စောရဃာတေသု၊ သူခိုးသတ်သမားတို့၌။ "အမုကသ္မိံ ဂါမေ ဝါ၊ ထိုမည်သော ရွာ၌သော်လည်းကောင်း။ (အမုကသ္မိံ) နိဂမေ ဝါ၊ ၌သော် လည်းကောင်း။ မေ၊ ၏။ မိတ္တာ မစ္စာ ဉာတိသာလော ဟိတာ (သန္တိ)။ ယာဝ၊ လောက်။ အဟံ၊ ကျွန်တော်သည်။ တေသံ၊ ထို ဆွေမျိုး မိတ်ဆွေတို့အား။ ဥဒ္ဒိသိတွာ၊ ညွှန်ပြအပ်နှင်း၍။ [မိမိကိုယ်ကို "ကျုပ်သေရပါတော့မယ်" စသည်ဖြင့် နှုတ်ဆက်သော အားဖြင့်လည်းကောင်း၊

"မည်သည့် ပစ္စည်းကို မည်သည့်နေရာ၌ သိမ်းထားပါသည်" စသည်ဖြင့်လည်း ကောင်း၊ သူတို့၏ အနီးအပါးသို့ ကပ်ရောက်ညွှန်ပြ၍-ဟူလို။] အာဂစ္ဆာမိ၊ ပြန်လာပါ၏။ တာဝ၊ ထို ကျွန်ုပ်ပြန်လာသည့် တိုင်အောင်။ ဘဝန္တော စောရဃာတာ၊ တို့သည်။ အာဂမေန္တု၊ စောင့်ဆိုင်းကြပါဦး။" ဣတိ၊ ဤသို့ ပြောဆိုခွင့်ကို။ ဝါ၊ ဤသို့ ပြောဆို စောင့် ဆိုင်း စေ ခွင့် ကို။ လဘေယျ နု ခေါ၊ ရနိုင်ရာသလော။ ဥဒါဟု၊ သို့မဟုတ်။ ဝိပ္ပလပန္တ-ဿေဝ၊ အထူးထူး အပြားပြား ပြောဆိုစဉ်ပင်။ (သား သမီး ဇနီး ပစ္စည်း ဥစ္စာတို့ကို ရော်ရမ်းတမ်းတ ပြောဆိုစဉ်ပင်။) စောရဃာတာ၊ သူခိုး သတ်သမားတို့သည်။ သီသံ၊ ကို။ ဆိန္ဒေယျုံ (နု ဓာ၊)၊ ဖြတ်ကြကုန်ရာ သလော။ ဣတိ၊ ပြီ။

ဘော ကဿပ။ သော စောရော၊ သည်။ စောရဃာတေသု။"။ပ။ အာဂမေန္တု။"ဣတိ၊ ဤသို့ ပြောဆိုခွင့်ကို။ နု ဟိ လဘေယျ၊ မရနိုင်ရာပါ။ အထ ခေါ၊ စင်စစ်ကား။ နံ၊ ထိုသူခိုးကို။ပ။ဆိန္ဒေယျုံ၊ ရာပါ၏။ ဣတိ၊ ပြီ။ ရာဇာနံ။ သော စောရော။ မနုဿော၊ လူသည်။ (သမာနော၊ ဖြစ်ပါလျက်။) မနုဿ ဘူတေသု၊ လူဖြစ်၍ ဖြစ်ကုန်သော။ စောရ-ဃာတေသု။ပ။နု ဟိ လဘိဿတိ နာမ၊ မရနိုင်သေး၏။ ကိံ ပန၊ အဘယ့်ကြောင့်။ (လဘိဿန္တိ-၌ စပ်။) တေ၊ ၏။ မိတ္တာ မစ္စာ၊ တို့သည်။ပ။ မိစ္ဆာဒိဋ္ဌိ၊ ကုန်၏။ တေ၊ တို့သည်။ပ။ဥပဟန္နာ။ (သမာနာ၊ ဖြစ်ကုန်လတ်သော်။) နိရယပါလေသု၊ ငရဲထိန်းတို့၌။ ယာဝ၊ လောက်။ မယံ၊ တို့သည်။ ပါယာသိဿ ရာဇညဿ၊ အား။ ဂန္ဓာ၊ သွား၍။ 'ဣတိ ပိ။ပ။ဝိပါကော။ အတ္ထိ။' ဣတိ၊ သို့။ အာရောစေမ၊ ပြောပါကုန်၏။ တာဝ၊ ထို ပြောနေသည့်တိုင်အောင်။ ဘဝန္တော နိရယပါလာ၊ အရှင် ငရဲထိန်း တို့သည်။ အာဂမေန္တု။"ဣတိ၊ဤသို့ ပြောဆိုခွင့်ကို။ လဘိဿန္တိ၊ ရကုန်လိမ့်မည်နည်း။ [ရကြလိမ့်မှာလဲ-ဟူလို။]။ပ။

၄၁၄။ ကိဉ္စာပိ။ပ။ဓောဓော ကဿပ၊ ဣဓ၊ ဌာ။ မေ၊ ၏။ (ယေ) မိတ္တာမစ္စာ (ယေ) ဉာတိသာလောဟိတာ၊ ပါဏာတိပါတာ၊ မှ။ ပဋိ-ဝိရတာ၊ ရှောင်ကြဉ်ကုန်၏။ပ။ အနဘိဇ္ဈာလူ၊ များသော အဘိဇ္ဈာ မရှိကုန်။ အဗျာပန္နစိတ္တာ၊ ဖောက်ပြန်ခြင်းသို့ ရောက်သောစိတ် မရှိကုန်။ သမ္မာဒိဋ္ဌိ၊ မှန်သောအယူရှိကုန်၏။ပ။ကာယဿ၊ ၏။ ဘေဒါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိ၊သုခ-အပေါင်း၏ လဲလျောင်းရာဖြစ်သော။ သဂ္ဂံ၊ ရှုပါရုံ-စသည်တို့ဖြင့် လွန်စွာကောင်းမြတ်သော။ လောကံ၊ နတ်

ပြည်သို့။ ဥပပဇ္ဇန္တိ၊ ကုန်၏။ [ကြွင်း၀ါကျတို့၌ အနက်အထူးမရှိ။] ။ပ။ အယမ္မိ၊ ဤအကြောင်းသည်လည်း။ (နတ်ပြည်သို့ ရောက်သူတို့အား မှာထားပါလျက် ကိုယ်တိုင်လာ၍ မပြောခြင်း၊ တမန်ကို မစေလွှတ်ခြင်းသည်လည်း။) (သော)ပရိယာယော၊ ထို အကြောင်းသည်။ (ပရလောက–စသည်မရှိဟု ပြောဆိုဖို့ရန် အကြောင်းသည်။ ဟောတိ။) ဤတိ၊ ပြီ။

---

(၃) ဂူထကူပဟုရိသဥပမာ

၄၁၅။ ရာဇာဉ။ တေန ဟိ၊ လျှင်။ တေ၊ သင့်အား။ [သမ္မဒါန်။] ဝါ၊ သင့်အတွက်။ ဥပမံ၊ ဥပမာကို။ ကရိဿာမိ၊ ပြုပါမည်။ ဥပမာယ၊ ဖြင့်။ ဤဓ၊ ဤလောက၌။ကေစ္စေ၊ အချို့ကုန်သော။ ဝိညူ၊ပညာရှိကုန်သော။ပုရိသာ၊ တို့သည်။ ဘာသိတဿ၊ ပြောအပ်သော စကား၏။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ အာဇာနန္တိ၊ နားလည်ကုန်၏။ ရာဇာဉ။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်းတယောက်သည်။ ဂူထကူပေ၊ မစင်တွင်း၌။ သသီသကံ၊ ဦးခေါင်းနှင့်တကွ။ နိမုဂ္ဂေါ၊ နစ်မြုပ်နေသည်။ အဿ၊ ဖြစ်ရာ၏။ အထ၌ ။ တံ။ ပုရိသေ၊ အစေအပါး ယောကျ်းတို့ကို။ အာဏာပေယျာသိ၊ စေခိုင်းရာ၏။ (ကိံ။)"ဘော၊ အမောင်တို့။ တေန ဟိ၊ လျှင်။ တံ ပုရိသံ၊ ကို။ တမ္မာဂူထကူပါ၊ မှ။ ဥဒ္ဓရထ၊ ထုတ်ဆယ်ကြကုန်။" ဤတိ၊ ဤသို့ စေခိုင်းရာ၏။ပ။ ဥဒ္ဓရေယျုံ၊ ထုတ်ဆယ်ကုန်ရာ၏။ပ။ တဿ ပုရိသဿ၊ ၏။ ကာယာ၊ မှ။ ဂူထံ၊ ကို။ ဝေဋ္ဌပေသိကာဟိ၊ ဝါးခြမ်းစိတ်တို့ဖြင့်။ (တုတ်တံတို့ဖြင့်။) ဂူထံ၊ မစင်ကို။ သုနိမုဇ္ဇိတံ၊ ကောင်းစွာပုတ်တိုက်အပ်ခြစ်ပစ်အပ်သည်. မည်လောက်အောင်။ နိမုဇ္ဇထ၊ မကျန်ရအောင် ပုတ်တိုက်ခြစ်ပစ်ကြ။ ဝါ၊ သုတ်သင်ကြ။ပ။ နိမုဇ္ဇေယျုံ။

တေ၊ တို့ကို ။ပ။ တဿ ပုရိသဿ၊ ၏။ ကာယံ၊ ကို။ ပဏ္ဏေ့မတ္တိကာယ၊ ဖျော့တော့ဝါဝင်းသောမြေဖြင့်။ (မြေဝါဖြင့်။)တိက္ခတ္တုံ၊ သုံးကြိမ်။ သုဗ္ဘဋ္ဌိတံ၊ ကောင်းစွာပုတ်တိုက်အပ်သည် မည်လောက်အောင်။ ဥဗ္ဘဇ္ဇေထ၊ ပုတ်တိုက်ကြကုန်။ပ။ တံ ပုရိသံ၊ ကို။ တေလေန၊ ဆီဖြင့်။ အဘ္ဘဉ္ဇိတ္ဝာ၊ သုတ်လိမ်း၍။ သုခုမေန၊ သိမ်မွေ့နူးညံ့သော။ စုဏ္ဏေန၊ နုံသာမှုန့်ဖြင့်။ တိက္ခတ္တုံ။ သုပွဓောတံ၊ ကောင်းစွာဆေးအပ်သည်ကို။ ကရောထ၊ ကုန် ။ပ။ "တဿ ပုရိသဿ၊ ၏။ ကေသမဿုံ၊ ဆံ မုတ်ဆိတ် ကျင်စွယ်ကို။ ကပ္ပေထ၊ ရိတ်ဖြတ်ပြုပြင်ကြကုန်" ။ပ။ "တဿ ပုရိသဿ၊ အား။ ဝါ၊ ၏ (ကိုယ်သို့။)

မဟဂ္ဆံ၊ များသော အဖိုးရှိသော။ မာလံ စ၊ ပန်းကိုလည်းကောင်း။ မဟဂ္ဆံ။ ဝိလေပနံ စ၊ နံ့သာအပျစ်ကိုလည်းကောင်း။ (သနပ်ခါးရည်အပျစ် စသည်ကိုလည်းကောင်း။) မဟဂ္ဆာနိ၊ ကုန်သော။ ဝတ္ထာနိ စ၊ အဝတ်တို့ကိုလည်းကောင်း။ ဥပဟရထ၊ ကပ်ဆောင်ကြကုန်။'' [ပန်ဆင် လိမ်းကျံ ဝတ်ဆင်ပေးကြကုန်။] ။ပ။ ပါသာဒံ၊ သို့။ အာရောပေတွာ၊ တက်ရောက်စေ၍။ ပဋ္ဌ ကာမဂုဏာနိ၊ တို့ကို။ ဥပဋ္ဌာပေထ၊ အနီး၌ တည်စေကြကုန်။ပ။ ဥပဋ္ဌာ-ပေယျုံ။

ရာဇည။ တံ၊ ထို ပြောအပ်မည့်စကားကို။ ကိံ မညသိ၊ နည်း။ [အပိ နုံ-ကို နောက်ကြိယာနှင့် တွဲမည်။]တဿ ပုရိသဿ၊ ၏။(နိမုဇ္ဇိတုကာမတာ-၌ စပ်။)ဝါ၊ သည်။(ပရိစာရယမာနဿ-၌ စပ်။)သုနှာတဿ၊ ကောင်းစွာ ရေချိုးပြီးသည်ဖြစ်၍။ သုဝိလိတ္တဿ၊ ကောင်းစွာ နံ့သာလိမ်းပြီးသည်ဖြစ်၍။ သုကပ္ပိတကေသမဿုဿ၊ ကောင်းစွာရိတ်ဖြတ် ပြုပြင်အပ်ပြီးသောဆံ မုတ်ဆိတ်ကျင်စွယ်ရှိသည်ဖြစ်၍။ အာမုက္ကမာလာဘရဏဿ၊ စွပ်အပ် ဝတ်ဆင်အပ်ပြီးသော ပန်းဟူသော တန်ဆာရှိသည်ဖြစ်၍။ ဩဒါတဝတ္ထဝသနဿ၊ ဖြူစင်သန့်ရှင်းသောအဝတ်ကို ဝတ်သည်ဖြစ်၍။ ဝါ၊ဖြူစင်သန့်ရှင်းသော အဝတ်ကို ဝတ်ခြင်း ရှိသည်ဖြစ်၍။ ဥပရိပါသာဒဝရဂတဿ၊ မြတ်သောပြာသာဒ်၏ အထက်ထပ်၌ ရောက်သည်ဖြစ်၍။ ပဋ္ဌဟိ ကာမဂုဏေဟိ၊ တို့နှင့်။ (သမင်္ဂီ-ဘူတဿ-၌ စပ်။) ဝါ၊ သည်။ သမပ္ပိတဿ၊ ကောင်းစွာ ရောက်အပ်သည်ဖြစ်၍။ သမင်္ဂီဘူတဿ၊ ပြည့်စုံသည်ဖြစ်၍။ ပရိစာရယမာနဿ၊ ဣန္ဒြေတို့ကို ထိုထိုဤဤ လှည့်လည်နေစဉ်။ ဝါ၊ ပျော်ပျော်ပါးပါး ခံစား နေစဉ်။ ပုနဒေဝ၊ တဖန်သာလျှင်။ တသ္မိံ ဂူထကူပေ၊ ၌။ နိမုဇ္ဇိတုကာမတာ၊ နစ်မြုပ်လိုသူ၏ အဖြစ်သည်။ အဿ အပိ နု၊ ဖြစ်ရာသေးသလော။ ဣတိ၊ ဤသို့ မေးပြီ။

ဘော ကဿပ။ ဣဒံ၊ ဤသို့ ဖြစ်ခြင်းသည်။ (မစင်တွင်းမှ တက်လာ၍ သန့်သန့်ရှင်းရှင်း ကာမဂုဏ်တို့ကို ပျော်ပျော်ပါးပါး ခံစားနေစဉ် မစင်တွင်း၌ နောက်ထပ် နစ်မြုပ်လိုခြင်းသည်။) နောဟိ၊ မသင့်ပါ။ [မဖြစ်နိုင်ပါ-ဟူလို။] တံ၊ ထိုသို့ မသင့်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း။ ဘော ကဿပ။ အသုစိ၊ မစင်ကြယ်သော။ ဂူထကူပေါ၊ ကို။ (သင်္ခါတာ ဇေဂုစ္ဆော-ဟူသော ကံ-ဟော ပုဒ်တို့၌ စပ်။) ဝါ၊ သည်။ (အသုစိ ဒုဂ္ဂန္ဓော-စသော ပုဒ်တို့၌ စပ်။) အသုစိစေဝ၊ တကယ်လည်း မစင်ကြယ်ပါ။ အသုစိသင်္ခါတော စ၊ မစင်ကြယ်သော အဖို့

အစုလည်းဖြစ်ပါ၏။ [သခ်ါတ-သဒ္ဒါ ကောဋ္ဌာသ – အနက်ဟော။] ဝါ၊ မစင်မကြယ်ဟုလည်း ပြောဆိုအပ်ပါ၏။ [သံ – ရှေးရှိသော+ခါ-ဓာတ်+ ကထန-အနက်ဟော။] ဒုဂ္ဂန္ဓော စ၊ မကောင်းသော အနံ့လည်း ရှိပါ၏။ ဒုဂ္ဂန္ဓသခ်ါတော စ၊ မကောင်းသော အနံ့ရှိသော အဖိုအစုလည်း ဖြစ်ပါ၏။ ဝါ၊ မကောင်းသော အနံ့ရှိ၏ဟုလည်း ပြောဆိုအပ်ပါ၏။ ဇေဂုစ္ဆော စ၊ စက်ဆုပ်စရာလည်း ဖြစ်ပါ၏။ ဇေဂုစ္ဆသခ်ါတော စ၊ စက်ဆုပ်စရာဟုလည်း ပြောဆိုအပ်ပါ၏။ ပဋိကူလော စ၊ ရွံစရာလည်း ဖြစ်ပါ၏။ ပဋိကူလ-သခ်ါတော စ၊ ရွံစရာဟုလည်း ပြောဆိုအပ်ပါ၏။ ဣတိ၊ ထို့ကြောင့်ပါတည်း။ ဣတိ၊ ဤသို့ လျှောက်ပြီ။ [ဣတိ-တလုံး အကျေကြံပါ။]

ရာဇည။ ဧဝ မေဝ၊ ဤအတူပင်။ မနုဿာ၊ တို့ကို။ ဝါ၊ တို့သည်။ ဒေဝါနံ၊ နတ်တို့က။ ဝါ၊ နတ်တို့၏အတွက်။ [နတ်များအဖို့ – ဟူလို။] အသုစိ စေဝ၊ မစင်လည်း မစင်ကြယ်ကုန်။ အသုစိ သခ်ါတာ စ၊ မစင်ကြယ်သော အဖိုအစုလည်း ဖြစ်ကုန်၏။ပ။ရာဇည။ ယောဇနသတံ၊ ယူဇနာ တရာတိုင်အောင်။ မနုဿဂန္ဓော၊ လူတို့၏ အနံ့သည်။ ဒေဝေ၊ တို့ကို။ ဥဗ္ဗာဓတိ၊ အထက်အထက်၌ နှိပ်စက်၏။ ကိံ ပန၊ အဘယ့်ကြောင့်။ (အာရောစေဿန္တိ-၌ စပ်။) တေ၊ ၏။ (ယေ) မိတ္တာမစ္စာ။ပ။အာဂန္ဆာ၊ ၍။ အာရောစေဿန္တိ၊ ပြောကြလိမ့်မည်နည်း။ ဣတိ၊ ပြီ။ ["ကိံ ပန အာရောစေဿန္တိ၊ အဘယ်မှာ ပြောကြလိမ့်မည်နည်း"ဟု တွဲ၍လည်း ပေးနိုင်၏။] ။ပ။

၄၁၆။ ကိဉ္စာပိ။ပ။သဂ္ဂံ၊ သော။ လောကံ၊ သို့။ တာဝတိံသာနံ၊ တာဝတိံသာဘုံ၌ ဖြစ်ကုန်သော။ ဒေဝါနံ၊ တို့၏။ သဟဗျတံ၊ အတူတကွ ဖြစ်သူ၏ အဖြစ်သို့။ ဝါ၊ အဖော်၏ အဖြစ်သို့။ ဥပပဇ္ဇန္တိ။[ကြွင်း ဝါကျတို့၌ အနက်လွယ်ပြီ။] ယေန ပရိယာယေန၊ ကြောင့်။ပ။ဧဝံ ဟောတိ။ အယံ ပိ၊ ဤအကြောင်းသည်လည်း။ (တာဝတိံသာသို့ ရောက်နေသူတို့အား သေသေချာချာ မှာထားပါလျက် ကိုယ်တိုင်လာ၍ မပြောခြင်းတမန်ကို မစေလွှတ်ခြင်းဟူသော ဤအကြောင်းသည်လည်း။) (သော) ပရိယာယော၊ သည်။ (ပရလောက-စသည်မရှိဟု ပြောဆိုဖို့ရန် အကြောင်းသည်။ ဟောတိ။) ဣတိ၊ ပြီ။

(၄) တာဝတိံသ ဒေဝ ဥပမာ

၄၁၇။ တေန ဟိ။ပ။မာနုဿကံ၊ လူ၌ဖြစ်သော။ ယံ ဝဿသတံ၊ အကြင် အနှစ်တရာသည်။ (အတ္ထိ။) ဧသော၊ ဤ လူ့ပြည်၌ အနှစ်တရာသည်။ တာဝတိံသာနံ ဒေဝါနံ၊ တို့၏။ ဧကော၊ တခုသော။ ရတ္တိနှိ-ဝေါ၊ ညဉ့်နေ့တည်း။ (တရက်တည်း။) တာယ ရတ္တိယာ၊ ထို ညဉ့်ဖြင့်။ တိံသရတ္တိယော၊ ညဉ့်ပေါင်းသုံးဆယ်တို့သည်။ မာသော၊ တလတည်း။ တေန မာသေန၊ ဖြင့်။ ဒ္ဒါဒသ မာသိယော၊ တဆယ့်နှစ်လ အပေါင်းသည်။ ဝါ၊ တဆယ့်နှစ်လရှိသော ရက်အပေါင်းသည်။ သံဝစ္ဆရော၊ တနှစ်တည်း။ တေန သံဝစ္ဆရေန၊ ထို နှစ်ဖြင့်။ ဒိဗ္ဗာ၊ နတ်၌ဖြစ်သော။ ဝဿ သဟဿံ၊ အနှစ်တထောင်သည်။ တာဝတိံသာနံ ဒေဝါနံ၊ တို့၏။ အာယုပ္ပမာဏံ၊ အသက်အတိုင်းအရှည်တည်း။

တေ၊ ၏။ ယေ မိတ္တာမစ္စာ၊ တို့သည်။ (ယေ) ဉာတိသာလောဟိတာ ။ပ။ဥပပန္နာ။ တေသံ၊ ထို ဆွေမျိုး မိတ်ဆွေဖြစ်သော နတ်တို့၏။ ဧဝံ၊ ဤ အကြံသည်။ သစေ ဘဝိဿတိ၊ အကယ်၍ ဖြစ်အံ့။ (ကိံ၊ အဘယ်သို့ ဖြစ်လိမ့်မည်နည်း။) "ယာဝ၊ အကြင်မျှလောက် အပိုင်းအခြားအားဖြင့်။ ဒွေ ဝါ၊နှစ်ညဉ့်သော်လည်း ဖြစ်ကုန်သော။တီဏိ ဝါ၊ သော်လည်းဖြစ်ကုန်သော။ ရတ္တိံဒိဝါ၊ ညဉ့်နေ့တို့ပတ်လုံး။ ဒိဗ္ဗေဟိ ပဥ္ဇဟိ ကာမဂုဏေဟိ၊ တို့နှင့်။ (သမင်္ဂီဘူတာ-၌ စပ်။) ဝါ၊ တို့သည်။ သမပ္ပိတာ၊ ကောင်းစွာ ရောက်အပ်ကုန်သည်။ သမင်္ဂီဘူတာ၊ ပြည့်စုံသည်ဖြစ်၍ ဖြစ်ကုန်သည်။ (ဟုတ္ဟာ။) ပရိစာရေမ၊ ဣန္ဒြေတို့ကို ထိုထိုဤဤ လှည့်လည်စေကြကုန်စို့။ ဝါ၊ ပျော်ပျော်ပါးပါး ခံစားကြကုန်စို့။ အထ၊ ထိုမှနောက်၌။ (နှစ်ရက်သုံးရက် နတ်စည်းစိမ်ကို ခံစားပြီးရာအခါမှ နောက်၌။) မယံ။ပ။အာရောစေယျာမ၊ ပြောကြကုန်စို့။ ဣတိ၊ ဤသို့ အကြံဖြစ်အံ့။ တေ၊ ထိုဆွေမျိုး မိတ်ဆွေ နတ်တို့သည်။ အာဂန္တွာ၊ ဣတိ့ပိ။ပ။အာရောစေယျုံ အပိ နု၊ ပြောကုန်ရာအံ့လော။ (ပြောကြပါ့မလား။) ဣတိ၊ ပြီ။

ဘော ကဿပ။ ဣဒံ၊ ဤသို့ ပြောခြင်းသည်။ နောဟိ၊ မသင့်ပါ။ [လာမပြောတော့-ဟု မဆိုလို။ နတ်စည်းစိမ်ကို ခံစားနေသေးသဖြင့် လောလောဆယ် လာပြောနိုင်မည်မဟုတ်ပါ။ နောက်မှလာပြောလျှင်လည်း မိမိကကွယ်လွန်ပြီးဖြစ်စရာရှိ၍ မဖြစ်နိုင်တော့ပါဟု-ဆိုလို၏။ ထို့ကြောင့် "အပိဟိ မယံ" စသောစကားကို ဆက်၍လျှောက်သည်။] ဘော ကဿပ။ ဟိ၊

မှန်ပါ၏။ မယံ။ စိရံ၊ ကြာရှည်စွာက။ ကာလက်တာပိ၊ သေခြင်းကို ပြုပြီးကုန်သည်လည်း။ ဝါ၊ သေပြီးကုန်သည်လည်း။ ဘဝေယျာမ အပိ၊ ဖြစ်ကုန်တန်ရာပါ၏။ ဝါ၊ ဖြစ်ကုန်မည်လည်း မသိပါ။ [သူတို့လာပြောတဲ့အချိန်မှာ ကျွန်ုပ်တို့သေလို့ အကြာကြီးတောင် ဖြစ်ချင်ဖြစ်နေပါလိမ့်မည်-ဟူလို။] "ဒေဝါ တာဝတိံသာ၊ တို့သည်၊ အတ္ထိ၊ ရှိကုန်၏။" ဣတိ ဝါ၊ ဤသို့သော်လည်းကောင်း။ "ဒေဝါ တာဝတိံသာ၊ တို့သည်။ ဧဝံဒီဃာယုကာ၊ ဤသို့ ရှည်သောအသက် ရှိကုန်၏။ (သို့ကလောက် အသက်ရှည်ကုန်၏။)" ဣတိ ဝါ၊ လည်းကောင်း။ ဧတံ၊ ဤ အကြောင်းကို။ ကော၊ သည်။ ဘောတော ကဿပဿ၊ အား။ အာရောစေတိ၊ ပြောပါသနည်း။ မယံ၊ တို့သည်။ "အတ္ထိ ဒေဝါတာဝတိံသာ" တိ ဝါ၊ အတ္ထိ ဒေဝါ တာဝတိံသာ-ဟူသည်လည်းဖြစ်သော။ ဧဝံဒီဃာယုကာ ဒေဝါ တာဝတိံသာတိ ဝါ၊ ဧဝံဒီဃာယုကာ ဒေဝါ တာဝတိံသာ-ဟူသည်လည်းဖြစ်သော။ ဘောတော ကဿပဿ၊ ၏ (စကားကို)။ နသဒ္ဒဟာမ၊ မယုံကြည်ပါကုန်။ ဣတိ၊ ပြီ။

---

(၅) ဇစ္စန္ဓဥပမာ

၄၁၈။ သေယျထာပိ၊ ကား။ ဇစ္စန္ဓော၊ ပဋိသန္ဓေအားဖြင့်ကန်းသော။ ပုရိသော၊ သည်။ ကဏ္ဍသုက္ကာနိ၊ အမည်းအဖြူ ဖြစ်ကုန်သော။ ရူပါနိ၊ ရူပါရုံတို့ကို။ နပဿေယျ၊ မမြင်ရာ။ နီလကာနိ၊ ညိုသောအဆင်းရှိကုန်သော။ပ။ပီတကာနိ၊ ရွှေသောအဆင်းရှိကုန်သော။ (ဝါဝင်းသောအဆင်းရှိကုန်သော။) ။ပ။ လောဟိတကာနိ၊ နီသောအဆင်း ရှိကုန်သော။ပ။မဉ္ဇိဋ္ဌ-ကာနိ၊ ထန်းကျင့် နီပဆေး ပန်းရောင်သွေးသို့ ဝါတွေးလွင်လွင် နီကျင်ကျင်လောင်း မောင်းသောအဆင်းရှိကုန်သော။ပ။သမဝိသမာ၊ ညီညွတ်သောအရာ မညီညွတ်သောအရာတို့ကို။ပ။တာရကာနိ၊ ကြယ်တာရာဖြစ်ကုန်သော။ ရူပါနိ၊ အဆင်းတို့ကို။ပ။စန္ဒိမသူရိယေ၊ လ, နေတို့ကို။ပ။

သော ဧဝံ ဝဒေယျ။ (ကိံ။) "ကဏ္ဍသုက္ကာနိ။ ရူပါနိ၊ တို့သည်။ နတ္ထိ၊ မရှိကုန်။ ကဏ္ဍသုက္ကာနံ။ ရူပါနံ၊ တို့ကို။ ဒဿာဝီ၊ မြင်သူသည်။ နတ္ထိ၊ မရှိ။ပ။အဟံ။ ဧတံ၊ ဤ အရာအားလုံးကို။ နဇာနာမိ၊ မသိ။ပ။ နပဿာမိ၊ မမြင်။ တသ္မာ။ တံ၊ ထို အရာအားလုံးသည်။ နတ္ထိ။" ဣတိ၊ ဤသို့ ပြောရာ၏။ ရာဇည။ သော၊ ထို ယောကျ်ားသည်။ ဝဒမာနော၊ ပြောလတ်သော်။ သမ္မာ၊ ကောင်းစွာ။ (ဟုတ်မှန်စွာ။) ဝဒေယျ နု ခေါ၊

ပြောရာသလော။ [သူက အထက်ပါအတိုင်းပြောလျှင် အမှန်အတိုင်း ပြော ဆိုရာရောက်သလား-ဟူလို။] ဣတိ၊ ပြီ။ ဘော ကဿပ။ ဣဒံ၊ ဤသို့ ဟုတ်မှန်စွာပြောဆိုခြင်းသည်။ နော ဟိ၊ မသင့်ပါ။ (မဖြစ်နိုင်ပါ။) ။ပ။ သော ဝဒမာနော သမ္မာ။ နဟိ ဝဒေယျ၊ မပြောရာပါ။ (ပြောဆို ရာမရောက်ပါ။) ဣတိ၊ ပြီ။

ရာဇာ။ ဧဝမေဝ၊ ဤအတူပင်။ ယံ တံ်၁၊ အကြင်သင်သည်။ မံ၊ ငါ့ကို။ ဧဝံ၊ သို့။ (တာဝတိံသာနတ်မျှားရှိသည်၊ ဤမျှလောက်အသက် ရှည်သည်ဟု အရှင့်အား ဘယ်သူပြောသနည်း။ အရှင်၏စကားကို ကျွန်ုပ် တို့မယုံကြည်နိုင်ပါ-ဟူ၍။) ဝဒေသိ၊ ပြော၏။ (သော) တံ့၊ ထိုသင်သည်။ ဇစ္စန္ဓ။ပမော မညေ၊ သူကန်းဥပမာ ရှိ၏ဟူ၍။ ဝါ သူကန်းနှင့်တူ၏ဟူ၍။ ဝါ၊ သူကန်းကဲ့သို့။ ပဠိဘာသိ၂၊ (ငါ၏ စိတ်၌) ထင်လာပြီ။

ကော ပနေတံ။ပ။ရာဇာ။ ယထာ၊ အကြင် အခြင်းအရာ အား ဖြင့်။ တံ့။ ဤမိနာ မံသ စက္ခုနာ၊ ဖြင့်။ မညတိ။ (ဤလောကကို) မြင်သိ၏။ ဧဝံ၊ ဤ အခြင်းအရာအား ဖြင့်။ ပရောလောကော၊ ကို။ နု ခေါ ဒဋ္ဌဗ္ဗော၊ မသိမမြင်ထိုက်။ ဝါ၊ မမှတ်ထိုက်။ (တနည်း) တံ့။ ဤမိနာ မံသစက္ခုနာ။ မညသိ ယထာ၊ မြင်သိသကဲ့သို့။ ဧဝံ၊ တူ။ ပရော လောကော။ နု ခေါ ဒဋ္ဌဗ္ဗော၊ ထိုက်။

ရာဇာ။ ယေ သမဏဗြာဟ္မဏာ၊ တို့သည်။ အရညဝနပတ္ထာနိ၊ တော ကြီးထဲက တောအုပ်ဖြစ်ကုန်သော။ ဝါ၊ အရည-ဖြစ်သော တောမြိုင် ထဲက ကျောင်းဖြစ် ကုန်သော။ ပန္တာနိ၊ အစွန်အဖျား ဖြစ်ကုန်သော။ သေနာသနာနိ၊ တို့ကို။ ပဠိသေဝန္တိ၊ မှီဝဲ နေထိုင်ကြ ကုန်၏။ တေ၊ တို့သည်။ တတ္ထ၊ ထို တောကျောင်းတို့၌။ အပ္ပမတ္တာ၊ မေ့မလျော့ ကုန်

၁။ ယံ မံ တံ့ ဧဝံ ဝဒေသိ။ ။ရှေးနိဿယ-၌ ဤ ဂါကျကို ရှေ့ဝါကျနှင့် ဆက် သွယ်၍ အနက်ပေးထား၏။ မိမိကား ယံ–ကို လိင်္ဂဝိပလ္လာသ, သို့မဟုတ် နိပါတ်-ဟု လည်းကောင်း၊ ရှေ့ဝါကျ၏ အနိယမ – ဟုလည်းကောင်း ယူဆ၍ အနက်ပေး ပါသည်။

၂။ တံ့။ပ။ပဠိဘာသိ။ ။ပဠိဘာသိ-၏ ကတ္တားသည် တံ့-တည်း။ ဇစ္စန္ဓ။ပမော-ကား တံ့-နှင့် အရတူတည်း။ ပဠိ+ဘာ-ဓာတ်သည် သမ္မဒါန်, သို့မဟုတ် အာ ဓာရ–ကို ငဲ့သောကြောင့် (ငါ၏ စိတ်၌) ဟု အဂိုထည့်ပါ။ "ဌိတေ မဇ္ဈန္ဟိကေ ကာလေ, သန္ဓိသိဓေသု ပက္ခိသု၊ သဏာတေဝ ဗြဟာရညံ, တံ ဘယံ ပဠိဘာတိ မံ"စသည်ဖြင့် ပဠိဘာ-ကြိယာပါသော ဝါကျနှင့် ထို၏အဖွင့်များကို သတိပြု။

သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာတို့ကို လွန်စွာလောင်မြိုက် တတ်သော။ သမ္မပ္ပဓာန ဝီရိယ-ရှိကုန်သည်ဖြစ်၍။ ပဟိတတ္တာ၊ ကိုယ်နှင့်အသက်မင့်ကွက်ပဲ အလိုရှိအပ်သော အကျိုးသို့ စေလွှတ်အပ်သော စိတ်ရှိ ကုန်သည်ဖြစ်၍။ ဝိဟရန္တာ၊ နေကုန်လျက်။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခု-အဘိညာဉ်ကို။ ဝိသောဓေန္တိ၊ စင်ကြယ်စေကုန်၏။

တေ၊ တို့သည်။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော ပသာဒ - စက္ခုနှင့်တူသော။ ဝိသုဒ္ဓေန၊ ဥစ္ဆေဒဒိဋ္ဌိ, နဝသတ္တပါတုဘာဝ ဒိဋ္ဌိ-တို့၏ စင်ကြယ်ကြောင်းဖြစ်သော။ အတိက္ကန္တ မာနုသကေန၊ လူတို့၏ ဥစ္စာဖြစ်သော ပသာဒ-စက္ခုကို လွန်သော။ စက္ခုနာ၊ အဘိညာဉ် စက္ခုဖြင့်။ ဣမဥ္ဇေဝ လောကံ၊ ကိုလည်းကောင်း။ ပရဥ္ဇ၊ နောက်လောကကိုလည်းကောင်း။ သြပပါတိကေ။ သတ္တေ စ၊ တို့ကိုလည်းကောင်း။ ပဿန္တိ၊ မြင်နိုင်ကုန်၏။ ရာဇည။ ဧဝဥ္ဇ၊ ဤ အခြင်းအရာ အားဖြင့်သာ။ ဝါ၊ ဤနည်းဖြင့်သာ။ ပရောလောကော ဒဋ္ဌဗ္ဗော။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ တံ္ဂ။ ဣမိနာ မံသ-စက္ခုနာ၊ ဖြင့်။ မညသိ၊ (တထာ)။ နတွေဝ (ဒဋ္ဌဗ္ဗော)၊ မသိမမြင်ထိုက်သည်သာ။ ဝါ၊ မမှတ်ထိုက်သည်သာ။ပ။

၄၁၉။ ကိဥ္ဇာပိ။ပ။ဘော ကဿပ။ ဣဓ၊ ဤ လောက၌။ အဟံ။ သီလဝန္တေ၊ သီလရှိပါကုန်လျက်။ ကလျာဏဓမ္မေ၊ ကောင်းသော အကျင့်သဘော ရှိပါကုန်လျက်။ ဝါ၊ ကောင်းသော ကိုယ်ကျင့်တရား ရှိပါကုန်လျက်။ ဇီဝိတုကာမေ၊ အသက်ရှင်ခြင်းငှာ အလိုရှိကုန်သော။ အမရိတု-ကာမေ၊ သေခြင်းငှာ အလိုမရှိကုန်သော။ (မသေလို ကုန်သော။) သုခကာမေ၊ ချမ်းသာကို လိုလားကုန်သော။ ဒုက္ခပဋိကူလေ၊ ဆင်းရဲကို ရှုံမုန်းကုန်သော။ သမဏဗြာဟ္မဏေ၊ တို့ကို။ ပဿာမိ၊ တွေ့ရပါ၏။ ဘော ကဿပ။ တဿ မယှံ၊ ၏။ ဧဝံ၊ ဤ အကြံသည်။ ဟောတိ။ (ကိံ။) ဘောန္တော၊ အရှင် ဖြစ်ကုန်သော။ သီလဝန္တော၊ ကုန်သော။ ကလျာဏ-ဓမ္မာ။ ကုန်သော။ ဣမေ သမဏဗြာဟ္မဏာ၊ တို့သည်။ ဧဝံ၊ သို့။ သစေ ဇာနေယျုံ၊ အကယ်၍ သိကုန်အံ့။ (ကိံ၊ အဘယ်သို့ သိကုန်ရာသနည်း။) ''ဣတော၊ ဤ အသက်ရှင်နေရခြင်းထက်။ မတာနံ၊ သေကုန်သော။ နော၊ ငါတို့၏။ သေယျော၊ မြတ်သည်။ (နောက်ဘဝ၌ မြတ်သည်။) ဘဝိဿတိ၊ ဖြစ်လိမ့်မည်။'' ဣတိ၊ ဤသို့ သိကုန်အံ့။

ဣဒါနိ၊ ၌။ ဘောန္တော။ပ။ ဝိသံ ဝါ၊ အဆိပ်ကိုသော်လည်း။ ခါဒေယျုံ၊ ခဲစားကုန်ရာ၏။ သတ္ထံ ဝါ၊ လက်နက်ကိုသော်လည်း။ အာဟရေယျုံ၊

သတ်ဖို့ရာ ဆောင်ယူကုန်ရာ၏။ ဥဗ္ဗန္ဓိတ္ဘာ ဝ၊ ကြိုးဖြင့် ဖွဲ့ချည်၍သော်လည်း။ ကာလက်ရေယျုံ၊ သေခြင်းကို ပြုကုန်ရာ၏။ (ကြိုးဆွဲခြ၍ သေကုန်ရာ၏။) ပပါတေ ဝ၊ ချောက်ကမ္ဘားဌ်သော်လည်း။ ပပတေယျုံ၊ ခုန်ချကုန်ရာ၏။

ယသ္မဲာ စ၊ အကြင့်ကြောင့်ကား ။ပ။ နု ဇာနန္တိ။ပ။ တသ္မာ၊ ကြောင့်။ ဘောန္တော။ ဤမေ သမဏပြာဟ္မဏာ၊ တို့သည်။ သီလဝန္တော။ ကလျာဏ-ဓမ္မာ၊ ကုန်သည်။ (သမာနာ၊ ဖြစ်ပါကုန်လျက်။)ဇီဝိတုကာမာ။ပ။ ဒုက္ခ-ပဋိကူလာ(ဟုတ္တာ)။ အတ္တာနံ၊ ကို။ နု မာရေန္တိ၊ မသေစေကြပါကုန်။ [ကိုယ့်ကိုယ်ကို သတ်မသေကြပါကုန်-ဟူလို။]ယေန။ပ။ ဟောတိ။ အယမ္ပိ၊ ဤ အကြောင်းသည်လည်း။ (သီလရှိသော သမဏ,ပြာဟ္မဏ-တို့ မိမိကိုယ်ကို မသေစေခြင်းဟူသော ဤအကြောင်းသည်လည်း။ သော) ပရိယာယော၊ သည်။ (ပရလောက စသည်မရှိဟု ပြောဆိုဖို့ရန် ထိုအကြောင်းသည်။ ဟောတိ။) ဤတိ၊ ပြီ။

---

(၆) ဂဒ္ဒိနိဥပမာ

၄၂၀။ တေန ဟိ ။ပ။ ရာဇာ။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသော အကြောင်းကား။ အညတရဿ၊ တယောက်သော။ ပြာဟ္မဏဿ၊ ၏။ ဒ္ဝေ။ ပဇာပတိယော၊ ဇနီးတို့သည်။ အဟေသုံ၊ ရှိကုန်ပြီ။ ဧကိဿာ၊ တယောက်သော ဇနီး၏။ ဒဿဝဿုဒ္ဒေသိကော ဝ၊ ဆယ်နှစ်ရှိ၏ဟု ညွှန်ပြထိုက်သည်သော်လည်း ဖြစ်သော။ ဝ၊ ဆယ်နှစ်အရွယ်ရှိသည်သော်လည်း ဖြစ်သော။ ဒ္ဝါဒသ ဝဿုဒ္ဒေသိကော ဝ၊ တဆယ့်နှစ်နှစ်ရှိ၏ဟု ညွှန်ပြထိုက်သည်သော်လည်းဖြစ်သော။ ဝ၊ တဆယ့်နှစ်နှစ်အရွယ် ရှိသည်သော်လည်းဖြစ်သော။ ပုတ္တော အဟောသိ။ ကော၊ သည်။ ဂဒ္ဒိနီ၊ ကိုယ်ဝန်ရှိ၏။ ဥပဝိဇညော၊ နီးကပ်သော ဖွားရာကာလရှိ၏။ ဝ၊ ဖွားခါနီးဖြစ်၏။ပ။ ကာလံ၊ သေခြင်းကို။ ဝ၊ သေချိန်ကို။ အကာသိ၊ ပြုပြီ။ အထ ခေါ၊ ဌ်။ သော မာဏ-ဝကော၊ ထိုလုလင်ငယ်သည်။ မာတုသပတ္တိံ၊ အမိနှင့် လင်တူမိန်းမကို။ ဝ၊ အမိ၏ ရန်သူမိန်းမကို။ ဇေဒဓေါစ။(ကိံ ။)“ဘောတိ၊ အရှင်မ။ ယံ ဣဒံ ဓနံ ဝ၊ အကြင်ဥစ္စာသည်သော်လည်းကောင်း။ (ယံ ဣဒံ) ဓညံ ဝ၊ အကြင် စပါး,ပဲ-သည်သော်လည်းကောင်း။ (ယံ ဣဒံ) ရဇတံ ဝ၊ အကြင် ငွေသည်သော်လည်းကောင်း။ (ယံ ဣဒံ) ဇာတရူပံ ဝ၊ အကြင် ရွှေသည်သော်လည်းကောင်း။ (အတ္ထိ။)သမ္ဗံ၊ သော။ တံ၊ ထို ဓန-စသည်သည်။ မယှံ၊ ကျွန်ုပ်၏(အတွက်တည်း။) ဝ၊ ကျွန်ုပ်၏ဥစ္စာတည်း။ ဇတ္ထ၊

ဤ ပစ္စည်းအားလုံး၌။ ကိဉ်၊ တစုံတခုမျှ။ (တခုတလေမျှ။)တုယ့်၊ သင်၏ အတွက်။ နတ်ထိ၊ ဘောဟိ။ မေ၊ ၏။ ပိတု၊ ၏။ ဒါယင်္ဂံ၊ အမွေကို။ နိယျာ-ဒေဟိ၊ အပ်နှင်းပါ။''ဣတိ၊ ပြီ။

ဧဝံ ဝုတ္တေ။ပ။''တာတ၊ အမောင်။ ယာဝ၊ လောက်။ (အဟံ။ ဝိဇာ-ယာမိ၊ သား သမီး ဖွားမြင်၏။ တာဝ၊ ထို သားသမီး ဖွားမြင်သည့် တိုင်အောင်။ အာဂမေဟိ၊ စောင့်ဆိုင်းပါဦး။ ကုမာရကော၊ သတ္တိသား သည်။ သစေ ဘဝိဿတိ၊ အံ့။ (ဧဝံ သတိ။) ဟဿပိ၊ ထိုသတ္တိသား၏ (အတွက်)လည်း။ ကေဒဒေသော၊ တစိတ် တဖို့သည်။ ဘဝိဿတိ၊ ဖြစ်ပါ လိမ့်မည်။ ကုမာရိကာ သစေ ဘဝိဿတိ။ သာပိ၊ သည်လည်း။ တေ၊ ၏။ သြပဘောဂ္ဂါ၊ အနီးအပါး၌ သုံးဆောင်အပ်သူမသည်။ ဝါ၊ ခြေရင်းအလုပ် အကျွေးသည်။ ဘဝိဿတိ။'' ဣတိ၊ ဤသို့ ပြော ပြီ။ပ။

အထ ခေါ။ပ။ သတ္ထံ၊ ဓားကို။ ဂဟေတွာ၊ ယူ၍။ သြဝရကံ၊ အခန်း ထဲသို့။ ပဝိသိတွာ၊ ဝင်၍။ ဥဒရံ၊ ဝမ်းကို။ သြပါဒေသိ၊ ခွဲဖြတ်ပြီ။ [''ဥဒရံ၊ သို့။ သြပါဒေသိ၊ မကောင်းသဖြင့် ထိရောက်စေပြီ။'' ဟု သဒ္ဒတ္ထ-ကြံပါ။] (ကိ'၊အဘယ်သို့ ကြံ၍ ခွဲဖြတ်သနည်း။) ယာဝ၊ အကြင် အပိုင်း အခြားအားဖြင့်။ ဝိဇာယာမိ၊ ဖွားမြင်၏။ (တာဝ၊ ထိုအပိုင်းအခြား အား ဖြင့်။ သော၊ ထို ကလေးသည်။) ယဒိ ဝါ ကုမာရကော၊ သတ္တိသားကလေး လေလော။ ယဒိ ဝါ ကုမာရိကာ၊ သတ္တိသမီးကလေးလေလော။ ဣတိ၊ ဤသို့ ကြံ၍ ခွဲဖြတ်ပြီ။ သာ၊ ထို သူမသည်။ အတ္တာနဥ္စေဝ၊ မိမိကို လည်း ကောင်း။ ဇီဝိတဉ္စ၊ အသက်ကိုလည်းကောင်း။ ဂဗ္ဘဉ္စ၊ ကိုယ်ဝန်သူငယ်ကို လည်းကောင်း။. သာပတေယျဉ္စ၊ ဥစ္စာနှစ်ကိုလည်းကောင်း။ ဝိနာသေသိ၊ ပျက်စီးစေပြီ။ (ဖျက်ဆီးပြီ)။

[ယထာ တံ-၌ တံ-အနက်မရှိ။ ယထာကို ကြိယာနှင့်တွဲပေးပါ။] ဗာလာ၊ နားမလည်သော အမျိုးသမီးသည်။ အဗျတ္တာ၊ မကျွမ်းကျင် မလိမ်မာသော အမျိုးသမီးသည်။ အယောနိသော၊ မသင့်သော အကြောင်း အားဖြင့်။ (အဓမ္မအနှစ်ကို ရခြင်း၏အကြောင်း မဟုတ်သောအားဖြင့်။) ဒါယင်္ဂံ၊ အမွေကို။ ဂဝေသန္တီ၊ ရှာလျက်။ အနယဗျသနံ၊ ကြီးပွားမဲ့ ပျက်စီး ခြင်းသို့။ ဝါ၊ ချမ်းသာကင်းသော ပျက်စီးခြင်းသို့။ အာပန္နာ ယထာ၊ ရောက်ရသကဲ့သို့တည်း။ ရာဇာ။ ဧဝ မေဝ၊ ပင်။ ဗာလော၊ သော။ အဗျတ္တော၊ သော။ တံ။ အယောနိသော၊ ဖြင့်။ ပရလောကံ၊ ကို။

ဂဧဝသန္တော၊ လျက်။ အနယဗျသနံ၊ သို့။ အာပဇ္ဇိဿသိ၊ ရောက်ရလိမ့်မည်။ ဗာလာ။ အဗျတ္တာ၊ သော။ သာ ဗြာဟ္မဏီ။ပ။အာပန္နာ သေယျ-ထာပိ၊ ကဲ့သို့တည်း။

ရာဇာ၊ သီလဝန္တော။ပ။သမဏဗြာဟ္မဏာ၊ တို့သည်။ အပက္ကံ၊ မရင့်ကျက်သေးသော အသက်ကို။ ဝါ၊ သေချိန်မကျသေးသော အသက်ကို။ န ပရိပါစေန္တိ၊ မရင့်ကျက်စေကြကုန်။ (မဖြတ်ကြကုန်။) အပိစ၊ စင်စစ်ကား။ ပရိပါကံ၊ အသက်၏ရင့်ကျက်ခြင်းကို။ ဝါ၊ အသက်၏ရင့်ကျက်ရာအချိန်ကို။ အာဂမေန္တိ၊ စောင့်ဆိုင်းကုန်၏။ ရာဇာ။ ဟိ၊ မှန်။ ပဏ္ဍိတာနံ၊ ပညာရှိကုန်သော။ သီလဝန္တာနံ။ပ။သမဏဗြာဟ္မဏာနံ၊ တို့၏။ ဇီဝိတေန၊ အသက်ရှည်ခြင်းဖြင့်။ အတ္ထော၊ အကျိုးရှိ၏။ ရာဇာ။ ယထာယထာ၊ အကြင်အကြင် အခြင်းအရာအားဖြင့်။ စိရံ၊ ကြာရှည်စွာ။ ဒီဃံ၊ ရှည်စွာသော။ အဒ္ဓါနံ၊ ကာလပတ်လုံး။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တထာတထာ၊ ဖြင့်။ ဗဟုံ၊ များစွာ။ ပုညံ၊ ကို။ ပသဝန္တိ၊ ဖြစ်စေကုန်၏။ စ၊ ကောင်းမှုဖြစ်စေရုံသာ မက-သေး။ ဗဟုဇနဟိတာယ၊ များစွာသော လူအပေါင်း၏ စီးပွားအလို့ငှာ။ ဗဟုဇန သုခါယ၊ များစွာသော လူအပေါင်း၏ ချမ်းသာအလို့ငှာ။ လောကာနုကမ္ပာယ၊ သတ္တလောကကို သနားစောင့်ရှောက် ချီးမြှောက်ခြင်းငှာ။ ဒေဝမနုဿာနံ၊ တို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဟိတာယ၊ စီးပွားအလို့ငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ပဋိပဇ္ဇန္တိ၊ ကျင့်ကြ၏။ပ။

၄၂၁။ ကိဉ္စာပိ။ပ။ "ဣမံ ပုရိသံ၊ ကို။ ဇီဝန္တံ ယေဝ၊ အသက်ရှင်စဉ်ပင်။ ကုမ္ဘိယာ၊ အိုးကြီး၌။ ပက္ခိပိတ္ဝာ၊ ထည့်၍။ မုခံ၊ အိုးဝကို။ (အိုးအပေါက်ကို။) ပိဒဟိတ္ဝာ၊ ပိတ်၍။ အလ္လေန၊ စိုသော။ (ပျော့ပျောင်းသော။) စမ္မေန၊ သားရေဖြင့်။ သြနဒ္ဓိတ္ဝာ၊ ဖွဲ့ကြက်၍။ အလ္လာယ၊ စိုစွတ်သော။ မတ္တိကာယ၊ မြေညက်ဖြင့်။ ဗဟလာဝလေပနံ၊ ထူအောင် လိမ်းကျံမှုကို။ ကရိတ္ဝာ၊ ၍။ ဥဒ္ဓနံ၊ ဖိုခုံလောက်သို့။ (မီးဖိုပေါ်သို့။)အာရောပေတ္ဝာ၊ တင်၍။ အဂ္ဂိံ၊ မီးကို။ ဒေထ၊ ပေးကြကုန်။ (မီးရှို့ကြကုန်။)" ဣတိ၊ ဤသို့ပြောပြီ။ပ။ယဒါ မယံ ဇာနာမ (ကိံ)။ သော ပုရိသော၊ သည်။ ကာလင်္ကတော၊ ပြုအပ်ပြီးသော သေခြင်းရှိပြီ။ ဝါ၊ သေပြီ။ ဣတိ၊ ဤသို့သိကုန်၏။ အထ၊ ၌။ နံ ကုမ္ဘိံ၊ ထိုအိုးကြီးကို။ ဍဟေယျုံ၊ ပေတ္ဝာ၊ မီးဖိုပေါ်က ချ၍။ ဥဇ္ဈာပေတ္ဝာ၊ လိမ်းကျံထားအပ်သော မြေညက်ကိုဖျက်၍။ (ခွာ၍။) မုခံ၊ အိုးဝကို။ ဝိဝရိတ္ဝာ၊ ဖွင့်၍။ သဏိကံ၊ ဖြေးဖြေး။ နိလ္လောကေမ၊ သေချာစွာ ကြည့်ပါကုန်၏။ (ကိံ၊ အဘယ်သို့

ကြံ၍ ကြည့်သနည်း။) "အဿ၊ ဤသူ၏။ ဇီဝံ၊ အသက်ကို။ နိက္ခမန္တံ၊ ထွက်သည်ကို။ အပ္ပေဝ နာမ ပဿေယျာမ၊ မြင်နိုင်ကုန်တန်ရာ၏။" ဣတိ၊ ဤသို့ကြံ၍ ကြည့်ပါကုန်၏။ပ။န ပဿာမ၊ မမြင်ပါကုန်။ပ။အယမ္ပိ၊ သည်လည်း။ (အသက်ထွက်သည်ကို မမြင်ရခြင်းဟူသော ဤအကြောင်းသည်လည်း။) ။ပ။

---

(၇) သုပိနကဥပမာ

၄၂၂။ တေန ဟိ။ပ။တွံ၊ သည်။ ဒိဝါ၊ နေ့လည်၌။ သေယျံ၊ အိပ်ခြင်းသို့။ ဥပဂတော၊ ကပ်ရောက်သည်။ (သမာနော၊ စဉ်။) သုပိနကံ၊ အိပ်မက်၌ဖြစ်သော။ အာရာမရာမဏေယျကံ၊ အရံ၏ မ္ဃေလျော်ဖွယ်ကောင်းသည်၏ အဖြစ်ကိုလည်းကောင်း။ ဝနရာမဏေယျကံ၊ တော၏ မ္ဃေလျော်ဖွယ်ကောင်းသည်၏ အဖြစ်ကိုလည်းကောင်း။ ဘူမိရာမဏေယျကံ၊ မြေ၏ မ္ဃေလျော်ဖွယ်ကောင်းသည်၏ အဖြစ်ကိုလည်းကောင်း။ ပေါက္ခရဏီရာမဏေ-ယျကံ၊ ရေကန်၏ မ္ဃေလျော်ဖွယ်ကောင်းသည်၏ အဖြစ်ကိုလည်းကောင်း။ ပဿိတံ၊ မြင်မက်ဖူးသည်။ (ဟုတ္ဝာ။) အဘိဇာနာသိ နော၊ သိသလော။ ဣတိ၊ ပြီ။ပ။အဘိဇာနာမိ၊ ပါ၏။ ဣတိ၊ ပြီ။

တံ၊ သင့်ကို။ တမှိ သမယေ၊ ထို အိပ်မက် မက်နေချိန်၌။ ခုဇ္ဇာပိ၊ ခါးကုန်းသူမတို့သည်လည်းကောင်း။ ဝါမနကာပိ၊ ပုက္ခသူမတို့သည်လည်းကောင်း။ [ခုဇ္ဇာပိ၊ အလုပ်အကျွေးဖြစ်သော မိန်းမတို့သည်လည်းကောင်း။ ဝါမနကာပိ၊ ခြံရံသော မိန်းမတို့သည်လည်းကောင်း။ ဤသို့လည်း ရှေးနိဿယ-၌ ပေးသေး၏။] ဝေလာသိကာပိ၊ ပျော်ရွှင်စေတတ်သော မိန်းမတို့သည်လည်းကောင်း။ ဝါ၊ ပျော်တော်ဆက် မိန်းမတို့သည်လည်းကောင်း။ ကောမာရိကာပိ၊ အံပျိုတော်ငယ်တို့သည်လည်းကောင်း။ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏လော ။ပ။ ရက္ခန္တိ၊ ပါကုန်၏ ။ပ။ တာ၊ ထိုသူမတို့သည်။ တုယှံ၊ ၏။ ဇီဝံ၊ ကို။ ပဝိသန္တံ ဝါ၊ ကိုယ်တွင်းသို့ ပြန်ဝင်လာသည်ကို လည်းကောင်း။ နိက္ခမန္တံ ဝါ၊ ပြင်ပသို့ ထွက်သွားသည်ကိုလည်းကောင်း။ ပဿန္တိ အပိ နု၊ မြင်များမြင်ကုန်၏လော ။ပ။ ဣဒံ၊ ဤသို့ မြင်ခြင်းသည်။ နော ဟိ၊ မသင့်

၁။ နိက္ခမန္တံ ဝါ ပဝိသန္တံ ဝါ ဇီဝံ။ ။ဤစကားကို ပါယာသိရာဇည၏ အဇ္ဈာ-သယ-ဓာတ်ခံအတိုင်းပင် အရှင်ကုမာရကဿပက ပြောသည်။ မှန်၏– "သတ္တဝါတို့ အိပ်မက်မက်သောအခါ ခန္ဓာကိုယ်မှ ဇီဝခေါ်သော အသက်က ပြင်ပသို့ထွက်၍ ထိုထို အရံ,တော,တောင်-စသော ပျော်စရာများကို ကြည့်ရှုလျက် ဟိုဟိုဒီဒီ လှည့်လည် ပြီးနောက် ပိမိခန္ဓာကိုယ်တွင်းသို့ ပြန်ဝင်၏" ဟု ပါယာသိရာဇည-က မှားမှားယွင်းယွင်း

ပါ။ (မဖြစ်နိုင်ပါ။) ရာဇာည။ တာ၊ တို့သည်။ [“ဟိ” အနက်မရှိ။] ဇီဝန္တိ ယော၊ အသက်ရှင်ဆဲ ဖြစ်ပါကုန်လျက်။တုယ္ဟံ၊ ၏။ (ဇီဝံ-၌ စပ်။)ဝါ၊ သည်။ ဇီဝန္တာသာ၊ အသက်ရှင်စဉ်။ ဇီဝံ၊ ကို။ပဝိသန္တံ ဝါ၊ ကိုလည်းကောင်း။ နိက္ခမန္တံ ဝါ၊ ကိုလည်းကောင်း။ နုပသိဿန္တိ နာမ၊ မမြင်နိုင်ကြပါပေ။ [နာမ-သည် ဂရဟာ-ဇောတက။] ကိံ ပန၊ ကြောင့်။(ပဿိဿသိ-၌စပ်။) တုံ။ ကာလက်တဿ၊ ၏။ ဇီဝံ၊ ကို။ ပဝိသန္တံ ဝါ နိက္ခမန္တံ ဝါ။ ပဿိဿသိ၊ မြင်လိမ့်မည်နည်း ။ပ။

၄၂၃။ ကိဉ္စာပိ ။ပ။ ဣမံ ပုရိသံ၊ ကို။ပ။ဇီဝန္တံ ယေဝ၊ ပင်။ တုလာယ၊ ချိန်ဖြင့်။ (ချိန်စရာဖြင့်။) တုလေတ္ဝာ၊ ချိန်၍။ ဇိယာယ၊ လေးညှိ.ဖြင့်။ အနဿာသကံ၊ ထွက်သက် ဝင်သက် မရှိအောင်။ မာရေတ္ဝာ၊ လည်ပင်းကို ရစ်ပတ်သတ်၍။ ပုန ဒေဝ၊ ပင်။ (နောက်ထပ်ပြီး။) တုလာယ၊ ဖြင့်။ တုလေထ၊ ချိန်ကြကုန်။ ။ပ။ တုလေန္တိ၊ ချိန်ကုန်၏။ ယဒါ၊ ၌။ သော။ ဇီဝတိ၊ အသက်ရှင်၏။ တဒါ၊ ၌။ လဟုတရော စ၊ ပေါ့ပါးသည် လည်းကောင်း။ မုဒု တရော စ၊ နူးညံ့ပျော့ပျောင်းသည်လည်းကောင်း။ ကမ္မည-တရော စ၊ ထိုထို အမှု၌ ခံသည်လည်းကောင်း။ (ထိုထို အမှု၌ပြုစွမ်းနိုင်သည် လည်းကောင်း။) ဟောတိ။ [တရ-ပစ္စည်း အနက်မရှိ။] ယဒါ ပန၊ ၌ကား။ သော ကာလက်တော ဟောတိ၊ တဒါ ဂရုတရော စ ၁၊ လေးသည်လည်း

ယူဆလေသည်။ [ဤနေရာဝယ် စိတ်၏ဖြစ်ပုံကိုပင် “အသက်”ဟု သူက ယူဆထား၏။]

ထို့ကြောင့်—မထေရ်က စို့ငယ်ကလေးဖြင့် စို့ကြီးကိုရိုက်နှက်ကာ နုတ်သကဲ့သို့ ဇီဝ-အမည်ကို ပဓာန-ပြုသဖြင့် သူ၏ ဥစ္ဆေဒ-ဒိဋ္ဌိကို နုတ်ပယ်လို၍ “အဝိ နု တာ တုယ္ဟံ ဇီဝံ ပဿန္တိ ပဝိသန္တံ ဝါ နိက္ခမန္တံ ဝါ” ဟု မေးတော်မူသည်။

၁။ တဒါ ဂရုတရော စ-စသည်။ ။သတ္တဝါတွေမှာ မသေခင် ခန္ဓာငါးပါးရှိသည်ဟု ဆိုကြရာ သေလျှင် ဒဝဒနာ,သညာ,သင်္ခါရက္ခန္ဓာ-တို့ မဖြစ်တော့ပဲ ချုပ်၏။ဝိညာဏက္ခန္ဓာက-မူ တနေ့ရာသို့ ပြောင်းရွှေ့သွား၏။ ရူပက္ခန္ဓာသာ ကျန်တော့၏။သို့ဖြစ်၍ မသေခင်ထက် သေပြီးနောက် သာ၍ပေါ့စရာရှိ၏—ဟု ယူဆလေသည်။ ယခုတော့ သေပြီးနောက် ခန္ဓာကိုယ်ကြီး၏ ပို၍လေးနေပုံကို ထောက်လျှင် ဘဝတပါးသို့ပြောင်းသွားနိုင်သည့် သတ္တဝါ တယောက်မှ မရှိပဲ သေပြီးနောက် ဘဝဖြတ်သည်ဟု ပါယာသိရာဇည-က ဆိုလိုပေသည်။

မှတ်ချက်။ ။ပါယာသိရာဇည ပြောသလို ဘဝတပါးသို့ ပြောင်းသွားသော သတ္တဝါမရှိသည်မှာ မှန်၏။ သို့ရာတွင် အနန္တရ-ပစ္စည်း နာနက္ခဏိက-ကမ္မပစ္စည်းတို့ဖြင့် ရုပ်နာမ်အစဉ်အဆက် ကျေးဇူးပြုလျက် ဤဘဝ-က ကံကြောင့် နောက်ဘဝဝယ် ရုပ်သစ်,နာမ်သစ်-ဖြစ်ပုံကို အဘိဓမ္မာသဘောအရ သတိပြုပါလေ။

ကောင်း။ပတ္ထိန္နတရော စ၊ ခိုင်မာတောင့်တင်းသည်လည်းကောင်း။ အကမ္မည-တရော စ၊ ထိုထိုအမှု၌ မခံ့သည်လည်းကောင်း ။ပ။ အယမ္ပိ၊ သည်လည်း။ (အသက်ရှင်စဉ် ပေါ့၍ သေပြီးနောက် လေးနေခြင်းဟူသော ဤအကြောင်းသည်လည်း။) ။ပ။

---

(၈) သန္တတ္တအယောဂုဋ္ဌဥပမာ

၄၂၄။ တေန ဟိ။ပ။ ဒိဝသံ၊ တနေ့လုံးလုံး။ သန္တတ္တံ၊ လွန်စွာ ပူလောင်အပ်သော။ အာဒိတ္တံ၊ လွန်စွာ တောက်ပသော၊ (နီနီရဲရဲ မီးစွဲနေသော။)သမ္ပဇ္ဇလိတံ၊ ထက်ဝန်းကျင် တောက်လောင်နေသော။ ဝါ၊ အလျှ-တပြောင်ပြောင် တောက်လောင်နေသော။ သဇောတိဘူတံ၊ အရောင်အလင်းနှင့် တကွဖြစ်သော။ အယောဂုဋ္ဌံ၊ သံတွေ ခဲကို။ (သံတုံး သံလုံးကို။)။ပ။ တမေနံ၊ ထို သံလုံးကို။ အပရေန သမယေန၊ ၌။ သီတံ၊ အေးနေသည်။ နိဗ္ဗုတံ၊ မီးငြိမ်းနေသည်။(သမာနံ၊ ဖြစ်စဉ်။)။ပ။ ကဒါ၊ ၌။ သော အယောဂုဋ္ဌော၊ သည်။ လဟုတရော ဝါ၊ ပေါ့သည်သော်လည်းကောင်း။ ။ပ။ ကမ္မညတရော ဝါ၊ သည်သော်လည်းကောင်း။ ဟောတိ နု ခေါ၊ ဖြစ်သနည်း။ ယဒါ၊ ၌။ အာဒိတ္တော၊ ၏။ သမ္ပဇ္ဇလိတော၊ ၏။ သဇောတိ-ဘူတော၊ ၏။ (တဒါ)ဝါ၊ ၌သော်လည်း။ (လဟုတရော ဝါ မုဒုတရော ဝါ ကမ္မညတရော ဝါ။ ဟောတိ နု ခေါ၊ လော။) ယဒါ။ သီတော၊ ၏။ နိဗ္ဗုတော၊ ၏။ (တဒါ)ဝါ၊ ၌သော်လည်း။(လဟုတရော ဝါ မုဒုတရော ဝါ ကမ္မညတရော ဝါ။ ဟောတိ နု ခေါ၊ လော။)ဣတိ၊ ပြီ။

ဘော ကဿပ ယဒါ။ သော အယောဂုဋ္ဌော၊ သည်။ တေဇောသဟ-ဂတော စ၊ အပူဟူသော တေဇောဓာတ်နှင့် တကွဖြစ်သည်လည်းကောင်း။ ဝါယောသဟဂတော စ၊ လေဟူသော ဝါယောဓာတ်နှင့် တကွဖြစ်သည်လည်းကောင်း။ (ဟုတ္ဌာ။) အာဒိတ္တော၊ သည်။ပ။ သဇောတိဘူတော၊ သည်။ ဟောတိ၊ တဒါ။ လဟုတရော စ၊ သည်လည်းကောင်း။ပ။ ကမ္မညတရော စ၊ သည်လည်းကောင်း။ ဟောတိ၊ ဖြစ်ပါ၏။ ယဒါ ပန၊ ၌ကား။ သော အယောဂုဋ္ဌော၊ သည်။ နေဝ တေဇောသဟဂတော၊ တေဇောဓာတ်နှင့်လည်း တကွမဖြစ်သည်လည်းကောင်း။ နဝါယောသဟဂတော၊ ဝါယောဓာတ်နှင့်လည်း တကွမဖြစ်သည်လည်းကောင်း။ (ဟုတ္ဌာ။)သီတော၊ သည်။ နိဗ္ဗုတော၊ သည်။ ဟောတိ၊ တဒါ ။ပ။ အကမ္မညတရော စ၊ သည်လည်းကောင်း။ ဟောတိ၊ ပါ၏။ ဣတိ၊ ဤသို့ လျှောက်ပြီ။

ရဇည်။ ဧဝမေဝ၊ ပင်။ တဒါ၊ ဘွဲ့။ အယံ ကာယော၊ သည်။ အာယု-သဟဂတော စ၊ ဇီဝိတိန္ဒြေ-ဟူသော အသက်နှင့် တကွဖြစ်သည်လည်းကောင်း။ ဥသ္မာသဟဂတော စ၊ တေဇောဓာတ်ဟူသော ကိုယ်ငွေ့နှင့် တကွဖြစ်သည်လည်းကောင်း။ ဝိညာဏသဟဂတော စ၊ စိတ်ဝိညာဉ်နှင့် တကွဖြစ်သည်လည်းကောင်း။ ဟောတိ၊ တဒါ။ပ။ကမ္မညတရော စ ဟောတိ။ ယဒါ ပန ဗာယံ ကာယော။ နေဝ အာယုသဟဂတော၊ ဇီဝိတိန္ဒြေ-ဟူသော အသက်နှင့် တကွဖြစ်သည်လည်းကောင်း ။ပ။ န ဝိညာဏသဟဂတော၊ သည်လည်းကောင်း။ ဟောတိ။ပ။အကမ္မညတရော စ။ပ။

၄၂၅။ ကိဉ္စာပိ။ပ။ဣမံ ပုရိသံ၊ ကို။ ဆဝိဉ္စ၊ အရေပါးကိုလည်းကောင်း။ (အပေါ်ရေကိုလည်းကောင်း။) စမ္မဉ္စ၊ အရေထူကိုလည်းကောင်း။ (အတွင်းရေကိုလည်းကောင်း။) မံသဉ္စ၊ အသားကိုလည်းကောင်း။ နှာရုံ ဉစ၊ အကြောကိုလည်းကောင်း။ အဋ္ဌိဉ္စ၊ အရိုးကိုလည်းကောင်း။ အဋ္ဌိမိဉ္ဇဉ္စ၊ ရိုးတွင်းချဉ်ဆီကိုလည်းကောင်း။ အနုပဟစ္စ၊ မထိခိုက်မူ၍။ (မထိခိုက်စေပဲ။) ဇီဝိတာ၊ မှ။ ဝေါရောပေထ၊ ခဲ့ကြကုန်။ပ။ယဒါ။ သော၊ သည်။ အာမတော၊ တဝက်သေနေသည်။ [အာ-သဒ္ဒါ ဥပစု-အနက်ဟော။] ဝါ၊ အနည်းငယ် ကိုယ်ငွေ့နှင့်ယှဉ်လျက် သေနေဆဲသည်။ [သေခါနီး ဖြစ်နေသည်-ဟူလို။] ဟောတိ (တဒါ။) တေ၊ ထို မင်းမှူထမ်းယောကျ်ားတို့ကို။ အဟံ ဧဝံ ဝဒါမိ (ကိ။) ဘော၊ တို့။ တေန ဟိ၊ လျှင်။ ဣမံ ပုရိသံ၊ ကို။ ဥတ္တာနံ၊ ပက်လက်။ နိပါတေထ၊ အိပ်စေကြကုန်။ပ။အဝကုဇ်ံ၊ မှောက်လျက်။ (မှောက်ရက်။) နိပါတေထ။ ပဿေန၊ နံပါးဖြင့်။ပ။ဒုတိယေန ပဿေန။၊ နှစ်ခုမြောက် နံပါးဖြင့်။ နိပါတေထ။

ဥဒ္ဓံ၊ အထက်၌ (ဦးခေါင်းရှိအောင်)။ ဝါ၊ မတ်မတ်။ ဌပေထ၊ တည့်စေကြကုန်။ ဝါ၊ ထားကြကုန်။ [ရှေးနိဿယ-၌ "ဥဒ္ဓံ၊ ခြေ မိုးမြောက်" ဟုပေး၏။ ခြေထောက် မိုးမြောက်လျှင် ဦးခေါင်းစောက်ထိုးဖြစ်၍ သြမုဒ္ဓကံ-နှင့် ရောထွေးနေလိမ့်မည်။] သြမုဒ္ဓကံ၊ အောက်၌ ဦးခေါင်းရှိအောင်။ ဝါ၊ ဦးခေါင်းစောက်ထိုး။ ဌပေထ။ ပါဏိနာ၊ လက်ဖြင့်။ အာကောဋေ့ထ၊ ခေါက်ကြကုန်။ လေဋ္ဌုနာ၊ ခဲဖြင့်။ပ။ဒဏ္ဍေန၊ တုတ်ဖြင့်။ပ။သတ္ထေန၊ ဓား-စသောလက်နက်ဖြင့် ။ပ။ သြဓုနာထ၊ အတွင်းဘက်၌ လှုပ်ခါကြကုန်။ (အတွင်းဘက်က ပြန်လှန်ကြကုန်။) သန္ဓုနာထ၊ အပြင်ဘက်၌ လှုပ်ခါကြကုန်။ ဝါ၊ အပြင်ဘက်က ပြန်လှန်ကြကုန်။ နိဒ္ဓုနာထ၊ ထိုမှ ဤမှ လှုပ်ခါကြကုန်။ ဝါ၊ အတွင်းအပ မကျန်ရအောင် ပြန်လှန်ကြကုန်။ပ။

တဿ၊ ၏။ တဒေဝ စက္ခု၊ ထို မျက်စိသည်ပင်။ ဟောတိ၊ ရှိနေ၏။ [ထို မသေမီက မျက်စိပင် ရှိနေ၏–ဟူလို။] တေ ရူပါ၊ ထို အဆင်းတို့သည်။ (ဟောန္တိ။) စ၊ ထိုသို့ပင် မျက်စိနှင့် အဆင်း ရှိပါသော်လည်း။ တံ အာယတနံ၊ ထို ရူပါယတန–ကို။ (ထို ရူပါရုံကို။) နပဋိသံဝေဒေတိ၊ မခံစားနိုင်။ (မမြင်နိုင်။) [နောက်၌ သောတ–စသည်တို့ကိုကြည့်၍ "နပဋိသံဝေဒေတိ၊ မခံစားနိုင်။ ဝါ၊မကြားနိုင်။" ဤသို့ လျော်အောင်ပေးပါ။] ။ပ။အယမ္ပိ၊ သည်လည်း။ (အသက်ထွက်သွားသည်ကို မမြင်ရခြင်း၊ မျက်စိ–စသည်တို့ရှိပါလျက် အာရုံကို မခံစားနိုင်ခြင်း ဟူသော ဤ အကြောင်း သည်လည်း။)။ပ။

---

(၉) သခ်ၤမဥပမာ

၄၂၆။ တေန ဟိ။ပ။အညတရော၊ တယောက်သော။ သခ်ၤမော၊ ခရွသင်းကို မှုတ်တတ်သူသည်။ ဝါ၊ ခရွသင်းသံကို မြည်စေတတ်သူသည်။ သခ်ၤံ၊ ခရွသင်းကို။ အာဒါယ၊ ယူ၍။ ပစ္စန္တိမံ၊ တိုင်းပြည်၏ အစွန်အဖျားဌာဖြစ်သော။ ["ပစ္စန္တရစ်ဌာဖြစ်သော" ဟု ရှေးကပေးကြ၏။] ဇနပဒံ၊ သို့။ အဂမာသိ၊ သွားပြီ။ သော၊ ထိုသူသည် ။ပ။ ဂါမဿ၊ ၏။ မဇ္ဈေ၊ ၌။ဌိတော၊ တည်သည်။ (ဟုတ္တာ။) တိက္ခတ္တုံ၊ သခ်ၤံ၊ ကို။ ဥပလာပေတ္တာ၊ အသံမြည်စေ၍။ (မှုတ်၍။) သခ်ၤံ၊ ကို။ ဘူမိယံ၊ မြေ၌။ (တည်ရာအပြင်၌။) နိက္ခိပိတ္တာ၊ ချထား၍။ ဧကမန္တံ နိသီဒိ ။ပ။ ပစ္စန္တိ–ဇနပဒါနံ၊ အစွန်ဖြစ်သော ဇနပုဒ်၌ နေကုန်သော။ တေသံ မနုဿာနံ တေဒဟောသိ၊ (ကိ။) "အမ္ဘော၊ အမောင်တို့။ ဝံရဇနီယော၊ ဤသို့ တတ်မက်ဖွယ်တတ်သော။ ဝါ၊ သို့ကလောက် တတ်မက်စရာကောင်းသော။ ဝံကမနီယော၊ ဤသို့နှစ်သက်စေတတ်သော။ ဝါ၊ သို့ကလောက် နှစ်သက်စရာကောင်းသော။ ဧဝံ မဒနီယော၊ ဤသို့ ယစ်မူးစေတတ်သော။ ဝါ၊ သို့ကလောက် ယစ်မူးစရာကောင်းသော။ ဧဝံ ဗန္ဓနီယော၊ ဤသို့ ဖွဲ့ငြိ

၁။ တဒေဝ စက္ခု။။ "မသေမီက ထို စက္ခုပသာဒ-ပင် ရှိ၏ဟု ပြောခြင်းမှာ သူ၏အယူသာ ဖြစ်၏။အမှန်မှာ-မျက်လုံးရှိသေးသော်လည်း ကမ္မဇရုပ်များ ချုပ်ပြီးဖြစ်၍ စက္ခုပသာဒ-မရှိတော့ပါ။ သို့အတွက် မခံစားနိုင်ခြင်းဖြစ်သည်။ သူကမူ "စက္ခုပသာဒတို့ မပျက်စီးပဲ ဆက်လက်တည်နေ၏"ဟု ယူဆပြီး "နပဋိသံဝေဒေတိ"ဟု ပြော၏။ ဆိုလိုရင်းမှာ–စက္ခုပသာဒ-စသည်တို့ မပျက်စီးသေးသောကြောင့် အာရုံကိုခံစားနိုင်ရမည်ဖြစ်၏။ ယခုလို မခံစားနိုင်ပုံကိုထောက်လျှင်,သေလျှင်ပြတ်တော့၏–ဟု မဆိမဆိုင် အကြောင်းပြလေသည်။

စေတတ်သော။ ဝါ၊ သို့ကလောက် စွဲငြိစရာကောင်းသော။ ဧဝံ မုစ္ဆနီယော၊ ဤသို့ တွေဝေ မေ့လျော့စေတတ်သော။ ဝါ၊ သို့ကလောက် မေ့စရာကောင်းသော။ ဧသော၊ ဤ အသံသည်။ ကဿ၊ အဘယ်အရာဝတ္ထု၏။ သဒ္ဒေါ နု ခေါ၊ အသံပေနည်း။" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ ဣတိ၊ ဤသို့ ကြံပြီး၍။ [ဣတိ-တလုံးအကျေကြံပါ။] သန္နိပတိတ္တာ စည်းဝေး၍။ တံ သဒ်္ဓမံ၊ ကို ။ပ။ ဧဝံ မုစ္ဆနီယောတိ။

ဘော၊ အမောင်တို့။ ယဿ၊ အကြင် အရာဝတ္ထု၏။ ဧသော သဒ္ဒေါ၊ သည်။ ဧဝံရူနီယော၊ ၏ ။ပ။ ဧသော၊ ဤ အရာဝတ္ထုသည်။ သခ်ေါ နာမ၊ ခရုသင်းမည်၏။ ဣတိ၊ ပြီ ။ပ။ ဥတ္တာနံ၊ ပက်လက်။ နိပါတေသုံ၊ လဲစေကြကုန်ပြီ။ (လှန်ကြကုန်ပြီ။ ကိံ၊ အဘယ်သို့ ပြော၍ လှန်ကြသနည်း။) ဘော သခ်ေ၊ အို ...ခရုသင်း။ ဝဒေဟိ၊ မည်ပါ။ ဘော သခ်ေ ဝဒေဟိ။" ဣတိ၊ ဤသို့ ပြော၍ လှန်ကုန်ပြီ။ ဧသာ သခ်ေါ သဒ္ဒံ။ နေဝ အကာသိ၊ မပြု။ [ကြင်းပုဒ်တို့ကို ပုဒ်စဉ် ၄၂၅-အတိုင်း ဆိုပါ။]

အထ ဧခေါ ။ပ။ "ပစ္စန္တဇနပဒါ။ ဣမေ မနုဿာ၊ တို့သည်။ ယာဝ၊ အလွန်ပင်။ ဗာလာ၊ မိုက်ပါပေကုန်စွ။ ကထံ ဟိ၊ ကြောင့်။ အယောနိသော၊ အားဖြင့်။ (အသံမြည်ခြင်း၏ အကြောင်းမဟုတ်သောအားဖြင့်။) သခ်ဿဒ္ဒံ၊ ကို။ ဂဝေသိဿန္တိ နာမ၊ ရှာကြရသနည်း။ (ရှာကြပါလိမ့်။)" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ ဣတိ၊ ဤသို့ ကြံပြီး၍။ တေသံ၊ ထိုလူတို့သည်။ ပေက္ခမာနာနံ၊ ကြည့်နေကုန်စဉ်။ သခ်ံ ။ ဂဟေတ္ဝာ၊ ကိုင်ယူ၍ ။ပ။ ပဏ္ဏမိ ။ပ။ ဘော၊ တို့။ ယဒါ၊ ၌။ အယံ သခ်ေါ နာမ၊ မည်သည်။ ပုရိသ သဟဂတော စ၊ မှုတ်တတ်သော ယောကျ်ားနှင့် တကွ ဖြစ်သည်လည်းကောင်း။ ဝါယာမ-သဟဂတော စ၊ မှုတ်ခြင်း လုံ့လနှင့် တကွ ဖြစ်သည်လည်းကောင်း။ ဝါယုသဟဂတော စ၊ မှုတ်ကြောင်းလေနှင့် တကွဖြစ်သည်လည်းကောင်း။ ဟောတိ ။ပ။ အဘိက္ကမတိ ပိ၊ ရှေသို့လည်းသွား၏။ ပဋိက္ကမတိ ပိ၊ နောက်သို့ လည်း ပြန်၏။ တိဋ္ဌတိ ပိ၊ ရပ်လည်းရပ်၏။ နိသီဒတိ ပိ၊ ထိုင်လည်းထိုင်၏။ သေယျထိုပိ၊ အိပ်ခြင်းကိုလည်း။ ကပ္ပေတိ၊ ပြု၏ ။ပ။ [လွှယ်ပြီ။]

၄၂၇။ ကိဉ္စာပိ ။ပ။ ဣမဿ ပုရိသဿ၊ ၏။ ဆဝိ၊ အရေပါးကို။ (အပေါရေကို။) ဆိန္ဒထ၊ ဖြတ်ကြကုန်။ အဿ၊ ထိုသူ၏။ ဇီဝံ၊ အသက်ကို။ အပ္ပေဝ နာမ ပဿေယျာမ၊ တွေ့မြင်ကုန်တန်ရာ၏။ [စမ္မံ-စသည်တို့၏ အနက်ကို ပုဒ်စဉ် ၄၂၅-အတိုင်းဆိုပါ။] ။ပ။

(၁၀) အဂ္ဂိကဇဋိလဥပမာ

၄၂၈။ တေန ဟိ။ပ။ အညတရော၊ သော။ အဂ္ဂိကော၊ ပူဇော်ထား အပ်သောမီးရှိသော။ ဝါ။ မီးနတ်ကို ပြုစုလုပ်ကျွေးသော။ ဇဋိလော၊ ရသေ့သည်။ အရညာယတနေ၊ တောကြီးထဲ၌။ ပဏ္ဏကုဋိယာ၊ သစ်ရွက် အမိုးအကာရှိသော ကျောင်းငယ်၌။ (သစ်ရွက်ကျောင်းငယ်၌။) သမ္မတိ၊ နေ၏။ပ။ ဇနပဒေ၊ ဇနပုဒ်၌။ (ဇနပုဒ်က။) သတ္ထော၊ လှည်းကုန်သည် အပေါင်းသည်။ ဝုဋ္ဌာသိ၊ ထပြီ။ ဝါ၊ ပြောင်းရွှေ့လာပြီ။ပ။ **တဿ ဇဋိလဿ၊** ၏။ အဿမဿ၊ ကျောင်းသခ်ိမ်း၏။ သာမန္တာ၊ အနီး၌။ ကေရတ္တိံ၊ တည်ဉ့်မျှ။ပ။ "ယေန၊ ၌။ သော သတ္ထဝါသော၊ ထို လှည်း အပေါင်း၏ နေရာသည်။ ဝါ၊ ထို လှည်းစခန်းချရာ အရပ်သည်။ (အတ္ထိ။) တေန၊ သို့။ ယံ နူန ဥပသင်္ကမေယျံ၊ အကယ်၍ချဉ်းကပ်ရပါမူ ကောင်းလေစ့။ ဇတ္ထ၊ ဤ လှည်းစခန်းချရာ အရပ်၌။ ကိဉ္စိ၊ တစုံတခုသော။ ဥပကရဏံ၊ အဆောက်အဦသည်။ အပ္ပေဝ နာမ အဓိဂစ္ဆေယျံ၊ ရနိုင်တန်ရာ၏။" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ပ။ ကာလသေဝ၊ စောစော၌ပင်။ (စောစောက–ပင်။) ဝုဋ္ဌာယ၊ ထ၍။ပ။ ဥပသင်္ကမိတ္ဝာ၊ ၍။ တသ္မိံ သတ္ထဝါသေ၊ ၌။ ဒဟရံ၊ ငယ်သော။ မန္ဒံ၊ နုံသော်။ (မသွားမလာနိုင်သေးသော။) ဥတ္တာနသေယျကံ၊ ပက်လက်အိပ်တတ်ကာမျှဖြစ်သော။ ကုမာရံ၊ ယောကျ်ားကလေးကို။ ဆဋ္ဌေတံ၊ စွန့်ပစ်ထားအပ်သည်ကို။ (စွန့်ပစ်ထားခဲ့သည်ကို။)အဒ္ဒသ၊ မြင်ပြီ။

ဒိသ္ဝာန၊ ကြောင့်။ အဿ၊ ထို ရသေ့၏။ပ။ "မေ၊ သည်။ ပေက္ခမာနဿ၊ ကြည့်နေစဉ်။ (ငါမျက်စိအောက်၌ပင်။) မနုဿဘူတော၊ လူဖြစ်သူသည်။ ကာလံ၊ သေခြင်းကို။ ယံ ကရေယျ၊ အကြင်ပြုရာ၏။ တေံ၊ ဤသို့ ပြုခြင်း သည်။ မေ၊ အား။ ဝါ၊ ၏အတွက်။ နာ ခေါ ပတိရူပံ၊ မသင့်လျော်ချေ။ အဟံ။ ဣမံ ဒါရကံ၊ ကို။ အဿမံ၊ သို့။ နေတ္ဝာ၊ ဆောင်ယူ၍။ ယံ နူန အာပါဒေယျံ၊ အကယ်၍ အသက်ရှည်ခြင်းသို့ ရောက်စေရပါမူ ကောင်း လေစ့။ (ယံ နူန) ပေါသေယျံ၊ အကယ်၍ နို့ရည်,ထမင်း–စသည်ကျွေးလျက် မွေးမြူရပါမူ ကောင်းလေစ့။ (ယံ နူန) ဝဍ္ဎေယျံ၊ အကယ်၍ ကိုယ်ရော ဂုဏ်ပါ ကြီးပွားစေရပါမူ ကောင်းလေစ့။ [ကိုယ် လက် စသောအင်္ဂါတို့ ကြီးပွားလာအောင်လည်းကောင်း၊ အသိအလိမ္မာ ဉာဏ်ပညာ တိုးပွားလာ အောင်လည်းကောင်း ပြုရလျှင် ကောင်းလေစ့–ဟူလို။]" ဣတိ ဤသို့ အကြံ ဖြစ်ပြီ။ပ။ ဝဍ္ဎေသိ။

ယဒါ။ သော ဒါရကော၊ သည်။ ဒသဝဿုဒ္ဒေသိကော ဝါ၊ ဆယ်နှစ်ရှိ၏ဟု ညွှန်ပြထိုက်သည်သော်လည်းကောင်း။ ဒွါဒသဝဿုဒ္ဒေသိကော ဝါ၊ သည်သော်လည်းကောင်း။ ဟောတိ။ပ။ ကိဉ္ဇိဒေဝ၊ တစုံတခုသာလျှင်ဖြစ်သော။ ကရဏီယံ၊ ပြုဖွယ်ကိစ္စသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပြီ။ပ။ "တာတ၊ ချစ်သား။ အဟံ ဇနပဒံ ဂန္တုံ ဣစ္ဆာမိ၊ တာတ အဂ္ဂိံ။ ပရိစရေယျာသိ၊ ပြုစုလုပ်ကျွေးလော့။ တေ၊ သင်၏။ အဂ္ဂိ၊ သည်။ မာ စ နိဗ္ဗာယိ၊ ငြိမ်းလည်း မငြိမ်းစေနှင့်။ တေ၊ ၏။ အဂ္ဂိ၊ သည်။ သစေ စ နိဗ္ဗာယေယျ၊ အကယ်၍ ငြိမ်းသွားအုံ။ (ဧဝံ သတိ။ အဂ္ဂိံ နိဗ္ဗတ္တေတွာ–၌ စပ်။) အယံ၊ ဤသည်ကား။ ဝါသီ၊ ပဲခွပ်တည်း။ (ဓားတည်း။) ဣမာနိ၊ တို့ကား။ ကဋ္ဌာနိ၊ ထင်းတို့တည်း။ ဣဒံ၊ ကား။ အရဏိသဟိတံ၊ တကွဖြစ်သော ပွတ်ခုံ ပွတ်ကျည်တည်း။ ဝါ၊ ပွတ်ခုံ ပွတ်ကျည် အစုံတည်း။ အဂ္ဂိံ။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။" ။ပ။အနုသာသိတွာ၊ သွန်သင်နည်းပေး၍။ပ။ တဿ၊ ထို ကလေးသည်။ ခိဋ္ဌာပသုတဿ၊ မြူးတူးပျော်ပါး ကစားမှု၌ အားထုတ်စဉ်။ အဂ္ဂိ နိဗ္ဗာယိ။

အထ ခေါ။ပ။ ယံ နူန ပရိစရေယျ၊ အကယ်၍ ပြုစုလုပ်ကျွေးရပါမှုကောင်းလေစွ။ပ။ အရဏိသဟိတံ၊ ကို။ ဝါသိယာ၊ ဖြင့်။ တစ္ဆိ၊ ရွှေပြီ။ (ခုတ်ပြီ။ ကိံ၊ အဘယ်သို့ကြံ၍ ခုတ်သနည်း။) "အဂ္ဂိံ၊ ကို။ အပွေဝ နာမ အဓိဂစ္ဆေယျံ၊ ရနိုင်တန်ရာ၏။" ဣတိ၊ ဤသို့ကြံ၍ ခုတ်ပြီ။ပ။

နေဝ အဓိဂစ္ဆိ၊ မရသည်သာ။ အရဏိသဟိတံ၊ ကို။ ဒ္ဒိဓာ၊ နှစ်ပိုင်း။ (နှစ်ခြမ်း။) ဖာလေသိ၊ ကွဲစေပြီ။ (ခွဲပြီ။) ။ပ။ သတဓာ၊ တရာသော အဖို့အားဖြင့်။ပ။ သကလိကံ သကလိကံ၊ အစိတ်စိတ် အမှာမှာ ဖြစ်အောင် ။ပ။ ဥဒုက္ခလေ၊ ဆုံငယ်၌။ ကောဋ္ဌေသိ၊ ထောင်းပြီ ။ပ။ မဟာဝါတေ၊ ကြီးစွာသောလေ၌။ သြပုနိ၊ ကြဲဖြန့်ပြီ။ ဝါ၊ လွှင့်ပြီ ။ပ။ တီရေတွာ၊ ပြီးဆုံးစေ၍။ ယေန၊ ၌။ သကော၊ မိမိဥစ္စာဖြစ်သော။ အဿမော (အတ္ထိ) ။ပ။ တာတ၊ သား။ ကစ္စိ၊ နည်း။ တေ၊ ၏။ အဂ္ဂိ၊ သည်။ နု နိဗ္ဗုတော၊ မငြိမ်းဘူးလော။ ဣတိ၊ ပြီ။ တာတ၊ ဖခင်။ ဣဓ၊ ယခု။ ဝါ၊ ဤအရပ်၌။ ။ပ။ မေ၊ သည်။ ခိဋ္ဌာပသုတဿ၊ စဉ်။ပ။ အဓိဂစ္ဆိန္တိ။

အထ ခေါ။ပ။ "အယံ ဒါရကော၊ သည်။ ယာဝ၊ အလွန်ပင်။ ဗာလော၊ မသိနားမလည်လေစွ။ အဗျတ္တော၊ မကျွမ်းကျင်လေစွ။ ကထံ ဟိ၊ ကြောင့်။ အယောနိသော၊ မသင့်သောအကြောင်းအားဖြင့်။ (မီးကို ရခြင်း၏ အကြောင်းမဟုတ်သောအားဖြင့်။ (အဂ္ဂိံ ဂဝေသိဿတိ နာမ၊ ရှာရသနည်း။ (ရှာရပါလိမ့်။)" ဣတိ၊ ဤသို့ အကြံဖြစ်ပြီ။ ဣတိ၊ ဤသို့

